
www.burmeseclassic.com
မြပုလဲခင်
နှုတ်ခတ်ကာမှတ်သုံ့
BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

၈၉၅.၈၃


မြပုလဲခင်
နှုတ်ဆက်မှတ်သုံ့/မြပုလဲခင်၊ -- ရန်ကုန်။
အောင်မြင်စာပေ၊ ၂၀၁၅။
၂၆၀-စာ၊ ၁၂.၅ x ၁၈.၂ စင်တီ။
(၁) မြပုလဲခင်

ဖြန့်ချိရေး--အောင်မြင်စာပေ၊ အောင်မြင်ပုံနှိပ်တိုက်။
ထုတ်ဝေသူ--ဦးအောင်မြင့်၊ ပထမအကြိမ်၊ ဇူလိုင်လ၊ ၂၀၁၅။




# မြပုလဲခင်

## နှုတ်ဆက် မှတ်သုံ့



www.burmeseclassic.com

www.burmeseclassic.com








# အခန်း(၁)

နောက်ကကားက ဟွန်းတီးကာ လမ်းတောင်းနေသည်။ မိုးနီလာ မကျေမနပ် ဖြစ်သွားသည်။

မကျေနပ်မှုက အလုပ်သမားတွေအပေါ်မှ စတင်ခဲ့သည်။ အလုပ်ကို လက်ကြောတင်းအောင်တော့ မလုပ်ချင်၊ အခွင့်အရေးကျတော့ ယူချင်ကြသည်။ မိန်းမသားအုပ်ချုပ်တာမို့ပြီး ပံမာမခန့် လုပ်ချင်ကြတာလား။

မိုးနီလာက ဒီယုန်မြင်လို့ ဒီခြုံထွင်ပြီးသား. . .

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



မိုးနီလာ၏မျက်နှာကို သံမဏိမျက်နှာဖုံး စွပ်ထားပြီး သား. . .၊ ဒါတောင် အကဲစမ်းချင်ကြသေးသည်။

"တီတီ. . တီတီ. . တီတီ"

"တောက်. . ဒီကား. . ကျော်သွားပါလား"

လင်ခရူဇာစီးပြီး တစ်လမ်းလုံးကို အပိုင်စီးချင်နေတာ လား. . ။ ဆိုင်ကယ်လ်ကို ကပ်ကျော်ဖို့ရာ တစ်စီးမက နှစ်စီး တောင် 'က'ပြီး ကျော်လို့ရသေးသည်။

စိတ်ပေါက်ပေါက်နှင့် ဆိုင်ကယ်လ်ကို မိုင်ကုန်တင်လိုက် သည်။

"မပေးတော့ဘူးကွာ. . လမ်း"

BURMESE CLASSIC

ဒင်း ဘာတတ်နိုင်မှာလဲ။

မိုးနီလာ ရွတ်ချင်လာပြီဆိုလျှင် ဘာကိုမှ စဉ်းစားမနေ တော့။ ဆိုင်ကယ်လ်စီးကတော့ မိုးနီလာအတွက် ထမင်းစား ရေသောက် ကျွမ်းကျင်ပြီးသား။

"တီတီ. . တီတီ. . တီ. . တီ. . "

ဒင်းကလည်း အားကျမခံ လိုက်လာသည်။

"မဟုတ်တော့ပါဘူး. . ဒီကား"

မိုးနီလာ အမြင်ကပ်ကပ်နှင့် ရာဘာခြံထဲ မောင်းချလိုက် သည်။

"ဟော့တော်. . "

ရာဘာတောထဲ လိုက်လာသည်။ ကိုယ့်ခြံဆိုတော့ မမှု နောက်ကြည့်မှန်က ကြည့်လိုက်တော့ ကားပေါ်မှာ ယောက်ျား ရင့်မကြီးနှစ်ယောက်၊ နှစ်ယောက်မှာ ဒရိုင်ဘာက ရေဘင်မျက်





မှန် တပ်ထားသည်။ ဘေးမှလူက ဘာမှမတတ်။ မျက်နှာက မဲ့ခွက်ခွက်. . မသားနား။

ခြံအလုပ်သမားများကို လှမ်းမြင်ရသောနေရာတွင် ရာဘာတောထဲ မောင်းချသွားပြီး ဆိုင်ကယ်လ်ကို ရပ်လိုက် သည်။

ကားက လိုက်လာပြီး မလှမ်းမကမ်း၌ ကပ်ရပ်လိုက် သည်။

မိုးနီလာ ဟဲလ်မက်ခ်ကို ချွတ်ကာ ဆိုင်ကယ်လက်ကိုင် ၌ ချိတ်လိုက်ပြီး ခါးထောက်လိုက်ကာ လင်ခရူဇာပေါ်မှ ဆင်းလာ သည့် သကောင့်သားများကို မိုက်ကြည့်ကြည့်လိုက်သည်။

"မိုး. . ရာဘာခြံ ထင်တယ်"

ရေဘင်မျက်မှန်တပ်ထားသော သကောင့်သားက မိုးနီ လာကို စတင်မေးခွန်းထုတ်လိုက်သည်။

မိုးနီလာက ခပ်ပြတ်ပြတ်ပင်. . . ။

"ဟုတ်တယ် ဘာကိစ္စ"

"ဂုဏ်ရောင် ကုမ္ပဏီကပါ၊ ရာဘာကုန်ကြမ်းကိစ္စနဲ့ ပတ် သက်လို့ မိုးနဲ့ လာဆက်သွယ်တာပါ"

"အလုပ်ကိစ္စဆို မိုးရုံးခန်းကို အရင်ဆက်သွယ်ပါလား"

အလုပ်ကိစ္စဆိုတော့ မိုးနီလာ အသံနှုန်းကို အနည်းငယ် ပြန်နှိမ့်ချလိုက်ရသည်။ ကုန်ကြမ်းတွေ များများဖြန့်နိုင်မယ့် စက်ရုံ တစ်ခုသာ ရလိုက်၊ မိုးနီလာတို့က သထုံခရိုင်တစ်ဝိုက် ရာဘာစိမ်း အားလုံးကို ချုပ်ပစ်လိုက်ရုံသာရှိတော့သည်။

"ရောက်ခဲ့ပြီးပြီ ဒေါ်မိုးနီလာမရှိရင် ဘာမှမလုပ်တော်



www.burmeseclassic.com

www.burmeseclassic.com



ဘူးဆိုလို့ ရာဘာခြံရှိရာ တမင်လိုက်လာတာ"

"မိုးနီလာကို ကျွန်မမှန်း ရှင်တို့ ဘယ်လိုလုပ်သိသလဲ"

"ခင်ဗျားအလုပ်သမားတွေက ဆိုင်ကယ်လ်နံပါတ်နဲ့ ခင်ဗျားပုံပန်းသဏ္ဍာန်ကို ပြောလိုက်လို့. . ."

တော်တော် စိတ်ချရတဲ့ဟာတွေ၊ စောင်ခိုင်းထားပြီး ခြံထဲ ဖုန်းဆက်လိုက်လျှင်လည်း ရသည့်ကိစ္စ၊ တော်တော်ဦးနှောက်မရှိတဲ့ဟာတွေ။

မိုးနီလာ မိမိဝန်ထမ်းများကို အတော်စိတ်ပျက်သွားသည်။

"ကိုင်း. . ဒါဖြင့် ကြွပါ၊ အလုပ်ကိစ္စက အခုပဲ ပြောချင်တာလား"

"ဖြစ်ပါတယ် ဒီက ဒေါ်မိုးနွယ်ဦး သမီးကြီးထင်တယ်"

"ဟုတ်ပါတယ်"

ရှင်ကကောဟု မေးချင်သော်လည်း မမေး။ နောက် အလုပ်ကိစ္စပြောလျှင် သူ့ကိုယ်သူ မိတ်ဆက်ရမည့် ကိစ္စပဲ။

မိုးနီလာ အိုက်တင်ခံလိုက်သည်။

မိုးနီလာဘဝမှာ ဆန့်ကျင်ဘက် သကောင့်သားများအပေါ် စိတ်ဝင်စားမှု မထားနိုင်ခဲ့သည်မှာ ကြာပြီ။

ခု တိုက်တိုက်ဆိုင်ဆိုင် မိမိအနီးသို့ ဘွားခနဲ ရောက်လာသော သကောင့်သားကြီးက ဆွဲဆောင်မှု အင်မတန်ရှိသော. . ညို့ယူဖမ်းစားနိုင်စွမ်းရှိသော. . ထုထုပြီး ခရာချင်စရာ ပုံစံမျိုး မျက်နှာက ချောမောသလို ခန္ဓာကိုယ်ကလည်း ကျန်းမာကြံ့ခိုင်သော ယောက်ျားပီသသော အချိုးအဆက် လှပသည့် ခန္ဓာကိုယ်





မျိုး ပိုင်ဆိုင်ထားသည်။ ဝတ်စားဆင်ယင်ပုံက ခေတ်မီသော လူကြီးလူကောင်း၏ စတိုင်မျိုး. . .။

ရင်ခုန်သံစဉ် ဆိတ်သုန်းနေခဲ့သော မိုးနီလာ၏ရင်ထဲ မြင်းရိုင်းတို့၏ ခုန်ပေါက်သံစဉ်လှိုင်းတို့ ညံလေပြီ။

"ကျွန်တော် ဂုဏ်ရောင်ကုမ္ပဏီက မန်နေးဂျင်းဒါရိုက်တာ ဂုဏ်ရောင်ပါ"

မိုးနီလာရင်ထဲ လေဆင်နှာမောင်း ဝေ့ဝဲတိုက်ခတ်သွားလေပြီ။

"ကျွန်တော့်ဖခင် ဦးဂုဏ်ရှိန်က ဒေါ်မိုးနီလာရဲ့မိခင် ဒေါ်မိုးနွယ်ဦးကို စာနဲ့လက်ဆောင်ပစ္စည်းတွေလည်း ပေးလိုက်ပါသေးတယ်၊ အဓိကကတော့ ဖခင်လွှတ်လိုက်တဲ့ကိစ္စက အဓိကပါ၊ နောက်မှ အလုပ်စကားပြောကြရင် ကောင်းမယ်ထင်တယ်"

မိုးနီလာရင်ထဲ အခုမှ ရှင်းသွားသည်။

"ဒီလိုလား. .၊ စောစောက ပြောပါလား"

"လမ်းမှာ ဟွန်းတောင်းပြီး ဆိုင်ကယ်လ်ကို ရပ်ခိုင်းတာပါ"

"အိမ်ကိုသွားနှင့်လည်း ရရဲ့သားနဲ့ ကျွန်မက ဘယ်သိမှာလဲ"

"ကျွန်တော်ကလည်း အလုပ်ကိစ္စကို လောသွားလို့ပါ"

"ကိုင်း. . ဆရာတို့ လောတာကနောက် ကျွန်တော်ဗိုက်ဆာလှပြီ၊ တစ်လမ်းလုံးလည်း ဘာမှမစားရသေးဘူး၊ ထမင်းဆိုင်တွေက. . သန့်မှာမဟုတ်ဘူး မစားချင်ဘူးဆိုလို့ မနည်း. ."

"ဖက်တီး. . မင်းပါးစပ် ပိတ်ထားစမ်း"



www.burmeseclassic.com

www.burmeseclassic.com

မိုးနီလာအရပ်ရပ်ကို နားလည်သဘောပေါက်လိုက်သည်။ ဤဧည့်သည်တွေက အိမ်မှာတည်းမည့် အနေအထားမျိုး ရှိနေသည်။

မတတ်နိုင်. .၊ မေမေဧည့်သည်ဆိုတော့လည်း အိမ်သို့ ခေါ်ဆောင်သွားကာ ဧည့်ဝတ်ပြုရပေမည်ပေါ့။

"ဒီလိုဆို အိမ်ကိုပဲ သွားကြရအောင်၊ ဖြစ်ရလေ ကျွန်မနောက်ကို လိုက်လာမယ့်အစား အိမ်ကိုတန်းသွားရင်. . အခုလောက်ဆို ရှင်တို့ စားပြီးသောက်ပြီးလို့ တစ်ရေးတောင် နှပ်နေလောက်ပြီ"

"အစားအသောက်နဲ့ အအိပ်က အရေးမကြီးပါဘူး ဒေါ်မိုးနီလာ၊ ကျွန်တော်ထင်တာက ဒေါ်မိုးနီလာ မိခင်ပါ ဒီမှာရှိမယ်ထင်လို့"

"မေမေက လေးဘက်နာရှိတယ်၊ အလုပ်ကိစ္စဘာမှမလုပ်နိုင်တော့ဘူး. . ကျွန်မပဲ၊ ကဲပါလေ ဦးဂုဏ်ရောင်တို့ ကျွန်မဆိုင်ကယ်နောက်ကသာ လိုက်ခဲ့ပါ"

မိုးနီလာ အီးလေးဆွဲမနေချင်၊ မြန်မြန်ဆန်ဆန်. . သွားသုတ်သုတ်၊ လာသုတ်သုတ်၊ ထုံးစံအတိုင်း ဆိုင်ကယ်ပေါ် ရောက်သွားပြီး နောက်ကိုလှည့်မကြည့်တော့ တန်းမောင်းထွက်ခဲ့သည်။

လိုက်ခဲ့ကြပေတော့ ကိုဧည့်သည်တို့. . .။

မိုးနီလာကို အမှီလိုက်နိုင်မယ့်ယောက်ျား ခပ်ရှားရှားထဲ ရှင်ပါရင်တော့. . .။

မိုးနီလာ စိတ်ထဲ လှုပ်လှုပ်ရှားရှား ဖြစ်လာသည်မှာ သေချာသည်။





မိုးနီလာ ယခုကဲ့သို့ စိတ်လှုပ်ရှားမှုမျိုး မခံစားခဲ့ရသည်မှာ ကြာနေလေပြီ။

ထိုခံစားမှုမျိုး ဖြစ်ပေါ်လာရခြင်းမှာ ဂုဏ်ရောင်ကြောင့်ပေလား။

ဝန်ခံပါသည်။

ဂုဏ်ရောင်ဆိုသော သကောင့်သားသည် စိတ်ဝင်စားဖွယ်ကောင်းသော ယောကျ်ားတစ်ယောက်ဖြစ်သည်။

သို့သော် ထိုစိတ်ဝင်စားမှုသည် ဂုဏ်ရောင်သည် လူပျိုလူလွတ် ဖြစ်မှသာလျှင် အဓွန့်ရှည်ကြာသွားနိုင်သည်ကိုတော့ မိုးနီလာ ခွဲခြားသဘောပေါက်ပါသည်။

ထို့ကြောင့် မှန်တန်းပင် သူ့ပုံစံအတိုင်း ဖိုးဖိုးဖတ်ဖတ်နှင့် ဆိုင်ကယ်ဖြင့် ထွက်ချလာရာ. . .

နောက်မှ သကောင့်သားတို့ ကားပေါ် အလျင်အမြန်တက် မနည်းပြန်ကွေ့ပြီး. . အမြီးဖျားလေးလောက် လှမ်းမြင်ရသော မိုးနီလာ့ဆိုင်ကယ်နောက် အတင်းလိုက်ချရလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၂)

မိုးနီလာ ဆိုင်ကယ်ကို ပေါ်တီကိုအောက်ထက် ကျော်လွန်ပြီး ရပ်ပေးလိုက်သည်။ ဧည့်သည်ကား ပြည့်ပြည့်ဝဝ ရပ်နိုင်စေရန် ဖြစ်သည်။

"ဒေါ်စိန်. . ရွှေစာ ဧည့်သည်တွေ ပါလာတယ်၊ မေမေ အပေါ်ထပ်မှာဆို သွားခေါ်ခဲ့၊ ညီညာ ထမင်းပွဲ အမြန်ဆုံး ပြင်ပေ့၊ ငါလည်း မစားရသေးဘူး သုံးယောက်စာ"

မိုးနီလာ၏ ခေါင်းလောင်းနှင့်တူသော အသံကျယ်က





အိမ်အရှေ့ခန်းမှာပင် ဟိန်းထွက်လာသည်။ မအော်လို့က မရ။ မိုးညီညာကလည်း အိစိအိစိ၊ အလုပ်သမားတွေက ပက်ကျိ။

ဒီအိမ်မှာ အားလုံးကို မီးထိုးပေးနေရသူက မိုးနီလာ တစ်ယောက်တည်း. . ။

"ကိုင်း ဦးဂုဏ်ရောင်တို့ ကြွပါ၊ ဒီမှာ တည်းမှာလား၊ တည်းခိုခန်း တည်းမလား"

ရှေ့မျက်နှာ နောက်ထားပြီး မေးလိုက်သည်။ ခုရုပ်မှ နောင်ရှင်း၊ ပြတ်ပြတ်သားသားပဲ ကောင်းသည်။

အလားသဏ္ဍာန်တူပင် ဧည့်သည်ကလည်း. . .

"ဒီမှာပဲတည်းဖို့ ဖေဖေက မှာလိုက်ပါတယ်၊ ဒီမှာ. . အန်တီဒေါ်မိုးနွယ်ဦးအတွက် စာပါ"

အတော် မျက်နှာပြောင်တိုက်ရဲသည့် ဧည့်သည်ပဲ၊ ရွယ်တူ မိန်းမပျိုလေးတွေနဲ့ပါလားလို့လည်း အားနာမည့်ပုံမပေါက်။

"ဒါဖြင့်လာ ထိုင်ကြဦး"

စာကိုလှမ်းယူပြီး အပေါ်ထပ်မှ ခပ်ဖြည်းဖြည်းဆင်းလာသည့် မိခင်ကို ပြေးတွဲကာ. . .

"ဦးဂုဏ်ရှိန်သားတဲ့၊ မေမေ စာလည်းပေးလိုက်တယ်"

"အရှိန်သားကိုး. . . "

မိခင်မျက်နှာ ဝင်းပသွားသည်ကို မိုးနီလာ အံ့အားသင့်စွာ တွေ့လိုက်ရသည်။ ဝင်းသွားတာမှ မှိုရသည့် မျက်နှာမျိုး. .

ဂုဏ်ရောင်က မတ်တတ်ရပ်ကာ လှေကားနားအထိ လာကြိုသည်။

"အရှိန့် အရုပ်အမောင်းနဲ့ အနီ့မျက်နှာပေါက်နဲ့ဆိုတော့



www.burmeseclassic.com

www.burmeseclassic.com



"ငါ့သားက လူချောလူခန့်ကြီးပဲ၊ ထိုင်. . ထိုင်. . သား. ."

တော်ရုံတန်ရုံလူပျိုတွေ အိမ်ကိုလာရစ်သည့်အခါ မျက်နှာသာ မပေးတတ်ဘဲ ဆီလိုအပေါက်ရှာသည့် အပြစ်မျိုး ရှာတတ်သည့်မိခင် ယခုတော့ မျက်နှာသကာလူးလျက် ကျေနပ်နေပုံ။

မိုးနီလာက မိခင်ကိုထိုင်စေပြီး လက်ထဲ စာထည့်ပေးလိုက်သည်။

"အကြီးမ အောက်ထပ်ဧည့်ခန်းမှာ အမြန်ဆုံး ပြင်ဆင်ခိုင်းလိုက်ပါကွယ်၊ သားတို့ ကားနဲ့လာတော့ ညောင်းညာနေရောပေါ့"

"ရပါတယ်အန်တီ အပန်းမကြီးပါဘူး၊ စာဖတ်ပါဦး. . ဒီမှာ အန်တီ့အတွက် ဖေဖေနဲ့မေမေ ပေးလိုက်တဲ့ လက်ဆောင်တွေပါ"

"ဟယ်. . အများကြီးပဲကွယ်၊ အရှိန်တို့ကတော့လေ စာဖတ်လိုက်ဦးမယ်နော်"

မိခင်က စာကို အရင်ဖတ်သည်။ မိုးနီလာအနားမှာ မနေနိုင်ယယဟိုလူ့ဩဇာပေး၊ ဒီလူ့ဩဇာပေး လုပ်ရသည်။

ဘောင်းဘီ တကားကားကိုလည်း မချွတ်နိုင်သေး၊ ဆိုင်ကယ်က ခြံထဲသွားလာသည့်အခါ လွတ်လပ်သည်။ ယောကျ်ားအလုပ်သမားတွေကြား သွားဟယ်လာဟယ်နှင့်ဆိုတော့. . . ဘောင်းဘီနှင့် ကုတ်အင်္ကျီကိုသာ မိုးနီလာ ဝတ်လိုက်ရတာ. . လွတ်လပ်သည်ဟု ထင်သည်။

အိမ်မှာနေချိန်က မရှိသလောက်ပင်။





"အဟင်း. . အရှိန်နဲ့ အန်တီတို့က ရာဇဝင်ကြွေးဆပ်ဖို့ မမေ့သေးဘဲကိုး၊ သား. . ဂုဏ်ရောင်နော်၊ ဒီသုံ့ငယ်ကကော"

"ကျွန်တော့်ညီဝမ်းကွဲ. . ဖက်တီးခေါ် ဇော်လေးပါ"

"ဟုတ်ကဲ့. . အန်တီ၊ ကျွန်တော် ဇော်လေးပါ၊ ခိုင်းစရာရှိ ခိုင်းပါ"

"ဧည့်သည်ကို မခိုင်းပါဘူးကွယ်၊ လွတ်လွတ်လပ်လပ်သာနေ၊ အလုပ်ကိစ္စကို ခေါင်းထဲသိပ်မထည့်ထားနဲ့၊ ရောက်တုန်းရောက်ခိုက် ပျော်ပျော်ပါးပါး လွတ်လွတ်လပ်လပ် သွားလာနေထိုင်ကြပါ၊ အန်တီတို့အိမ်က မြင်တဲ့အတိုင်း သမီးတို့အဖေကလည်း မရှိ၊ သားယောကျ်ားလေးကလည်း မရှိတော့ သားတို့ရောက်လာတာကိုက တအားပေါ့ကွယ်"

မိခင်ကလည်း စကားက တတ်ပါဘိနဲ့၊ သကောင့်သားတွေကလည်း အလိုက်သိတတ်မည့်ပုံမပေါ်။

ကိန်းကြီးခန်းကြီး နိုင်မယ့်ရုပ်မျိုး။

ဆိုင်ထမင်းဟင်း မစားချင်ရတာနဲ့ တည်းခိုခန်း မတည်းချင်ရတာနဲ့၊ ယောကျ်ားတန်မဲ့ ဇီဇာကြောင်လွန်းတာတော့ မိုးနီလာ မကြိုက်ချင်. . .။

ထိုစဉ် မိုးညီညာ ထွက်လာသည်။

မိန်းမချင်းပင် သမင်လည်ပြန် ငေးယူရသော အလှတရားတွေ စုဝေးနေသည်မို့ မိုးညီညာကို သကောင့်သား ဧည့်သည်တို့ မျက်လုံးကျွတ်ကျမတတ် ငေးကြည့်ကြသည်။

ခြေဖနောင့်နား ရောက်လုလု ဆံပင်ရှည်ကြီးက ပိတုန်းရောင် တောက်နေသည်။ ဖြူဖွေးဥနှစ်နေသော အသားအရည်



www.burmeseclassic.com

www.burmeseclassic.com


တလေးသယ် သနပ်ခါးရေကျဲလေး လူးထားသည်က မြန်မာဆန်လွန်းလှသည်။ စပို့ရှပ် ပန်းနုရောင်လေးနှင့် အနက်ပေါ် ပန်းနုရောင် အလုံးလေးများပါသော လုံချည်က ချပ်ချပ်ယပ်ယပ်နှင့် ယခုခေတ် မော်ဒယ်ကိုယ်လုံးနှင့် မိုးညီညာ၏အလှကို ပံ့ပိုးပေးနေသည်။

"အငယ်မလေး မိုးညီညာတဲ့၊ အကြီးမကိုတော့ မိတ်ဆက်ပေးစရာ မလိုတော့ဘူး၊ သားတွေ့တဲ့အတိုင်း ကျားခင်စိန်လေ. . ."

မိုးနီလာရင်ထဲ နင့်ခနဲ ဖြစ်သွားရသည်။

မိုးနီလာနှင့် မိုးညီညာကို ယှဉ်လိုက်လျှင် မေမေသည် ညီညာဘက်သို့ အမြဲ အလေးသာသည်။

မိုးနီလာလည်း မိန်းမသား တစ်ယောက်ပေပဲ။ နွဲ့နှောင်းစွာ အေးဆေးစွာ သိမ်မွေ့စွာဖြင့် မှီခိုသူတစ်ယောက်လို သက်တောင့်သက်သာ နေချင်သည်ပေါ့။

ဒါပေမယ့် မိုးနီလာမှ ယောကျ်ားတစ်ယောက်လို မဦးဆောင်လျှင် "မိုး"အိမ်ကြီးတစ်ခုလုံး ယခုလို မားမားမတ်မတ် ဂုဏ်သရေရှိစွာ ရပ်တည်နေနိုင်ပါ့မလား။

ကျားခင်စိန်ရေဟု မေမေ ယခင်က ခေါ်ခဲ့၊ ပြောခဲ့တုန်းက မိုးနီလာ ဒီလောက်ခံစားရမှန်းမသိ၊ ယခု ကိုဧည့်သည်ရှေ့မှာ ပြောလိုက်ခြင်းအတွက် မိုးနီလာ အနာပေါ် တုတ်ကျသွားသည့်အလား ဆတ်ဆတ်ခါ နာသွားသည်။

"ဩော်. . ဒီကျားခင်စိန်မှ မခင်စိန်ရရင် တစ်အိမ်သားလုံး ထမင်းတောင် စားရမှာမဟုတ်ဘူး၊ ကိုင်း. . ညီညာ ပြင်ပြီး



ပြီလား"

"ဟုတ်ကဲ့. . ပြင်ပြီးပါပြီ မမ"

"လာ. . ဒါဖြင့် ကိုဂုဏ်ရောင်နဲ့ ကိုဖက်တီးထ၊ ဩော် ညီညာ ဧည့်သည်တွေအတွက် ပြင်ထားတဲ့အခန်း သွားကြည့်လိုက်ဦး၊ လိုအပ်တာ လုပ်ပေးလိုက်"

"ဟုတ်ကဲ့. ."

မိုးညီညာကတော့ တကယ့်သိုးငယ်လေးလိုပါပဲ။ အပြစ်ကင်းစင်သော ရိုးသားသည့် ညီမလေးအပေါ် မနာလို ဝန်တိုစိတ်တွေများ သိပ်ဖိစီးသွားသလား၊ ကိုဧည့်သည်တို့မျက်ဝန်း မိုးညီညာအပေါ် ကျရောက်နေခြင်းကို မိုးနီလာ မရှုစိမ့်နိုင်တာတော့ အမှန်ပင်။

"ရတယ်. . ရတယ်၊ ဒေါ်စိန် သေသေချာချာ ပြင်ထားပြီးပြီ၊ ညီညာလည်း မစားရသေးဘူး မှတ်လား၊ တစ်ခါတည်း စားလိုက်လေ"

ဒေါ်စိန်က အလိုက်ကန်းဆိုးမသိစွာ ကြားဝင်ပြောသည်။ တစ်အိမ်သားလုံးက သိုးငယ်လေးလို မိုးညီညာကို ဝိုင်းချစ်ကြသလောက် ပြောစရာရှိ ပက်ခနဲ လုပ်စရာရှိ ဝုန်းဒိုင်းနှင့် အပေါက်ဆိုးသည်ဟု ကွယ်ရာတွင် ကင်ပွန်းတပ်ခံရသော မိုးနီလာကိုတော့ ရွံ့ကြောက်ဖြစ်နေကြသည်ထင့်။

"ဟင့်အင်း. . ရတယ် ညီညာ နောက်မှစားမယ်၊ ညီညာပဲ သွားကြည့်ပေးမယ်၊ ဒေါ်စိန်ပဲ လိုအပ်တာတွေ လုပ်ပေးလိုက်ပါနော်"

အသံကလေးကအစ ဆည်းလည်းသံကလေးလို သာ


www.burmeseclassic.com

www.burmeseclassic.com

ယာနာပျော်ဖွယ်ရှိသော မိုးညီညာအပေါ် ကြည့်သော ကိုဇေ
သည်အကြည့်ဝယ် စိတ်ဝင်စားမှုတွေ တွေ့လိုက်ရသည်။

မိုးနီလာ သက်ပြင်းခိုးချလိုက်သည်။

မိုးညီညာနှင့် ယှဉ်ပြိုင်လာလျှင် ဘယ်အရာမဆို မိမိက
အရှုံးပေးရ အလျှော့ပေးရမည်ကို သိရှိပြီးသား ဖြစ်နေပါလျက်

နှလုံးသားရေးရာမှာတော့ အနိုင်ရလိုက်ချင်ပါသေး
သည်။

သို့သော်လည်း. . .







# အခန်း(၃)

"ဓါဏလာထိုင်ပါဦးအငယ်မ၊ သမီးအစ်ကိုနဲ့ မိတ်ဆက်
ပေးရအောင်"

မိခင်ကခေါ်မှ မိုးညီညာက ခြေတစ်လှမ်း ကုဋေတစ်
သန်း ဟန်ပန်မျိုးနှင့် သိမ်မွေ့စွာ လှမ်းလာပြီး မိခင်ဘေးနားက
ဆက်တီဝယ် ကြုံ့ကြုံ့ကလေးထိုင်သည်။

နန်းဆန်လှသည့်အလှဟု ဧည့်သည်က မှတ်ချက်ချမှ


www.burmeseclassic.com

www.burmeseclassic.com

တော့ မိုးနီလာမသိ၊ မိမိကတော့ မှတ်ချက်ချသည်။

"ကျွန်မ ရာဘာစက်ရုံ ပြန်သွားလိုက်ဦးမယ်၊ ရှင်နဲ့ အလုပ်ကိစ္စတော့ ကျွန်မပြန်လာမှ ပြောတာပေါ့"

မိုးနီလာ တမင်ပင် ရှောင်ထွက်ခဲ့သည်။ မကျွမ်းခင်က ဝေးဝေးနေတာပဲ ကောင်းလိမ့်မည်။ ဂုဏ်ရောင်ဆိုသော သကောင့်သားအပေါ် စိတ်ဝင်စားမိသောစိတ်ကို ချစ်စိတ်သို့ မကူးပြောင်းမီ ရှောင်နေလိုက်လျှင် ကိစ္စပြတ်မည်ဟု မိုးနီလာက တွက်ပြီး စိတ်လျှော့လိုက်သည်။

"နေအပါဦး ဒေါ်မိုးနီလာ၊ ကျွန်တော်ပါ တစ်ခါတည်း လိုက်ပါ့မယ်"

"ဟင်. . ရှင် မနားတော့ဘူးလား"

"မနားတော့ပါဘူး၊ နေ့လည်နေ့ခင်း နားချိန်ဆိုတာ ကျွန်တော့်ဘဝမှာ မရှိခဲ့တာ ကြာပါပြီ"

"ဒီလိုဆို မေမေ. . ညီညာနဲ့ မိတ်ဆက်ပေးဦးလေ"

"အေးပါ အလုပ်လောဘကြီးသူ နှစ်ယောက်ကကော စကားစ ပြတ်ပြီလား"

မိခင်စကားကို မိုးနီလာ မသိကျိုးကျွံ ပြုလိုက်သည်။

ဂုဏ်ရောင်ကသာ. .

"ဟုတ်ကဲ့ မိုးညီညာက အငယ်ဆိုတာ ကျွန်တော် သိနေပါပြီ"

"နီလာ့ထက် သုံးနှစ်ငယ်တယ်၊ နီလာနဲ့သားက ရွယ်တူပဲ တစ်ခုတည်း ဖွားတာထင်တယ်"

"ကျွန်တော်က ဝါဆို"





"ကျွန်မက သီတင်းကျွတ်ဆိုတော့ ရှင် သုံးလလောက်ပဲ ကြီးတာပါ၊ ရွယ်တူပဲပေါ့"

မိုးနီလာက ဖြတ်ပြောလိုက်သည်။

ဂုဏ်ရောင်က ပြုံးကာ. . .

"လတော့ ငယ်တာငယ်တာပါပဲ မဟုတ်လား၊ ဒေါ်မိုးနီလာ"

"ဘယ်နဲ့ ဒေါ်မိုးနီလာ နေရတာလဲ သားရဲ့၊ နီလာဖြင့် နီလာပေါ့"

"အို အလုပ်လုပ်ရမှာက အလုပ်သမားတွေရှေ့မှာ ဒေါ်မိုးနီလာပဲ ခေါ်တာကောင်းမယ် ဦးဂုဏ်ရောင်"

"ဒေါ်မိုးနီလာ သဘောပါပဲ၊ ဒါပေမယ့်. . ညီမလေး မိုးညီညာကိုတော့ ညီညာလို့ပဲခေါ်မယ်၊ ကျေနပ်ရဲ့လား ညီညာ"

"ကိုကိုဂုဏ်ရောင့် သဘောလေ"

ကြည့်စမ်း သွားစွယ်တန်းလေးတွေက ညီညာစွာ ဝင်းလက်ပြီး ချစ်စဖွယ်အပြုံးနှင့် ပြောလိုက်ပုံက အပြစ်ကင်းစင် သွန်းလှလေသည်။ ပြီးတော့ အလှတွင် အယဉ်ဆင့်စေသည်မို့ သကောင့်သား ဂုဏ်ရောင် ငေးမကြည့်ပဲ မနေနိုင်။

"ဘယ့်နှယ် ကိုကိုဂုဏ်ရောင်နေရတာလဲ အငယ်မရယ်၊ သမီးမှာလည်း အစ်ကိုရှိတာမှ မဟုတ်ဘဲ၊ ကိုကိုပဲ ခေါ်လိုက် မောင်နှမတွေ ချစ်ချစ်ခင်ခင် နေကြနော်"

"ဖေဖေနဲ့ မေမေကလည်း အဲဒီလိုပဲ မှာလိုက်တယ် အန်တီ၊ သူတို့လည်း လာကြဦးမှာပါ"

"အေးလေ လာရမှာပေါ့၊ သူတို့လာမှ ဖြစ်ရမယ့်ကိစ္စ



www.burmeseclassic.com

www.burmeseclassic.com



[illegible] ရှိနေသေးတာပဲ”

မိုးနီလာ စိတ်မရှည်ချင်တော့။

“ဦးဂုဏ်ရောင် ဒီနေ့ပြီးဦးမှာလား၊ မလိုက်ရင်လည်း နေခဲ့တော့”

ဂုဏ်ရောင်က ပြုံးကာ ထလိုက်သည်။

“ပြီးပြီ. . ဖက်တီးကော လိုက်မလား”

“မလိုက်တော့ဘူး၊ ဗိုက်လေးပြီး အိပ်ချင်နေပြီ၊ ညီညာလက်ရာက တယ်ကောင်းတာကိုး”

“ဒါဖြင့် ကျွန်တော့်ကားနဲ့ပဲ သွားရအောင်လား၊ ဒေါ်မိုးနီလာ”

“အကျင့်ပါတယ်၊ ရှင့်ကားရှင်မောင်း ကျွန်မကားကျွန်မမောင်းမယ်”

နေ့ခင်း နေအပူကြောင့် ဆိုင်ကယ်လ်ဖြင့် မသွားတော့ဘဲ ဟိုင်းလက်ဆပ်ဖ်ဖြင့်သာသွားရန် ဆုံးဖြတ်ပြီး ပြောလိုက်သည်။

“ဟာ. . အကြီးမကလည်း မဟုတ်တာ၊ တစ်လမ်းထဲတစ်ခရီးထဲ သွားရမှာကို ကားနှစ်စီးနဲ့ အဓိပ္ပာယ်မရှိဘူး”

“ဒါဖြင့် ရှင့်ကားထားခဲ့၊ ကျွန်မကားနဲ့ ရှင်လိုက်ခဲ့”

သူစိမ်းယောကျ်ားမောင်းသောကားပေါ် ခွေ့ခနဲလိုက်ပါသွားရအောင် မိုးနီလာ မပျော့ညံ့။

ဂုဏ်ရောင်က. . .

“ခင်ဗျားသဘောပဲ၊ ဒါပေမယ့် ကျွန်တော်က မိန်းကလေးမောင်းတဲ့ကားကို မစီးတတ်ဘူး”





“ဒါဆို ဖြစ်ပါတယ်၊ ကျွန်မကားကိုပဲ ရှင်မောင်းပေါ့၊ ကျွန်မ ဖိမ်နဲ့စီးရုံပဲ ရှိတာပေါ့”

အမြင်ကတ်ကတ်ဖြင့် ကားသော့ကို လှမ်းပစ်ပေးလိုက်ပြီး ချာခနဲ လှည့်ထွက်ခဲ့သည်။

ဂုဏ်ရောင်က ကားသော့ကို အမိအရ ဖမ်းယူပြီး မိုးနီလာနောက်မှ လိုက်ခဲ့လေသည်။

ဖက်တီးက ခေါင်းတခါခါနှင့် ကျန်ရစ်ခဲ့သည်။

“အန်တီ သမီးနှစ်ယောက်က စရိုက်တစ်မျိုးစီပဲနော်”

“အကြီးမက လူပေါင်းစုံနဲ့ ဆက်ဆံနေရတော့. . ပုံစံပြောင်းသွားတာပါ၊ သူ့အဖေသာ ယခုထက်ထိ ရှိနေဦးမယ်ဆိုင် နီလာဟာ ညီညာထက်တောင်မှ နူးညံ့သိမ်မွေ့လိမ့်မယ်ခင်တယ်”

ထိုစကားကို မိုးနီလာ မကြားလိုက်ပါ။

ကားနောက်ခန်းထဲ ဝင်ထိုင်လိုက်သဖြင့် ဂုဏ်ရောင်အောင့်သက်သက် ခံလိုက်ရသည်။

“နေရာသိတယ်မဟုတ်လား၊ စောစောကလမ်းအတိုင်းမောင်း၊ နေဦး. . မြို့ထဲက ‘မိုး’ရုံးခန်းကို အရင်သွား၊ အဲဒီမှာ ယူချင်တဲ့ စာရင်းဇယားတွေရှိတယ်”

“နေစမ်းပါဦး၊ ကျွန်တော် ဘာကိုလိုချင်သလဲ၊ ခင်ဗျားသိလို့လား ဒေါ်မိုးနီလာ”

“သိတယ်လေ၊ ရှင် ရာဘာကုန်ကြမ်းလိုချင်တာ မဟုတ်လား”

“ဟုတ်တယ်လေ၊ ဘယ်လောက်လိုချင်လဲကော သိလို



www.burmeseclassic.com

www.burmeseclassic.com

လား"

"ဒါကတော့ ရှင်မှမပြောသေးတာ၊ ကျွန်မ ဘယ်သိမှာလဲ"

မိုးနီလာ ဂုဏ်ရောင်ဖြင့် ဘုဘောက်ကျနေခြင်းဖြင့် ဂုဏ်ရောင်အပေါ် စိတ်ဝင်စားစိတ်ကို ချိုးနှိမ်လိုက်ရသည်။

ဂုဏ်ရောင်ရောက်လာခြင်းသည် ရာဘာအဝယ်ကိစ္စ တစ်ခုတည်း မဟုတ်နိုင်၊ အခြားကိစ္စ ပါလိမ့်မည်ကို မိခင်မျက်နှာပေါ်မှ အရေးအကြောင်းများကို ကြည့်ခြင်းအားဖြင့် မိုးနီလာ သိနေသည်။

"တန်တစ်ရာရအောင် ခင်ဗျားရာဘာခြံက ဖြည့်ဆည်းပေးနိုင်ပါ့မလား"

"တန်တစ်ထောင် ဖြစ်ပါစေ၊ လိုချင်တယ်ဆိုရင် ကျွန်မရအောင် စုဆောင်းပေးမှာပေါ့။ ကျွန်မအတွက် အကျိုးအမြတ်ရှိမယ်ဆိုရင် ပြောတာပါ"

"အလုပ်လုပ်ကြတာပဲဗျာ၊ အကျိုးအမြတ်မရှိဘဲ ဖြစ်ပါ့မလား"

"သိရင် ပြီးတာပဲ၊ ဒါထက် ရှင်တို့က ရာဘာစိမ်းတွေ ယူပြီး ဘာလုပ်မှာလဲ"

"လှိုင်သာယာမှာ ဖိနပ်စက်ရုံ ထောင်ထားတယ်၊ နောက် ဘောလုံးစက်ရုံကော၊ ရေနွေးအိတ်၊ လက်အိတ်ပါ မကျန်ဘူး"

"ဩော်. . စုံသားပဲ၊ ခင်ဗျားတစ်ယောက်တည်း လုပ်တာလား"

"ဖေဖေနဲ့ တွဲလုပ်ရတာပေါ့ဗျာ၊ အခြားသားချင်းမှ မ





တာ"

"တစ်ဦးတည်းသော သားပေါ့"

"ဟုတ်တယ်. . ဒါထက် ခင်ဗျားက ကျောင်းကို ဘာနဲ့ ပြီးတာလဲ"

"မြန်မာစာနဲ့ အေးအေးဆေးဆေး စာရေးဆရာလုပ်မယ် ရည်စူးပါတယ်၊ ကျွန်မ စက္ကင်းရီးယားမှာ ဖေဖေဆုံးတာနဲ့ အဝေးသင်ပြောင်းပြီး ဖေဖေ့လုပ်ငန်းကို ဦးစီးလုပ်ရတာပဲ. . ၊ ခင်ဗျား မြင်တဲ့အတိုင်းပဲလေ"

"ညီညာကကော"

"သူက ဖူးမေဂျာနဲ့ ဒီနှစ်မှပြီးတာ၊ မော်လမြိုင်တက္ကသိုလ်မှာပဲပေါ့"

ကားထဲမှာ စကားလက်ဆုံကျကြသည်။

"ညီညာက အေးတယ်နော်၊ သူကော ခင်ဗျားကို ဝိုင်းမကူဘူးလား"

"ကူလည်း ဘာတတ်မှာလဲ၊ သူ့ကို စောင့်ရှောက်ရတဲ့ အလုပ်တောင်ပိုဦးမယ်၊ အိမ်တွင်းမှုပဲလုပ်ပေါ့၊ အိမ်ရှင်မကောင်း ဖြစ်အောင်ပဲ လေ့ကျင့်ပေးလိုက်တာ အေးရော"

"မိုးနီလာ စိတ်မရှည်ချင်တော့၊ တမင် ဘုပြောလိုက်ခြင်းဖြစ်သည်။

"ကောင်းပါတယ် မိန်းမဟာ မိန်းမပါပဲ၊ မိခင်ကောင်း အိမ်ထောင်ရှင်မကောင်းဖြစ်ရင် ပြီးတာပါပဲ"

စိတ်ထဲ မကျေမနပ်ဖြစ်၍. . 'ဒါဖြင့် ရှင်ယူလိုက်ပါလား၊ ခုသွားယူလိုက်'ဟု ဘုတောနေလိုက်မိပြီး။


www.burmeseclassic.com

www.burmeseclassic.com



မပြီးနိုင်ဘူး၊ မိုးညီညာ့ရှိကာ. .

"ညီညာက တကယ့်ကို ကလေးတစ်ယောက်လိုပဲ၊ အပြစ်ကင်းစင်တယ်၊ ခင်ဗျားနဲ့ တခြားစီပဲ. . ."

"ဟုတ်တယ် ကျွန်မက ကျားသစ်လိုပဲ၊ မြင်မြင်သမျှ ကုတ်ဖဲ့ချင်နေတာပဲ၊ နေစမ်းပါဦး. . ဦးဂုဏ်ရောင် ရှင် ကျွန်မတို့ဆီကိုလာတာ အလုပ်ကိစ္စတစ်ခုထဲတော့ ဟုတ်တယ်မထင်ဘူး၊ အခြားရည်ရွယ်ချက် ပါလာသေးတယ် မဟုတ်လား"

မိုးနီလာစိတ်ထဲ မထားတတ်သည့် ညဉ်အတိုင်း ဟောဟောဒိုင်းဒိုင်းပင် မေးချလိုက်သည်။

ပထမတော့ ဂုဏ်ရောင်က ကြောင်သွားသည်။

နောက်မှ သဘောပေါက်ကာ ငါးခူပြုံးပြုံးပြီး. . .

"ခင်ဗျားက ဘယ်လိုထင်သလဲ"

"ရှင့်ကို ကျွန်မက မေးနေတာလေ၊ ရှင် ကျွန်မကို ပြန်မမေးပါနဲ့၊ ကျွန်မမေးတာပဲ ဖြေပါ"

"ဒီအတွက် ကျွန်တော် မပြောချင်ဘူး၊ ခင်ဗျားအမေ ခင်ဗျားကို ညရောက်ရင် ပြောပြလိမ့်မယ်. . ထင်တယ်"

"ကျွန်မထင်တဲ့အတိုင်း ဖြစ်မှာပါ။ ရှင်က သိထားရက်နဲ့များ မြူစိစိ လုပ်နေရသေးတယ်၊ ပြောလိုက် ဘာဖြစ်မှာမို့လို့လဲ"

"ဒါကတော့ ခင်ဗျားက ရဲရဲတင်းတင်း နားထောင်ရဲပေမယ့် ကျွန်တော်က ခင်ဗျားရဲ့ဂုဏ်သိက္ခာကို ငဲ့ကွက်ပြီး မပြောတော့ပါဘူး"

အသည်းယားစရာ ကောင်းလောက်အောင် မထိခလုတ် ထိခလုတ် စကားမျိုး သုံးနှုန်းနေသော ဂုဏ်ရောင်ကို





မိုးနီလာ မျက်မှောင်ချီကာ. . .

"ယိုသူမရှက် မြင်သူရှက်ရတယ်ရယ်လို့ တလွဲဆံပင်ကောင်းမနေနဲ့၊ ရှင်မပြောလည်း ကျွန်မ ရိပ်မိတယ်"

"သိရင်လည်း ပြီးတာပဲ"

ဂုဏ်ရောင်က လက်တစ်ဖက်ဖြင့် အိတ်ထဲမှ မျက်မှန်ကို ထုတ်ယူကာ တပ်လိုက်သည်။ မွန်းတည့်နေက တောက်လောင်နေသည်။ မိုးနီလာကတော့ ဒီအပူလောက်ကို မမှုတော့ပြီ။

"ခင်ဗျားက ဘာဖြစ်လို့ ဆံပင်ရှည် မထားတာလဲ"

"သနေဖို့ အချိန်မရှိဘူး၊ မျက်စိနှစ်လုံး ပွင့်တာနဲ့ ကျွန်မမှာ လုပ်စရာတွေ တန်းစီရှိနေတယ်၊ ညဘက်ရောက်လို့ ခေါင်းအုံးနဲ့ခေါင်း ထိတွေ့လိုက်တဲ့အချိန်ဟာ ကျွန်မအိပ်ချိန် နားချိန်ပဲ"

မိုးနီလာလည်း သာမန်လူသားတစ်ယောက်ပဲ၊ သက်တောင့်သက်သာ နေချင်သည်ပေါ့၊ ဖိမ်နှင့် လောကကြီး၏ အရသာကို အပြည့်အဝ ခံစားပြီး အေးအေးချမ်းချမ်း နေချင်သည်။ သို့သော် မိသားစုသုံးယောက်၌ မိမိမလုပ်လျှင် ကျန်နှစ်ဦးက လုပ်ရှားမှာမဟုတ်၊ "ခြိုးခြံချွေတာပြီး၊ ဘဏ်တိုးလေးနဲ့ပဲ စားပြီးနေလိုက်တာပေါ့ သမီးရယ်၊ ခြံတွေရယ် ရာဘာစက်ရယ်၊ ရောင်းသာပစ်လိုက်"ဟု. . .

မိခင်ကတော့ သူ့ တတိယအရွယ်နှင့် ကိုက်ညီသော စကားပြောကာ တင်းတိမ်ရောင့်ရဲနိုင်သည်ပေါ့. . ။

ဖခင်ကွယ်လွန်စဉ်က မိုးညီညာက ရှစ်တန်းမျှသာ ရှိသေးသည်။ သူ့ပညာရေး၊ ကျမ်းမာရေး၊ မိခင်၏ ကျမ်းမာရေးဒါတွေအတွက် မိုးနီလာတို့ ဘဏ်တိုးနှင့် ထိုင်စားရုံဖြင့် ရနိုင်ပါ့



www.burmeseclassic.com

www.burmeseclassic.com



မလား။

နောက် ဖခင်ကို မှီခိုနေသော အလုပ်သမားမိသားစုတွေ အတွက် စားဝတ်နေရေး . .

ဒါကို မိုးနီလာ ဉပေက္ခာပြုကာ ခြံတွေနှင့် ရာဘာစက်ရုံကို ရောင်းချပစ်လိုက်လျှင် သူတို့ ထမင်းအိုးပျောက်သွားပေလိမ့်မည်။

ငဲ့ကွက်မှုများဖြင့် မိုးနီလာ အနစ်နာ ခံခဲ့သည်။ ပထမဦးဆုံး ပညာရေး၊ ဒေးတက်နေရာမှ အဝေးသင်သို့ ပြောင်းခဲ့ရခြင်း၊ စာရေးဆရာမ လုပ်မည်ဟူသော ရည်ရွယ်ချက်ကို စွန့်လွှတ်ကာ အလုပ်သမားတွေ သစ်ပင်သစ်သီးတွေကြားနှင့် ငွေစာရင်းဇယားတွေနှင့် နိစ္စဓူဝ နပမ်းသတ်နေခဲ့ရသည်။

"ဒေါ်မိုးနီလာ ကျွန်တော်မေးတာ မကြားဘူးထင်တယ်"

"ဟင်. . ရှင် ဘာမေးလိုက်တာလဲ"

"ကျွန်တော် ခင်ဗျား စုဆောင်းပေးနိုင်သမျှ ရာဘာစိမ်းတွေကို ရသလောက်ပေါက်စျေးနဲ့ လိုချင်တယ်"

"ရှင့်စက်ရုံ ဒီလောက်တောင် ဖြုန်းနိုင်လို့လား"

"ဖြုန်းနိုင်တာလည်းဖြုန်း၊ အိတ်စိုက်ပို့လုပ်တန်တာလည်း လုပ်ပေါ့၊ မြန်မာ့ရွှေဖြူက ကမ္ဘာ့အလယ်မှာ စျေးကွက်ရှိတယ်လေ"

"ကောင်းပြီလေ၊ သေချာရင် စာချုပ်ချုပ်တာပေါ့၊ ရှင့် Member တွေကကော သက်သေအဖြစ် လက်မှတ်ထိုးဖို့ လိုဦးမလား၊ ကျွန်မဘက်ကတော့ ရှင်းပါတယ်၊ တစ်ဦးတည်းပိုင်ဆိုတော့ ကျွန်မပြီးရင် ပြီးတယ်"





"ဟုတ်တာပေါ့ဗျာ၊ ကျွန်တော်က မန်းနေးဂျင်းဒါရိုက်တာ ဖြစ်ပေမယ့် Chairman တွေအပေါ် အလေးထားတိုင်ပင်ပြီးမှ ဆုံးဖြတ်လေ့ရှိတယ်၊ ခင်ဗျားနဲ့ ဆွေးနွေးပြီးသမျှ အနေအထားကို ကျွန်တော် အချက်အလက်တွေ စုဆောင်းပြီးရင် ချက်ချင်းပြန်မယ်"

"Member တွေနဲ့ Meeting ထိုင်မယ်၊ ပြီးမှ စရန်လာသတ်မယ်၊ စာချုပ်ချုပ်မယ် ဆိုပါတော့"

"ဟုတ်တယ် ခင်ဗျားပြောတဲ့ အတိုင်းပဲ"

"ကောင်းပြီလေ. . ၊ ကျွန်မ ကွာလတီ(အရည်အသွေး) ကောင်းမွန်တဲ့ ရာဘာစိမ်းတွေကိုသာ ရွေးစုဆောင်းပေးထားမယ်၊ ကျွန်မဘက်ကတော့ ချွတ်ယွင်းချက် မရှိစေရဘူး"

"ကွာလတီကောင်းမကောင်း. . ကျွန်တော် အရင်စစ်ဆေးကြည့်ရတာပေါ့ဗျာ"

မိုးနီလာ မဲ့ကာ ပုခုံးတွန့်လိုက်ပြီး. . .

"High Boss တစ်ယောက်အနေနဲ့ ရာဘာစိမ်း အချပ်တွေကို ကြည့်ရုံနဲ့ အရည်အသွေးကောင်းမကောင်း သိနိုင်ပါ့မလား"

ဂုဏ်ရောင်က နှုတ်ခမ်းကို တွန့်ရုံ ပြုံးလိုက်ပြီးမှ. . .

"အောက်သက်ကြေမှ အခြေခိုင်တယ်ဆိုတဲ့ စကားအရ ဖေက ကျွန်တော့်ကို အောက်ခြေကစပြီး အလုပ်သင်ပေးခဲ့ ပါ ဒေါ်မိုးနီလာ၊ ကားမောင်းမသင်ခင် ကားကိုအရင် ရေ ဆီပျောက်မီးပျောက် ကြည့်တတ်စေပြီးမှ ကားမောင်းသင် ခဲ့တဲ့ အဖေ့လက်ထဲ ကြီးပြင်းလာတဲ့သူပါ ဒေါ်မိုးနီလာ"

www.burmeseclassic.com


"ဒီလိုဆိုတော့လည်း ရှင့်ကို ကျွန်မ မပြိုင်ရဲပါဘူး၊ ကျွန်မအတော့ အဖေသေမှ လူ့လောက ဇာတ်ခုံပေါ်မှာ ဝမ်းရေးအရ ဝင်ကရတဲ့လူလို ဖြစ်နေတာကိုး"

မိုးနီလာ ဂုဏ်ရောင်အပေါ် တိတ်တခိုး အထင်ကြီးလေးစားမိသည်။ လမ်းပြစရာမလိုဘဲ ရာဘာခြံသို့ တန်းတန်းမတ်မတ်မောင်းသွားနိုင်သည်။ မှတ်ဉာဏ်ကောင်းသော ပုဂ္ဂိုလ်ဖြစ်သည်။

ဂုဏ်ရောင်သည် 'မိုး'ရာဘာစက်ရုံထဲဝင်ကာ ရာဘာရည်များကို ရာဘာစိမ်းအချပ်များ ထုတ်လုပ်ပုံအဆင့်ဆင့်ကို အသေးစိတ်လေ့လာပြီး လိုအပ်သော ဟာကွက်များကို ထောက်ပြပေးခဲ့သည်။

သူ့ကို တိတ်တခိုးငေးကြည့်ရင်း သက်ပြင်းအခါခါ ချရသူမှာ မိုးနီလာပင် ဖြစ်သည်။

ဘာပဲပြောပြော မိုးညီညာနှင့် ယှဉ်ပြိုင်ရမည်ဆိုလျှင် မိမိအတွက် အရှုံးဆိုတာ မိုးနီလာ သိရှိပြီး ဖြစ်နေသောကြောင့်ပင်။

ထင်သည့်အတိုင်း. . ညအိပ်ယာဝင်ချိန်၌ မိခင်ဖြစ်သူ အခန်းကူးပြောင်းပြီး

"မေမေ ဦးဂုဏ်ရှိန်စာထဲက ဘာတဲ့လဲ"

"အဲဒါ မေမေလည်း သမီးကို လာပြောမလို့ပဲ၊ အငယ်မကိုတော့ ပြောပြီးသွားပြီ"

"ဘာလဲ"

"သူ့သား ဂုဏ်ရောင်ကို လွှတ်လိုက်တာ အခြားမဟုတ်ဘူး"



မိုးနီလာ မိခင်စကားဆုံးအောင် မစောင့်နိုင်ဘဲ. . .

"သမီးတို့ ညီအစ်မနှစ်ယောက်ထဲက သူ့သား သဘောကျတဲ့လူနဲ့ လက်ထပ်ပေးဖို့ မှတ်လား"

ဟု ကြားဖြတ် ဝင်ပြောလိုက်သည်။

"ဟင်. . သမီးက ဘယ်လိုလုပ် သိသလဲ၊ မောင်ဂုဏ်ရောင်ကများ"

"ပြောပါလိမ့်မယ်၊ ဂုဏ်သိက္ခာ တစ်ခွဲသားနဲ့ပါ"

ဂုဏ်ရောင်လည်း ဒီကိစ္စသိပြီးဖြစ်လို့ နေ့လည်က မိမိအား မထိခလုတ် ထိခလုတ် စကားဖြင့် ရိပ်မိခဲ့သေးသည်ဆိုတော့ သေချာသည်။ သူက ရွေးချယ်သူ၊ မိမိတို့ ညီအစ်မက ရွေးချယ်ခံ။ နေပါစေ. . ယောကျ်ားမရလို့ ဘာမှမဖြစ်၊ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်နိုင်သည်ပဲ။ မိဖုရားမဖြစ်ပေမယ့် ဘုရင်မတော့ ဖြစ်နိုင်သည်။

"ညီညာအတွက်က လင်ကောင်းရမှဖြစ်မှာ မေမေ. .၊ ညီညာနဲ့ ပေးစားဖို့သာ ပြောလိုက်"

မိခင်က ပြုံးကာ. .

"မေမေလည်း ဒါပဲတွေးထားတယ်၊ သမီးကြီးအတွက်က မေမေ စိတ်ချရပြီးသား. . ညီညာအတွက်သာ သိတဲ့အတိုင်း သူက မေမေနဲ့ သမီး မရှိရင် လူ့လောကကြီးမှာ ရပ်တည်နိုင်ဖို့ ခဲယဉ်းတယ်၊ ဒီတော့ ဂုဏ်ရောင်လိုလူမျိုးနဲ့ဆို မေမေတို့ ဘာမှ ပူစရာ မလိုတော့ဘူး၊ အရှိန်နဲ့ အနီကလည်း သမီးဝတ်နေသူတွေဆိုတော့ ညီညာကို ချစ်ကြမှာပဲ"

မိုးနီလာရင်ထဲ ညီမအတွက် ဝမ်းသာမိသော်လည်း မိမိ


www.burmeseclassic.com

www.burmeseclassic.com

အတွက်တော့ဖြင့် ရင်ထဲ နာကျင်လျက်. . .

နှလုံးသား အရေးအခင်း၌ မိမိသည် ကံဆိုးသူတစ်ယောက် ဖြစ်လိမ့်မည်ကိုတော့ လက္ခဏာတွင် ပါရှိသည်။ နှလုံးသား လမ်းကြောင်းပါမှာ စပါးစေ့တစ်ထောက် ကျွန်းခံနေကတည်းက သိရှိပြီးသား။

"ဒါဆို ညီညာနဲ့ သဘောတူကြောင်းကိုသာ ပြန်လိုက်ပါလား မေမေ"

"အေး. . အေး"

မိုးနီလာ မိမိအိပ်ခန်းဘက်သို့ လေးလံသော ခြေလှမ်းများဖြင့် ပြန်လာခဲ့လေသည်။

"ဦးဂုဏ်ရောင်ရယ်၊ ရှင် ကျွန်မရဲ့ အိပ်ပျော်နေတဲ့ နှလုံးသားကို ပုတ်နှိုးဖို့ ရောက်လာတာလား. ."

ဟု စိတ်တွင်း ကြေကွဲစွာ ရေရွတ်လျက်. . ;







# အခန်း(၄)

"ကျွန်တော် ဒီနေ့ သထုံဘုရားတွေဖူးပြီး သာမညတောင် သွားလိုက်ဦးမယ်၊ ည ဒီမှာပြန်အိပ်ပြီး မနက်စောစောရန်ကုန်ထပြန်မယ်၊ အဲဒါ ဘုရားဖူးကို အန်တီလိုက်ပို့နိုင်မလား၊ အိမ်သားတွေထဲက ဘယ်သူလိုက်ဦးမလဲ"

နံနက် အိပ်ယာထ စားသောက်ရင်း ဂုဏ်ရောင်က အသားလို၍ အရိုးတောင်းလေသည်။

မိခင်ကြီးက. . .



www.burmeseclassic.com

www.burmeseclassic.com

"မြန်လိုက်တာ နေပါဦးလား"

"အလုပ်ကိစ္စ ရှိသေးလို့. . တစ်ခါ ပြန်လာဦးမှာပါ အန်တီ"

"အန်တီကတော့ ကြာကြာမထိုင်နိုင်တော့ မင်းညီမ ညီညာနဲ့ ဒေါ်စိန်ကိုသာ ခေါ်သွားတော့၊ သထုံဘုရားတွေက ခဏတဖြုတ်ဆို ရပါတယ်၊ ခု မြသပိတ်နဲ့ ရွှေစာရံဘုရား အရင်သွားဖူးလိုက်၊ ညီညာ သမီးကိုကိုနဲ့ လိုက်သွား၊ ဒေါ်စိန် သက်သက်လွတ်ချိုင့် စီစဉ်ထားနှင့်မယ်၊ ပြန်လာရင် သာမည အရင်သွားလိုက်"

"ရန်ကုန်အပြန်မှ ကျိုက်ထီးအောင် ဝင်ဖူးသွားပေါ့"

မိုးနီလာက ဝင်ပြောပြီး ထိုင်ရာမှ ထလိုက်သည်။

"အလုပ်သွားတော့မယ်"

အလည်အပတ် ပို့ဆောင်ပေးဖို့ကိစ္စသည် မိမိနှင့် ဘာမှ မပတ်သက်တော့ဘူးဟု မိုးနီလာ သဘောပေါက်ပြီး ဖြစ်သည်။ အားလည်းမအား. . .။

"ဟဲ့. . ညီညာ အဝတ်အစားသွားလဲတော့လေ၊ သိမ်းနေပြန်ပြီ၊ ပန်းကန် ရွှေစာသိမ်းလိမ့်မယ်"

မိုးညီညာ၏ ခပ်နုံနုံ အပြုအမူအတွက် အမြင်မတော်ကာ ငေါက်လိုက်မိသေးသည်။

"လုပ်မှာပေါ့. . မမကလဲ"

မိုးညီညာ မျက်နှာငယ်လေးနှင့် မဝံ့မရဲ ပြောရှာသည်။

အမေထက် အစ်မကိုကြောက်ရသော ညီညာအဖြစ်ကို သကောင့်သားဂုဏ်ရောင် အသနားပိုပေတော့. . .။





မိုးနီလာ ထွက်ခဲ့လေသည်။

ဂုဏ်ရောင်က မိုးနီလာ၏ နွဲ့နှောင်းမှုမရှိသော ဟန်ပန်ကိုကြည့်ပြီး သက်ပြင်းချလိုက်မိသည်။

"ထားလိုက် အငယ်မ၊ သွားလဲ. . သွား"

ဂုဏ်ရောင် ဒေါ်မိုးနွယ်ဦး၏ သဘောထားအမှန်ကို ရိပ်စားမိခဲ့သည်။

ဒေါ်မိုးနွယ်ဦးသည် သိုးငယ်ပမာ ဖြူစင် အပြစ်ကင်းစင်သော မိုးညီညာဘဝအတွက် စိတ်ချလက်ချ ရှိချင်မည်။ ထို့ကြောင့် မိုးညီညာနှင့် မိမိကို သဘောတူခြင်းဖြစ်မည်။

ဂုဏ်ရောင် ကိုယ်တိုင်ကလည်း ထက်မြက်သော မိုးနီလာထက် သိမ်မွေ့နူးညံ့အေးဆေးသော အပြစ်ကင်းစင်သော မိုးညီညာကို ဂရုဏာသက်မိသလို ရှိသည်။ ဒါကို အချစ်လားဟုတော့ ဂုဏ်ရောင် တွေးရုံသာ ရှိသေးသည်။

မိုးနီလာက ဆတ်ဆတ်ထိမခံ၊ မာနလည်း ရှိသည်။ ယောကျ်ားတစ်ယောက်ကို အိမ်ဦးနတ်အသွင် ခယမည့်လူမျိုးမဟုတ်၊ လုပ်နိုင်ကိုင်နိုင်တော့ မာနရှိသည်။

သိပ်ထက်မြက်ထူးချွန်သော မိန်းမမျိုးကို အိမ်ရှင်မအဖြစ် ရွေးချယ်ဖို့မလိုအပ်၊ စီးပွားဥစ္စာက မိမိ ကောင်းစွာရှာဖွေနိုင်သည်။ မိမိရှာဖွေသမျှကို အေးအေးလေး ထိုင်သုံး၊ ပိုလျှံသမျှ သိမ်းဆည်းသော အိမ်ရှင်မကောင်း မိခင်ကောင်းတစ်ယောက်ပဲ လိုချင်သည်။

မိုးညီညာသည် မိခင်ကိုလေးစားကာ. . နွဲ့ဆိုးကာ ကလေးတစ်ယောက်လိုပင် နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မိုးနွယ်ဦးသည်လည်း အိမ်ရှင်မကောင်း မိခင်ကောင်း တစ်ဦးဖြစ်သည်။

"သမီးကိုမယူခင် အမေကို အရင်ကြည့်ရတယ်ကွ သားရ" ဖခင်က ရယ်စရာ ပြောခဲ့သေးသည်။

မိုးနီလာ၏ ဆိုင်ကယ်သံ ဝေး၍သွားလေသည်။ ဆံပင်ခပ်တိုတိုညှပ်၊ သနပ်ခါး ပါးကွက်ကျားလူး . . ကုတ်အင်္ကျီနှင့် ဘောင်းဘီကိုဝတ်သော မိုးနီလာ၏ အသွင်သဏ္ဍာန်သည် ပင်ကိုယ်အလှကို ရှာဖွေမတွေ့အောင် ဖြစ်နေလေသည်။

မိုးနီလာ ပုံစံမျိုးကတော့ အိမ်ထောင်ဘက်တစ်ယောက် အနေနှင့် မဖြစ်နိုင်တာ သေချာသည်။ အင်မတန် နူးညံ့သိမ်မွေ့သော အမေသည်လည်း မိုးညိုညာကိုသာ သဘောကျပေမည်။

"ကိုကို ညိုညာ ပြီးပြီလေ၊ သွားရအောင်"

ကြည့်စမ်း လှလိုက်သည့် မိန်းကလေး အလှတွင် အယဉ်ဆင့်တော့ ကျက်သရေမင်္ဂလာ ရှိလိုက်သည့်ဖြစ်ခြင်း၊ မိမိ ရွေးချယ်မှု မမှားနိုင်ပါ။

ဂုဏ်ရောင် အကြည့်ကြောင့် မိုးညိုညာ ပါးမို့လွှင်ပြင်လေး စတော်ဗယ်ရီရောင် ပြေးသွားလေသည်။

"မေမေ သမီး သွားမယ်နော်"

"အေးအေး သမီးကိုကို သွားချင်တဲ့နေရာတွေ သေသေချာချာ လိုက်ပို့လိုက်"

"ဟုတ်ကဲ့ မေမေ"

မိခင်ကို တရိုတသေ နှုတ်ဆက်သေးသည်။ မိုးနီလာနှင့်များ . . ကွာပါ၊ ဖက်တီးက မိုးညိုညာအား ကားရှေ့တံခါး ဖွင့်ပေး





လိုက်သည်။

"ညိုညာ . . တက်၊ ကိုဖက်က နောက်ကထိုင်မယ်"

မိုးညိုညာက ရုတ်တရက် မတက်သေးဘဲ မိခင်ကို လှမ်းကြည့်လိုက်သည်။ တကယ့် သမီးအလိမ္မာလေး။ မိခင်က ခေါင်းညိတ်လိုက်မှ ကားပေါ် သိမ်မွေ့စွာ လှမ်းတက်သည်။

တကယ့်ကို ပန်းပုရုပ်လေးတစ်ရုပ်ကို ပိုင်ဆိုင်ခွင့် ရတော့မှာပါလား။

ဂုဏ်ရောင်က. . .

"ခွင့်ပြုပါဦး အန်တီ"ဟု နှုတ်ဆက်ကာ မောင်းထွက်ခဲ့လေသည်။

"ဘယ်အရင်သွားမှာလဲ ကိုကို"

"မြသပိတ်တောင်ပေါ် အရင်တက်ဖူးရအောင်၊ ကားနဲ့ တက်လို့ရတယ်နော်"

"ဟုတ်. . ရပါတယ်"

အသံလေးက အေးအေးပျော့ပျော့လေး၊ စကားပြောလိုက်လျှင် ပါးချိုင့်ကလေး ပေါ်သွားပြီး သွားတက်ကလေး ဝင်းလက်သွားပုံကိုက တစ်မျိုး ကျက်သရေတိုးနေခြင်း ဖြစ်သည်။

ယှဉ်ပြိုင်စရာ မလိုပါဘူး။

မိုးညိုညာသာလျှင် ရာခိုင်နှုန်းပြည့်မဲဖြင့် မိဘများကို ဖွင့်ဟရုံသာ ရှိသည်။

"ဟိုမှာ မမ"

ခါးကြီးထောက်ကာ ဒူးရင်းသီးခြင်းများ ကားပေါ်တင်သည်ကို ဩဇာပေးနေသည်။



www.burmeseclassic.com

www.burmeseclassic.com

"မိုးနီလာက ပြုံးမှပြုံးတတ်ရဲ့လား ညီညာ"

မိုးညီညာ အံ့အားသင့်သွားသည်။ သူ့စကားကို ရုတ်တရက် နားမလည်ဟန်ဖြင့်. . .

"ရှင် ကိုကို ဘာမေးလိုက်တယ်"

"မိုးနီလာက ပြုံးမှပြုံးတတ်ရဲ့လားလို့ မေးတာပါ ညီညာ"

"အို. . ကိုကိုကလည်း ပြုံးတတ်တာပေါ့၊ တကယ်တော့ မမမှာ ပြုံးချိန်ကို မရတာပါ။ မိန်းမတန်မယ့် ယောကျ်ားတစ်ယောက်လို ဦးဆောင်နေရတော့ မမမှာ ပြုံးချိန်မှမရှိတာ၊ အလုပ်ကြမ်းသမား ဆိုတာကလည်း သိတဲ့အတိုင်း အသိဉာဏ်က ရှိတာမဟုတ်တော့၊ ခပ်ကြမ်းကြမ်း ခပ်ဘွင်းဘွင်း ပြောဆိုရင်း မမပုံစံက မိန်းမကြမ်းတစ်ယောက်လို ဖြစ်နေတာပါ"

ဂုဏ်ရောင် မိုးညီညာအပေါ် လေးစားသွားသည်. .။ အစ်မအပေါ် အပြစ်မမြင်၊ သူတပါး အထင်သေးမှာကို ကြောက်ပြီး ပြာပြာသလဲ ရှင်းပြပုံလေးမှာ စိတ်ရင်းဖြူစင်မှုကို ဖော်ပြနေလေသည်။

ဂုဏ်ရောင် လူရွေးမမှား။

ဂုဏ်ရောင် လိုချင်သည်မှာ အရိုးခံသက်သက် အပြစ်ကင်းစင်သော မိန်းမမြတ်လေး။

ဘုရားရှိခိုးသည်ကအစ ထိခြင်းငါးပါးနှင့် ရှိခိုးသည်၊ ဘာလုပ်လုပ် သိမ်သိမ်မွေ့မွေ့ကလေး၊ မိုးညီညာနှင့်များ ကွာချင်တိုင်း. . ကွာပ။

"ညီညာ ဘွဲ့ရပြီး ဘာလုပ်မယ် စိတ်ကူးသလဲ"

"ကျောင်းဆရာမပဲ လုပ်ချင်တယ် ကိုကို၊ ဒါပေမယ့်





မမက ပေးလုပ်မှာ မဟုတ်ဘူး"

"ဘာဖြစ်လို့လဲ"

"မမကပြောတယ်၊ ငါရှာထားတာ နင်နဲ့ မေမေအတွက်ပဲတဲ့၊ အချိန်ကုန်ခံမနေနဲ့ မေမေကိုပဲ ပြုစု၊ ဒါလည်း ကောင်းတဲ့အလုပ်ပဲလို့ ပြောတယ်"

"အင်း ဒါလည်း ဟုတ်တာပဲလေ၊ ဒါကို ညီညာ ကျေနပ်ရဲ့လား"

"ကျေနပ်ပါတယ်၊ မမက အိမ်ထောင်ဦးစီးလို ဖြစ်နေတော့ မေမေကအစ မမသဘောချည်းပါပဲ"

"ညီညာ အိမ်ထောင်ကျသွားရင်ကော အန်တီကို ပြုစုဖို့တစ်စု ဘယ်လိုလုပ်မလဲ၊ မမေးကြည့်ဘူးလား"

ဂုဏ်ရောင် သွေးတိုးစမ်းလိုက်သည်။

မိုးညီညာက အရိုးခံ သက်သက်ဖြင့်. . .

"ဘယ်နေပါ့မလဲ ကိုကိုရယ်၊ မေးတာပေါ့"

"ဒီတော့ ဘာပြောသလဲ"

"ပြောတာပေါ့၊ နင် အိမ်ထောင်ကျသွားတော့ နင်တစ်ယောက်စာ ရှာဖို့မလိုတော့ဘူး၊ အဲဒီအချိန်တွေကို မေမေအတွက် ငါ ဖွဲ့ပေးမှာပေါ့တဲ့လေ၊ နောက်ပြီး ပြောသေးတယ် ကိုကို၊ အိမ်မှာလာနေတဲ့ ယောကျ်ားယူတော့လည်း အမေကို ပြုစုဖို့တစ်ယောက်တိုးတာပေါ့တဲ့လေ၊ မမက တစ်ကယ် ဂွကျကျ ပြောတတ်တယ်"

မိုးညီညာ စကားကြောင့် ပြုံးမိလေသည်။

အလိမ္မာအိမ်ပါ သားမက်တော့ ရမည်မဟုတ်၊ အလိမ္မာ



www.burmeseclassic.com

www.burmeseclassic.com



အိမ်ပါ ချွေးမကို သူခေါ်သွားရမည်ပင်။

"ညီညာက အမေနဲ့အစ်မစကားဆို နားထောင်မယ့် သ
ဘောလား"

"နားထောင်ရမှာပေါ့၊ ကိုကို ညီညာအတွက် ကောင်းဖို့
လုပ်တာပဲဟာ"

အဖြေက ရှင်းနေပြီဟု သူ သိလိုက်သည်။ ဘယ်နည်း
နှင့်မဆို မိုးညီညာလည်း မိဘများ သဘောထားကို သိပြီး ဖြ
မှာပါ။

"ဖေဖေနဲ့မေမေ နောက်တစ်ခေါက် သားလာရင် တ
ခါတည်းသာ လိုက်လာပြီး နားဖောက်ပေတော့'ဟု ဂုဏ်ရော
စိတ်ထဲကြုံးဝါးလိုက်လေသည်။







# အခန်း(၅)

သာမည နှင့် သထုံခရီးက မဝေးစလှတော့။ သံလွင်
တံတားပြီးသွားကတည်းက သွားလာရတာ အဆင်ပြေလှသည်။

မိုးနီလာ လုပ်ငန်းသိမ်း အိမ်ပြန်ချိန်နှင့် ဂုဏ်ရောင်နှင့်
မိုးညီညာတို့ မရောက်သေး။

"မိုးချုပ်တော့မယ်၊ မရောက်ကြသေးပါလား"

"ဘာပူနေသလဲ အကြီးမရယ်၊ ဒေါ်စိန်လည်း ပါသွား
တာပဲ"



www.burmeseclassic.com

www.burmeseclassic.com


မိခင်ကတော့ အေးအေးဆေးဆေးပင်။ ဂုဏ်ရောင်အပေါ် စိတ်ချလက်ချ ထားလေသည် ထင်ပါသည်။

"မေမေ ဂုဏ်ရောင်နဲ့ လက်ထပ်ပေးဖို့ကိစ္စ၊ ညီညာကို ပြောပြီးပြီလား"

"မပြောရသေးဘူး၊ တော်ကြာ ရှုံးတိုးရှုန့်တန့် ဖြစ်နေမှာစိုးလို့လေ၊ သွားမှပြောမယ်"

"ဂုဏ်ရောင်ဘက်ကကော အတိအလင်း ပြောပြီလား"

"ပြောမှာပါ၊ အမူအယာကြည့်တာနဲ့ သိတာပဲ၊ နောက်တစ်ခေါက် အမြန်ဆုံး ပြန်လာမယ်ဆိုကတည်းက သေချာနေပြီ"

မိုးနီလာ စိတ်ကို ဒုံးဒုံးချပြီး ဖြစ်သဖြင့်. .

"မြန်မြန်လက်ထပ်ပေးလိုက်တော့လည်း ညီညာအတွက် နောက်ဆံတင်းစရာ မလိုတော့ဘူးပေါ့၊ ကောင်းပါတယ် ဂုဏ်ရောင် ပြန်သွားရင်တော့ ညီညာကို အသိပေးလိုက်တော့ မေမေ"

"အေးပါ အကြီးမရယ်၊ ဒီကိစ္စ မေမေ့ကိစ္စထားပါ၊ သမီးကို မေမေက ဆရာဝန်တစ်ယောက်နဲ့ လက်ထပ်ပေးမလားလို့"

မိုးနီလာ စားလက်စ ထမင်းလုတ် ပြုတ်ကျသွားသည်။

"ဟင်. . ဘာရယ် မေမေ"

"အကြီးမအတွက် ဆရာဝန်တစ်ယောက် တွေ့ထားတယ်"

"ဟာ. . မေမေကလည်း နီလာမလိုချင်ဘူး၊ ယောကျ်ားမလိုချင်ဘူး မေမေ၊ နီလာဘာသာ အေးအေးဆေးဆေး နေပါရစေ၊ ယောကျ်ားတစ်ယောက်ကို အိမ်ဦးနတ်လို ကိုးကွယ်ပသဖို့





အချိန် နီလာမပေးနိုင်ဘူး"

ကိုယ့်အားကိုယ်ကိုးပြီး စီးပွားဖြစ်နေကြသော မိန်းမသားအချို့၏ မာနစကားကို မိုးနီလာ သုံးနှုန်းလိုက်မိလေပြီ။

အမှန်တော့ အချစ်မပါသော အိမ်ထောင်ရေးတစ်ခုကို မိုးနီလာ မတည်ဆောက်လို၊ အချစ်အရင်းခံလျှင်တော့လည်း ယောကျ်ားကို ပြုစုယုယဖို့ ဝန်လေးလိမ့်မည် မဟုတ်။

"ဝန်ထမ်းဆိုတော့ ချမ်းသာချင်မှ ချမ်းသာမယ်၊ သူစီးပွားမရှာ ကိုယ်ရှာပေါ့၊ သူကတော့ ဂုဏ်ရှိမယ်၊ သူ့ဂုဏ်ကို ကိုယ်က ခိုလှုံနိုင်တယ်၊ လူ့လောကကြီး တစ်ယောက်တည်းရပ်တည်သွားဖို့ဆိုတာ ရေရှည်တော့ ဖြစ်မယ်မထင်ဘူး သမီးရယ်၊ မေမေမရှိတော့တဲ့ နောက်ပိုင်းကိုလည်း စဉ်းစားပေါ့"

"နေပါဦး မေမေရာ၊ နီလာ့ကိစ္စ ခေါင်းထဲမထည့်နဲ့ဦး၊ ညီညာ့ကိစ္စကိုသာ ပြီးအောင်စီစဉ်၊ တစ်နှစ်ထဲ နှစ်မင်္ဂလာမဖြစ်အောင် နောက်နှစ်တွေမှပဲ စဉ်းစားတာပေါ့၊ ညီညာကို မေမေစောင့်တော့၊ မိညိုတို့အမေ နေမကောင်းတာ သတင်းသွားမေးလိုက်ဦးမယ်"

"မိုးမချုပ်စေနဲ့နော် သမီး"

"မချုပ်ပါဘူး၊ စောစောအိပ်တတ်တာ သိရဲ့သားနဲ့၊ အိပ်ချင်တာနဲ့ ပြန်လာပြီး ထိုးအိပ်ရုံပေါ့"

မိုးနီလာ ပြောပြောဆိုဆို ကားသော့ယူပြီး ထွက်ခဲ့သည်။

မိညိုထံ ထွက်ခဲ့ခြင်းမှာ တမင်ရှောင်ခြင်းလည်း ဖြစ်သည်။ ဂုဏ်ရောင်နှင့်ပတ်သက်၍ မိမိရင်ထဲ၌ ရှင်းလင်းနေစေချင်သည်။ ညီညာနှင့် ပတ်သက်ပြီး မတ်တော်ရမည့် လူတစ်


www.burmeseclassic.com

www.burmeseclassic.com



ယောက်အပေါ် မိမိအနေနှင့် အသန့်ရှင်းဆုံး စိတ်ထားတတ်ရန်လိုသည်။

မိညို အိမ်ရောက်တော့. . .

"နင့်အမေကော"

"အိပ်သွားပြီ"

"ဟင်. . နေမကောင်းဘူးဆို"

"နည်းနည်းပါးပါးပါ၊ ဆရာဝန် ဆေးထိုးလိုက်တာနဲ့ အိပ်ပျော်သွားလေရဲ့၊ လာ ဘာစားမလဲ၊ လက်ဖက်စားဦးမလား"

"ဘာမှမစားဘူး၊ ခုပဲ ထမင်းစားပြီး ထွက်လာတာ"

မိညိုက မိုးနီလာ၏ ငယ်သူငယ်ချင်းဖြစ်သည်။ အမည်ရင်းမှာ ညိုညိုသင်းဖြစ်သည်။ အလယ်တန်းကျောင်းဆရာမ ဝင်လုပ်နေသူလည်း ဖြစ်သည်။

"အတော်ပဲ နီလာ၊ နင့်ကို ငါ မေးစရာရှိလို့"

"ဘာလဲ အိမ်ကိုရောက်နေတဲ့ ဧည့်သည်နဲ့ ပတ်သက်လို့ မှတ်လား"

စိတ်မြန်သော မိုးနီလာက ညိုညိုသင်းအမေးကို ဆုံးအောင်မစောင့်ဘဲ ဖြတ်ပြောလိုက်သည်။

"အင်း. . နင် စိတ်မဆိုးနဲ့နော်"

"ဘာဆိုးစရာ ရှိသလဲ၊ အဲဒီလူနာမည်က ဂုဏ်ရောင်တဲ့ မေမေ့ရဲ့ သူငယ်ချင်းသားပဲ၊ ငါနဲ့က စီးပွားရေးအရ ဆက်ဆံတယ်၊ ဒါပေမယ့်. . သူက ညီညာကို သဘောကျနေပုံရတယ် နှစ်ဦးနှစ်ဘက် ကျေနပ်ရင် ပေးစားရုံပေါ့၊ နင်တို့ မင်္ဂလာပွဲတက် ဝတ်စုံသာ ချုပ်ထားနှင့်ပေတော့"





မိုးနီလာ ဟောဟောဒိုင်းဒိုင်းပင် ပြောချလိုက်သည်။ မိညိုကလည်း မိမိစိတ်ဓါတ်ကို သိရှိနားလည်ထားသူပီပီ. . .

"ညီညာအတွက် အေးသွားတာပေါ့၊ ဒါပေမယ့် ညီညာ့သဘောထားကိုလည်း မေးဦးနော်"

"သူ့သဘောထား ဘာမေးစရာလိုသလဲ၊ အမေနဲ့ အစ်မက ကောင်းတယ်လို့ စီစဉ်ပေးတာကို သူ ငြင်းပိုင်ခွင့်မရှိပါဘူး"

"အေးလေ ညီညာ မငြင်းဘူးဆိုရင်တော့ အတိုင်းထက်အလွန်ပေါ့"

"ငါနဲ့အမေက သူ့အတွက်ပဲ အဓိကထားစဉ်းစားကြလုပ်ပေးကြတဲ့ သူတွေပါဟာ၊ ဒါကို ညီညာလည်း သဘောပေါက်မှာပါ"

မိုးနီလာ တစ်ခါက မိညို သတိပေးဖူးသည်ကို သတိရလိုက်သည်။

"ညီညာတစ်ယောက် တက္ကသိုလ်မှာ ကောင်လေးတစ်ယောက်နဲ့ တွဲသွားတွဲလာတွေ့တယ် ပြောတယ်"ဟု သတိပေးစဉ်တုန်းက မိုးနီလာ ညီညာကို ပွဲကြမ်းကာ အပြတ်ကြိမ်းဝါးမေးမြန်းဖူးသည်။

"နင် ငါတို့မသိဘဲ ရည်းစားထားလို့ကတော့ သေခန်းပြတ်ပဲ၊ မထားရဘူးမဟုတ်ဘူး. . ထား၊ ဘယ်သူဘယ်ဝါ ဘယ်မျိုးရိုး၊ ဘယ်လိုအကျင့်စာရိတ္တဆိုတာ သိထားပြီး. . အမေနဲ့ ငါ့ကို ဖွင့်ပြော၊ သင့်တော်တယ်ဆိုရင် နှစ်ဖက်မိဘ အသိအမှတ်ပြု စေ့စပ်ထားပြီးရင် တွဲစမ်း လွတ်လွတ်လပ်လပ်၊ အေး [illegible]ဘဲ လုပ်လို့ကတော့ သေခန်းဖြတ်ဘဲ၊ နားလည်လား ညီညာ"



www.burmeseclassic.com

www.burmeseclassic.com



ဟု. . .

ညီညာကလည်း မိမိအား ငယ်ကြောက်ဖြစ်သဖြင့် "မဟုတ်ပါဘူး မမရယ် သူငယ်ချင်းတွေပါ၊ ကျန်တဲ့သူတွေလည်း ပါတာပဲ၊ မယုံရင် မေးကြည့်ပါ"ဟု သူ့သူငယ်ချင်းများကိုပါ သက်သေဆွဲထည့်လေသည်။

ဒါက ကြာပြီ. . မိုးညီညာ ဒုတိယနှစ်လောက်က. . ။

နောက်တော့ ဘာသတင်းမှ မကြားရ။

"အေးလေ ညီညာက လိမ္မာပါတယ်၊ နင်တို့ စိတ်ချမ်းသာရမှာပါ"

မိုးနီလာရင်ထဲ နင့်ခနဲ ခံစားလိုက်ရသည်။ မိမိအမှန်တကယ် စိတ်ချမ်းသာနိုင်ပါ့မလား။

လောလောဆယ် ဂုဏ်ရောင်ကို အလုပ်ကိစ္စကလွဲ၍ မျက်နှာချင်းမဆိုင်မိစေရန် ရှောင်လွှဲနေရလေပြီ။

"အေးလေ လိမ္မာရင် သူ့အတွက်ချည်းပါပဲ၊ သူ ကောင်းစားဖို့ပဲလေ၊ ကိုင်း. . ငါ ပြန်တော့မယ်"

မိုးနီလာ ပြောပြောဆိုဆို ပြန်လာခဲ့လေသည်။

အိမ်ရောက်တော့ ဂုဏ်ရောင်နှင့် မိုးညီညာတို့ ပြန်ရောက်ပြီး ထမင်းစားနေကြလေသည်။

ထမင်းစားခန်းသို့ မျက်စိဝေ့ဝဲကာ ကြည့်လိုက်ရုံမှအ အပိုစကားမပြောပဲ ရွှေစာအား လှမ်းခေါ်လိုက်သည်။

"ရွှေစာ"

"ရှင် မမလေး"

"မနက်ဖြန် ဧည့်သည်တွေအတွက် ဒူးရင်းသီးခြင်း





ကျွဲကောသီးခြင်း အဆင်သင့် လုပ်ထားပြီးပြီလား"

"ပြီးပါပြီရှင်"

"အေး. . ပြီးရော၊ မနက် ကားပေါ်တင်ပေးဖို့ မမေ့နဲ့၊ ငါ အိပ်တော့မယ်၊ တံခါးတွေ သေသေချာချာ ပိတ်နော်"

"ဟုတ်ကဲ့ရှင့်"

မိုးနီလာ ဘယ်သူ့မှ နှုတ်မဆက်ဘဲ၊ အပေါ်ထပ်သို့ တက်ခဲ့လေသည်။

ဂုဏ်ရောင်စိတ်ထဲ ဘာတွေးနေသည်ကိုလည်းကောင်း၊ ဂုဏ်ရောင်နှင့် မိုးညီညာတို့၏ အခြေအနေကိုလည်းကောင်း. . မိုးနီလာ မသိချင်တော့ပါ။

မိုးနီလာ သိရှိနားလည်ထားရမှာ တစ်ခုပဲရှိသည်။

ဂုဏ်ရောင်နှင့် မိုးညီညာတို့ လက်ထပ်ပွဲ အမြန်ကျင်းပနိုင်စေရေးအတွက် ကူညီအားပေးရန်သာ ဖြစ်သည်။

"ညီညာအစ်မက မာနကြီးတယ်နော်"

ဖက်တီးက မနေနိုင်ဘဲ မှတ်ချက်ချလိုက်သည်။

မိုးညီညာ လက်မခံ။

"မဟုတ်ဘူး ကိုဖက်တီး. . မမက လုံးဝ မာနမကြီးဘူး၊ အလုပ်တွေကများတော့ အရယ်အပြုံး နည်းနေတာပါ"

ဂုဏ်ရောင်ကတော့ ဘာမှမပြောပဲ ထမင်းကိုသာ အေးအေးစွာ စားနေလိုက်သည်။ မိုးနီလာလို ခက်ထန်သော မိန်းကလေးကို စိတ်တော့ဝင်စားမိသည်။ ထက်မြက်မှု၊ သွက်လက်မှု၊ ...င်ရည်ကိုင်ရည်ရှိမှု၊ ရဲတင်းမှုက ချီးကျူးစရာပင်၊ မိတ်ဆွေပေါင်း သူငယ်ချင်းပေါင်းမျိုး သူ ပေါင်းနိုင်မည် ဖြစ်သော်လည်း အိမ်သူ



www.burmeseclassic.com

www.burmeseclassic.com

သက်ထား ဇနီးမယားအနေနှင့်တော့ အတော်စဉ်းစားရမည်ဖြစ်သည်။

မိုးညီညာကဲ့သို့ ရိုးသားဖြူစင်သော မိန်းကလေးကို ရွေးချယ်လိုက်ခြင်းသာ အကောင်းဆုံးဖြစ်မည်။ ထားရာနေ စေရာသွား စီးတဲ့ရေ ဆည်တဲ့ကန်သင်းလို အလိမ္မာအိမ်ပါ၊ တော်ဝင်ဇနီးမယားအဖြစ် သူလည်း ဇနီးချောကြောင့် ပွဲလယ်တင့်နိုင်သည်။

မိဘတွေ အစပိုင်း ရည်ရွယ်ချက်ကတော့ "အကြီးပြီးမှ အငယ် ဖြစ်စေချင်တာကတော့ မိဘတွေရဲ့ သဘာဝပဲပေါ့၊ သားရယ်၊ မိန္စယ်ကိုယ်တိုင် နောက်ကားကျော်မတက်စေချင်ဘူး ထုံးစံအတိုင်းဆိုရင်တော့ အကြီးကိုသာ သားရွေးချယ်ခဲ့ပေါ့. . ကိုယ်က ယောကျ်ားလေးပဲ အရှုံးမရှိပါဘူးဟု မိဘတွေ မှာခဲ့သည်ကို သတိရမိကာ ပြုံးမိသည်။

"ကိုကိုက ဘာပြုံးတာလဲ"

မိုးညီညာက သူ့အပြုံးကို လှစ်ခနဲ မြင်တွေ့လိုက်သဖြင့် မေးခွန်းထုတ်လိုက်သည်။

"နီလာနဲ့ ညီညာ စရိုက်မတူတာကို တွေးကြည့်မိလို့ ကိုယ်က တစ်ဦးတည်းသော သားဆိုတော့ နှိုင်းယှဉ်စရာ မရှိလို့လေ"

"ညီညာပြောရင် ကိုကိုတို့ ယုံပါ့မလား မသိဘူး"

ဂုဏ်ရောင်နှင့် ဖက်တီးက မိုးညီညာကို စိတ်ဝင်စားစွာ ကြည့်လိုက်သည်။ မိုးညီညာအလှက မပူလောင်၊ အေးချမ်းသော အလှမျိုးဖြစ်သည်။ မိုးညီညာနှင့်ပတ်သက်လျှင် ဂုဏ်ရောင်





ဘွက် ရင်ခုန်သံလှိုင်းတို့ မဖြစ်ထွန်းတတ်ချေ။

"ပြောလေ နားထောင်ကြည့်ပြီးမှ ယုံတာမယုံတာကို ဆုံးဖြတ်ရမှာပေါ့"

ဖက်တီးက ဝင်ပြောလိုက်သည်။

"မမ အလုပ်ခွင်မဝင်ခင် အချိန်အထိတုန်းကလေ မမ အလှဟာ အရမ်းထင်ပေါ် ကျော်ကြားတယ်၊ တစ်မြို့လုံး မသိတဲ့သူ မရှိသလောက်ပဲ"

"ခုလည်း လှပါတယ်၊ ဒါပေမယ့် တစ်လောကလုံး သူ့လုပ်စာ စားနေရတဲ့ အချိုးမျိုးကြောင့်သာ အလှက မှိန်နေသလိုဖြစ်နေတာပါ"

ဖက်တီးက အားမနာတမ်း ဝေဖန်လေသည်။

မိုးညီညာ အေးဆေးစွာပင်. . .

"အလှတင်မကဘူး. . ယဉ်ကျေးသိမ်မွေ့တာကောပဲ၊ တစ်ခါတစ်လေ. . တစ်နေ့လုံးနေလို့ သူ့အသံ မကြားရတဲ့နေ့တောင် အိမ်မှာရှိတယ်"

"သူ အပြင်သွားလို့ ဖြစ်မှာပေါ့"

ဖက်တီးက ဝင်နောက်ပြန်သည်။

"ကိုဖက်တီးကလည်း နောက်ပြန်ပြီ၊ ညီညာ အကောင်းပြောတာ၊ ဒီလိုဆို ဆက်မပြောတော့ဘူး"

"မလုပ်ပါနဲ့ မနောက်တော့ဘူး၊ ပြောပါ တကယ်လို့ နားထောင်ချင်နေတဲ့သူရှိရင် ကိုယ့်ကြောင့်ဆို ငရဲကြီးသွားနိုင်တယ်"

ဖက်တီးက ဂုဏ်ရောင်ကိုကြည့်ပြီး ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဂုဏ်ရောင်က ဖက်တီး မိမိအား နောက်ပြောင်ခြင်းဖြ
ကြောင်း သိသော်လည်း မသိကျိုးကျွံပြုကာ မိုးညီညာ ဆက်လ
မည့်စကားကို နားစွင့်လိုက်သည်။

"မမဆံပင်က သိပ်သန့်စွမ်းတာ၊ ညီညာထက် ကော
ပြီးရှည်ကာ ခေါင်းလျှော်ရင် သူတစ်ယောက်တည်း မနိုင်လ
ဝိုင်းကူပေးရတယ်၊ ခြောက်ဖို့ ဟဲဒရိုင်ယာကို မကြိုက်တေ
တစ်နေကုန် ရတာမျိုး၊ အလုပ်ဝင်တော့ . . ဆိုင်၊ ကုန်သည်၊
စားဆိုတာမျိုးက နားရက်မရှိတွေ မှတ်လား"

"ဒါပေါ့လေ၊ နေမကောင်းတဲ့ ရက်မျိုးသာ နားရက်အ
ရက် ဖြစ်သွားတာမျိုးဆိုတော့ ဖြစ်နိုင်ပါတယ်"

ဂုဏ်ရောင်ကတော့ အလုပ်လောဘကြီးသူပီပီ အလ
နှင့် ပတ်သက်လာလျှင် မိုးနီလာကို စာနာနားလည်နိုင်သည်

"နောက်ဆုံး ဆံပင်ဖြတ်လိုက်ရတယ်၊ အသံတိုးတိ
လေး ပြောတတ်တဲ့သူက အသံကျယ်လာတယ်၊ ခြေတစ်လှ
ကုဋေတစ်သန်းမျိုး သွားလာနေရာက သုတ်သုတ်သွား သွ
သွက်လာ ဖြစ်လာတယ်"

ဂုဏ်ရောင် မိုးနီလာ၏ နူးညံ့သိမ်မွေ့သော အနေ
ထားကို စိတ်ကူးထဲတွင် ပုံဖော်ကြည့်သည် . . မရ။ မိန်းမ
အပေါ် စိတ်ဝင်စားခြင်း ကင်းခဲ့တာလည်း ပါလိမ့်မည်
သည်။

ရန်ကုန် မြို့ပြကြီး၏ လူနေမှုစရိုက်အကြား ကျင်လည်
ရသော ဂုဏ်ရှောင်အနေဖြင့် ပေါင်တို ဖင်ကျပ်စကဒ်၊ ဖင်
ဘောင်းဘီ၊ ပေါင်ခွဲစကဒ်၊ ရှင်မြီးသာသာ ဘော်လီသာ





မပေါ့တပေါ် အကျႌများ ဝတ်တတ်သူ မိန်းမများကို နိစ္စဓူဝ တွေ့
မြင်နေခဲ့၍လားမသိ၊ ရိုးအီကာ မိန်းမများအပေါ် အထူးအဆန်း
သဖွယ် စိတ်ဝင်စားရကောင်းမှန်းပင် မသိခဲ့တော့။

ယခုမှ . . . အချိန်တန် အရွယ်ရောက်ပြီ။

ပညာလည်းစုံ ဥစ္စာနေလည်း ရှာဖွေတတ်နေပြီ။

ဒါကြောင့် "မိဘတွေရဲ့ နောက်ဆုံးဝတ္တရား ကျေချင်ပြီ
ကွာ၊ မင်း မိန်းမယူရတော့မယ်"ဟု ဖခင်က ရာဇသံပေးသည်။

"မယူရင် မရဘူးလား ဖေဖေ"

သူ စောဒကတက်ရန် ကြိုးစားကြည့်သေးသည်။ မရ။

"မယူလို့ မဖြစ်ဘူး၊ ယူကို ယူရမယ်၊ ဂုဏ်ရှိန်မျိုးဆက်
ပြတ်သွားလို့ မဖြစ်ဘူး၊ ဒီတော့ မင်းဘာသာမင်း ရှာမလား၊ ငါ
တို့ ရှာပေးရမလား ဆိုတာသာ တစ်ခွန်းတည်းပြော"

ဂုဏ်ရောင် လျှပ်တပြက် စဉ်းစားလိုက်သည်။ ကိုယ်က
မိန်းမကျမ်းမကျေ၊ အမှားတွေ့လျှင် 'မင်းကြိုက်လို့ မင်းယူခဲ့တာပဲ၊
သည်းခံ မင်းပဲခံ'ဟု မိဘများကပါ အပြစ်ပုံချနိုင်သည်။

မိဘပေးစားတာ ယူလျှင် . . .

"ဖေဖေတို့ ချွေးမက ဘာဖြစ်တယ် ညာဖြစ်တယ်'ဟု
မိမိကပြန်ပြီး အနိုင်ယူနိုင်သည်။ ထို့ကြောင့် . . .

"ပြောလေ"

"ဖေဖေတို့ပဲ ရှာပေးပါ"

ဖခင် ပြုံးပြုံးကြီး ကျေနပ်ကာ ဒီအစီအစဉ် ဖြစ်လာ
သည်။ 'တစ်ချက်ခုတ် နှစ်ချက်ပြတ်'သည့် အစီအစဉ်။

ညီအစ်မနှစ်ယောက်ထဲက တစ်ယောက်ကိုရွေး၊ [illegible]ရဲ့



www.burmeseclassic.com

www.burmeseclassic.com


အတွက်လိုအပ်သော ရာဘာကုန်ကြမ်းအတွက်လည်းစုဆောင်း ဖခင်တို့များ အကြံပိုင်လိုက်သည့် ဖြစ်ခြင်း။

ဂုဏ်ရောင် ဘာမှ မလူးသာမလွန့်သာ. . .

"မမကိုယ်စား ဒီလုပ်ငန်းကြီးကို ဦးဆောင်ပေးမယ့်သူ များရှိခဲ့ရင် ဒါမှမဟုတ် ဖေဖေသာ မဆုံးခဲ့ရင် မမလည်း ညီညာ လိုပဲ အိမ်တွင်းပုန်းမလေးလို နူးညံ့သိမ်မွေ့နေမှာပေါ့"

မိုးညီညာက အစ်မအတွက် ကာကွယ်ပြောဆိုရှာသည်။

မိုးညီညာ စိတ်ရင်းဖြူစင်သလို မိုးနီလာကိုလည်း မ စင်ဘူးဟု ပြော၍မရ။

မိုးနီလာသည်လည်း မိသားစုအတွက် အနစ်နာခံသူ ပဲ။ ရှင်းပါတယ် ဖေဖေနဲ့မေမေ၊ ရွေးပေးတာကိုပဲ ယူလိုက်ရ သည်။

"ညီညာက အစ်မကိုတော့ အတော်ချစ်တာပဲ၊ အစ် ဘက်က ရှေ့နေလိုက်လိုက်တာ"

"မမအပေါ် အထင်လွဲမှာ စိုးလို့ပါ"

မိုးနီလာအတွက် မိုးညီညာက ဘာကြောင့် ဒီလော ကာကွယ်ပေးနေရသည်ကို ဂုဏ်ရောင် မစဉ်းစားတတ်. . .

"ကိုင်း ကိုကိုတို့ မနက်စောစောထပြီး ပြန်မှာဆိုရင် စောစောအိပ်တော့နော်၊ ဒါထက် မနက်ဘက် ဘာစားချင်သေး သလဲ၊ တစ်ခုခု စားသွားရအောင် ညီညာ စီစဉ်ပေးမယ်၊ ကို ပြန်လာမှာဆို၊ ဂျုင့်နဲ့ ထည့်ပေးလိုက်မယ်လေ"

"ရပါတယ် ရန်ကုန်ကို စောစောရောက်မှာပါ၊ ကော် သောက်သွားမယ်"





ဂုဏ်ရောင်မှာ ထိုအားနည်းချက်တော့ ရှိသည်။ တစ်ဦး တည်းသောသားပီပီ မိခင်က အစားအသောက် မသန့်ရှင်းမှာစိုး ၍ဆိုကာ ကိုယ်တိုင်ချက်ပြုတ်ကျွေး၊ ချိုင့်ထည့်ပေး၊ လုပ်ငန်းကိစ္စ ထမင်းကျွေးချင်လျှင်တောင် ဟိုတယ်စာထက် ကောင်းမွန်သော ဟင်းလျာများကို မိခင်ကိုယ်တိုင် ချက်ပြုတ်ပြီး အိမ်မှာပင် ညစာ ဖြင့် ဧည့်ခံလေ့ရှိသည်။

ထို့ကြောင့် ဂုဏ်ရောင်သည် မိဘလောင်းရိပ်အောက်မှ လွတ်သေးသော တစ်နည်းအားဖြင့် မိဘနို့သက်ခဲ စို့နေရသေး သည့်ပမာ ရှိနေသေးသည်။

"မမကတော့ ခရီးတွေဘာတွေသွားရင်. . အစားအ သောက် ဘာမှမယူသွားဘူး၊ ရေလည်း ရေသန့်ဝယ်သောက်၊ ကုန်ရင် လွင့်ပစ်တဲ့လူမျိုး"

"မေမေက ငယ်ငယ်ကတည်းက အကျင့်လုပ်ထားလို့ ကိုယ့်မှာ ခုထက်ထိ ရေကျက်အေးမသောက်ရင် ဝမ်းပျက်သလို ဖြစ်ချင်နေတာ"

မိုးညီညာက ချစ်စဖွယ် ဟန်ပန်လေးဖြင့် နှုတ်ဆက်ပြီး အပေါ်ထပ်သို့ တက်သွားလေသည်။ ဂုဏ်ရောင်မှာ အောင့်သီး အောင့်သက်ဖြင့် ကျန်ရစ်ခဲ့လေသည်။

"မိမိမှာ မိုးနီလာအတွက် ဟားတိုက်ရယ်စရာ ဟာသ ဇာတ်တစ်ကောင်များ ဖြစ်နေလား"ဟု မအီမသာတွေးကာ ခေါင်းလည်လည်ကြီး ဖြစ်နေလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၂)







## အခန်း (၆)

သထုံနှင့် ရန်ကုန်ခရီးကို ကိုယ်ပိုင်ကားနှင့်ဆိုတော့
ာရီမျှသာကြာသည်။ ဒါတောင်. . အေးအေးဆေးဆေးပဲ
င်းခဲ့ခြင်း ဖြစ်သည်။

ကားက ပေါ်တီကိုအောက်ပင်မရောက်သေး။ မေမေ
ကြိုကြသည့် အိမ်တာဟီရ အလုပ်သမားတွေက တန်းစီနေ
ည်။ ကားတံခါး ဖွင့်ပေးမယ့်သူက အဆင်သင့်။

ဂုဏ်ရောင်စိတ်ထဲ ထိုအပြုအမူအတွက် မသာယာနိုင်



www.burmeseclassic.com

www.burmeseclassic.com

သော ရှုတ်ရွံ့သလို ခံစားမိသည်။

"ရတယ်၊ ငါ့ဘာသာ ဖွင့်မယ်၊ နောက်ကို မဖွင့်ပေးနဲ့"

"ဘယ်လိုဖြစ်လာတာလဲ၊ သား အဆင်မပြေခဲ့ဘူးလား"

ရုတ်တရက် ပြောင်းလဲသွားသော အခြေအနေကို မိခင်က ချက်ချင်းပင် ရိပ်မိကာ မဆိုင်းမတွပင် မေးလိုက်သည်။

"ပြေပါတယ်၊ နေကောင်းတယ်နော်၊ မေမေ. . ဖေဖေကော ကုမ္ပဏီသွားပြီလား"

မိခင်ကျေနပ်စေရန် ပုခုံးကို ဖက်တွဲကာ အိမ်ထဲသို့ ခေါ်ခဲ့သည်။

"ကောင်းပါတယ် ဖေဖေက သွားပြီ၊ သား အသားနည်းနည်း ညိုသွားသလားလို့"

"နှစ်ညအိပ် သုံးရက်ခရီးလေးနဲ့ သား အသားအရောင် မပြောင်းလွဲပါဘူး မေမေ"

"ကဲပါလေ ခရီးရောက်မဆိုက် သားနဲ့မေမေ အငြင်းမပွားချင်ဘူး၊ တအောင့်နားပြီး ရေချိုး ဖေဖေပြန်လာရင် ထမင်းစားမယ်၊ အဲဒီတော့မှ စကားပြောကြတာပေါ့၊ ဒူးရင်းသီးတွေ ကျွဲကောသီးတွေ များလှချည်လား"

"မိုးနီလာ ထည့်ပေးလိုက်တာ"

"အကြီးမ ထင်တယ်"

"ဟုတ်ကဲ့"

"အငယ်မလေးက"

"မိုးညီညာ"

"မိုးနွယ်ဦးကော နေကောင်းရဲ့လား"





"ကျန်းကျန်းမာမာပါပဲ၊ ဪ. . မေမေတို့အတွက် စာပေးလိုက်တယ်၊ ဖုန်းလိုင်းမကောင်းလို့ ဖုန်းမဆက်တော့ဘူးတဲ့၊ စာနဲ့ပဲ ပြောစရာရှိတာတွေ ရေးလိုက်တယ်တဲ့"

"ပေးပေး. . သားနားလိုက်ဦး"

မိခင်မျက်နှာ ဝင်းပသွားသည်။

ဂုဏ်ရောင်က စာကိုယူပြီး ထွက်သွားသော. . မိခင်နောက်ကျောကိုကြည့်ကာ ခေါင်းရမ်းလိုက်မိသည်။

သူ့မိဘများနှင့် ဒေါ်မိုးနွယ်ဦးတို့ ကြားဝယ် အချိတ်အဆက်တော့ရှိမည်။ စာတွေထဲမှာ သူတို့ဆုံးဖြတ်ချက် ပါပေလိမ့်မည်။

ထိုဆုံးဖြတ်ချက်သည် သူ၏ဘဝကို အပြောင်းအလဲဖြစ်မည့် ဆုံးဖြတ်ချက်တစ်ခု ဖြစ်ပေလိမ့်မည်။

ဂုဏ်ရောင် မိမိအိပ်ခန်းရှိရာသို့ တက်ခဲ့ပြီး ခဏတဖြုတ် ကျောဆန့်လိုက်သည်။ ကျောဆန့်ရင်းမှ ကုမ္ပဏီကိစ္စကို သတိရကာ ကုတင်ဘေး စားပွဲပေါ်ရှိ ဖုန်းကို လှမ်းယူပြီး အတွင်းရေးမှူးကို လှမ်းဆက်လိုက်သည်။

အတွင်းရေးမှူးက လုပ်ငန်းအခြေအနေ တင်ပြသည်။ သူက နေ့လည်နှစ်နာရီ အစည်းအဝေး ခေါ်လိုက်သည်။ အဖွဲ့ဝင်တွေထံ သူ၏ ရာဘာစိမ်း(ကုန်ကြမ်း)ဝယ်ယူနိုင်မှု ခန့်မှန်းခြေကို တင်ပြပြီး ဆန္ဒခံယူရန် ဖြစ်သည်။

ဒီကကိစ္စတွေ အဆင်သင့်ဖြစ်သည်နှင့် အဖွဲ့ဝင်တစ်ဦး၊ ဒါမှမဟုတ် အဝယ်တော်တစ်ဦးနှင့်အတူ သူ သထုံသို့ သွားရပေလိမ့်မည်။


www.burmeseclassic.com

www.burmeseclassic.com



ဒီတစ်ခေါက်အသွားတွင် လုပ်ငန်းအတွက် ခိုင်မာသွားသကဲ့သို့ သူ၏ဘဝအတွက်လည်း ပြတ်သားသော ဆုံးဖြတ်ချက်တစ်ခု ရရှိတော့မည်ဖြစ်သည်။

"သား မေမေ ဝင်ခဲ့မယ်နော်"

မိခင်ဝင်လာမှ အိပ်ယာမှ ထလိုက်ပြီး. . .

"ရေတောင် မချိုးရသေးဘူး၊ ထမင်းစားတော့မလို့လား၊ သား အခုပဲ ချိုးလိုက်မယ်"

"သား ဆာပြီလား၊ ဖေဖေပြန်လာမှ စားကြတာပေါ့"

"ပြောစရာရှိလို့သားရဲ့. . ၊ ညီအစ်မနှစ်ယောက်စလုံး တော်တော်ချောကြတာပဲ၊ ဒါပေမယ့် အငယ်မလေးက နန်းဆန်တယ်"

"ဓါတ်ပုံ ပါလာလို့လား"

"ဟုတ်တယ် သားမသိလိုက်ဘူးလား"

ချောစာအိတ်ထဲ ဓါတ်ပုံပါလာလိမ့်မည်ဟု သူ မထင်ခဲ့။

"မသိလိုက်ပါဘူး"

"မိန္တယ်က. . အဲ. . မိန္တယ်ဆိုတာ မိုးနွယ်ဦးကို ပြောတာနော်၊ မိန္တယ်က အကြီးမကိုတော့ စိတ်ချထားပုံရတယ်. . ၊ အငယ်မလေး က ရိုးသားဖြူစင်တော့ မတော်သူနဲ့ တွေ့မှာစိုးလို့ အငယ်မနဲ့ပဲ သားကို သဘောတူတယ်တဲ့၊ အကြောင်းပြန်လာတယ်၊ သား သဘောကကော"

ဂုဏ်ရောင်ရင်ထဲ ကြိုတင်တွက်ဆထားပြီးသားဖြစ်၍ ထူးခြားသော ရင်ခုန်မှုမျိုး မဖြစ်တော့ဘဲ. . .

"မေမေတို့ သဘောပါပဲ"





"မေမေတို့ သဘောနဲ့တင် မပြီးဘူးနော်၊ ဒါ တစ်သက်တာ အရေးကိစ္စအပြင် နှလုံးသားကိစ္စလည်းဖြစ်တော့ သားကိုယ်တိုင် စိတ်ပါမှဖြစ်မှာ"

ဂုဏ်ရောင် အိမ်ထောင်ရေးဆိုသော ကိစ္စကြီးကို စိတ်ဝင်စားရကောင်းမှန်း မသိသေးတာတော့ သေချာသည်။

"အိမ်ထောင်ပြုရမယ့် အရွယ်ရောက်ပြီဆိုတော့လည်း ပြုလိုက်တာပဲ ကောင်းတယ်၊ အရွယ်လွန်မှဆိုတော့လည်း သားသမီး ကိစ္စတွေအတွက် အပင်ပန်းခံနိုင်တော့မှာ မဟုတ်ဘူး"

"မေမေပြောတာ အငယ်မနဲ့ဆိုတာ သား လက်ခံနိုင်သလား"

သူ ခေါင်းညိတ်လိုက်သည်။

ဂုဏ်ရောင်အတွက် ရင်ခုန်စရာတော့ မဖြစ်ပါ။ ဘာကြောင့်နည်းကိုတော့ သူ မတွေးတတ်၊ အချစ်ကို ဖန်တီးယူနေခြင်းလား၊ အိမ်ထောင်ရေးကိုလည်း မဖြစ်မနေ လုပ်ဆောင်ရမည့် လူသားတာဝန် တစ်ရပ်လို့ပဲ နားလည်ထား၍လားမသိ။

"သားကြည့်ရတာ အေးတိအေးစက်နဲ့ စိတ်မဝင်စားသည် ကြီးပါလား"

"မေမေထင်လို့ပါ၊ ခရီးပန်းလာလို့ ဖြစ်မယ်. . ၊ သား ချိုးလိုက်ဦးမယ်နော်"

"အေး. . အေး"

ဂုဏ်ရောင် မိခင်၏ မျက်ဝန်းရိပ်အောက်မှ ရှောင်ရှားသည်။ သူ့မိဘနှစ်ပါးသည် တစ်ဦးတည်းသောသား သူ့အ အရိပ်တကြည့်ကြည့် အမြဲရှိနေတတ်သဖြင့် သူ ဘာလုပ်



www.burmeseclassic.com

www.burmeseclassic.com

လုပ် စိတ်ထဲ ဘာပဲဖြစ်နေနေ သူတို့သိရှိနေတတ်ကြသည်။

ထို့ကြောင့် မိခင်မျက်ဝန်းနှင့် ရင်မဆိုင်ချင်၍ သူ ရေချိုးခန်းထဲ ဝင်ခဲ့သည်။

မိုးညီညာနှင့် လက်ထပ်ရမည့်ကိစ္စအတွက် သူဘာကြောင့်များ ရှင်လန်းတက်ကြွမှုမျိုး ကျေနပ်ပီတိဖြစ်မှုမျိုး မဖြစ်ပေါ်နေရပါလိမ့်။

အိမ်ထောင်ရေးကို ပုံစံခွက်တစ်ခုထဲ လောင်းချဖန်တီးခြင်း ခံရလို့လား။ ဒါတွေကို သူ နားမလည်သေး. .

စိတ်ထဲမရှင်လန်းနိုင်သဖြင့် ခေါင်းလောင်းချိုးချလိုက်လေသည်။

သိုးငယ်လေးလို ဖြူစင်သော မိုးညီညာလို မိန်းကလေးမျိုးကို ရရှိခြင်းအတွက် သူ ကံကောင်းပျော်ရွှင်နေသင့်သည်။

အိမ်ထောင်ကျသွားပြီဖြစ်သော သူငယ်ချင်းများနှင့် ဒီကိစ္စတိုင်ပင်လျှင် ကောင်းမည်လား။

"ဒေါက်. . ဒေါက်. . ."

တံခါးခေါက်သံနှင့်အတူ. . .

"သားရေ ကြာလှချည်လား"

သားအပေါ် မျက်ခြေမပြတ် စောင့်ကြည့်နေတတ်သော မိခင်၏အသံ ပေါ်လာသဖြင့် အတွေးစအားလုံး ပျောက်ကွယ်သွားပြီး. . .

"ဗျာ. . မေမေ. ."

"ကြာလိုက်တာ. . အအေးမိနေမယ်၊ ဖေဖေတောင် ပြန်ရောက်နေပြီ. . ထွက်ခဲ့တော့"





အဆက်မပြတ် ပြောလိုက်သော မိခင်၏ အသံအဆုံး၌ သူ ရေပန်းပိတ်ကာ ရေချိုးခန်းဝတ်အင်္ကျီကို ဝတ်ကာ ခါးစည်းကြိုးချည်နှောင်ပြီး ထွက်လာပြီး ဖြစ်လေသည်။

"ကြည့်စမ်း မွှန်းလွဲဘက် ခေါင်းမခြောက်ရဘူး ပြောထားရဲ့သားနဲ့၊ သုတ်. . သုတ် ခြောက်အောင်သုတ်၊ ဟဲဒရိုင်ယာနဲ့ အရမ်းမလုပ်နဲ့နော်၊ အေးရာက ပူပြီး. . သွေးကြောပြတ်သွားတတ်တယ်၊ ပေးစမ်းပါ. . မေမေပဲ သုတ်ပေးမယ်. . ထိုင်"

ကလေးတစ်ယောက်လို ယုယမှုကို ပြည့်ဝစွာ ခံစားနေရသော သူ့အတွက် ထောင့်ငါးရာအချစ်ကို မတောင့်တသေးတာလည်း ဖြစ်နိုင်သည်။

ထောင့်ငါးရာ အချစ်သည် မိဘမေတ္တာလို အေးချမ်းမှုမျိုး ရှိနိုင်ပါ့မလား။

"သား ဖေဖေက မိန္ဒယ်စာဖတ်ပြီး သဘောအကျကြီးကျနေတာ. .၊ ညီအစ်မ နှစ်ယောက်စလုံးကလည်း ရွေးရခက်အောင်ကို အလှက ညီကြတာကိုး"

"ဖေဖေက ဘယ်သူ့ သဘောကျတယ်တဲ့လဲ"

"မင်းအဖေက လူထူးဆန်း၊ မိန္ဒယ်နဲ့ မေမေက အငယ်မနဲ့ပဲ သားကိုစီစဉ်ချင်တာ၊ သူက အကြီးမက ပိုဆွဲဆောင်မှုရှိတယ်လို့ မြင်နေတယ်လေ၊ သားသဘောကို မေးပါဦးတဲ့"

"သူ့အမေက အငယ်မနဲ့ပဲ သဘောတူကြောင်း ပြောပြီးဘာကို သားကငြင်းလိုက်ရင် အားနာစရာ မျက်နှာပျက်စရာတွေများ ဖြစ်သွားမလား"

ဂုဏ်ရောင်က မိခင်ကို ပြောင်ချော်ချော်နှင့် ကျီးငယ်



www.burmeseclassic.com

www.burmeseclassic.com

လိုက်သည်။

"ကြည့်စမ်း သားက အငယ်မကိုပဲ သဘောကျလား တယ်ပေါ့လေ"

"အငယ်မကို သဘောကျတာထက်. . အကြီးမကို သဘောမကျတာက အဓိက ဖြစ်နေတယ်၊ တစ်လောကလုံး သူ့လုပ်စာစားတဲ့ မျက်နှာမျိုးနဲ့ ဟို သူတို့ဒေသ အပြောအရဆို တုတ်မျက်နှာနဲ့ပေါ့ မေမေရာ"

"ပြောရှာမယ် မေ့သားကတော့၊ ကိုင်း အကျႌမေမေ ထုတ်ထားပြီးပြီ၊ လဲပြီး ဆင်းခဲ့တော့"

ဂုဏ်ရောင် ရင့်ကျက်မှု မရှိရခြင်းမှာ မိဘများ၏ ချစ်ခင်ယုယနေမှုကလည်း ပါလေသည်။

ဂုဏ်ရောင်အတွက် ထောင့်ငါးရာဟူသော "အချစ်"ကို မမြည်းစမ်းရသေးခင် အိမ်ထောင်ရေးနယ်ပယ်ကို ဘယ်လို လျှောက်လှမ်းရမှန်း မသိသေး။

သူငယ်ချင်းတွေဆီ၌ အကြံဉာဏ်တောင်းထားမှ ဖြစ်မည်ဟု ဂုဏ်ရောင် တွေးတောလိုက်မိလေသည်။ ထိုစဉ် အောက်ထပ်မှ. . .

"သားရေ ဆင်းမလာသေးဘူးလား"

"လာပြီမေမေ. . လာပြီ"







# အခန်း(၇)

ဂုဏ်ရောင် ပြန်သွားပြီးနောက် မိုးနီလာ၏ရင်ထဲ ဝေဒနာတစ်ရပ် ကျန်ရစ်ခဲ့လေသည်။

ထိုဝေဒနာက နာကျင်မှုနှင့် လွမ်းဆွတ်တမ်းတမှုပင်။

နာကျင်ရသည်က ဂုဏ်ရောင်သည် မိမိနှင့် အနီးဆုံးသို့ ရောက်ရှိလာရမည် ဖြစ်သော်လည်း အဝေးဆုံးသို့ ရောက်ရှိနေပြီဟု သိလိုက်ရခြင်းက တစ်ကြောင်း. . .

မြင်ကွင်းမှ ပျောက်ကွယ်နေသည့်တိုင် သူ့အရိပ်သည်

www.burmeseclassic.com

အတော်လွှမ်းမိုးထားသည်။ ပျောက်ကွယ်မသွား၊ ပုရိသကြီးကြီး ငယ်ငယ် ရွယ်ရွယ်ပျိုပျို အိုအိုများနှင့် စီးပွားရေးအရ လုပ်ငန်းအရ တွေ့ဆုံဆက်ဆံနေရသော်လည်း . . မိမိကို ဆွဲဆောင်နိုင်သော ပုရိသတစ်ဦးတစ်လေမှ မပေါ်ပေါက်ခဲ့။

ဖြူနီးစားကြီး မိမိအပါးသို့ရောက်လာသော လူကို စိတ်ဝင်စားမိသည်။ မိမိအတွက် ရင်ခုန်မှုသံစဉ် မွေးဖွားစေခဲ့သည်။ မိမိစိတ်နှလုံးကို လှုပ်ရှားစေမှု ခံစားမှုအမျိုးမျိုး မွေးဖွားစေသော လူမျိုးကိုမှ လက်ထပ်မည်ဟု ဆုံးဖြတ်ချက်တို့သည် ယခုတော့ ကွယ်ပျောက်ရလေပြီ။

"အကြီးမရေ အငယ်မ ဘယ်သွားနေသလဲ"

"ဟော့တော် မေမေရယ်၊ ဘယ့်နဲ့ အိမ်နေတဲ့ မေမေက အပြင်မှာ ခြေထောက်ပေါက်နေတဲ့ သမီးကို ပြန်မေးရတယ်လို့"

မိုးနီလာက မိခင်ကိုပြန်ပြောလိုက်သည်။ မိခင်၏ မျက်စောင်းက မိုးနီလာအပေါ် ကျရောက်လာပြီး . . .

"ခု လောလောဆယ်၊ သမီးက အိမ်ကို အရင်ရောက်နေတာလား၊ မေမေက ရောက်နေတာလား"

မိခင်အပေါ် မကျေနပ်စိတ်တို့က ဘယ်အချိန်၌များ အညောင့်ပေါက်သွားခဲ့သည်ကို မိုးနီလာ မသိလိုက်။

"မေမေ ဘယ်သွားတာလဲ"

"ဒီနေ့ ဥပုသ်နေ့လေ . . တရားနာပြီး ပြန်လာတာပေါ့ ကဲပါ ညည်းမသိလည်း နေတော့၊ ဒေါ်စိန် ညီညာ ဘယ်သွားသလဲ"

"သူ့သူငယ်ချင်းတွေ လာခေါ်သွားတာပဲ၊ သူတို့ ဆရာ





နေမကောင်းတာ သတင်းသွားမေးမယ်လို့ ပြောသွားတယ်"

"အေး . . အေး . . ဒါဖြင့်ပြီးရော၊ စောစောက မေးသံကြားထဲက ပြောပါလား မစိန်ရယ်"

မိခင်၏ မကျေနပ်မှုက ဒေါ်စိန်ကို ဆက်သွားလေသည်။

ဒေါ်စိန်က ရိုးသားစွာဖြင့် သူတို့သားအမိ အခြေအတင် ပြောနေသည့်ကြားထဲ သိလျက်နှင့်ဝင်မပြော၊ သူ့ကိုမေးမှ ဖြေသည်။

"ကျွန်မကိုမှ အစ်မက မမေးခဲ့တာကိုး"

"ဩော် . . ဒုက္ခ၊ ကဲပါ သံပုရာရေ ခပ်ချဉ်ချဉ်တစ်ခွက်သာ လုပ်ခဲ့တော့"

"ဟုတ်ကဲ့"

မိုးနီလာ စာရင်းစာအုပ် လှန်လိုက်သည်။

"မောင်ဂုဏ်ရောင် ဘယ်တော့လာမယ်ပြောသလဲ၊ အကြီးမ"

"တစ်ပတ်အတွင်း စာချုပ်လာချုပ်ဖို့ ရှိတာပဲ၊ သူကိုယ်တိုင် မလာလည်း အဝယ်တော်နဲ့ ရတာပဲ"

မိုးနီလာ၏ စကားတို့ကို ဒေါ်မိုးနွယ်ဦး သဘောမကျဖြစ်သွားသည်။ ဘုကျသော စကားဟု . . .

"ဟဲ့ . . သူမလာလို့ မရဘူး၊ လာကိုလာရမယ်၊ သူ့မိဘတွေလည်း ပါကိုပါလာရမှာ၊ ညီညာနဲ့ တစ်ခါတည်း စေ့စပ်ပြီး ပါမဝင်ခင် လက်ထပ်ပေးရမယ်"

"မေမေသိနေရင်လည်း ဘာဖြစ်လို့ သမီးကို မေးနေ



www.burmeseclassic.com

www.burmeseclassic.com

သေးလဲ မေမေရာ"

"မိနီလာ ဒီကိစ္စကိုလည်း ဦးစားပေးတစ်ခုအနေနဲ့ ခေါင်းထဲ ထည့်ထားဦးနော်"

"ညီညာ့ခေါင်းထဲသာ ထည့်ထားလိုက်ပါ မေမေရာ. . နီလာ ကိုယ့်အလုပ်နဲ့ကိုယ်တောင် အသက်ဝဝ ရှူချိန်မရဘူး"

"ဧည့်သည်တွေ ဧည့်ခံဖို့ကိစ္စက ညီညာ့ကိစ္စဆိုတာ မေမေသိတာပေါ့၊ ခု မေမေပြောချင်တာက ညီညာရဲ့ အရိပ်အကဲကို ညီအစ်မအချင်းချင်းအနေနဲ့ တီးခေါက်ကြည့်ဖို့ သူ့ဆန္ဒက ဂုဏ်ရောင်အပေါ် လိုက်လိုက်လဲ့လဲ့ရှိမရှိ သိဖို့လိုအပ်တယ်"

"ဪ. . ဒါလား"ဟု မိုးနီလာက ဆိုလိုက်သော်လည်း ရင်တွင်းနောက်ဆက်တွဲ စကားကိုတော့ မိခင် ကြားနိုင်မည် မထင်ပါ။

ညီညာ ဂုဏ်ရောင်အပေါ် လိုက်လိုက်လဲ့လဲ့ ရှိမရှိတော့ သမီးမသိဘူး၊ သမီး သိနေတာက သမီး ဂုဏ်ရောင်ကို ချစ်မိသွားတာကိုပဲ သိတယ်။ ဒါပေမယ့် မစားကောင်းတဲ့အသီးကို ရှောင်ရှားသလိုမျိုး မချစ်သင့်တဲ့ လူတစ်ယောက်အဖြစ် သတ်မှတ်ထားပြီး သူ့ကို အာရုံထဲက ဖျောက်ဖျက်နေရတာဖြစ်လို့ သူနဲ့ ပတ်သက်တဲ့အလုပ်တောင် မလုပ်ချင်တော့ဘူး မေမေ၊ ဒါပေမယ့်"

"ဘာဖြစ်သလဲ နီလာ၊ ဒါလားဆိုတာ ဘာအဓိပ္ပါယ်လဲ"

မိခင်က နားမရှင်းဟန်ဖြင့် ထုတ်လိုက်သော မေးခွန်းကြောင့် မိုးနီလာ အတွေးစတို့ လွင့်ပျောက်သွားလေသည်။

"ဪ. . ဒါကတော့ အခက်အခဲ ရှိမယ်မထင်ပါဘူးလို့၊ အချစ်ဆိုတာ သုညက စနိုင်လေ ကောင်းလေပဲ၊ အဖြူရောင်





သက်သက် နှလုံးသားဟာ လိုချင်တဲ့အရောင် ဆိုးရလွယ်ကူပါတယ်၊ နီလာ ညီညာကို နားချပေးပါ့မယ်"

အဆုံးမတော့ မိခင် စိတ်ချမ်းသာစေရန် မိုးနီလာ လျှော့လျှော့ပေါ့ပေါ့ ပြောလိုက်ရလေသည်။

"အေးကွယ် ညီညာက ရိုးရိုးအအဆိုတော့ မေမေလည်း သူ့အတွက်ပဲ စိတ်မချနိုင်တာ၊ သူ့ တာဝန်ပေါ့သွားရင် လုပ်ငန်းကို တတ်နိုင်သမျှ ကျဉ်းနိုင်သရွေ့ ကျဉ်းလိုက်ပြီး. . နီလာ့ကိစ္စ မေမေ စီစဉ်ရဦးမယ်"

"နီလာ အိမ်ထောင်မပြုချင်ဘူး မေမေ၊ အချစ်မပါတဲ့ အိမ်ထောင်ရေးကို နီလာ ဘယ်တော့မှ တည်ဆောက်မှာ မဟုတ်ဘူး၊ မေမေ အရမ်းမစီစဉ်နဲ့နော်"

"အေးပါ. . အေးပါ သမီးမကြိုက်ရင် မေမေ အရမ်းမစီစဉ်ပါဘူး"

"နီလာ ဆိုင်ဘက် ခဏသွားလိုက်ဦးမယ် မေမေ"

မိုးနီလာ ကားဖြင့် ထွက်ခဲ့သည်။ တစ်နည်းအားဖြင့်. . မိခင်ကို ရှောင်ထွက်ခဲ့ခြင်းလည်း ပါသည်။ "မေမေ့နှယ် ဥပုသ်ကြီးနဲ့ အေးအေးဆေးဆေးအမှတ်နဲ့ မနေဘူး၊ သားသမီးရေး ပူပန်နေသေးတယ်"ဟု တွေးတောလိုက်မိသည်။

အမှန်တော့ မိုးနီလာ ဂုဏ်ရောင်ဟူသော အမည်ကို မကြားချင်။ ထိုအမည်ကို ကြားလိုက်တိုင်း ရင်ခုန်သံနှုန်းတိုး၍ နီလာကြောင်း မိမိကိုယ်မိမိ အသိဆုံး ဖြစ်နေသည်။


www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၈)

မိုးနီလာ အိမ်ကို ရှစ်နာရီခွဲခန့်မှ ပြန်လာသ
အောက်ထပ်၌ ဒေါ်စိန်နှင့် ရွှေစာသာရှိသည်။ ဗီဒီယိုအခွေကြ
နေကြသည်။ ရွှေစာက တံခါးဖွင့်ပေးသဖြင့် ရွှေစာကိုသာ
ခွန်းထုတ်လိုက်သည်။

"ညီညာ ပြန်ရောက်လာပြီလား"

"ဟုတ်ကဲ့"

ရွှေစာကိုကတော့ စကားအပို သိပ်မပြောတတ်သ





းနီလာ ဆက်မမေးတော့ဘဲ ဧည့်ခန်းသို့ လျှောက်လာပြီး ဒေါ်
န်အနီး၌ ထိုင်လိုက်သည်။ ဒေါ်စိန်က. . .

"ထမင်းစားပြီးပြီလား နီလာ"

"စားခဲ့ပြီ"

မိုးနီလာအတွက်က ထမင်းအိုးမရှား၊ အစားအသောက်
အမကြောင်၊ သန့်ရှင်းပူနွေးနေလျှင် အညှီအဟောက်ကင်း
လျှင် မိုးနီလာ အလုပ်သမားတဲက ကျွေးလျှင်လည်း စားလိုက်
ည်။ အလုပ်ရှင်သူဌေးက သူတို့ကျွေးတာကို မြိန်ရေယှက်ရေ
ားပြခြင်းကို ပီတိဖြစ်နေတတ်ကြသည်။

မိုးနီလာမှာ လူတန်းစားခွဲခြားသည့် စိတ်ဓါတ်မရှိ။

"ညီညာ ဘယ်အချိန် ပြန်ရောက်သလဲ"

"ငါးနာရီလောက်က အစ်မနဲ့ စကားစမြည်ပြောပြီး သား
နှစ်ယောက်စလုံး ရှေ့ဆင့်နောက်ဆင့်ဆိုသလို အပေါ်ထပ်
က်သွားကြတာပဲ"

"ဒါဆို ညီညာ ထမင်းမစားဘူးလား"

"သူ့သူငယ်ချင်းအိမ်မှာ စားခဲ့တယ် ပြောတာပဲ"

"ထမင်းတွေ အလဟဿဖြစ်ကုန်မယ်၊ အလုပ်သမား
းလျား ညစာဖြစ်ဖြစ် မနက်ထမင်းကြော်ဖြစ်ဖြစ် စားနိုင်
အောင် သွားပို့ပေးလိုက် ရွှေစာ"

ရွှေစာကို လှမ်းခိုင်းလိုက်လျှင်ပဲ ဒေါ်စိန်က စိတ်မချ
ဆောင့်ထိန်း အိုးသူကြီးပီပီ။

"နေ. . နေ ငါလုပ်ပေးမယ်"

ဗီဒီယိုကို ပိတ်လိုက်ပြီး နှစ်ယောက်စလုံး ထွက်သွား



www.burmeseclassic.com

www.burmeseclassic.com



သည်။

မိုးနီလာ အပေါ်ထပ်တက်ခဲ့သည်။ မိုးညီညာအိပ်ခန်းဝ ရပ်လိုက်ပြီး တံခါးကိုတွန်းကြည့်သည်။

"ညီညာ"

ညအိပ်မီးရောင် အပြာဖျော့ဖျော့ကလေးသာ ထွန်းထားသဖြင့် မိုးညီညာ အိပ်ပျော်သွားပြီလားဟု အသံပြုကြည့်ခြင်း ဖြစ်သည်။

"မမလား၊ ညီညာ အိပ်တော့မလို့"

"မအိပ်သေးရင် စကားပြောမလားလို့"

မိခင်ပေးအပ်ထားသော တာဝန်က ရှိသေးသည်။

"ညီညာအိပ်ချင်ပြီ၊ နောက်နေ့မှ ပြောလို့မရဘူးလား မမ"

မိုးညီညာက အိပ်ချင်မှုးတူးအသံဖြင့် ပြောသည်။

မိုးနီလာက သိပ်မထမ်းဆောင်ချင်သော တာဝန်ကို ထမ်းဆောင်ရမှာဖြစ်သဖြင့် တာဝန်ကျေ. . .

"သိပ်တော့ အရေးမကြီးလှပါဘူး၊ မနက်လည်း ငါ[illegible] နင်နဲ့တွေ့ချိန်သိပ်မရတော့ မေးစရာရှိတာလေး မေးရုံပါ"

ပြောပြောဆိုဆိုပင် မိုးနီလာ မိုးညီညာ၏ ကုတင်အနီးက မှန်တင်ခုံကုလားထိုင်၌ ထိုင်လိုက်သည်။

မီးချောင်း ဖွင့်မနေတော့၊ အိပ်ချင်နေသော မိုးညီညာလည်း မျက်လုံးကျယ်သွားမှာ စိုးသည်။

နောက်. .

တည်တည်ငြိမ်ငြိမ်ရှိရမည့် မိမိမျက်နှာပြင်သည်. .





ပြောင်းလဲလှုပ်ရှားမှုများ ဖြစ်ပေါ်လာလျှင် မိုးညီညာ ရိပ်မိသွားမှာ စိုးရိမ်သည်။

ထို့ကြောင့် ညအိပ်မီးရောင် ဖျော့ဖျော့အောက်မှာပင် ညီအစ်မနှစ်ယောက် စကားပြောရန် အကောင်းဆုံးဟု မိုးနီလာ ယူဆကာ မီးချောင်း မဖွင့်လိုက်ခြင်း ဖြစ်သည်။

"ဘာမေးမလို့လဲ မမ"

"ဂုဏ်ရောင်နဲ့နင်နဲ့ လက်ထပ်ပေးဖို့ ကိစ္စကို နင် သိပြီးပြီလား"

"မနေ့ကပဲ မေမေပြောလို့ သိပြီးပါပြီ"

"နင့်သဘော ဘယ်လိုရှိသလဲ"

မိုးနီလာ စိတ်ကို အရင့်ကျက်ဆုံးထားကာ မေးလိုက်ရသည်။

မိုးညီညာထံမှ ချက်ချင်း စကားပြန်မရ။

"ပြောလေ"

စိတ်မြန်ကိုယ်မြန်ရှိသော မိုးနီလာက ငေါက်ဆတ်ဆတ် ထပ်မေးလိုက်သည်။

မိုးညီညာ ဆတ်ခနဲ တုန်သွားပြီး

"ဘာ. . ဘာပြောရမှာလဲ"

မိုးနီလာ ကျွတ်ခနဲ သွားကြားမှ လေထွက်သံမျိုးဖြင့် စုတ်သပ်လိုက်ပြီး

"ကျွတ် နင်ဟာလေ တော်တော်နုံတာပဲ၊ ဂုဏ်ရောင်နဲ့ လက်ထပ်ဖို့ကိစ္စကို. . နင် လက်ခံနိုင်၊ မခံနိုင်ပေါ့"

"လက်မခံနိုင်ဘူးဆိုရင် မေမေနဲ့ မမက လိုက်ပြော



www.burmeseclassic.com

www.burmeseclassic.com



ပေးမှာမို့လား"

မိုးညီညာက မဝံ့မရဲ မေးခွန်းပြန်ထုတ်လိုက်သည်။

မိုးနီလာက စိတ်မရှည်စွာဖြင့် ထိုင်ရာမှ ထလိုက်ပြီး. .

"ငါ့သဘောမဟုတ်ဘူး မေမေ့သဘော၊ မေမေကတော့ သူ့ဆန္ဒကို ဆန့်ကျင်တာ ကြိုက်မှာမဟုတ်ဘူး၊ နင် လက်မခံချင်တာ အကြောင်းပြချက်ရှိလို့လား"

"လက်ထပ်ရမှာကြောက်တယ်၊ ညီညာ အပျိုကြီးပဲ လုပ်ချင်တယ်"

မိုးညီညာ၏ အနေအထိုင် အေးဆေးမှုကို သိရှိပြီးဖြစ်နေသော မိုးနီလာသည် မိုးညီညာစကားကို အကြွင်းမဲ့ ယုံကြည်မိလေသည်။

"အိမ်ထောင်ပြုတယ်ဆိုတာ လူ့ဘဝရဲ့ တိုက်ပွဲတစ်ခုပါပဲ၊ ဘာမှကြောက်စရာ မလိုပါဘူး၊ နှစ်ဖက်မိဘ သဘောတူညီချက်က နင့်ရဲ့ စစ်ကူတွေပဲ ညီညာ၊ နင် ကံကောင်းမှာပါ။ ကဲ. . ကဲ. . အိပ်တော့ ငါ သွားမယ်"

ပြောပြောဆိုဆို. . . မိုးညီညာကို လှည့်မကြည့်တန်းတောက်လျှောက်ပင် ထွက်ခဲ့သည်။ တံခါးကို ပြန်ဆွဲပိတ်ပေးရင်းသက်ပြင်းချလိုက်မိသည်။

ကံကောင်းခြင်းတရားတို့သည် မိုးညီညာထံသို့ စုပြုံဆိုက်ရောက်လေလေ မိမိနှင့် ဝေးလေလေဖြစ်ပြီး မိမိထံ၌ ကံဆိုးခြင်းသာ ကျန်ရှိနေမည်ဖြစ်သည်။

မိုးညီညာအခန်းမှ ထွက်လာပြီးနောက် မိခင်အိပ်ခန်းတံခါးကို အသာတွန်းကြည့်လိုက်သည်။ မိခင်က ပုတီးစိတ်နေရာမှ. . .





"နီလာလား"

"ဟုတ်တယ် မေမေ၊ အစောကြီး အိပ်ကြသလား"

"ပုတီးအပတ် မပြည့်သေးလို့လေ၊ ညီညာနဲ့ တွေ့ခဲ့ပြီးပြီလား"

မိခင်က လဲလျောင်းနေရာမှ ထထိုင်လိုက်ပြီး ပုတီးစိပ်သည့်နေရာကို အမှတ်အသားပြုသည့်အနေနှင့် ကလစ်ကလေးနှင့် ညှပ်ထားလိုက်သည်။

မိုးနီလာက မိခင်လှုပ်ရှားမှုကို ငေးကြည့်ပြီးမှ. . .

"ခုပဲ ဝင်ခဲ့တယ်"

"စကားပြောဖြစ်ကြသေးသလား"

"ပြောဖြစ်ပါတယ်. . ၊ ညီညာက မြစိစိဆိုတော့ အိမ်ထောင်ပြုရမှာ ကြောက်တယ်. . အပျိုကြီးပဲ လုပ်ချင်တယ်၊ ဒါလောက်ပဲပြောတယ်"

"ဂုဏ်ရောင်အပေါ် သဘောထားကိုကော"

"သူ မပြောတတ်ဘူးတဲ့၊ နီလာလည်း နင် ကံကောင်းမှာပါလို့ အားပေးခဲ့ပါတယ်၊ မေမေ အခြားပြောစရာ မရှိသေးရင် အိပ်ဖို့ သွားတော့မယ်၊ ငွေတွေ မီးခံသေတ္တာထဲ မထည့်ရသေးဘူး"

"မရှိပါဘူး. . သွား. . သွား"

မိုးနီလာအတွက် တာဝန်ကျေပါပြီ၊ ဒီထက်မကကြီးမည့် တာဝန်ကို ရှုလုံးသား၌ ထင်ကျန်ရစ်မှာ စိုးရိမ်သည်။

မိုးနီလာ အိပ်ခန်းထဲရောက်သည်နှင့် တံခါးကို ဂျက်ချ



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။ ထို့နောက် ငွေများကို မီးခံသေတ္တာထဲ ထည့်ပြီး နောက် ကိုယ်လက်သန့်စင်ကာ အိပ်ယာထဲ ဝင်ခဲ့သည်။ ထိုစဉ် တယ်လီဖုန်းခေါ်သံ ထွက်လာသည်။

မိုးနီလာထံလာသောဖုန်းများသာ အဖြစ်များသဖြင့် အောက်ထပ်က ဒေါ်အုန်းမကိုင်။

ထို့ကြောင့် မိုးနီလာသာ ကိုင်လိုက်သည်။

"ဟဲလို"

"ရန်ကုန်ကခေါ်တယ် ခဏကိုင်ထားပါ"

"ဟုတ်ကဲ့"

ဝယ်နေကျ ရာဘာအဝယ်တော် ပွဲစားဆီကများလား။ သူတို့မှာယူထားသမျှကို မိုးနီလာ စုဆောင်းပေးနေတာပဲ၊ စာချုပ်အရ လက်ကျန်အနည်းငယ်သာ ရှိတော့သည်ပဲ။

"ဟဲလို မိုးဂေဟာကလား"

"ဟုတ်ပါတယ်၊"

"ကျွန်တော် ဂုဏ်ရောင်ပါ"

"ကျွန်မ မိုးနီလာပါ"

"ဒေါ်မိုးနီလာ အန်တီအိပ်သွားပြီလား"

"ဟုတ်ကဲ့ အိပ်ယာဝင်သွားပါပြီ၊ ကိစ္စရှိလို့လား၊ ကျွန်မ ဖုန်းသွားပေးလိုက်ပါ့မယ်"

"နေပါစေ လာမယ့်သောကြာနေ့မှာ ကျွန်တော်တို့မိသားစု လာမယ်ဆိုတဲ့အကြောင်း အန်တီကို ပြောပေးဖို့ပါပဲ. . နောက်တစ်ချက်က ဒေါ်မိုးနီလာနဲ့ ပြောစရာ ရှိပါတယ်"

မိုးနီလာ စိတ်လှုပ်ရှားမှုကို အတတ်နိုင်ဆုံး ထိန်းချုပ်





ထားပြီး တည်ငြိမ်စွာဖြင့်

"ဟုတ်ကဲ့ ပြောပါ"

"ကျွန်တော်လည်း ရာဘာကုန်ကြမ်းအတွက် Meeting ထိုင်ပြီးပြီ၊ ပြောတဲ့အတိုင်းပဲဖြစ်တယ်၊ စရံငွေ လာသပ်ပါ့မယ်"

"ဟုတ်ကဲ့ ဧည့်သည်ဘယ်နှစ်ယောက်များ ပါလာမလဲ မသိဘူး၊ ကျွန်မ နေရေးထိုင်ရေး စားသောက်ရေးအတွက် အဆင်ပြေအောင်လို့ တစ်ခါတည်း စီစဉ်ထားပေးမလို့ပါ"

"တစ်ခါတည်း စေ့စပ်သွားမှာဆိုတော့ ခုနစ်ယောက်၊ ရှစ်ယောက်တော့ လာဖြစ်ကြမှာပါ"

"ဟုတ်ကဲ့. . စိတ်ချပါ။ အားလုံး စီစဉ်ထားပါ့မယ်၊ ဦးဂုဏ်ရောင်"

"ညီညာကော အိပ်ပြီလား"

မိုးနီလာ ရုတ်တရက် ဘာပြောရမှန်း မသိ၊ ဪ. . သူ့ဘဝခရီးဖော်အဖြစ် ရာသက်ပန် လက်တွဲရမည့် မိန်းကလေးအပေါ် စိတ်ဝင်စားမှုတော့ ရှိပေမည်ပေါ့။ မိုးနီလာ စာနာနားလည်မိသည်။

"စောစောကတော့ အိပ်ချင်မူးတူးဖြစ်နေလို့ ကျွန်မနဲ့ စကားပြောတာတောင် လက်မခံချင်တော့ဘူး၊ ဒါပေမယ့် ရှင် စကားပြောချင်တယ်ဆိုရင် ကျွန်မ သွားနှိုးပေးပါ့မယ်"

"နေပါစေ အိပ်ပါစေ၊ အထူးတလည် ပြောစရာ မရှိပါဘူး ကျွန်တော်နဲ့ စေ့စပ်တဲ့ကိစ္စကို သူ လိုလားစွာ လက်ခံရဲ့လား သိချင်လို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



ဂုဏ်ရောင်လည်း အတော်အကြောင်ကြောင်နိုင်သည့် ယောက်ျားတစ်ယောက် ပဲဟု မိုးနီလာ မှတ်ချက်ချမိသည်။

"လက်မခံရင်. . မေမေက ရှင့်မိဘတွေကို ဘယ်အကြောင်းကြားပါ့မလဲ၊ ရင်လည်း ညီညာနဲ့အတူ သွားလာနေပြီး မေးမကြည့်လိုက်ဘူးလား"

ဂုဏ်ရောင်ထံမှ ဟက်ခနဲ တစ်ချက်ရယ်သံ ကြားလိုက်ပြီးမှ

"မေးရခက်နေလို့ပါ"

"ဩော် ညီညာကျတော့ မေးရခက်တယ်၊ ကျွန်မကျတော့ ရှင်မေးရဲတယ်ပေါ့၊ ရှင် ဘယ်လိုလူလဲ အကြောင်ကြောင်နဲ့၊ ကိုင်း. . အခြားဘာပြောစရာ ရှိသေးလဲ၊ ပြောစရာ မရှိရင် ဖုန်းချလိုက်တော့မယ်"

"နေပါဦး ပြောစရာ ကျန်သေးတယ်"

"ပြော"

"ခင်ဗျားကကော ဒီကိစ္စ သဘောတူသလား"

"ရှင်. ."

မိုးနီလာ နားမရှင်းသဖြင့်

"ရှင်. . ရှင်. . ဘာကို မေးတာလဲ"

"ကျွန်တော်နဲ့ ညီညာကိစ္စကို ခင်ဗျား သဘောတူရဲ့လားလို့"

မိုးနီလာရင်ထဲ ဒေါသအိုးလေး ပေါက်ကွဲသွားသည်။

"ကျွန်မသဘောထားဟာ ရှင့်အတွက် အရေးပါတဲ့ ကိစ္စမို့လို့ ရှင်မေးတာလား"





"မဟုတ်ဘူးလေဗျာ၊ ခင်ဗျားနဲ့ ကျွန်တော်က ရှေ့လျှောက် အလုပ်အတူ လုပ်ကြရမှာကလည်းတစ်ကြောင်း အမျိုးတော်ရမှာလည်း တစ်ကြောင်းဆိုတော့ တစ်ယောက်ရဲ့ဆန္ဒ တစ်ယောက် ပွင့်လင်းစွာသိထားဖို့ လိုတယ်"

"အလုပ်ကိစ္စက စည်းကမ်းရှိကြရင် ဖြစ်ပါတယ်၊ အိမ်ထောင်ရေးကိစ္စကတော့ ရှင်နဲ့ ညီညာနဲ့ကိစ္စပဲ၊ ကျွန်မနဲ့ မဆိုင်ဘူး"

"ကောင်းပြီလေ ဒါဖြင့် အလုပ်ကိစ္စပဲ ပြောကြရအောင်"

"ပြော. ."

မိုးနီလာက အသံပြတ်နှင့် ပြောလိုက်သည်။ မိမိစိတ်ကို နည်းမျိုးစုံသုံး၍ လှုပ်ရှားအောင်များ ပြုနေသလားဟုပင် ထင်မိသည်။

"မှာထားတဲ့ တန်ချိန်တွေကို သတ်မှတ်ချိန်အမှီ ပေးပို့နိုင်ဖို့လည်း ကတိစာချုပ် ချုပ်မှာနော်၊ ကတိပျက်ကွက်မှုက ထိုက်တန်တဲ့လျော်ကြေးပေးဆောင်ရမယ်"

"နားလည်တယ်၊ မိုးနီလာတို့ အလုပ်လုပ်ခဲ့တဲ့အထဲမှာ တစ်ခါမှ နာမည်ပျက် မရှိခဲ့ဖူးဘူး၊ ရှင် နည်းနည်းပါးပါး မျက်စိဖွင့်နားစွင့်ဖို့ လိုလိမ့်မယ်"

"လုပ်ငန်းသဘော ပြောပြတာပါ၊ ဖြစ်လာရင် အလုပ်မှာ အမျိုးမရှိဘူးဆိုတာ သဘောပေါက်တယ်နော်"

မိုးနီလာ မခံချင်စိတ်တို့ နိုးကြွလာအောင် တမင်ဆွပေးနေဘာလား။

"ဒီမှာ ဦးဂုဏ်ရောင် အလုပ်ကိစ္စကို လက်တွေ့နဲ့ ဖော်ား



www.burmeseclassic.com

www.burmeseclassic.com



ပြောကြရအောင်၊ ရှင် အခြားပြောစရာ ရှိပုံမရဘူး၊ ဒီအတွက် ကျွန်မ ဖုန်းချလိုက်တော့မယ်"

ပြောပြောဆိုဆို မိုးနီလာ ဖုန်းချလိုက်သည်။

ဂုဏ်ရောင်သည် ဘယ်လိုလူစားလဲ၊ ညီမနှင့် ယူတော့မည့် လူတစ်ယောက်ကို မိမိသားချင်းပမာ ဆက်ဆံသင့်သည် မှန်သော်လည်း သူ့စကားတို့က အချိုးမပြေတော့၊ မိုးနီလာကလည်း ငုံ့ခံတတ်သူမဟုတ်သဖြင့် ဘုတောမိသည်။

ခက်ပြီ။

သူတို့ မင်္ဂလာကိစ္စအတွက်က မိမိရှောင်လွှဲ၍ ရမည်မဟုတ်၊ မိုးညီညာက အိမ်တွင်း၌သော အချက်အပြုတ်နှင့် သန့်ရှင်းရေးကို ဦးဆောင် တာဝန်ယူနိုင်သည်။ ကျန်ကိစ္စမှာ နောက်လိုက်သက်သက်. . .။

ဧည့်သည်တွေအတွက် လူကြီးစုံတွဲတွေကို ဒီမှာပင် စီစဉ်ပေးပြီး ဂုဏ်ရောင်နှင့် သူငယ်ချင်းများကိုတော့ မြို့ထဲ ပွဲရုံဖွင့်ထားသော လမ်းမတန်းကအိမ်၏ အပေါ်ထပ်မှာ နေရာချထားပေးလိုက်သည်။

ဒါဆို မိမိနှင့် မျက်နှာချင်းသိပ်ဆိုင်ရလိမ့်မည် မဟုတ်။

မိုးနီလာ စိတ်ကူးဖြင့် စီမံခန့်ခွဲလိုက်လေသည်။ သို့သော် ထိုစီမံခန့်ခွဲမှုအပေါ်တွင် စိတ်ထဲကျေနပ်ခြင်း ပျော်ရွှင်ခြင်းတို့ကတော့ အလျှင်းမရှိပြီ။

မိုးနီလာ မှန်တင်ခုံရှေ့ ရပ်လိုက်မိသည်။

မှန်ထဲမှာပေါ်လာသော မိုးနီလာသည် ဆံပင်တိုတိုကောက်၊ သို့သော် ထိုနက်မှောင်သန်းစွမ်းသော ဆံလုံးကောင်းသော ဆံပင်ကပင် သူ၏ဖြူဝင်းသော အသားအရည်ကို ဘောင်ခတ်ပေးထားသည့်နှယ် ဖြစ်နေသည်။ သို့သော် မျက်နှာသည် အလိုမကျသည့်နှယ် သုန်မှုန်နေသည်။ ဘာကို အလိုမကျသနည်း။

ညအိပ်အင်္ကျီလက်ရှည်အပွနှင့် ဘောင်းဘီရှည်အပွကို ဝတ်ဆင်ထားသော မိမိရုပ်သွင်သည် ကလေးတစ်ဦးကဲ့သို့ အပြစ်မကင်းစင်ချေ။ စိတ်ထဲ၌ ညစ်ထပ်နေပြီ။

ညီမရင်းအတွက် မိမိနှလုံးသားကို ပေးဆပ်လိုက်ရတော့မည်။ တစ်ကိုယ်ကောင်းဆန်စွာဖြင့် မိမိဘက်ပါအောင် သိမ်းသွင်းယူလိုက်လျှင် ရနိုင်ကောင်းရနိုင်မည်။ သို့သော် သိမ်းသွင်းယူရသည့် အချစ်မျိုးကို မိမိမလိုလား။

မိုးနီလာ သက်ပြင်းချလိုက်မိသည်။

မီးချောင်းကိုပိတ်ကာ ညအိပ် မီးပြောင်းဖွင့်ပြီး အိပ်စက် ကြိုးစားလိုက်သည်။

သို့တိုင်အောင် အိပ်ပျော်ခြင်းသည် မိမိနှင့် အစေးကပ်မည်မဟုတ်ကြောင်း မိုးနီလာ ကောင်းစွာသိရှိနေသည်။

ဂုဏ်ရောင်က အကြောင်းမရှိ အကြောင်းရှာကာ မိမိနှင့် စကားဆက်ပြောရန် ဘာကြောင့်များ ကြိုးစားရသနည်း။

ဂုဏ်ရောင်သည် မိမိအပေါ် စိတ်ဝင်စားမှုများ ရှိနေသလား။

မဖြစ်နိုင်ပါ။ သူ စိတ်ဝင်စားမှု ရှိသည်ဆိုပါက သူ့မှာ ပြောခွင့် ရှိနေသည်ပဲ။ သူတို့ ယောကျ်ားများသည် အခွင့်ထူးခံ စားပါ၊ အချစ်ရေးတွင် ရွေးချယ်ခွင့် ဖွင့်ဟပြောဆိုခွင့်ရှိ







www.burmeseclassic.com

www.burmeseclassic.com

အများကြီးရှိသည့် လူတန်းစားပါ။

သို့တိုင်အောင် သူက မြို့စိစိနှင့် ညီညာကိုလည်း ဖွင့်ဟမသွားခဲ့ပါလား။

သူ ညီညာကို မချစ်၍လား။

ညီညာကို မချစ်ဘူးဆိုလျှင် သူ အိုက်တင်ခံတာပဲ ဖြစ်ဖို့များမည်။

သက်ကြီးခေါင်းချ ကြက်တွန်သံ ကြားလိုက်ရသည်နှင့် နောက်နေ့ လုပ်ဆောင်ရဦးမည့် ဝတ္တရားတွေက ရှိသေးသည်။ မိုးနီလာ ဆယ်ကျော်သက် ကလေးပမာ စိတ်တွေယောက်ယက်ခတ်ပြီး အိပ်ပျက်ခံ စဉ်းစားနေ၍မဖြစ်၊ မိုးနီလာ အိပ်ပျော်အောင်ရန် အသက်မှန်မှန်ရှူကာ ထွက်လေဝင်လေကို မှတ်လိုက်ရလေသည်။

ဪ စိတ်ရှင်းသန့်မှုကို အနှောက်အယှက်ပေးနိုင်သော သောက မောဟမီးများအနက်. . အချစ်မီးသည်လည်း ကြောက်စရာ အကောင်းဆုံး မီးပါလားဟု. . .။







# အခန်း(၉)

"မင်း တစ်ခုခုတော့ မှားနေပြီထင်တယ် ဂုဏ်ရောင်"

"ဘာဖြစ်လို့လဲကွ"

သူငယ်ချင်း ထိန်ဝင်းက မိုးနီလာတို့ ညီအစ်မဓါတ်ပုံကို ကြည့်ပြီး သူ့အားပြောလိုက်သဖြင့်. . ဂုဏ်ရောင် နားမရှင်းနိုင်အောင် ဖြစ်သွားပြီး မေးခွန်းပြန်ထုတ်လိုက်ရသည်။

"အလှခြင်း ညီတယ်ဆိုတာ မှန်တယ်၊ ဒါပေမယ့် မျက်နှာအကြည်ဓါတ်ကို ကြည့်စမ်း"



www.burmeseclassic.com

www.burmeseclassic.com

ဂုဏ်ရောင်က ဓါတ်ပုံကို ပြန်ဆွဲယူကာ ကြည့်လိုက်သည်။

ထိန်ဝင်းက ထလိုက်ပြီး သူ့နောက်ကျောမှကြည့်ကာ

"အကြီးမရဲ့ မျက်လုံးအားက ကောင်းတယ်၊ ထက်မြက်တယ်၊ ရဲရင့်တယ် ပြတ်သားတယ်၊ ကိုယ်ကိုယ်ကိုယ် ယုံကြည်မှု ထားတတ်တဲ့ စူးရှတဲ့မျက်လုံးမျိုး"

"ဒါတော့ မင်းပြောမှလား ငါလည်း သိတာပေါ့ကွ၊ သိတာ . . လှုပ်ရှားမှုကိုက ယောကျ်ားတွေနဲ့ ရင်ဘောင်တန်းနိုင်ပြီး သူ့ကိုယ်သူ အထင်ကြီး မာနကြီးနေတဲ့ မိန်းမမျိုးဆိုတာ မင်းထက် ငါက သူ့ကို အရှင်လတ်လတ် မြင်ဖူးထားတော့ ပိုသိတာပေါ့ကွ"

"မင်း အဲဒါ သူ့ကိုမကြိုက်ဘဲ ဘယ့်နဲ့ အငယ်မကို သွားကြိုက်ရတာလဲ၊ အငယ်မက ရိုးရိုးအေးအေးနဲ့ ရိုးသားဖြူစင်တဲ့ မိန်းကလေးမျိုး ဖြစ်မယ်"

ဂုဏ်ရောင် ဓါတ်ပုံကို စားပွဲပေါ် ပြန်တင်လိုက်ပြီး ကျောဆန့်သည့်အနေဖြင့် ကုတင်ပေါ် လဲလျောင်းလိုက်သည်။

ထိန်ဝင်းက စာကြည့်စားပွဲ ကုလားထိုင်တွင် ပြန်ထိုင်ကာ ဓာတ်ပုံကို ပြန်ကြည့်သည်။

"ငါ ကြိုက်တာမဟုတ်ဘူး"

"ဟင် ဒါဖြင့် ဘယ်သူကြိုက်တာလဲ"

"ဒီလိုကွာ . . ငါ့အဖေနဲ့ အမေက စာရေးလိုက်တယ် သူ့မီးနှစ်ယောက်အနက် တစ်ယောက်ယောက်နဲ့ သားတော်မောင်နဲ့ လက်ထပ်ပေးချင်တယ်၊ ဘယ်သူနဲ့ လက်ထပ်ပေးမယ် ဆိုတာကို အကြောင်းပြန်လိုက်လို့ ပြောလိုက်တာ"





"ဒီတော့ . ."

"ဒေါ်မိုးနွယ်ဦးက အငယ်မနဲ့ လက်ထပ်ပေးမယ်လို့ အကြောင်းပြန်လိုက်တယ်တဲ့"

"ဒါဆို အကြီးမမှာ ရည်းစားများ ရှိနေသလားမှ မသိတာ၊ အမှန်ဆို ကြီးစဉ်ငယ်လိုက်သာ ဖြစ်ရမှာ"

"အင်း . . ငါလည်း အဲဒီလို တွေးမိတယ်၊ အငယ်မက ရိုးသားဖြူစင်တာ အမှန်ပဲ၊ အေးလည်းအေးတယ်၊ အိမ်တွင်းအလုပ်ကို တကုတ်ကုတ်နဲ့ လုပ်နေတော့တာပဲ၊ ဘာပဲပြောပြော ငါ့အတွက်က စီးပွားကို တန်းတူလိုက် ရှာဖွေပေးရမယ့် မိန်းမမျိုး မလိုဘူးလေ၊ ပွဲတက်မယား ဇနီးချော အိမ်ရှင်မကောင်း မိခင်ကောင်းဖြစ်စေမယ့် ဇနီးမယားမျိုးပဲ လိုတယ်၊ ဒါကြောင့် ငါလည်း မိဘတွေစကားကို လက်ခံခဲ့တာ"

"ဟ . . ဒါဆို မင်းက အိမ်ထောင်ရေးကို ဦးနှောက်နဲ့ ဆုံးဖြတ်လိုက်တာပဲ"

"ဦးနှောက်နဲ့ ဆုံးဖြတ်တာ အမှားကင်းနိုင်ပါတယ် သူငယ်ချင်းရာ၊ အချစ်ဆိုတာ ဖန်တီးယူလိုက်ရင် ရပါတယ်၊ အိမ်ထောင်ရေးမှာ နားလည်မှုက အဓိက ခိုင်မြဲစေတဲ့ အကြောင်းတရားပဲ"

ဂုဏ်ရောင်က ခပ်အေးအေးပင် ရှင်းပြလိုက်သည်။

"အေးကွာ မင်းမကြိုက်ရင် အကြီးမကို ငါ ကြိုးစားချင်တယ်၊ မင်းစေ့စပ်ပွဲ ငါပါလိုက်ခဲ့ရမယ်ဆိုတော့ အတော်ပဲ"

ဂုဏ်ရောင်ရင်ထဲ တစ်မျိုးဖြစ်သွားသည်။ ထိန်ဝင်းကို လိုက်ခဲ့ပါဟု လိုလိုလားလား ခေါ်တော့လည်း သူ့ . .


www.burmeseclassic.com

www.burmeseclassic.com

ခု ထိန်ဝင်းက လျှောလျှောလျူလျူ လိုက်ပါမည်ဆိုတော့လည်း စိတ်ထဲမကျေနပ်သလို ခံစားလိုက်ရသည်။

"ဘာလဲ မင်းက မကျေနပ်ဘူးလား"

"ဟာ. . ဘာမကျေနပ်ရမှာလဲ"

"အကြီးမကို လိုက်မယ်ဆိုလို့လေ"

"ဘာဆိုင်လို့လဲ၊ မင်းကိစ္စ ငါ့ကိစ္စမှ မဟုတ်တာ. . .၊ ဟိုကောင် ဖက်တီးလဲ လိုက်မယ်"

"လူကြီးတွေကကော"

"ဖေဖေမေမေနဲ့ ဖေဖေ့အစ်မ ကြီးကြီးနဲ့ ဘာဘတို့ စုံတွဲပဲ လိုက်မယ်၊ ဒရိုင်ဘာခေါ်စရာ မလိုတော့ဘူး၊ မင်း ကားတစ်စီး မောင်းခဲ့လို့ရတာပဲ"

"ခေါ်ပါကွာ၊ ငါ ဒရိုင်ဘာအလုပ် သိပ်လုပ်နိုင်မှာ မဟုတ်ဘူး၊ ကိုနောက်ပိုး လုပ်ရဦးမယ်"

ဂုဏ်ရောင်စိတ်ထဲ ထိန်ဝင်းကို ခေါ်မိတာ မှားပြီဟု နောင်တ အကြီးအကျယ်ရသွားလေသည်။

"မင်းကွာ ငါ မျက်နှာပျက်အောင်တော့ မလုပ်နဲ့နော်၊ မင်းတွဲနေကျ မိန်းမတွေနဲ့ တန်းတူမထားနဲ့"

"အံမယ် မုန့်ဆီကြော်က ဘယ်ဆီနေမှန်းမသိသေးဘူး၊ နှုတ်ခမ်းနာနဲ့ တည့်ပါ့မလား ဆိုသလို ဖြစ်နေပြီ၊ မင်းမရိုးလောင်း အတွက် ပူပန်နေပြီလား"

"ဒါကတော့ အမျိုးတော်ရတော့မယ်ဆိုတော့ ဒီလိုပဲ ပေါ့ကွာ"

"ကိုင်း. . ဒါဖြင့် ငါပြန်မယ်၊ သွားကာနီးမှ ဖုန်းထပ်

☺ အောင်မြင်စာပေ ☺



ဆက်မယ်"

"အေး. . အေး"

ထိန်ဝင်းက ဓါတ်ပုံကို တစ်ခေါက်ပြန်ကြည့်လေသည်။

"စွဲသွားပြီကွာ၊ မင်းနဲ့ငါ သူငယ်ချင်းတင် မကဘူး. .၊ မယားညီအစ်ကို တော်လိုက်ရင် ပိုကောင်းမယ်၊ မင်းကိုငါ အားကိုးတယ်နော်၊ သူငယ်ချင်း အရင်းခေါက်ခေါက်ကြီး အချင်းချင်း ရိုင်းပင်းမှပေါ့"

"ဝါသနာ မပါဘူး"

ဂုဏ်ရောင်ရင်ထဲ လက်မခံနိုင်သလို ဖြစ်မိလေသည်။ အမှန်ဆို အားတက်သရော ဖြစ်သင့်သည် ထင်သည်။

အချစ်နှင့်ပတ်သက်၍ သူသည် နကန်းတစ်လုံးမျှ မသိ သေးသော ပိဘိ ကလေးငယ်တစ်ဦးသာသာပါလား။

ချစ်ခြင်းနှင့် ဝန်တိုခြင်းသည် ဒွန်တွဲနေတတ်သလို ခွင့်လွှတ်ခြင်းနှင့် မေတ္တာသည်လည်း ယှဉ်ဆွဲနေတတ်ကြောင်း သူ သိနားမလည်ခဲ့ချေ။

ထိန်ဝင်း ပြန်ထွက်သွားပြီးနောက် အတန်ငယ်ကြာမှ ဓာတ်ပုံကို ယူကြည့်လိုက်မိသည်။ မိုးညိုညာသည် သူနှင့်လက်ထပ်ရတော့မည့် ဇနီးလောင်းအဖြစ် ရင်ခုန်ကြည့်သည်။ ရင်ခုန်စရာ ကောင်းမနေပါလား။

မိုးနီလာ. . .

သူနှင့် အမြဲလိုလို ဘုဘောက်ကျပြီး သူ့အား မာဆတ်ဆတ် ဆက်ဆံတတ်သည်။ သူ့အား ဒေါသစိတ် မချင့်မရဲစိတ် မနာလိုစိတ်များ နိုးထလာအောင် ဖန်တီးနိုင်စွမ်း ရှိလေသည်။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



ထိုမိန်းမကိုသာ ယူလိုက်ပါက သူတို့ အိမ်ထောင်ရေးသည် ပူညံပူညံနှင့် ရန်အမြဲဖြစ်နေသည့် အိမ်ထောင်ရေးသာ ဖြစ်သွားပေလိမ့်မည်။

"သားရေ. ."

"ဗျာ. ."

မိခင်အသံကြားတော့ ဓာတ်ပုံကြည့်နေကြောင်း သိသွားမှာလည်း ရှက်သေးသဖြင့် ကမန်းကတန်းပင် ခေါင်းအုံးအောက် ဝှက်လိုက်ရသည်။

"ထိန်ဝင်းက သူ လိုက်မယ်ပြောတယ်၊ ဟိုမှာ နေထိုင်ရေး အဆင်ပြေပါ့မလား"

"ပြေပါတယ်၊ သူတို့က အိမ်နှစ်လုံး သုံးလုံးတောင် ရှိတာပဲ"

"ဟုတ်လား"

"ဖက်တီးနဲ့ မောင်မောင်လည်း လိုက်မယ်လေ"

"ဟင်. . ကိုမောင်ပါ လိုက်မှာ"

"လိုက်ချင်မှာပေါ့၊ သူ့အဖေ အမေလိုက်တော့ သူလည်း လိုက်ချင်မှာပေါ့"

"လိုက်လေ. . ရပါတယ်"

"ဒါထက် မိုးနီလာတို့ ညီအစ်မ ဓါတ်ပုံလေး မေမေ့ကို ပြန်ပေးပါဦး၊ သား ကြီးကြီးက ကြည့်ချင်လို့တဲ့"

ဂုဏ်ရောင် စိတ်ထဲ ဟိုက်ခနဲ ဖြစ်သွားရသည်။ ကျားရှေ့ မှောက်လျက်လဲသလို ဖြစ်သွားရလေပြီ၊ ခေါင်းအုံးအောက်က ထုတ်ပေးလိုက်လျှင် သူ့အား တသသ ကြည့်မဝရှုမဝ ဖြစ်နေ





သည်ဟု ထင်သွားနိုင်သည်။

ထို့ကြောင့် မှသားမပါ လက်ာမချော စကားအရ. . .

"ဟိုကောင် ထိန်ဝင်း ကြည့်ပြီး ဘယ်နားထားသွားမှန်း မသိပါဘူး မေမေ၊ သူ့ကို ဖုန်းဆက်မေးပြီးမှ ကြီးကြီးဆီ သားသွားပြပေးပါ့မယ်"

"အေးလေ ဒါဖြင့်ပြီးရော၊ သူတို့ကလည်း အကြွအစည်နဲ့ သားရဲ့"

ဂုဏ်ရောင်ရင်ထဲ ထိတ်ခနဲဖြစ်သွားရသည်။ ကိုမောင်က သူခေါ်သော သူနှင့် ညီအစ်ကို ဝမ်းကွဲတော်သည့် ဒေါက်တာကြိုင်စောသည် ဘကြီးနှင့် ကြီးကြီးတို့၏ အငယ်ဆုံးသား လူမှုလူလွတ်ဖြစ်သည်။ အစ်မနှစ်ယောက်နှင့် အစ်ကိုတစ်ယောက်မှာ အိမ်ထောင်သည်များဖြစ်ပြီး သူ့မောင် ညီအငယ်ဆုံးအတွက် အိမ်ထောင်ဘက်ကို ရွေးချယ်၍ မဆုံးနိုင်အောင် ဖြစ်နေကြသည်။ ယခု လိုက်မည်ဆိုတော့. .

"စနေ တနင်္ဂနွေနဲ့လည်း. . တိုက်၊ မိုးနီလာကိုလည်း အကဲခတ်ရင်း ဆိုပါတော့"

"အဲဒါမှ ဒုက္ခပဲ"

"ဘာဖြစ်လို့လဲ"

"ထိန်ဝင်းကလည်း မိုးနီလာကို လိုက်ရှိတ်မလို့တဲ့"

"ရှိတ်ပါစေပေါ့၊ သူ့ဖူးစာ ပါလာတဲ့သူနဲ့ သူဆုံမှာပဲ"

ဂုဏ်ရောင်ကတော့ ပြိုင်ဘက်မရှိ မိုးညီညာအား တစ်ဦးတည်း ပန်းကုံးစွပ်နိုင်ခဲ့သည်ပင်။ ဒါကိုက ကျေနပ်နှစ်သိမ့်စရာ သား။



www.burmeseclassic.com

www.burmeseclassic.com



"မိုးနီလာအတွက်တော့ သူကအမေက မချမ်းသာချ
နေပါစေ၊ အမျိုးကောင်းသား ဂုဏ်သရေရှိ ဆရာအခေါ်ခံ
ပုဂ္ဂိုလ် တစ်ဦးဦးနဲ့ပဲ ပေးစားမယ်လို့ စာထဲမှာ ရေးထားတယ်
သူ့သမီးက စီးပွားရှာတတ်တာဆိုတော့ ဂုဏ်ပဲ လိုတယ်တဲ့လေ
ဒါကြောင့် မေမေလည်း မောင်မောင်ကို သွားမြင်တာ"

ဂုဏ်ရောင် သက်ပြင်းချလိုက်မိသည်။ ကိုမောင်သည် သူ့ထက် သုံးနှစ်ကြီးသည်။ စာကျပိုးဖြစ်ပြီး ခွဲစိတ်ပါရဂူဘွဲ့ကိုပ ယူပြီးဖြစ်သည်။ ယခုလည်း ရန်ကုန်ဆေးရုံကြီး၌ လက်ထောက် ဆရာဝန်အဖြစ် တာဝန်ထမ်းဆောင်နေသူ ဖြစ်သည်။

"ကောင်းပါတယ်၊ သား ကုမ္ပဏီကို ခဏသွားလိုက်ဦး မယ် မေမေ"

"အလုပ်ရှိလို့လား"

"လုပ်စရာလေးတစ်ခု သတိရလိုက်လို့ပါ၊ ထမင်း ပြ မစားတော့ဘူး၊ ပါတနာတွေနဲ့ တစ်နေရာရာမှာ သွားစားလိုက် မယ်"

"အိုကွယ်. . ကြိုပြောရင် အိမ်မှာပဲ စီစဉ်ပေးမှာပေ

"သားကျွေးအလှည့် မဟုတ်ဘူး၊ သူတို့ကျွေးအလှည့်"

"ဟိုတယ်တွေက အစားအစာက မီးဖိုချောင်ကို မြင် တာမဟုတ်ဘူး၊ သူတို့ လုပ်ပေးသမျှ သားတို့ ခံရမှာပေါ့၊ သန့်ရှ ပါ့မလား သားရယ်"

"မေမေကလည်းဗျာ၊ ဒါတွေ လိုက်တွေးနေလို့ ရမလာ အပူဓာတ်နဲ့ဆိုရင် အားလုံးကောင်းပဲ ဘာပိုးမွှားမှ ရှင်မှာမဟု ဘူး၊ သား နည်းနည်းပါးပါးပဲ စားမှာပါ၊ အိမ်မှာပဲ မေမေ့လက်





ပြန်စားမှာ နော်မေမေ သားသွားမယ်"

အင်္ကျီ ကောက်လဲပြီး သူ ထွက်ခဲ့သည်။ မိခင်ကို စိတ်မကောင်းမှာ စိုးသဖြင့် သူ ညာဝါးလိုက်သည်။

တကယ်ဆို သူ စိတ်တွေ ထွေနေသည်။ မိုးညီညာနှင့် လက်ထပ်ဖို့အရေး သူ ပျော်ရွှင်သင့်ပါလျက် မပျော်ရွှင်နိုင်တော့ချေ။

ဒါကြောင့် ရှေးလူကြီးတွေက ပြောကြသည် ထင်ပါ၏။

ယောက်ျားလေး အိမ်ထောင်ကျတယ်ဆိုတာ ကံနိမ့်လို့ မိန်းကလေး အိမ်ထောင်ကျတယ်ဆိုတာ ကံဇာတာ မြင့်လို့ဟု. .

သူ ကံဇာတာ နိမ့်ပါးနေသည် ထင်ပါသည်။ စိတ်ထဲ၌ရွှင် လန်းခြင်းမရှိပဲ ကြောင့်ကြတွေဝေမှုတွေ ရှိနေတတ်သည်။

"သား စောစောတော့ ပြန်လာခဲ့နော်"

"ဟုတ်ကဲ့ မေမေ"

သူ ကားထွက်သည်ကို မိခင်က ပေါ်တီကိုအောက်မှာ ရပ်ကြည့်နေသည်။ သူ့ကားကို မြင်ကွင်းမှ မပျောက်မချင်းကြည့် လိမ့်မည်ဟု သူသိသည်။

မိုးညီညာနှင့် လက်ထပ်ပြီးလည်း ယောင်နောက်ဆံထုံး ပါ လိုက်ပါလာမည့် မိုးညီညာသည်လည်း သူ့အား မိခင်ကဲ့သို့ပင် နှောင်ဖွဲ့ဦးမှာလား။

ဂုဏ်ရောင် အတွေးတို့ ယောက်ယက်ခတ်လျက် ရှိလေသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၀)

တရွေ့ရွေ့ တလိမ့်လိမ့် လွင့်ပါနေသော တိမ်လိပ်တို့ကိုကြည့်ပြီးနောက် မည်းနေသော မိုးကောင်းကင် ပေါ်ပေါက်လာသည်။ မကြာခင် မိုးရွာချတော့မည်ကို သိပြီးနောက် စိတ်အလျဉ်သည် ဂုဏ်ရောင်ထံသို့ ရောက်သွားသည်။

ဒီအချိန်ဆိုလျှင် သူတို့ အိမ်ကိုရောက်လောက်ပြီ။ မိုးလွတ်သွားသဖြင့် ဝမ်းသာရသည်။





ညီညာ နိုင်နင်းပါ့မလား။ ဒေါ်စိန်ရှိနေသည်ပဲ၊ ဒေါ်စိန်ကတော့ လူလေးငါးဆယ်ယောက်စာ မပြောနှင့် အလှူအတန်းအိုးကြီးခွက်ကြီးများကိုပင် နိုင်နိုင်နင်းနင်း ရှိပြီးသား ဖြစ်သည်။

ထိုစဉ် မမျှော်လင့်ဘဲ ဆိုင်ကယ်တစ်စီး ရာဘာခြံထဲဝင်လာသည်။

မိုးနီလာ ဝရံတာမှာ ရပ်နေရာမှ တအံ့တသြ ဖြစ်သွားသည်။ ဂုဏ်ရောင်မှ ဂုဏ်ရောင်အစစ်. . .

မိမိဆိုင်ကယ်အနီး ယှဉ်၍ သူ့ဆိုင်ကယ်ကို ရပ်လိုက်သည်။ ဟဲလ်မက်ကိုချွတ်ကာ လက်တန်း၌ ချိတ်လိုက်သည်။

“ဘယ်တုန်းက ရောက်ကြတာလဲ”

မိမိကအိမ်ရှင်ပဲ ဘာပဲဖြစ်ဖြစ် ခုလို ရှောင်နေဖို့ မသင့်။ ထို့ကြောင့် အပြစ်ကိုဖုံးကွယ်ရန် လောကဝတ်စကားဖြင့် မိမိကပင် စကြိုဆို နှုတ်ခွန်းဆက်လိုက်ခြင်း ဖြစ်သည်။

“သိပ်မကြာသေးဘူး၊ နားနေ ရေမိုးချိုးကြတုန်း ထွက်လာတာ”

“ဟုတ်လား ကိစ္စရှိလို့လား”

“အန်တီက ခေါ်ခိုင်းလိုက်လို့”

“ရာဘာလာယူမယ့်သူတွေရှိလို့ စောင့်နေတာ၊ ပြီးရင်လာခဲ့မယ်၊ ဦးဂုဏ်ရောင် ပြန်နှင့်လေ”

ရာဘာခြံထဲ၌ မိသားစုအပန်းဖြေရန်သဘောမျိုး. . ဆောက်ထားသော တစ်ထပ်တိုက်ပုလေးတစ်လုံး ရှိသည်။ ထိုအိမ်လေး၌ ပုန်းအောင်းနေသော မိမိကို ဂုဏ်ရောင်က လာခေါ်သည်။ မကောင်းတတ်သဖြင့် မုသားသုံးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဂုဏ်ရောင်မပြန်ဘဲ ဝရံတာလက်တန်း၌ပင် တက်ထိုင် လိုက်သည်။

"ဒေါ်မိုးနီလာ မပါလာရင် အိမ်ပြန်မလာခဲ့နဲ့လို့ မှာလိုက် တယ်"

"ဘယ်သူကလဲ"

"ကျွန်တော်က"

"ဘာဆိုင်လို့လဲ"

ထိုစဉ် မိုးမင်းက ညာသံပေးကာ ဖဲခါနဲ ရွာချလာ လေသည်။

ဆိုင်ကယ်များကတော့ ပေါ်တီကိုအောက်က မိုးလွတ် ရာတွင် ကပ်ရပ်ထားသဖြင့် အကြောင်းမဟုတ်. . .။

"ခင်ဗျားတို့ မွန်ပြည်နယ်က မိုးတော်တော်များတာပဲ"

"မိုးကောင်းလို့ အသီးအနှံလည်း ကောင်းတာပေါ့၊ အိမ် ထဲဝင်ထိုင်ချင်ထိုင်လေ၊ တစ်လမ်းလုံး ကားစီးလာရတာ ညောင်း ရောပေါ့"

သင့်တော်၏ မသင့်တော်၏ကို မိုးနီလာ ချင့်ချိန်မနေ နိုင်၊ လောလောဆယ်တော့ စိတ်ထဲရှိသည့်အတိုင်းပဲ ဂုဏ်ရောင် ကို ညာတာလိုက်သည်။

"ကျေးဇူးပဲ၊ ကားလည်း မောင်းလာခဲ့ရတော့ ညောင်း နေတာ အမှန်ပဲ"

"မိုးစဲမှ ပြန်ကြတာပေါ့၊ ဖုန်းလှမ်းခေါ်ထားလိုက်မယ်"

"ဖုန်းလိုင်းက ပျက်နေတယ်ဆို"

"ဟုတ်တော့ဟုတ်တယ်. . ရလိုရငြားပေါ့"

☺ အောင်မြင်စာပေ ☺



ဘယ့်နဲ့ သူနဲ့တွေ့လျှင် စိတ်တို့သည် ယောက်ယက်ခတ် သနည်း။

ဧည့်ခန်းရှိ ပက်လက်ကုလားထိုင်၌ သူ ခြေပစ်လက်ပစ် ထိုင်လိုက်သည်။

"ထမင်းစားပြီးခဲ့ပြီလား"

"မစားသေးဘူး"

"ဒါဖြင့် စောင့်နေကြလိမ့်မယ်ထင်တယ်"

"ဆာရင်တော့ ဘယ်သူမှ စောင့်မယ်မထင်ပါဘူး"

မိုးနီလာက. . .

"ရှင် ထမင်းစားမလား"

"ရှိလို့လား ဆာတော့ဆာနေပြီ"

"ရှိတယ် ကျွန်မ ချက်ထားတာ"

အမှန်တော့ မိုးနီလာက ဧည့်ရှောင်စီမံကိန်းဖြင့် ထွက် လာခြင်း ဖြစ်သည်။ ဂျိုင့်ထည့်လျှင်လည်း မိခင်က ရိပ်မိမည်ဖြစ် သည်။ ထို့ကြောင့် ဈေးဝယ်လာပြီး ဤအိမ်၌ အသင့်ရှိနေသော ခြောက်အခြမ်းနှင့် ချက်ပြုတ်လိုက်ခြင်းဖြစ်သည်။ မယ်မယ်ရရ တော့ မဟုတ်။

ကတ်ကတစ်ကြော်နှပ်နှင့် ပန်းပွင့်ကြော်သာရှိသည်။

"နှစ်ယောက်စာ ရှိလို့လား"

"ရှိပါတယ် ခဏစောင့် ကျွန်မ ပြင်လိုက်မယ်"

"ကျွန်တော်ပါ ဝိုင်းပြင်ပေးမယ်"

"ရတယ်. . နားနေ"

စကားတွေက ပျော့နွဲ့မနေ၊ ရင်းနှီးမှု မပါပေမယ့်. .

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



စေတနာတွေကတော့ ပါနေကြသည်။

ဒေါ်စိန်ကို ချက်လုပ်ခိုင်းထားသော ငါးကျည်းကြပ်တိုက်ခြောက် အစပ်ကြော်နှင့် သရက်သီးကုလားတည်ကတော့ အရံဟင်းအဖြစ် ရှိနေသည်။ ရေနွေးကြမ်း ခပ်လိုက်သည်။

ထမင်းဝိုင်းကို လျင်မြန်စွာ ပြင်လိုက်သည်။ ဧည့်ခန်းထမင်းစားခန်းက တဆက်တည်းဖြစ်သည်။ ထို့ကြောင့် မိုးနီလာ၏ လှုပ်ရှားမှုကို တွေ့မြင်နေရတော့ သူ ဇိမ်နှင့် ထိုင်မနေချင်ထလိုက်ပြီး ဟိုဟာကူသယ်၊ ဒီဟာကူသယ် လုပ်ပေးတော့သည်။

"ရတယ် ထိုင်နေပါဆို"

"မြိန့်မြိန့်ကြီး မနေတတ်ဘူး"

"ကျွန်ဇာတာ ပါတာလား"

"ခင်ဗျားလို နေမှာပေါ့"

အငေါ်တူးစကားများ ဖြစ်သော်လည်း ဂုဏ်ရောင်ရင်ထဲ ကြည်နူးသလို ခံစားရသည်။

ထို့အတူ မိုးနီလာသည်လည်း သာယာမိသည်။

မိုးက ခြိမ့်ခြိမ့်သဲ သူတို့ကို ကောင်းချီးပေးနေသည်။

ဇွန်းခက်ရင်းဖြင့်ပင် စားသောက်ကြသည်။ မိုးနီလာသထုံသူပီပီ ငါးခေါင်းအရိုးကို ညက်အောင် ဝါးစားလိုက်ချင်သည်။ သို့သော် ဂုဏ်ရောင်က အစားအသောက် အနေအထိုင်သန့်ပြန့်သည်။

နေပါစေတော့၊ ငါးခေါင်းနှင့်အရိုးကို ခွေးပဲ ကျွေးလိုက်တော့မည်။

"စားနော် ရှက်စရာမလိုဘူး၊ ထပ်ထည့်ဦး"





"ဘာကိစ္စ ရှက်ရမှာလဲ ထည့်မှာ"

မိုးနီလာက ထမင်းအုပ်ကို ဂုဏ်ရောင်အနီး တိုးပေးလိုက်သည်။ ခူးခပ်မထည့်ပေး။

ဂုဏ်ရောင်တွေးမိသည်။ မိုးညိုညာဆိုလျှင် ခူးခပ်ထည့်ပေးလိမ့်မည်။ မိုးနီလာဆိုလျှင်တော့ ထမင်းလက်ဆုံစားခွင့်မျိုးကြုံဖို့ပင် လွယ်ကူလိမ့်မည် မဟုတ်ချေ။

"ဗိုက်ဆာဆာနဲ့ စားလိုက်တာ၊ ထမင်းမှ ကျန်တော့ရဲ့လား မသိဘူး"

ဂုဏ်ရောင်က နှစ်ပန်းကန်မောက်မောက် စားအပြီး၌ အရှက်ပြေ ပြောလိုက်သည်။

မိုးနီလာက အားမနာစွာဖြင့်. . .

"မကျန်တော့ဘူး၊ ည မနက်စာ ချက်ထားတာ၊ ညနေတော့ အိမ်ပြန်စားရမလား၊ အလုပ်သမားတွေထဲ ထည့်ချက်ခိုင်းရမလားပဲ"

ပန်းကန်များ ဆေးကြောရင်း ပြောလိုက်သည်။

"အိမ်ပြန်မအိပ်ဘူးလား"

"ဧည့်သည်တွေ လွတ်လွတ်လပ်လပ် နေရအောင် ပြန်မအိပ်တော့ဘူးလားလို့ စိတ်ကူးထားတာ ဒါပေမယ့် ပြန်မှာပါ၊ ဧည့်သည်တွေနဲ့ တွေ့ရဦးမှာပဲ"

ဂုဏ်ရောင်က ခုမှ စိတ်အေးသွားသလို သက်ပြင်းချလိုက်သည်။ မိုးကလည်း သဲသဲမဲမဲပင်။

"စေ့စပ်ရက်က သဘက်ခါနော်"

"ဟုတ်မယ်ထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com

"ဟင်. . ရှင်က သေသေချာချာ မသိဘူးလား"

"မေမေတို့ စီစဉ်နေတာပဲ"

မိုးနီလာသည် စေ့စပ်ပွဲအတွက် အားတက်သရောမရှိသော ဂုဏ်ရောင်ကို နားမလည်နိုင်အောင် ဖြစ်မိသည်။

ကျွဲကောသီး အခွံခွာကျွမ်းကျင်သော မိုးနီလာကို ကြည့်ကာ သူ တအံ့တသြ ဖြစ်မိသည်။ ကျွမ်းကျင်ရာလိမ္မာ ဟူသော စကားအရ ဒေသထွက်ကုန်နှင့် ပတ်သက်၍ ကျွမ်းကျင်ခြင်းက အံ့အားသင့်စရာတော့ မဟုတ်ပါဘူးဟု ထင်သော်လည်း မိုးနီလာချက်ထားသော ငါးကြော်နှပ်နှင့် ပန်းပွင့်ကြော်ကိုပင် ကောင်းလွန်း၍ သူ ခံတွင်းတွေ့ခဲ့သည်။

မိုးနီလာသည် အိမ်ထောင်ဦးစီး တစ်ယောက်ပမာ စီးပွားရေးလည်း ယောကျ်ားများနှင့်တန်းတူ အရှာအဖွေကောင်းသလို အိမ်တွင်းမှုကလည်း မညံ့ဖျင်းချေ။

"ဒေါ်မိုးနီလာနဲ့ စာချုပ်စာတမ်းချုပ်ပြီး စရံငွေပေးဖို့အတွက်ကကော ရှုပ်ထွေးဦးမလား"

"မလိုပါဘူး. . ၊ ဘယ်ရက်မဆို ဘယ်အချိန်မဆို ဖြစ်ပါတယ်၊ ကံဉာဏ် ဝိရိယသာ အဓိကပါ၊ ရှင်ကကော ရက်ရွေးထားလို့လား"

"မရွေးပါဘူး၊ ဒါပေမယ့် မေမေတို့ မင်္ဂလာရက်ရွေးတဲ့ ရက်ကောင်းရက်မြတ် မနက်မှာပဲ စာချုပ်ချုပ်လိုက်ရအောင်"

"ကောင်းသားပဲ"

ကျွဲကောသီးအမွှာကို အမြောင်းလိုက် ပုံမပျက် ခွာထေး ထားနိုင်သော မိုးနီလာ၏ လက်ရာကိုကြည့်ပြီး. . .





"ဟင်. . ခင်ဗျားလည်း ခွာတတ်တယ်၊ ကျွန်တော်က ညီညာတို့ ဒေါ်စိန်တို့ပဲ ခွာတတ်တယ် အောင်းမေ့နေတာ"

"ရှင်က. . ကျွန်မကို တော်တော်အထင်သေးထားပုံရတယ်"

ဂုဏ်ရောင်က ပြုံးကာ. .

"မဟုတ်ပါဘူး၊ ပြင်ပစီးပွားရေးပဲ လုပ်နေရတော့ အိမ်အလုပ်တွေ မလုပ်တတ်ဘူး ထင်လို့ပါ"

"ဘာထူးသေးသလဲ. . ကဲ စား"

မွန်ပြည်နယ်ထွက် ကျွဲကောသီးများ၏ အရသာကိုတော့ ဂုဏ်ရောင်က ဟိုတစ်ခေါက် လာကတည်းက သိပြီးသားဖြစ်သဖြင့် နှစ်နှစ်ခြိုက်ခြိုက်ပင် စားလေသည်။

စားသောက်ပြီးသည့်တိုင် မိုးစဲမည့် အရိပ်အရောင်ကို မမြင်ရသေးသဖြင့် မိုးနီလာက. . .

"မိုးကတော့ စဲမယ့်ပုံ မရှိဘူး၊ ကျွန်မတို့ ပြန်မှဖြစ်မယ်"

"ဟုတ်တယ် မျှော်နေကြမယ် ထင်တယ်"

"ရှင် အရင်ပြန်နှင့် ကျွန်မ နောက်ကလိုက်ခဲ့မယ်"

"ဒီလောက် မိုးကြီးနေတာ ခင်ဗျားကို နောက်မှာထားလို့ ဘယ်ဖြစ်မလဲ၊ ကျွန်တော် နောက်က လိုက်ခဲ့မယ်"

"ကျွန်မက ဒေသခံ. . ရှင်က၊ မထူးပါဘူး. . တူတူပဲပြန်ကြမယ်"

ပြောပြောဆိုဆို တံခါးပိတ်ပြီး အပြင်ထွက်ခဲ့ကြသည်။

မိုးကာမပါသော ဂုဏ်ရောင်ကို ကြည့်ပြီး. .

"ရှင် ကျွန်မ မိုးကာဝတ်"


www.burmeseclassic.com

www.burmeseclassic.com


"အမိပ္ပါယ်မရှိတာ ကျွန်တော်က ယောက်ျားပဲ"

"ယောက်ျားပေမယ့် ရှင်က စေ့စပ်ပွဲရှိသေးတယ်၊ ဖျား နာနေတော့ ကောင်းမလား"

"အရေးမပါတာ၊ ရတယ်. . သွားမယ်၊ လာ. ."

ဂုဏ်ရောင်က ပြောပြောဆိုဆို ဆိုင်ကယ်စက်နှိုး ထွက် သွားသည်။ မိုးနီလာ မိုးကာဝတ်လိုက်ပြီး ဆိုင်ကယ်စက်နှိုးကာ သူ့နောက်သို့ လိုက်ခဲ့သည်။

ဂုဏ်ရောင်က ဖြေးဖြေးစီးရင်း သူ့ကိုစောင့်သည်။ မိုး နီလာက သူစောင့်နေလျှင် မိုးရေထဲ ပိုကြာမည်စိုးသဖြင့် သူ့ နောက်နားကပ်၍ ထပ်ချပ်မကွာ လိုက်ခဲ့ရလေသည်။

ဂုဏ်ရောင်၏စိတ်ကို မိုးနီလာ နားမလည်နိုင်သော် လည်း မိမိစိတ်ကိုတော့ သိနေလေပြီ။ ဂုဏ်ရောင်နှင့် နီးကပ် ခြင်းအတွက် ဝမ်းနည်းသည့်ကြားက ကျေနပ်နေသည်။ ညီမနှ မစေ့စပ်သေးခင် ကာလအထိတော့ မိုးနီလာစိတ်ထဲ ဖြစ်ပေါ် သော ချစ်စိတ်ကလေးကို လွှတ်ထားလိုက်ချင်သည်။

ဒီကြားထဲ ဆိုင်ကယ်က ရပ်သွားသည်။ ဂုဏ်ရော ဆိုင်ကယ်ဘေးချပြီး ကြည့်လိုက်သည်။ ဓာတ်ဆီကုန်တာ ဖြ နေသည်။

"ကမန်းကတန်း ဆွဲထွက်ခဲ့တာ ဓာတ်ဆီဒိုင်ခွက်တော မကြည့်လိုက်မိဘူး၊ ဘယ်လိုလုပ်ကြမလဲ"

မိုးနီလာက ဘေးဘီသို့ ကြည့်လိုက်သည်။ လမ်းဘေ အိမ်တစ်အိမ်သို့ အပ်ထားရန် ဆုံးဖြတ်ပြီး. . .

"ဟိုနားက အိမ်နားတွန်းသွားပြီး အပ်ထားခဲ့မယ်၊ ပြီး



ကားနဲ့ လွှတ်ယူခိုင်းလိုက် ဒီဆိုင်ကယ် ရှင်ယူသွား၊ ကျွန်မ အဲဒီ အိမ်မှာ စောင့်နေမယ်"

မိုးနီလာ ဆုံးဖြတ်ချက်ကို ဂုဏ်ရောင် ဘဝင်မကျ။

"ကျွန်တော်နဲ့ လိုက်စီးလိုက်ပါလား၊ ခင်ဗျား မိုးစိုနေပြီ"

မိုးကာအင်္ကျီက အပေါ်ဝတ်ပဲဖြစ်သည်။ ဂျင်းဘောင်းဘီ တစ်ထည်လုံး ရွှဲနေပြီ။

"ရှင် စကားမများပါနဲ့၊ ကျွန်မက အရေးမကြီးဘူး၊ ရှင်က အရေးကြီးတယ်"

"ဒီလိုဆို ခင်ဗျားပြန် ကျွန်တော် စောင့်နေမယ်"

"ကျွတ် တယ်စကားပြောရ လက်ပေါက်ကပ်တဲ့လူပဲ၊ ရှင်နဲ့ လိုက်စီးလို့ သင့်တော်ပါ့မလား"

"ဘာဖြစ်လဲဗျ၊ နေဗျာ. . ခင်ဗျား အိမ်မြန်မြန်ပြန်တော့ ကျုပ် ဒီမှာပဲစောင့်နေမယ်"

အိမ်ခြံဝန်း အဝင်ဝ၌ စကားများနေကြသည်။ မိုးနီလာ အလျှော့မပေးဘဲ. . .

"ဒီလိုဆို ကားကြုံစီးပြီး ပြန်ခဲ့မယ်၊ ရှင်ပြန်နှင့်"

"ဒေါ်မိုးနီလာ ခင်ဗျားကို ကျုပ် ကိုက်မစားဘူး၊ လိုက် . . ."

မိုးနီလာ ဂုဏ်ရောင်ကို ကြည့်လိုက်သည်။ မိုးစက်များ ထားသဖြင့် နီရဲနေသော မျက်နှာသည် ဟဲလ်မက် လွတ်နေ သော မျက်နှာပြင်တစ်ဝိုက်၌ ပေါ်နေသည်။

မိုးနီလာအား စူးစူးရဲရဲကြည့်နေသော မျက်လုံး၌ မကျေ ခြင်း အရိပ်အယောင်တို့က ပြည့်လျှမ်းနေလေသည်။


www.burmeseclassic.com

www.burmeseclassic.com

မိုးနီလာ အလျှော့ပေးလိုက်သည်။

ခြံဝင်းအတွင်း အကူအညီတောင်းကာ ဆိုင်ကယ်ကိုဗွာ၏ စူးစမ်းစွာကြည့်ခြင်းကို ခံလိုက်ရသည်။

အပ်နှံထားလိုက်သည်။ ခြေတံရှည် မြေစိုက် အိမ်အောက်ထပ်တွင် ဆိုင်ကယ်ထားလိုက်ခြင်းဖြင့် လာယူသည့်သူလည်း မြင်နိုင်သည်။

နောက် မိုးနီလာ ဆိုင်ကယ်ကို ဂုဏ်ရောင်က မောင်းပြီး ဂုဏ်ရောင်နောက် မိုးနီလာ လိုက်ပါခဲ့သည်။

အသားချင်း မထိစပ်၍ မရ။

မိုးနီလာ ရင်ခုန်လာသည်။ သူ့ခါးကို သိုင်းဖက်ကာ ကြောပြင်ကို ပါးနှင့်အပ်ကာ နွဲ့လျက် လိုက်ပါချင်သည့်စိတ်ကို မနည်း ထိန်းချုပ်ထားလိုက်ရသည်။

ယောက်ျားတစ်ယောက်လို လှုပ်ရှားဦးဆောင် နေ... သော်လည်း မိုးနီလာလည်း မိန်းမသားပေပဲ၊ အားကိုးအားထား ရသူတစ်ယောက်၏ ရင်ခွင်၌ အေးချမ်းစွာ နားခိုနေထိုင်သွား ချင်သည်ပင်။ သို့သော်. .

ထိုစိတ်ကူးယဉ် တမ်းတမှုတို့သည် မကြာခင် ပျောက် ဆုံးတော့မည်။

ကိုယ်ပဲ ဘုရင်မအဖြစ် လောကကြီးကို ရဲရဲရင့်ရင့် ရင် ဆိုင်သွားရုံမှအပ အခြားမရှိပြီ။

ချစ်ခြင်းနှင့်အတူ မှီခိုအားထားလိုစိတ်တို့သည် ဂုဏ် ရောင်နှင့်အတူ လိုက်ပါသွားတော့မည်ဖြစ်သည်။

လူမှုရေးစည်းက မကြာမီ ခြားတော့မည်ပင်။

သူတို့နှစ်ဦး အိမ်ပြန်ရောက်တော့ မျက်လုံးပေါင်းများ





မိုးမိလာသော ဂုဏ်ရောင်အတွက် ဂုဏ်ရောင်မိဘများ သဲသဲလှုပ်နေစဉ်မှာပင် မိုးနီလာက ဒရိုင်ဘာကိုခေါ်ကာ ဆိုင် ကယ်သွားယူရန်နေရာကို လမ်းညွှန်ပြီး ခိုင်းလိုက်လေသည်။

ထို့နောက်. . .

"အကျီသွားလဲပြီးမှ အားလုံးနဲ့ တွေ့တော့မယ်နော်၊ ကျွန်မကို ခွင့်ပြုပါဦး"

မျက်နှာစိမ်းအားလုံးကို ခြုံငုံနှုတ်ဆက်ပြီး အပေါ်ထပ်သို့ ပြေးတက်ခဲ့လေသည်။

တကယ်တမ်း မိုးနှင့်အတူ မိုးနီလာ၏ မျက်ရည်စက် များ မျောပါသွားခြင်းကို ဘယ်သူမှ မြင်တွေ့သိမြင်လိုက်ကြမည် မဟုတ်ချေ။


www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၁)

"မပြင်မဆင်ဘဲနဲ့ကို အတော်လှတဲ့ မိန်းကလေးပဲ"

လူပျိုကြီး စာရင်းဝင်နေသော မောင့်စကားကြောင့် ဂုဏ်ရောင် တအံ့တဩ ဖြစ်သွားရသည်။ ကိုမောင်သည် မိန်းမတွေကို စိတ်ဝင်စားခဲ့သည်။ ခု မိုးနီလာကို စိတ်ဝင်စားသည် ဆိုတော့...။ ထိန်ဝင်းကလည်း အားကျမခံ။

"ဓာတ်ပုံထဲမှာလည်း လှတာပဲဗျ၊ ကိုမောင်နဲ့ကျွန်တော် ကျားဗိုလ် ဆွဲရလိမ့်မယ်ထင်တယ်"





ဂုဏ်ရောင်က တေမိလုပ်နေလိုက်သည်။ မိုးနီလာကို မတွေ့ရသဖြင့် မိုးနီလာရှိရာ ရာဘာခြံကို 'အလုပ်ကိစ္စ ဆွေးနွေးရန်'ဟု အကြောင်းပြကာ လိုက်သွားခဲ့သည်။

မိုးနီလာနှင့် စကားပြောရတာ အဆင်မပြေသော်လည်း ထိုအဆင်မပြေမှုကိုပင် ဂုဏ်ရောင် စိတ်လှုပ်ရှားစွာ ပျော်ရွှင်ကြည်နူးမိသည်။

မိုး သည်းသည်းမည်းမည်းကြား ဆိုင်ကယ်တစ်စီးစီးစီးခဲ့ကလည်း သူကျော်တက် ကိုယ်ကျော်တက်နှင့် သွားလာခြင်းကိုလည်းကောင်း၊ တစ်စီးတည်း နှစ်ယောက်အတူစီးတော့ ပြောဖွယ်ရာ မရှိတော့။ ရင်ခုန်ခြင်းတို့ မွေးဖွားလာသည်။

မိုးနီလာသည် မိန်းမတစ်ယောက်ပင် ဖြစ်သည်ဟု သူ ကောင်းစွာ တွေ့မြင်လိုက်သော်လည်း နောက်ကျသွားလေပြီ။

မနက်ဖြန် စေ့စပ်ပွဲ ကျင်းပတော့မည်။ ဧည့်ခန်းကိုပင် အကျအန ပြင်ဆင်နေသည်။

မိုးညီညာက မီးဖိုချောင်က မထွက်...

လူကြီးတွေက ဘုရားသွားဖူးကြသည်။

"ကိုမောင်နဲ့ ထိန်ဝင်းကို ဖက်တီး လိုက်ပို့ပေးလိုက်ပါလားကွ"

ဖက်တီးက...

"ငါက ဘယ်ကိုပို့ပေးရမှာလဲ"

"ဘုရားတွေပေါ့ကွာ"

"မင်းကကော"

"ဝိုင်းလုပ်ပေးလိုက်ဦးမယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



မိုးနီလာကိုတော့ မိုးလင်းကတည်းက မတွေ့ရတော့ချေ။ မနေ့ကလည်း လူကြီးတွေနှင့် မိတ်ဆက်ပေးပြီးနောက် လိုအပ်တာတွေ ဝိုင်းလုပ်ပေးသည်။ မိုးစဲပြီး နေထွက်လာသည်နှင့် ပျောက်ကွယ်သွားသည်။ မိုးချုပ်မှ ပြန်လာသည်။ မိုးလင်းတော့ မရှိတော့။

"ကုန်ကြမ်းလာယူမယ့် ကားတွေ ရှိနေလို့"ဟု သူ့မိခင်ကတော့ ပြောသည်။

"ငါတို့လည်း ဝိုင်းလုပ်ပေးမယ်၊ ပြီးမှ အတူသွားကြတာပေါ့၊ ရာဘာခြံလည်း သွားချင်သေးတယ်"

ထိန်ဝင်း စကားအသွားအလာကို သူ သဘောပေါက်လိုက်သည်။ သူတို့ မိုးနီလာကို စိတ်ဝင်စားနေကြပြီ။

မိုးနီလာအတွက် သူ့မိခင် မျှော်မှန်းထားသည့်အတိုင်းဆိုပါက တစ်ဦးက ဆရာဝန်၊ တစ်ဦးက ဗိသုကာအင်ဂျင်နီယာ၊ နှစ်ဦးစလုံး သင့်ဇော်သော ရွေသမက် ဂုဏ်သမက် ဖြစ်သည်။

"သွားချင် သွားပေါ့. . ဖက်တီးသိတာပဲ၊ လိုက်ပို့ပေးလိမ့်မယ်"

"မင်းမပါတော့ ကောင်းပါ့မလား ညီလေး"

ကိုမောင်က ဝင်ပြောလိုက်သည်။

ဂုဏ်ရောင် စိတ်တွေထွေနေပြီ။

မိုးညီညာကလည်း ရှက်အားပိုကာ ရှောင်ဖယ်ဖယ် ဖြစ်နေသည်။ မိုးနီလာကလည်း အလုပ်အကြောင်းပြကာ ရှောင်သည်။

အိမ်ကြီးတစ်အိမ်၌ လုပသော မိန်းမပျိုများ၏ လှုပ်ရှားမှု





ကင်းကွာနေပါက သူတို့လို ကာလသားတို့အတွက် ငေါင်းစင်းခင်း ဖြစ်နေရသည်မှာ သေချာသည်။

မည်သို့ဆိုစေကာမူ ပန်းရှိရာ ပိတုန်းလိပ်ပြာ လိုက်ဝဲပျံရပေမည်။

"ကောင်းပါတယ် ဖက်တီးပါတာပဲ၊ သွားချင်သွား. . မသွားချင်နေဗျာ၊ ကျွန်တော် ညီညာကို လိုက်ရှာလိုက်ဦးမယ်"

ဧည့်ခန်းထဲမှ သူ ထွက်ခဲ့သည်။ မီးဖိုဖက်ရောက်တော့ ဒေါ်စိန်နှင့် လာရောက်ကူညီလုပ်ကိုင်ပေးသော အမျိုးသမီးများကိုသာ တွေ့ရသည်။

"ဒေါ်စိန် ညီညာကော"

"ခေါင်းကိုက်လို့တဲ့ ဆေးသောက်ပြီး သွားအိပ်တယ်၊ ထင်တယ်၊ လူလေး ဘာလိုချင်လို့လဲ ဒေါ်စိန်ကိုပြောလေ"

"ဘာမှမလိုချင်ပါဘူး၊ ညီညာနဲ့ စကားပြောမလားလို့ပါ"

ဂုဏ်ရောင်စိတ်ထဲ တစ်မျိုးဖြစ်သွားသည်။ ဤမျှ ရှက်တတ်သော မိန်းကလေးမျိုးနှင့် လက်ထပ်ရတာ အဆင်မှ ပြေပါ့မလား။ ပြီးခဲ့သောအခေါက်က လာစဉ်က ညီညာသည် ထိုသို့မဟုတ်၊ သူ့အား အစ်ကိုတစ်ယောက်ပမာ ရဲရဲတင်းတင်း ပြောဆိုသွားလာခဲ့လေသည်။

ယခုအခေါက် ထိုသို့မဟုတ်၊ နှစ်ယောက်ချင်းပင် မျက်နှာချင်း မဆိုင်ရသေး။

"ဒေါ်စိန် ခေါ်ပေးရမလား"

"နေပါစေ"

ဂုဏ်ရောင် ဧည့်ခန်းသို့ ပြန်ထွက်လာသည်။ ဒေါ်မိုးသွယ်



www.burmeseclassic.com

www.burmeseclassic.com



ဦး၏အိမ်က ကျယ်ဝန်းလှသည်။ အောက်ထပ် ဧည့်ခန်းနှစ်ခန်း၌ သူတို့လေးယောက်ကို တစ်ခန်း၊ ဘဘနှင့် ကြီးကြီးကို တစ်ခန်း ပေးထားပြီး သူ့မိဘနှစ်ပါးကိုတော့ အပေါ်ထပ် အိပ်ခန်းတစ်ခန်း ပေးထားသဖြင့် သူတို့တွေ တစ်စုတဝေးထဲ တည်းခိုနိုင်သည်။

သူ ဧည့်ခန်းရောက်တော့ ဧည့်ခန်းတွင် ဘယ်သူမှ မရှိကြတော့။ ကားသံသာ ကြားလိုက်ရသည်။

သူ တယ်လီဖုန်းနား ထိုင်လိုက်သည်။ မိုးနီလာ ဆိုင်နှင့် ခြံကို ဖုန်းဆက်ရန် ဆုံးဖြတ်လိုက်သည်။ ဒီနေ့ ရာသီဥတုက လည်း ကောင်းသည်ဆိုတော့. . .

"ဟဲလို. ."

"ဒေါ်မိုးနီလာနဲ့ တွေ့ချင်လို့ပါ"

ခြံထဲ အရင်ဆက်လိုက်ခြင်း ဖြစ်သည်။

"အစ်မ ခြံထဲ မလာသေးဘူးရှင့်"

"ဒီနေ့ လုံးဝ မလာသေးတာလား"

"ဟုတ်ကဲ့ရှင့်"

"ဒီနေ့ ကုန်ကြမ်းလာယူမယ့်ကားတွေ ရောက်မယ်ဆို"

"မီးတို့ မသိဘူးရှင့်"

"ဒါဖြင့် သူ ဘယ်မှာရှိနိုင်သလဲ"

"ဆိုင်မှာ ဒါမှမဟုတ် ဒူးရင်းခြံမှာလည်း ရှိနိုင်ပါတယ် ရှင့်"

ဒူးရင်းခြံကအိမ်ကို သူ မရောက်ဘူး၊ သို့သော် အိမ်တစ်လုံး ရှိသေးသည်ကိုတော့ သိနေသည်။

မိုးနီလာ ဘယ်သွားနေသနည်း။





"ကောင်းပြီလေ ဒါပါပဲ"

ဂုဏ်ရောင် ဆိုင်ကိုဆက်ကြည့်လိုက်သည်။ ဆိုင်ကို လည်း မလာတဲ့။ သေချာပြီ ဒူးရင်းခြံ။

ဂုဏ်ရောင် ကားကိုဒေါင်ကို လှမ်းကြည့်လိုက်သည်။ မိမိတို့ ကားတွေမရှိ၊ မိုးနီလာ ဆိုင်ကယ်မရှိ၊ မိုးညီညာ၏ ဆိုင်ကယ်နှင့် ဆပ်ဖ်တစ်စီး ရှိနေသည်။ မနေ့ကလို မိုးမိသွားလျှင် မကောင်း. .

"ဒေါ်စိန်. ."

မီးဖိုချောင် အဝသို့ လှမ်း အသံပြုလိုက်သည်။

"ရှင်. . လာပြီ လူလေး"

ဒေါ်စိန် အနားရောက်လာသည်။

"ညီညာကို သွားကြည့်ပေးပါ၊ ကျွန်တော် သူနဲ့ စကား ပြောချင်တယ်"

မိုးညီညာသည် သူ လက်ထပ်ရမည့် မိန်းကလေးဖြစ်သည်။ မိုးညီညာနှင့်သူ ပွင့်ပွင့်လင်းလင်း ဆွေးနွေးချင်သည်။

"စောစောကပဲ လူလေးက တွေ့ချင်တယ်ဆိုလို့ သူ့ကို သွားကြည့်ခိုင်းပြီးပြီ၊ အိပ်ပျော်နေတယ်တဲ့"

"ဩော်. ."

ဂုဏ်ရောင်စိတ်ထဲ မတင်မကျကြီး ဖြစ်သွားသည်။ မိုးညီညာသည် သွေးအေးသော မိန်းကလေးတစ်ယောက်ပေလား၊ တစ်သက်မှာ တစ်ခါကျင်းပရသည့် မင်္ဂလာပွဲကိစ္စကို လုံးဝစိတ်မဝင်စား ကျောခိုင်းအိပ်စက်နေနိုင်သည်လား။

"ဒါဖြင့် ဆပ်ဖ်ကားသော့ ရှိသလား"



www.burmeseclassic.com

www.burmeseclassic.com



"ရှိပါတယ်"

ဒေါ်စိန်က သော့ချိတ်ထားသည့် နေရာသို့ သွားကာ သော့တစ်ချောင်း ဖြုတ်ယူလာပေးသည်။

"ကျွန်တော် ဟိုနားဒီနား လျှောက်သွားလိုက်ဦးမယ်"

"အေးအေး. ."

"ညနေ ထမင်းစားအမှီတော့ ပြန်လာမယ်၊ မလာဖြစ်လည်း မိုးမချုပ်ခင်တော့ ရောက်အောင်ပြန်လာမယ်"

"လူလေးက လမ်းတွေ သိလို့လား"

"သိပါတယ်"

ဂုဏ်ရောင် ကားတံခါးကိုဖွင့်ပြီး စက်နှိုးလိုက်သည်။ ဓာတ်ဆီဒိုင်ခွက်ကို ကြည့်လိုက်ရသေးသည်။ တစ်ခါသေဖူး ပျဉ်ဖိုးနားလည်နေလေပြီ။ ဆီအပြည့်ပဲ။

ဂုဏ်ရောင် ကားမောင်းထွက်ခဲ့သည်။ ကျယ်ဝန်းသော ဝိုင်းအတွင်းမှ ထွက်ခဲ့သည်။ အပေါ်ထပ် အိပ်ခန်းတစ်ခန်း၏ လိုက်ကာကြားမှ ဖြူဝင်းသော မျက်နှာတစ်ခုကို ရိပ်ခနဲ တွေ့ရသည်။ သူ ပြုံးလိုက်မိသည်။

အိမ်တွင်းပုန်းမလေး ညီညာအပေါ် သူ အပြစ်ယူ၍ မဖြစ်။ အပျိုစင်မလေး၏ အရှက်အကြောက်ကြီးမှုကို သူ ဘာကြောင့် ခွင့်မလွှတ်နိုင်ရမှာလဲ၊ ခွင့်လွှတ်သင့်သည်။

ဂုဏ်ရောင် ဒူးရင်းဆိပ်ဖက်သွားသောလမ်းရှိ မိုးနီလာတို့ ဒူးရင်းခြံဘက်သို့ မောင်းထွက်ခဲ့သည်။ မှတ်ဉာဏ်ကောင်းသော ဂုဏ်ရောင်အတွက်တော့ သိပ် အခက်အခဲမရှိချေ။ တစ်ပတ်ဆိုသော အချိန်ကာလကလည်း မေ့ပျောက်ခြင်းကို မပေး





နိုင်စွမ်း။

လျှောလျှောလျူလျူပင် မိုးနီလာတို့ ဒူးရင်းခြံဘက် ရောက်ခဲ့သည်။

ခြံအလုပ်သမား လေးငါးဦးက ဒူးရင်းသီးများ ခူးဆွတ်နေသည်။ ဒူးရင်း၊ မင်းဂွတ်၊ ကြက်မောက် ကျွဲကော သံပုရာ ဥယျာဉ်ခြံထွက်အသီးအနှံ အစုံအလင်ရှိသော ခြံပင်ဖြစ်သည်။

"ဟော့ မင်းတို့ခြံရှင် ဒေါ်မိုးနီလာ ရှိသလား"

"ရှိပါတယ်"

"အိမ်က ဘယ်မှာလဲ"

"တည့်တည့် ဒီလမ်းအတိုင်းသာ မောင်းသွား၊ မင်းဂွတ်ပင်တွေ ကျော်သွားရင် တွေ့လိမ့်မယ်ခင်ဗျ"

"အေးအေး. . ကျေးဇူးပဲ"

သူ့အား မှတ်မိပုံရသည်။ မမှတ်မိလည်း ကားက သူတို့ခြံရှင်၏ ကားမှန်းတော့ သူတို့သိပေလိမ့်မည်။ ထို့ကြောင့် အစစ်အဆေးမရှိ၊ လမ်းညွှန်ပေးကြသည်။

ဂုဏ်ရောင် မိမိကိုယ်မိမိ နားမလည်နိုင်တော့။

မိုးညီညာအား တွေ့ဆုံရန် မကြိုးပမ်းဘဲ မိုးနီလာနှင့် တွေ့ဆုံရန် ကြိုးပမ်းမိသည်။ ဒါကိုကပဲ မှုမှန်ရဲ့လား။

ခြံထဲ အတော်ဝင်ရသည်။ မင်းဂွတ်ပင်များအဆုံး တစ်ထပ်တိုက်ပုကလေးတစ်လုံး ဘွားခနဲ တွေ့လိုက်ရသည်။ ရာဘာခြံထဲကတိုက်နှင့် တစ်ပုံစံတည်းဖြစ်သည်။ ပေါ်တီကိုအောက် ကားရပ်လိုက်သည်။ ဆိုင်ကယ်က မိုးလွှတ်ရာနားကပ်ကာ ရပ်ထားသဖြင့် ကားကို လွတ်လွတ်ကျွတ်ကျွတ် ရပ်လိုက်နိုင်သည်။

www.burmeseclassic.com



ကားသံကြောင့် ထင်သည်။ တံခါးဝ၌ မိုးနီလာ လာရပ်သည်။ သူ့ကိုမြင်တော့ အံ့အားသင့်သွားသည်။

"ရှင် ဘာလာလုပ်ပြန်ပြီလဲ"

ခရီးဦး ကြိုပုံကတော့ သင်းသည်။

ဂုဏ်ရောင်က. . .

"ဘာလာလုပ်လုပ်ပေါ့ဗျာ"

"ခက်တာပဲ၊ ကျွန်မတစ်ယောက်တည်း တမင်နားချင်လို့ ရှောင်ထွက်လာခါမှ ရှင် ပြန်တော့ရှင်"

ဂုဏ်ရောင်က အရေးမစိုက် မိုးနီလာကို ရှောင်ကွင်းပြီး အိမ်ထဲဝင်ခဲ့သည်။

မိုးနီလာ ကြည့်ရသည်မှာ တစ်မျိုးဖြစ်နေသည်။ မျက်နှာတွေ နီရဲကာ မို့အစ်နေသည်။ အရွေးထည်လည်း ဝတ်ထားသည်။

"ခင်ဗျားတို့ ညီအစ်မက အိမ်ရှင်တွေပါ၊ ဧည့်သည်တွေကို ပစ်ထားပြီး ရှောင်နေတော့ ကောင်းပါ့မလား"

"ဟင်. . ညီညာက ရှင်တို့ကို ပစ်ထားသလား"

"ဟုတ်တယ် လူကြီးတွေ ဘုရားထွက်သွားကတည်းက သူလည်း အိမ်ထဲမှာ ပျောက်သွားတော့တာပဲ"

ဂုဏ်ရောင်က ဆက်တီကုလားထိုင်၌ ဝင်ထိုင်ပြီး ပြောလိုက်သည်။ မိုးနီလာက စိတ်မသက်သာဟန်ဖြင့် သူနှင့် မျက်နှာချင်းဆိုင်၌ ဝင်ထိုင်လိုက်သည်။

"ပျောက်သွားတယ် ဘယ်ကိုသွားတာလဲ"

"အပေါ်ထပ်မှာ ခေါင်းကိုက်လို့ဆိုပြီး တက်အိပ်နေတာ





ဆင်းကို မလာတော့ဘူး"

"ဟင်. ."

"ခင်ဗျားကကော. . ကုန်ကြမ်းတွေက ဘာကုန်ကြမ်းရောက်မှာလဲ၊ ဧည့်ဝတ်ပြုရမှာ စိုးလို့လား"

မိုးနီလာ ခေါင်းခါရမ်းလိုက်သည်။

"တောင်းပန်ပါတယ်၊ ကျွန်မ နေမကောင်းဘူး၊ အားနာလို့"

ဂုဏ်ရောင် စိုးထိတ်သွားသည်။ မိုးနီလာ မျက်နှာနီရဲနေခြင်း၏ အကြောင်းရင်းကို ရိပ်မိလေပြီ။

"ဟင်. . ဒါဖြင့် အိမ်ပြန်လိုက်ခဲ့ပါလား၊ ကိုမောင်က ဆရာဝန်ပဲ"

"အဲဒါကြောင့် တမင်ထွက်ခဲ့တာ"

"ဟင်. ."

"ကျွန်မ. . ကွမ်းရွက်ပြုတ်ရေနဲ့ ဗမာတိုင်းရင်းဆေးပဲ သောက်ထားပါတယ်၊ ဒေါက်တာ ကိုကြိုင်စောနဲ့ မကုချင်ဘူး"

ဂုဏ်ရောင် ဘာလုပ်ပေးရမှန်းမသိ။

"မကုချင်နေ ပြန်လိုက်ခဲ့ဗျာ၊ ဒီမှာ ခင်ဗျားတစ်ယောက်ထဲ ဘယ်စိတ်ချရမလဲ"

"မပူပါနဲ့၊ မလှမ်းမကမ်းမှာ အလုပ်သမားတွေ ရှိနေတာပဲ၊ ကျွန်မ နားနေချင်တယ်၊ မနက်ဖြန်မနက် လန်းလန်းဆန်းဆန်းနဲ့ ပြန်လာခဲ့မယ်"

"မဟုတ်သေးပါဘူး၊ ခင်ဗျားတို့ ညီအစ်မ နှစ်ယောက်စလုံး တစ်မျိုးစီ ဖြစ်နေကြတယ်၊ ကျွန်တော်တို့ ဧည့်သည်တွေ



www.burmeseclassic.com

www.burmeseclassic.com

ဘယ်လောက်အနေခက်မလဲဆိုတာ စဉ်းစားကြည့်လေ၊ ခု. . ဖက်တီး၊ ထိန်ဝင်းနဲ့ ကိုမောင်က ခင်ဗျားနောက် လိုက်ရှာနေကြ တယ်၊ ကျွန်တော်က ညီညာနဲ့တွေ့ပြီး စကားပြောဖို့ ကြိုးစား တယ် ရှောင်နေတယ်၊ ခင်ဗျားကို ပွင့်ပွင့်လင်းလင်း လာမေးတာ၊ ညီညာ ကျွန်တော့်အပေါ် လိုလားရဲ့လား၊ မလိုလားဘူးဆိုရင် အချိန်မီပါသေးတယ်၊ ခင်ဗျား မေးပေးပါလားလို့ ပြောမယ်ဆိုပြီး လာတာ၊ ဒီရောက်တော့ ခင်ဗျားက ဖျားနေတယ်"

မိုးနီလာ ဆတ်ခနဲ အထဌ် ယိမ်းယိုင်သွားသဖြင့် နံရံကို လှမ်းကိုင်လိုက်သည်။

ဂုဏ်ရောင်က ပျာပျာသလဲ မိုးနီလာအနီးသို့ ရောက် သွားပြီး လှမ်းထိန်းလိုက်သည်။

မိုးနီလာ၏ ကိုယ်ငွေ့က ခြစ်ခြစ်တောက် ပူနေသည်။

"ဟာ. . အရမ်းပူနေပါလား၊ ခင်ဗျား တော်တော်ဖျား တာပဲ၊ ပြန်လိုက်ခဲ့ဗျာ. . ခင်ဗျားမပြန်ရင် ကျွန်တော်လည်း မ ပြန်ဘူး"

မိုးနီလာ ပြန်ထိုင်လိုက်သည်။

"ဆေးသောက်ပြီး ချွေးထွက်ချင်လာလို့ပါ၊ တစ်ရေးအိပ် လိုက်ရင် နေကောင်းလာမှာပါ၊ စိတ်မပူပါနဲ့ ဦးဂုဏ်ရောင်၊ ညနေ ဒရိုင်ဘာနဲ့ ကျွန်မကို လာကြိုခိုင်းလိုက်ပါ"

"ခင်ဗျား ကျွန်တော့်ကို အမိန့်ပေးလို့ မရဘူးလေ ဒေါ်မိုး နီလာ၊ ကျုပ်က ခင်ဗျားအလုပ်သမားမဟုတ်ဘူး၊ ခင်ဗျား အိပ် ချင်အိပ် ကျုပ် စောင့်နေပေးမယ်၊ ပြီးမှ အတူပြန်မယ်"

ဂုဏ်ရောင်က မကျေမနပ် ပြောလိုက်သည်။





မိုးနီလာက. . .

"ရှင် ဘာအချိုးချိုးနေတာလဲ၊ ရှင် လက်ထပ်ရမှာက ညီညာ ကျွန်မ မဟုတ်ဘူး၊ ရှင် နားလည်ရဲ့လား ရှင်ပြန်တော့"

အသား တဆတ်ဆတ်တုန်လာကာ သူ့အား ဒေါသတ ကြီး ပြောလိုက်သော မိုးနီလာကိုကြည့်ပြီး သူ့ရင်ထဲ နာကျင် သွားသည်။

တစ်ခုခုတော့ မှားယွင်းနေပြီဟု သူ သိလိုက်ရပြီ။

ထိုမှားယွင်းမှုတွင် ကိုယ့်စိတ်ကိုယ် နားမလည်ခြင်းက အဓိက ဖြစ်ပေလိမ့်မည်။

"ခင်ဗျားဗျာ. . ကျွန်တော့်စေတနာကို စော်ကားတာပဲ"

"အမှန်စကားပြောတာပဲ၊ ရှင် ညီညာ့အနားမှာပဲ ရှိသင့် တယ်၊ ရှင့်ရင်ထဲက စကားတွေကို ညီညာ့ကိုပဲ ပြောသင့်တယ်၊ ကျွန်မကို ဘာမှ ပုဏ္ဏားတိုင်လုပ်စရာမလိုဘူး၊ ရှင်ပြန်တော့ ကျွန်မ နားပါရစေ"

ထိုစဉ် စကားသံကြားလိုက်ရသဖြင့် ဂုဏ်ရောင် ပြတင်း ပေါက်မှ လှမ်းကြည့်လိုက်သည်။

သူ့ကားကို မြင်လိုက်ရသဖြင့် ဖက်တီးတို့ အုပ်စု ရောက် လာပြီဟု သိလိုက်ရသဖြင့် သူက အားတက်သရောပင်၊ အပြင် ထွက်ကာ ကြိုလိုက်သည်။ ရာဘာခြံ အလုပ်သမားတစ်ယောက် က သမ်းပြလုပ်ကာ ခေါ်ဆောင်လာခြင်းဖြစ်သည်။

"လာ ကိုမောင်ရေ၊ ဒီမှာ ဆရာဝန်ကိုကြောက်လို့ ရှောင် နေတဲ့ လူနာဝရန်းပြေး တစ်ယောက်ရှိတယ်၊ လာကြ. . လာ. . လာ"


www.burmeseclassic.com

www.burmeseclassic.com



မိုးနီလာအတွက် ဂုဏ်သိက္ခာကို သူ အတတ်နိုင်ဆုံး ဆယ်တင်လိုက်ရသည်။

မိုးနီလာက ကျောက်ရုပ်သဖွယ် ရပ်နေသည်။

ကိုမောင်က မိုးနီလာကိုကြည့်ကာ မဝံ့မရဲ ဖြစ်သွား သည်။

"မနေ့က အအေးမိသွားတယ်ထင်တယ်"

"ဟုတ်ကဲ့. . ဒေါက်တာ ကျွန်မ အိမ်ပြန်လိုက်ခဲ့ပါမယ် ဒေါက်တာ့ကို အားနာလို့"

"အိုကွယ် အားနာရမယ့် သူတွေလား၊ ကိုယ်က ဆရာ ဝန်ပဲ"

"ဒါဆို တံခါးတွေ ပိတ်လိုက်တော့မယ်နော်"

ရာဘာခြံ အလုပ်သမားက တံခါးများ လိုက်ပိတ်ပြီး မီး ခလုတ်များကိုပါ စစ်ဆေးပေးသည်။

"မောင်ညို မင်း ဆိုင်ကယ်နဲ့ပဲ ရာဘာခြံကို ပြန်လိုက် ပြန်မပို့နဲ့ အဲဒီမှာပဲ ထားလိုက်၊ ကားနဲ့ပဲ လာခဲ့မယ်"

မိုးနီလာက နေမကောင်းသည့်ကြားက စီမံခန့်ခွဲ လိုက်သေးသည်။

နောက် ကားနောက်ခန်းသို့ ဝင်ထိုင်လိုက်သည်။

ဆပ်ဖ်ကားသော့က ဂုဏ်ရောင်လက်ထဲမှာ. . .

ဂုဏ်ရောင်က. . 'ကိုမောင် ကျွန်တော်တို့နဲ့ လိုက် လေ'ဟု ခေါ်လိုက်တော့ ထိန်ဝင်းမျက်နှာ မကြည်လင်တော့ မတတ်သာ။ မိုးနီလာအတွက် အရေးကြီးနေသည်။ မိုးနီလာ တော့ ဘာတစ်ခွန်းမှ မပြောတော့ဘဲ လိုက်ပါလာခဲ့လေသည်။





"လူနာက တစ်ယောက်တည်း မဟုတ်ဘူး ကိုမောင်၊ ညီညာကလည်း ခေါင်းကိုက်လို့တဲ့ဗျ"

"ဧည့်ညှင်းလို့ အိမ်ရှင်တွေ ပန်းဖျားဖျားကုန်တယ် ထင်တယ်"

"မဟုတ်ပါဘူး. . ကျွန်မ တကယ်ပဲ အားနာပါတယ်၊ ကျွန်မ ခုလို တစ်ခါမှ မဖျားဖူးဘူး"

မိုးနီလာအပေါ် ကရုဏာစိတ် ဖြစ်ပေါ်လာသည်။ မ နေ့က သူ လိုက်ခေါ်သဖြင့် မိုးမိကာ ဖျားသွားခြင်း ဖြစ်မည်။

"ကျွန်မ ဧည့်ဝတ်မကျေပြွန်သလို ဖြစ်သွားရင် အား ေး:ကို တောင်းပန်ပါတယ်"

"ရပါတယ်. . ညီမရယ် အစ်ကိုတို့ နားလည်ပါတယ်၊ အိမ်ရောက်ရင် အစ်ကို ဆေးကုသပေးတာ ခံယူဖို့ပဲ တောင်းပန် ပါတယ်"

"ဟုတ်ကဲ့ ကျွန်မ လက်ခံပါတယ်"

"ကိုမောင်နှင့်ကျတော့ ပျော့ပျောင်းညင်သာနေလိုက် သာ။

သူနှင့်ကျတော့ ကျားသစ်မလေးတစ်ကောင်လို မာန်ဖီ ာက် ရှိတတ်သော မိုးနီလာကို နားမလည်နိုင်အောင် ဖြစ်မိ ည်။ မိုးနီလာကို သူ နားလည်စရာ မလို။

သူ နားလည်ရမှာ မိုးညီညာပဲ ဖြစ်သည်ကို ဂုဏ်ရောင် တိမပြုမိခဲ့ချေ။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၁၂)

"မိုးနီလာ နေကောင်းသွားပြီလား"

အပေါ်ထပ်မှဆင်းလာသော မိုးနီလာကို မိုးရေသော သုံးပြီးစ နေရောင်အဝင်၌ ပွင့်အာလာသော နှင်းဆီပန်းတစ်ပွင့် ပမာ လန်းဆန်းစွာ တွေ့မြင်လိုက်ရသဖြင့် ဂုဏ်ရောင်ရင် ကျေနပ်သွားသည်။

အောက်ထပ်ရောက်သည်နှင့် သူက နှုတ်ဆက်လိုက် သည်။





"ကောင်းသွားပါပြီ၊ အားလုံးကို ကျေးဇူးတင်ပါတယ်၊ အထူးသဖြင့် ဒေါက်တာကိုပါ"

"ဘယ့်နှယ် ဒေါက်တာရတာလဲ၊ ဂုဏ်ရောင်တို့ ခေါ်သလို ကိုမောင်လို့ပဲ ခေါ်ပါ"

"ဟုတ်ကဲ့ ကိုမောင် မနက်စာ သုံးဆောင်ကြပြီးပြီလား"

"ပြီးပါပြီ"

"အိပ်ယာထ နောက်ကျသွားပြန်ပြီ"

မိုးနီလာထံမှ အားနာသော ရှက်ပြုံးတစ်ခုကို ခက်ရာ ခက်ဆစ် တွေ့မြင်လိုက်ရသည်။

"မိုးနီလာ တစ်ခုခုစားလိုက်ဦး၊ ပြီးရင်. . ကျွန်တော်နဲ့ စကားပြောရအောင်"

"ဟုတ်ကဲ့. . "

ဂုဏ်ရောင်က မဏ္ဍာပ်တိုင် တက်ပြလိုက်သည်။ ရာဘာ အရောင်းအဝယ်ကိစ္စ စကားပြောစရာ စာချုပ်ချုပ်စရာ ရှိနေ သည်။

"ရှေ့နေနဲ့ တရားသူကြီးက ဘယ်အချိန်လာမှာလဲ၊ ဒေါ် နှယ်ဦး"

"ဆယ်နာရီ ဖိတ်ထားတယ်"

ဂုဏ်ရောင်နားမရှင်း၊ ရှေ့နေနှင့် တရားသူကြီးက ဘာ နည်း၊ သူတို့ အလုပ်ကိစ္စအတွက်က ရန်ကုန်မှာကတည်းက တစ်ခါတည်း စီစဉ်ပြီးသား၊ ပြီးခဲ့တဲ့ အပတ်ကတည်းက မိုးနီလာ က စာကြမ်းစီစဉ်ပြီးသား ဖြစ်သည်။

"ရှေ့နေနဲ့ တရားသူကြီးကို ဘာအတွက် ဖိတ်ထားတာ


www.burmeseclassic.com

www.burmeseclassic.com

လဲ ဖေဖေ၊ သားတို့ အရောင်းအဝယ်ကိစ္စ စာချုပ်က စီစဉ်ပြီး သားပါ"

"အရောင်းအဝယ်ကိစ္စမဟုတ်ဘူး၊ မင်္ဂလာကိစ္စ"

"ဟင်. . စေ့စပ်တာ စာချုပ်စာတမ်း လိုလို့လား ဖေဖေ"

ဂုဏ်ရောင် တအံ့တသြ မေးလိုက်သည်။ ဧည့်ခန်း၌ ဒေါ်မိုးနွယ်ဦး သူ့မိဘနှစ်ပါး၊ ဘကြီးတို့ လင်မယားနှင့် ကိုမောင် ထိန်ဝင်း၊ ဖက်တီးတို့ ရှိနေကြသည်။

မိုးညီညာကတော့ ရှိမနေ၊ မီးဖိုဘက်မှာပဲ ထင်သည်။

"စေ့စပ်မနေတော့ဘူး၊ တစ်ခါတည်း လပ်ထပ်ပေးလိုက် တော့မလို့ ဝါဝင်ဖို့ နှစ်ပတ်ပဲ လိုတော့တယ်"

"ဗျာ. . "

ဂုဏ်ရောင် တုန်လှုပ်သွားသည်။

ဖြစ်ပါ့မလား၊ မိုးညီညာနှင့်သူ တစ်ခါမှ ဒီအကြောင်း မဆွေးနွေးရသေး။

ယောက်ျားလေးဘက်မှ ခါးခါးသီးသီး ငြင်းဆန်လိုက်ပါ က မိန်းကလေးရှင်ကို စော်ကားရာ ရောက်ပေလိမ့်မည်။

ထို့ကြောင့်. . .

"ဒီကိစ္စ ညီညာကော သိရဲ့လား၊ သားတောင် ခုမှသိ တာ"

"သား ခုမှ သိတာဆို၊ ညီညာကို ခုပဲ သွားပြောလိုက် ညီညာလည်း ခုမှ သိလိမ့်မယ်၊ ဟား. . ဟား. . ဟား"

ဂုဏ်ရောင် အူကြောင်ကြောင် ဖြစ်နေစဉ်မှာပင် မိုးနီ လာ ထွက်လာပြီး. . .





"အတော်ပဲ စာချုပ်လက်မှတ်ထိုးမယ်၊ စရံငွေကော ပါတယ်နော်"

"ဒီမှာ အဆင်သင့်ပဲ"

ဂုဏ်ရောင် ခရီးဆောင်အိတ်ထဲမှ ငွေများကို အထပ် လိုက်ထုတ်ကာ စားပွဲပေါ် တင်ပေးလိုက်သည်။

မိုးနီလာ ငွေကို အရင် အုပ်လိုက်ပင် ရေတွက်ပြီးမှ စာချုပ်ကို တစ်ခေါက်ဖတ်ကာ လက်မှတ်ထိုးပေးလိုက်သည်။

"ကျွန်မဘက်က သက်သေအဖြစ် ကိုမောင်ပဲ လက် မှတ်ထိုးပေးပါတော့"

"ဖြစ်ပါတယ်"

ကိုမောင်နှင့် မိုးနီလာအဆင်ပြေနေပြီ၊ ထိန်ဝင်းတော့ ဆန်ပြုတ်ဖြစ်ရလေပြီ။

မိုးနီလာ ခေါ်ထားပုံရသော မန်နေဂျာ ရောက်လာပြီး ငွေကိုယူကာ ဘဏ်သို့ သွားသွင်းစေသည်။ ဂုဏ်ရောင် မီးဖိုဖက် မရောင်မလည် ထွက်ခဲ့သည်။ မိုးညီညာကို မတွေ့။

"ဒေါ်စိန် ညီညာကော"

"ခြံထဲ ဆင်းသွားတယ်၊ ဒီအနောက်ဘက်က သရက်ပင် ကြီးအောက်မှာ ရှိလိမ့်မယ်"

ဂုဏ်ရောင်တို့အတွက် အရေးကြီးသောအချိန် ရောက် လေပြီ။ သရက်ပင်ကြီးအောက် အရောက် ကွပ်ပျစ်ပေါ် ထိုင်ကာ ...မွေးထိုးရင်း မျက်ရည်ကျနေသော ညီညာကို တွေ့လိုက်ရ သည်။

"ညီညာ"


www.burmeseclassic.com

www.burmeseclassic.com



သူ့အသံကြောင့် ဆတ်ခနဲ တုန်သွားပြီး ဘီလူးသဘက်တွေ့သလို ထိတ်လန့်တကြားကြည့်လိုက်သည်။

"မင်း ဘာဖြစ်နေတာလဲ"

"ဟို. . ဟို. . ဘာမှမဖြစ်ဘူး၊ ကြောက်လို့"

ဂုဏ်ရောင် စိတ်တိုသွားသည်။

"ဘာကြောက်စရာ ရှိသလဲ၊ ကြောက်လို့ဆိုပြီး ရှောင်နေတာနဲ့ ဒီပြဿနာက ပြီးသွားမှာလား"

မိုးညီညာက ဘာမှမပြော၊ ခေါင်းကိုသာ သွင်သွင်ငုံ့ထားသည်။ မျက်ရည်များကလည်း တစ်ပေါက်ခြင်း ကျလာသည်။

"ခု ပြဿနာက ပိုကြီးလာပြီ၊ စေ့စပ်မှာ မဟုတ်ဘူး. . တစ်ခါတည်း လပ်ထပ်ပေးတော့မှာတဲ့"

"ခု. . ခုနမှသိတာ"

"ဒါဖြင့် မင်း လက်ခံသလား"

"ညီညာကြောက်တယ် မပြောရဲဘူး"

ဂုဏ်ရောင် စိတ်တိုသွားသည်။

"ဘယ်သူ့ကို ကြောက်တာလဲ၊ ငါ့ကို မော့ကြည့်စမ်းညီညာ၊ မင်း ခုချိန်မှာ မပွင့်လင်း မပြတ်သားရင် မဖြစ်ဘူးနော်၊ ဒါ ဘဝတစ်သက်တာအရေး သိရဲ့လား"

"မေမေ့ကိုကြောက်တယ်၊ မေမေက အစ်ကို့ကိုပဲ ယူရမယ်တဲ့. . ညီညာ. . ညီညာ မငြင်းရဲဘူး"

ဂုဏ်ရောင် စိတ်ပျက်လာသည်။

"ညီညာက ငြင်းချင်သလား၊ ရဲရဲတင်းတင်းသာ ဖြေ"





"ဟင့်အင်း. . ဟင့်အင်း ညီညာမသိဘူး၊ ဘာမှ မပြောရဲဘူး၊ ညီညာသဘောနဲ့ ဘာမှ လုပ်ပိုင်ခွင့်မရှိဘူး၊ ညီညာ သေပဲသေချင်တယ်"

ငိုရှိုက်ပြီး နောက်ဖေးဘက် ကြောင်လိမ်လှေကားမှတစ်ဆင့် အပေါ်ထပ်သို့ ပြေးတက်သွားသော မိုးညီညာကို ကြည့်ပြီး ဂုဏ်ရောင် မကျေမချမ်း ကျန်ရစ်ခဲ့သည်။

သိုးမွေးထိုးအပ် သိုးမွေးလုံးမှာ ဖရိုဖရဲလိမ့်ကာ ကျန်ရစ်ခဲ့လေသည်။

"ဦးဂုဏ်ရောင် ဧည့်သည်တွေ ရောက်လာပြီ ညီညာကော"

မိုးနီလာက လှမ်းခေါ်သည်။

"ညီညာကော"

"ခင်ဗျားညီမပဲမေးနေ၊ သေပြီလား မသိဘူး၊ သေချင်တယ်ပဲပြောပြီး အိမ်ပေါ်ထပ် တက်ပြေးသွားတယ်၊ ဘာမှမေးလည်း မရဘူး၊ ပွင့်ပွင့်လင်းလင်းကို မရှိဘူး"

"ရှင် ဘယ်လိုပြောလိုက်တာလဲ၊ ဒုက္ခပါပဲ မေမေသိရင် မိုးမီးလောင်တော့မှာပဲ၊ ကျွန်မ တောင်းပန်ပါတယ်၊ ရှင့်ဘက်က ဘာမှ ဟန်မပျက်နေပေးပါရှင်"

မိုးနီလာထံမှ တုန်လှုပ်မှု၊ တောင်းပန်တိုးလျှိုးမှုကို သူတောင် ရရှိလိုက်လေပြီ။

"သူ ကျွန်တော့်အပေါ် သဘောမကျဘူးဆိုရင် ဒီကိစ္စ ပြီးတော့လုပ်လို့ မဖြစ်ဘူးနော်၊ အချစ်မပါတဲ့ မိန်းမတစ်ယောက်ကို ကျွန်တော် လက်မထပ်နိုင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com

မိုးနီလာ မျက်နှာနီရဲသွားပြီး. . .

"ရက်တာ ဖြစ်မှာပါ၊ ကဲ ရှင်သွားနှင့် ကျွန်မ ညီညာကို သွားခေါ်ခဲ့မယ်"

"ဒေါ်စိန် သွားခေါ်မယ်၊ နီလာက ဧည့်ခံပေးထားလိုက်ဦးလေ"

"ဟုတ်ကဲ့ မြန်မြန်နော် ဒေါ်စိန်"

"ဘာတွေ ဖြစ်ကုန်ပြီလဲဗျာ"

ဂုဏ်ရောင်က ညည်းညည်းညူညူနှင့် အိမ်ထဲဝင်ခဲ့ပြီး ဧည့်ခန်းသို့ ထွက်ခဲ့သည်။

"သူပဲ သတို့သားက"

ဒေါ်မိုးနွယ်ဦးက ဧည့်သည်များနှင့် မိတ်ဆက်ပေးသည်။

ဂုဏ်ရောင်က ငါးခူပြုံးလေး ပြုံးလိုက်ပြီး ကိုမောင်ဘေးတွင် ဝင်ထိုင်လိုက်သည်။

"မနက်ဖြန်ကို. . ဘုန်းကြီးကျောင်းမှာ အာရုဏ်ဆွမ်းကော၊ နေ့ဆွမ်းပါ မင်္ဂလာဦးဆွမ်းအဖြစ် ကပ်မယ်လေ နီလာ၊ ညီညာကော"

"လာမှာပါ မေမေ"

"ထမင်းဝိုင်းကော အဆင်သင့် ပြင်ထားပြီးရဲ့လား"

"ပြီးပါပြီ"

ဒေါ်မိုးနွယ်ဦးကော၊ သူ့မိဘများပါ ရွှင်လန်းတက်ကြွနေကြသည်။

"ကျွန်မတို့လည်း ရန်ကုန်ရောက်တာနဲ့ မင်္ဂလာဆွမ်းထပ်ကျွေးဦးမှာ၊ ဝါကျွတ်မှ ဧည့်ခံပွဲက အကြီးအကျယ်ပေါ့"





ဂုဏ်ရောင်စိတ်က တထင့်ထင့်။ သိပ်တော့ မကြာလိုက်၊ မိုးညီညာ ဆင်းလာသည်။ အပူရုပ်ကို ဟန်လုပ်ကာ နုံ့သာချယ်မှုန်းထားသော်လည်း သူ၏ အတွင်းသဏ္ဍာန်သရုပ်ကို ဂုဏ်ရောင်က မြင်တွေ့ပြီး ဖြစ်သဖြင့်. . .

"ဖေဖေ မေမေနဲ့ အန်တီ၊ သား တစ်ခု ပြောပါရစေဦး"

"ဘာပြောမှာလဲ သားရဲ့"

"သားတို့ လူငယ်တွေ သိထားတာက ဒီနေ့ စေ့စပ်ရုံပဲ သိထားခဲ့တာပါ၊ ခု လက်ထပ်မယ်ဆိုတော့ ကာယကံရှင် မိန်းကလေးကို မေးပါရစေဦး"

မိုးနီလာက မိုးညီညာဘေးတွင် ဝင်ထိုင်လိုက်သည်။

မိုးညီညာက ခေါင်းငုံ့ထားသည်။

တရားသူကြီးက ပြုံးပြုံးကြီးလုပ်ကာ. . .

"လုပ်ထုံးလုပ်နည်းအရ မေးရမှာ ဆိုပေမယ့် နှစ်ဖက်မိဘတွေကိုယ်တိုင် သဘောတူ သက်သေလိုက်နေမှတော့ ဘာမှမေးစရာ မလိုပါဘူး"

"အန်ကယ် မမေးပေမယ့် ကျွန်တော် မေးပါရစေ၊ ညီညာ ကိုကိုတို့ အခုလက်မှတ်ရေးထိုးရမှာနော်၊ ညီညာ သဘောပါရဲ့လား၊ သဘောတူရဲ့လားလို့ ကိုယ်သိချင်တယ်၊ မှန်မှန်ဖြေပါ၊ ခုနေ ကြောက်တယ်ဆိုတဲ့ စကားတစ်ခွန်းနဲ့ မပြီးဘူး၊ ဖြေပါ"

မိုးညီညာ ခေါင်းမဖော်တော့၊ သို့သော်. . သူ့အစ်မမိုးနီလာလက်ကို လှမ်းဆုပ်ကိုင်သောလက်သည် တဆတ်ဆတ် တုန်ခါနေသည်။

မိုးနီလာက သူ့ညီမလက်ကို ပြန်လည်ဆုပ်ကိုင်ကာ. .


www.burmeseclassic.com

www.burmeseclassic.com



"ကိုဂုဏ်ရောင် လူကြားထဲ ရှင်မေးတော့ ရှက်မှာပေ့ါ လက်မှတ်ထိုးစရာရှိ ထိုးမှပေ့ါ မိန်းကလေးရဲ့ အရှက်အကြောက်ကြီးမှုကို ရှင် နားမလည်တိုင်း မေးမနေနဲ့"

မိုးနီလာက ကျားသစ်မလေးသဖွယ် ဘယ်သူ့မျက်နှာကိုမှ မကြည့်ဘဲ ဂုဏ်ရောင်ကို မာန်ဖီလိုက်သည်။

"ခုရုပ်မှ နောင်ရှင်း မိုးနီလာ၊ ကျွန်တော် အိမ်ထောင်ရေးကို ခပ်ပေ့ါပေ့ါ မတည်ဆောက်ချင်ဘူး၊ အထူးသဖြင့် မေတ္တာမပါတဲ့ အိမ်ထောင်ရေးပဲ၊ ညီညာဖြေလေ"

"ဒါဆို ရှင် အရင်ဖြေပါလား၊ ရှင်ကကော သဘောတူသလား"

"ကျွန်တော်က ယောကျ်ားပါ၊ နစ်နာစရာ မရှိဘူး၊ မိဘတွေဆန္ဒဟာ ကျွန်တော့်ဆန္ဒပါပဲ"

ဂုဏ်ရောင်က ပြတ်သားစွာပင် ဖြေလိုက်သည်။

မိုးနီလာက

"ဒါဖြင့် ညီညာကလည်း. . ဟင်"

မိုးညီညာ မျက်ရည်များ အတားအဆီးမဲ့စွာ ရွာသွန်းလေပြီ။

"ညီညာ"

ဒေါ်မိုးနွယ်ဦးအသံ မာဆတ်ဆတ် ထွက်လာသည်။

မိုးညီညာ တုန်လှုပ်သွားပြီး မိုးနီလာကို တအားဖက်တွယ်လေသည်။

အားလုံးမှာ အသက်ရှူရန်ပင် မေ့လျော့နေသည်။

မိုးညီညာမှာ တစ်ကိုယ်လုံး ဖွေးဆွတ်ကာ သွေးမရှိသ





လို ဖြစ်သွားပြီး မေ့မျောသွားလေသည်။

"ညီညာ"

ဒေါ်မိုးနွယ်ဦး ဒေါသတကြီး အထဲ၌ မိုက်ခနဲဖြစ်ကာ ခေါက်ကနဲ လဲသွားလေသည်။

"မေမေ"

"မိနွယ်"

"ဟာ. ."

"ဟင်. ."

အာမေဍိတ်မျိုးစုံဖြင့် မိုးဂေဟာတစ်ခုလုံး ပွက်လောိုက်သွားလေသည်။

ဂုဏ်ရောင်က ပြတ်သားစွာပင်. . .

"သား ညီညာနဲ့ လက်မထပ်နိုင်ဘူးဖေဖေ ခွင့်လွှတ်ပါ"

ဂုဏ်ရောင် အိမ်အပြင်ဘက်ထွက်ခဲ့ပြီး သူ့ကားပေါ်က်ကာ မောင်းထွက်ခဲ့လေသည်။

နောက်မှာ ဘာတွေ ဖြစ်ကျန်ရစ်ခဲ့မည်ကို သူ မသိချင်ဘော့။ ဆရာဝန်တစ်ယောက်လုံး အသင့်ကျန်ခဲ့သည်ပဲ။

မိုးညီညာ၌ လျှို့ဝှက်ချက်တစ်ခု ရှိနေမည်။ ထိုလျှို့ဝှက်ချက်ကို ထုတ်ဖော်ရန် မိခင်နှင့်အစ်မကိုပါ ကြောက်လန့်ကာတ်မှိတ်ခံစားနေရပုံရသည်။

မိုးညီညာ မြို့စိစိနိုင်မှုကြောင့်လည်းကောင်း၊ မိဘတွေ စိတ်မြန်လက်မြန် အလောသုံးဆယ် နိုင်မှုကြောင့်လည်းောင်း၊ ခုလိုအခြေအနေ ဖြစ်သွားရခြင်းဟု သူ သုံးသပ်မိသည်။

သူကား ဘယ်ကိုဦးတည်ရမှန်းမသိ၊ ရာဘာခြံသို့သာ



www.burmeseclassic.com

www.burmeseclassic.com

ဦးတည်လိုက်သည်။ ရာဘာခြံ အလုပ်သမားတွေဆီမှာ သော့တော့ ရှိမှာပါလေ၊ နောက်မှ အဆက်အသွယ်လုပ်ကာ မိဘများကိုခေါ်ပြီး ပြန်တော့မည်ဟု. . .

မင်္ဂလာပွဲ ပျက်သွားတာ သူ့အတွက် ကံကောင်းခြင်းပင်။

☺ အောင်မြင်စာပေ ☺

# အပိုင်း (၃)



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၁၃)

ဒေါ်မိုးနွယ်ဦးသည် ဟတ်ခ်အတက်ခ်(Heart attack ရသွားပြီး သထုံ ပြည်သူ့ဆေးရုံကြီးသို့ အရေးပေါ် တင်ကာ သလိုက်ရလေသည်။

မိုးနီလာက ဖြစ်သမျှအကြောင်း အကောင်းကြီးပဲ မှ ယူကာ ဂုဏ်ရောင် မိဘများကို တောင်းပန်သည်။

"ဖူးစာမပါဘူးလို့ပဲ မှတ်ယူထားပါတယ်၊ သားပြော





မှန်တယ်၊ မေတ္တာမပါတဲ့ အိမ်ထောင်ရေးဟာ မမြဲနိုင်ဘူး၊ အန်တီတို့က သူငယ်ချင်းတွေပဲကွယ်၊ နားလည်ခွင့်လွှတ်ပါတယ်"

မိုးညီညာက ဝန်ခံလေသည်။ သူ့၌ ရည်းစားရှိနေသည်။ သူ့ရီးစားက သဘော်လိုက်နေသည်။ မိခင်က သဘောမတူသဖြင့် ခိုးကြောင်ခိုးဝှက် ဆက်သွယ်နေရသည်။ မိခင်ရောဂါအခြေအနေလည်း သိထားသဖြင့် ဖွင့်မပြောင်းဆန်ရဲကြောင်း တောင်းပန်သည်။ ဂုဏ်ရောင်ကတော့. . .

"ဒီကိစ္စ ငါ့ကို စောစောစီးစီး ဖွင့်ပြောခဲ့ရင် ဒီလိုအဖြစ်မျိုးနဲ့ မကြုံဘူး၊ တကယ်ကွာ. . မင်းကိုပဲ ငါ ဒေါသဖြစ်တယ်. . ၊ ပြန်မယ် မေမေ"

"မေမေနေခဲ့ဦးမယ်၊ မိနွယ်ကို နှစ်သိမ့်ပြီးမှ. ."

"ဟာ မေမေကလည်း တစ်မြို့လုံး သိနေတဲ့ကိစ္စ၊ မေမေ မျက်နှာမပူဘူးလား သားရှက်တယ်"

မိုးနီလာ မျက်စိမျက်နှာပျက်ကာ. . .

"ရပါတယ်အန်တီ ပြန်လိုက်သွားပါ။ အန်တီတို့ ခွင့်လွှတ်နိုင်ရင် မေမေ ကျေနပ်မှာပါ"

မိုးနီလာကို ဂုဏ်ရောင် ကြည့်မိသည်။ မိသားစု သောကဒုက္ခကို ခါးစည်းခံနေရသည့် မိန်းမပါလား။

"ဒီကိစ္စကြောင့် မေမေနဲ့ အဆက်အသွယ် မဖြတ်လိုက်ပါနဲ့ အန်တီ၊ မေမေ စိတ်ထိခိုက်သွားမှာ စိုးလို့ပါ"

"စိတ်ချပါ သမီး"

ဂုဏ်ရောင် မိုးနီလာကို သနားသွားသည်။

"မေမေ နေချင်နေခဲ့လေ၊ ဖေဖေထားရင်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com

"ဖေဖေကော မေမေပါ နေခဲ့မယ်၊ မိန္ဒယ်စိတ်ချရမှ
ပြန်လာတော့မယ်၊ သားရေးသမီးရေးကိုစွ ပျက်သွားပေမယ့် တ
သူငယ်ချင်းတွေကိုစွ ပျက်တာမှမဟုတ်ဘဲ၊ မင်းတို့ ပြန်ကြတော့

ဂုဏ်ရောင်ကတော့ အမှန်တကယ်ပင်၊ ရှက်ဒေါသ
ထွက်နေသည်။

တစ်သက်နဲ့တစ်ကိုယ် ကြုံရမည့် မင်္ဂလာပွဲမှာ လေ
လျှောလျှူလျှူ ဖြစ်မလာခြင်းအတွက် မကျေနပ်နိုင်တာတေ
အမှန်ပင်။

မြို့စိစိနိုင်သော မိုးညိုညာကို ဒေါသစိတ်ဖြင့် မကျေမန
ဖြစ်ကာ မျက်နှာကိုပင် ကြည့်ချင်စိတ် မရှိသဖြင့် ချက်ချင်း
ပြန်ချလာခဲ့သည်။

"မင်း ကံကောင်းပါတယ် ဂုဏ်ရောင်"

ထိန်ဝင်းနှင့်သူက ကားတစ်စီး၊ ဖက်တီးကမောင်း
ကိုမောင်တို့ သားအမိ သားအဖက တစ်စီး ပြန်ခဲ့ကြသည်။

သူ့ မိဘနှစ်ပါးကတော့ မင်္ဂလာပွဲ ပျက်ပေမယ့် သူငယ်
ချင်းကောင်းပီသစွာ စိတ်သဘောထား မြင့်မြတ်စွာဖြင့် လဲ
သူကိုထူပေးရန် နေရစ်ခဲ့ကြလေသည်။

ကားကိုပင် သူ မမောင်းတော့၊ ရင်ထဲ၌ ရှက်ဒေါသ
ဆူပွက်နေဆဲဖြစ်သည်။

"ဘာကံကောင်းတာလဲ. . . ရည်းစားရှိတဲ့ မိန်းမတ
ယောက်နဲ့ လက်ထပ်ဖို့ပျက်တာ ကံကောင်းတာလား ကံသိ
လား"

"စကားမကပ်နဲ့ကွာ၊ ကံကောင်းလို့ ကံသိသိလေ





သွတ်မြောက်သွားတာ"

"ငါ့ကိုမချစ်တဲ့ မိန်းမတစ်ယောက်ကို ယူဖို့စိတ်ကူး ငါ့မှာ
မရှိဘူး၊ ဒါကြောင့် ငါ့စိတ်ထဲ မသက်သာတာနဲ့ ငါ ဖော်ထုတ်လိုက်
တာ တော်ပါသေးရဲ့ ကံသိလို့"

"ကံသိလို့ ကံကောင်းသွားတာလို့ ငါပြောတာပေါ့. . ၊
မသိဘာမသိယူပြီး ကိုယ့်ရင်ခွင်ထဲက မိန်းမက တစ်ပါးသူကို
မ်းတနေတာမျိုးဆို ဘယ်လောက်အခံရခက်မလဲ၊ ခု မင်းကံ
ကာင်းလို့ အဲဒီဝဋ်ဒုက္ခက လွတ်မြောက်သွားတာလို့မှတ်"

ဂုဏ်ရောင် ထိန်ဝင်းနှင့် စကားနိုင် မလုချင်တော့သဖြင့်
မ်နေလိုက်သည်။ သို့တိုင်အောင် ထိန်ဝင်းက မငြိမ်၊ အာချောင်
က်ရှိသည်။

"စိန်ကဲကျောက်ကဲထက် လူကဲခတ်ရခက်တယ်၊ လူကဲ
ာမှ မိန်းမကဲက ခတ်ရအခက်ဆုံးပဲ၊ မိုးညိုညာ ကြည့်ရတာ
အေးအေးဆေးဆေးလေးနဲ့ မထင်ရဘူး၊ ရည်းစားရှိနေပြီ"

"ရှိရင် စောစောစီးစီးကတည်းက သူနဲ့ငါ မောင်နှမလိုပဲ
းလာနေတာပဲ၊ ငါ့ကို ကိုကိုလို့တောင် ခေါ်သေးတာပဲ၊ သူက
က်အခဲကို ငါ့ကို ရင်ဖွင့်ပြလို့ ရပါတယ်ကွာ၊ ခု ငါ့ကို ရှောင်
တယ်၊ ငါက အတင်းလိုက်မေးတော့လည်း မပြောဘူး၊ စော
သိရင် စောစောရှင်းလို့ ရပါတယ်"

"မင်းကွာ အစောကြီးပြန်ချလာတော့ မိုးနီလာခမြာ
းပါတယ်၊ အမေကတစ်ဘက် ညီမကတစ်ဘက် အလုပ်
က တစ်ဘက်နဲ့"

"ဖေဖေတို့ ကျန်ခဲ့တာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"မင်း မတရားဘူး"

"ဘာ မတရားတာလဲ"

"အစ်ကိုနဲ့သူငယ်ချင်း ယှဉ်လိုက်တော့ အစ်ကိုဘက် ပင်းတယ်၊ မိုးနီလာနဲ့ကိုမောင် နီးစပ်အောင် ဖန်တီးပေးတ

"ဘာဖန်တီးလို့လဲ၊ ကံကြမ္မာက သူကဘာသာသူ လာတာပဲ"

ထိန်ဝင်းနှင့်သူက ငယ်သူငယ်ချင်း ဖြစ်သကဲ့သို့ သည်အထိလည်း အတွဲမပျက်ကြသဖြင့် ပြောမနာ ဆိုမနာ ကြသည်။

BURMESE CLASSIC

ဂုဏ်ရောင်စိတ်ထဲ မိုးညိုညာသည် ယခင်ကလ ထင်ဟပ်မနေခဲ့၊ ယခုလည်း လုံးဝကွယ်ပျောက်သွားပြီ ဖြစ်သ နှင့် တစ်ပြိုင်နက် မိုးနီလာက နေရာအပြည့် ယူလာသည်။

အမှန်စင်စစ် ယခင်ကလည်း မိုးနီလာသည်သာ စိတ်ကို စိုးမိုးထားနိုင်ခြင်းဖြစ်ကြောင်း သူ ရိပ်မိစ ပြုလာလေ

"မိုးနီလာဟာ တော်တော်လေး အလုပ်လုပ်နိုင်တဲ့ မိ တစ်ယောက်ပဲ၊ ဒါကြောင့် တော်ရုံယောက်ျားကို အထ အားကိုးမှာ မဟုတ်တာ သေချာတယ်"

"ဟုတ်တယ်၊ အချစ်ကြောင့်သာ အိမ်ထောင် ပြုချ မယ်၊ အားကိုးအားထားအတွက်တော့ အိမ်ထောင်ပြုမှာ မ ဘူး"

ဂုဏ်ရောင် မိုးနီလာအကြောင်း ပြောလိုက်ရသည် ဒင်အတွင်းတော့ မိုးညိုညာကြောင့် ဖြစ်ပေါ်ခဲ့ရသော ရှ သတို့ ပြေပျောက်သွားလေသည်။





"ကိုမောင်ကို မိုးနီလာ စိတ်ဝင်စားသွားတယ်လို့ မင်း င်သလား ထိန်ဝင်း"

"မထင်ချင်ဘူး၊ မထင်ဘူးကွာ. . ငါ့ကိုပဲ စိတ်ဝင်စားစေ င်တယ်"

ထိန်ဝင်းက ဝန်တိုစိတ်ဖြင့် ဘုဂလန့် ပြောလိုက်လေ ည်။ ဂုဏ်ရောင် ပြုံးလိုက်မိသည်။

ဝန်တိုခြင်းဟာ အချစ်စစ်ပါပဲဟု သူပြောလိုက်ချင် ည်။

တော်ပါပြီ နောက်များတော့ ဘယ်လိုအကြောင်းပြချက် ကြောင့်ပဲဖြစ်ဖြစ် သထုံကို လာသည့်အခါ ကိုမောင်ကော ခင်းကောကို အသိပေးတော့မည် မဟုတ်ဟု စိတ်ထဲကြိတ် ဆုံးဖြတ်ချက်ချလိုက်လေသည်။

မိုးနီလာနှင့် ပတ်သက်၍တော့ ဘယ်ယောက်ျားနှင့်မှ တွဲတာကို မတွေ့လိုပါ၊ သူ့ဘာသာသူ အပျိုကြီး လုပ်နေ လည်း လုပ်ပါစေ၊ အေးအေးဆေးဆေး နေပါစေ၊ မိုးနီလာ ထောင်ပြုမည်ဆိုပါက ထိုအိမ်ထောင်ဘက်သည် မိမိကလွဲ ဘယ်သူမှ မဖြစ်စေရ။

ဗုဒ္ဓေါ။

ညီမနှင့် လက်ထပ်ဖို့ကိစ္စက ဟိုးလေးတကျော်၊ ပျက် ဘာကလည်း ဟိုးလေးတကျော်ဖြစ်သည်။

ညီမနှင့်ပျက်ပြီး အစ်မနှင့်ဆိုပါက ဖြစ်နိုင်သလား။ ဖြစ် သလား၊ အဲဒါမှ ဒုက္ခ။

ဂုဏ်ရောင်အတွက် အကြီးအကျယ်ဆုံးသော ဒုက္ခပင်။



www.burmeseclassic.com

www.burmeseclassic.com



မပြတ်သားခြင်းမှာ မိုးညီညာတင်မဟုတ်၊ မိမိပါ တရားခံတ
ဦးဖြစ်သည်။

အစကတည်းက မိမိစိတ်ကို မိုးနီလာ လွှမ်းမိုးထာ
ခြင်းကိုသာ သိရှိနားလည်ခဲ့ပါက မိမိကစတင်ပြီး "မိုးညီညာ
မချစ်ဘူး၊ မိုးနီလာကိုပဲ စိတ်ဝင်စားတယ်၊ မိုးနီလာကိုပဲ တောင်
ပေးပါ"

ဟု ဆိုလိုက်လျှင်. . .

တွေဝေသောစိတ်၊ မှားယွင်းသော အယူအဆများဖြ
ၚင်း၊ အချိန်တိုတောင်းလွန်းသည်ကလည်း တစ်ကြောင်းကြော
သူသည်လည်း မပြတ်သားခဲ့။

ခုတော့. .

မိုးနီလာနှင့် နီးစပ်ဖို့ အရေးက 'အချစ်'တစ်ခုတည်းပ
သာ အားကိုးရန် ရှိတော့သည်။

အချစ်၌ ဂုဏ်ပကာသနမရှိ၊ ကြောက်ရွံ့မှု၊ တွန့်ဆုတ်
တွေဝေမှုမရှိ၊ အချစ်ဖြင့်သာ ပေါင်းဆုံးနိုင်သည်ဟု. . .

"ဟော့ကောင် ငါမေးနေတာ မင်းမကြားဘူးလား"

ထိန်ဝင်းထံမှ အသံကျယ်ကျယ်ကြောင့် ဂုဏ်ရောင်၏
တွေးမျှင်တို့ ပြတ်တောက်သွားသည်။

"ဘာလဲကွာ"

"မိုးနီလာဆီကို နောက်လာရင်"

ဂုဏ်ရောင်ရင်ထဲ ထိတ်ခနဲ ဖြစ်သွားသည်။

"ဘာ. . ဘာကိစ္စ လာရမှာလဲ"

"မင်းတို့ချင်းက အကျိုးတူ ပူးပေါင်းစီးပွားရေးလုပ်င





ကြီးတစ်ခုလုံး ဆက်သွယ်ပေါင်းကူးနေတယ် မဟုတ်လား၊ အဲဒီ
အခါ မင်း သထုံကိုလာရင် ငါ့ကိုအဖော်ခေါ်ဖို့ မမေ့နဲ့ကွာ. .၊
သူငယ်ချင်း အရင်းခေါက်ခေါက်ကြီး အကူအညီ ပေးပါကွာ"

"တော်စမ်းပါ၊ ငါလာစရာ မလိုဘူး၊ အဝယ်တော်တွေနဲ့
ချောင် ကိစ္စပြီးပြီ၊ ပစ္စည်းတင် ကားလွှတ်လိုက်ရုံပဲ"

"အဲ ရုံးပိတ်ရက်နဲ့ကြုံရင် ပစ္စည်းလာယူလဲ လိုက်မယ်
ကွာ"

"ကြားရက်ပဲ လွှတ်မှာ"

ထိန်ဝင်းက. . .

"ငါသိပါတယ် ဂုဏ်ရောင်ရယ်၊ မင်းကိုကြည့်ရတာ ညီမ
ရေ အစ်မဆိုသလို"

"တော်စမ်းထိန်ဝင်း ငါ့ကိုခင်ရင် ဒီအကြောင်းတွေ ဘာ
မှထပ်မပြောနဲ့တော့"

မိုးနီလာကို ထိကပါး ရိကပါး ဖြစ်စေမည့် စကားမျိုး
မှ မကြားလိုပြီ။

ရင်ထဲဝယ် မိုးနီလာ တစ်ယောက်တည်း ထားခဲ့ရခြင်းကို
ကံမကောင်းသလို ဖြစ်မိသည်။ သူ့ခမျာ နေမကောင်း ဖြစ်တာ
ချောင် တစ်ရက်တည်း ဖြစ်ရရှာပြီး နောက်နေ့ အမေနှင့် ညီမ
ကြား ဗျာများရရှာသည်။

တော်ပါသေးရဲ့၊ အဖေနှင့် အမေ ကျန်ခဲ့၍. . .

ဂုဏ်ရောင် သက်ပြင်းချလိုက်မိသည်။

ထိန်ဝင်းက ဂုဏ်ရောင်မျက်နှာ ညှိုးနွမ်းနေမှုကိုကြည့်ပြီး
မေးလေသည်။ ဂုဏ်ရောင်စိတ်ထဲ ဘာတွေ ဖြစ်ပျက်နေသည်ကို



www.burmeseclassic.com

www.burmeseclassic.com



ရိပ်မိသလိုဖြစ်၍. . .

"ဩော်. . ဂုဏ်ရောင် ဂုဏ်ရောင် ဆုတ်လည်းစူး၊ စားလည်းရှုး ဆိုသလို ဖြစ်နေပြီ ထင်ပါရဲ့"

ဂုဏ်ရောင် မကြားချင်ဟန် ဆောင်နေလိုက်သည်။ စကားဆက်နေလျှင် ဆုံးတော့မည် မဟုတ်သဖြင့် မျက်လုံးစုံမှိတ်ကာ အိပ်ချင်ဟန်ဆောင်လိုက်လေသည်။ ရင်ထဲမှာတော့ နာကျင်လျက် ရှိချေပြီ။







# အခန်း(၁၄)

မိုးနိုလာ မိခင်ရှိရာ ဆေးရုံသို့လည်း အပြေးအလွှား ...ား အလုပ်တွေရှိရာသို့လည်း မျက်နှာပြရသေးသည်။ အိမ် ...လည်း ပြန်ကြည့်နှင့် ဟျာယာခတ်ကာ အလုပ်များနေခဲ့သည်။

"ညီညာမျက်နှာ မကြည့်ချင်ဘူး"ဟု မိခင်က ဆိုသဖြင့် ...ညာက မျက်ရည်နှင့်မျက်ခွက်၊ အိမ်ထဲမှာသာနေရပြီး မိခင် ...ဆိုးအပြေကို စောင့်နေရသည်။

မိုးညီညာ ဆရာဝန်များ(Round)လှည့်ချိန်ကို အမိပြန်



www.burmeseclassic.com

www.burmeseclassic.com



လာရသည်။ ဒေါ်အနီက နံနက်ပိုင်း စောင့်ပေးကာ၊ ဒေါ်စိန်က ညနေပိုင်း၊ မိုးနီလာက ညကို ဒိုင်ခံစောင့်အိပ်ပေးလေ့ ရှိသည်။

(၃)ရက်မြောက် နှလုံးခုန်နှုန်း ပုံမှန်အနေအထား ရောက်သွားပြီ ဖြစ်သည်။

ဒူးရင်းသီးလာယူသောကားကို အမိသွားကြည့်ပြီး ငွေသိမ်းပြီး ပြန်လာစဉ် မိခင်အခန်းသို့ မဝင်ခင် စကားသံများကြောင့် ခြေလှမ်း တုန့်ခနဲ ရပ်ဆိုင်းသွားသည်။

"ဘာမှ ဒီကိစ္စ ခေါင်းထဲထည့်ထားစရာ မလိုဘူး မိနွယ်၊ တကယ်ဆို အဲဒီနေ့က နင်သာ မေ့လဲမသွားဘူးဆိုရင် အရှိန်က မင်္ဂလာပွဲတော့ အပျက်မခံနိုင်ဘူး၊ အငယ်မနဲ့မဖြစ်ရင် အကြီးမပဲ ဆိုပြီး တောင်းတော့မလို့ဆဲဆဲ နင်က (Heart attack)ရသွားတော့ အားလုံးခက်ကုန်တာပေါ့၊ ဘာမှ ပြင်ဆင်ချိန်မရလိုက်ဘဲ နင့်အသက်ရှင်ရေး လုံးပန်းလိုက်ရတာ"

"အေးကွယ်. . ငါကိုက မှားတာပါ။ ညီညာရဲ့ ရိုးအမှုကို စိတ်မချတာနဲ့ သူ့ကိုပဲ ဦးစားပေးမိတာ၊ တကယ်ဆို အကြီးမကိုသာ အရွယ်လွန်မှာစိုးပြီး အရင်ဦးစားပေးသင့်တာ၊ ခုတော့ ငါ နောင်တရပြီ၊ ဖူးစာဆိုတာ ဖန်တီးယူလို့ မရပါဘူး၊ ငါလည်း စိတ်ကို ထိန်းချုပ်တတ်ဖို့ လိုပြီ၊ နေကောင်းသွားရင် ရိပ်သာဝင်ဦးမယ်"

"ညီညာကိုလည်း အပြစ်မတင်ပါနဲ့တော့၊ သူ့ခမျာ မိဘဆန္ဒလည်း လိုက်လျောချင်၊ နှလုံးသားဆန္ဒကိုလည်း မလွန်ဆန်နိုင်နဲ့၊ သူ့နေရာက စဉ်းစားကြည့်ရင်လည်း ဖြစ်တတ်တဲ့ သဘာဝပါပဲ၊ သူကောင်လေး ဘယ်သူလဲဆိုတာ စုံစမ်းပြီး သင့်တော်သလို





စီစဉ်ပေးလိုက်ပါ"

"အေးပါလေ၊ နီလာကိုပဲ တာဝန်ပေးလိုက်ရမှာပဲ"

"သားနဲ့ အကြီးမ ကိစ္စကိုကော"

"နင်တို့သဘောပဲ၊ သူတို့ချင်း အဆင်ပြေမှ ဖြစ်မယ်၊ ဒါပေမယ့် လောလောဆယ်တော့ မင်္ဂလာဆွမ်းကျွေးက သဒ္ဓါဆွမ်းအလှူ ဖြစ်သွားရတဲ့ ကိစ္စမျိုးရှိတော့၊ တစ်ရက်က နှစ်ရက်အဖြစ်မျိုး၊ ရွှေသားမက် ငွေသားမက်ကို လက်လွှတ်မခံနိုင်လို့ အမငယ်မနဲ့ မရတာတောင် လက်မလျှော့ဘဲ အကြီးမနဲ့ပါ မြားပြီး အရယူလိုက်တာပဲ၊ ဒေါ်မိုးနွယ်ဦးတို့ကတော့ သမီးမွေးရကျိုးနပ်ပါပေ့ဆိုတဲ့ အပြောမျိုးကို ခံစားနိုင်တဲ့စိတ်မျိုး ငါ မနည်းမွေးသူရဦးမယ် ထင်တယ် အနီ"

"အို. . ပတ်ဝန်းကျင်ဆိုတာ ချိုးမွမ်းခုနစ်ရက် ကဲ့ရဲ့ခုနစ်ရက်တဲ့ ဒါတွေ ဂရုစိုက်မနေပါနဲ့၊ နင်နဲ့ ငါတို့ လင်မယားကြားမှာ သာတယ်နာတယ်ဆိုတာ မရှိဘူး၊ ပြောမယ့်သာ ပြောရတာ. . အရှိန်ကဆို အစကတည်းက အကြီးမကိုပဲ သဘောကျတာ သူ့သားလိုလူမျိုးက အကြီးမလို ထက်ထက်မြက်မြက်နဲ့မှ ဖြစ်မှာလို့တောင် ပြောခဲ့သေးတာ"

"နင်တို့သဘောပဲ၊ ဒါပေမယ့် သူတို့ကြား ငါတို့ လူကြီးတွေ မပါဘဲ အသာလေးသာ စောင့်ကြည့်နေလိုက်၊ အလုပ်ကလည်း ဆက်စပ်နေကြတာပဲ၊ ဘယ်နည်းနဲ့မဆို သူတို့ ဆက်သွယ်ကြဦးမှာပဲ"

"အေးလေ၊ နင်သဘောတူရင် ပြီးတာပါပဲ၊ နင် မျက်နှာငဲ့စရာ မလိုပါဘူး"



www.burmeseclassic.com

www.burmeseclassic.com

"ငါ သဘောမတူစရာ ဘာမှမရှိပါဘူး၊ နင်တို့သားဟာလည်း ငါ့သားပါပဲ"

"နင့်လိုပဲပေါ့၊ နင်တို့သမီးတွေဟာလည်း ငါတို့သမီးတွေပါပဲ၊ ညီညာကိုစွ ခွင့်လွှတ်လိုက်နော်"

"အေးပါ"

မိုးနီလာရင်ထဲ ဟိန္ဒူနှတ်ပွဲ လှည်လျက်နေလေပြီ။

မျက်စိလည်သွားသော ဖူးစာရေးနတ်မင်း၏ မြှားဦးသည် မိမိထံသို့ တကျော့ပြန်လာလေပြီ။

အထဲမှ အသံတိတ်သွားတော့မှ ပျာယိပျာယာဟန်ဖြင့် ဝင်လိုက်သည်။

"မေမေနိုးနေသလား၊ ရောင်းလှည့်ပြီးပြီလား အန်တီ"

"လှည့်ပြီးပြီ သမီး၊ ဒီနေ့ ဆင်းရမယ်တဲ့၊ ဆေးရုံဆင်းလက်မှတ်တွေဘာတွေ သွားလုပ်လိုက်ဦး"

"ဟုတ်ကဲ့၊ ပစ္စည်းတွေသိမ်းဖို့ ဒေါ်စိန်ကို လှမ်းခေါ်လိုက်ဦးမှ"

ထိုစဉ် မိခင်ထံမှ မျှော်လင့်မထားသော အသံကြောင့် မိုးနီလာရော ဒေါ်အနီပါ ဝမ်းသာရှင်လန်းသွားရလေသည်။

"ဒေါ်စိန်ကို ခေါ်မနေနဲ့တော့၊ ညီညာကိုသာ ခေါ်လိုက်ပါ၊ သူ လာသိမ်းပါစေ"

"ဟုတ်ကဲ့ မေမေ . . ဟုတ်ကဲ့"

မိုးနီလာသည် တက်ကြွစွာဖြင့် အခန်းထဲမှ ထွက်ခဲ့ပြီး တာဝန်ကျဆရာဝန်အခန်းသို့ ဦးတည်လိုက်သည်။

လောကကြီး၏ အလှည့်အပြောင်းသည် တစ်ခါတစ်ရံ





မြန်ဆန်လွန်းလှသည်ဟု မိုးနီလာ သဘောပေါက်မိလေသည်။

တော်သေးသည်။

မိခင်ထံမှ ဝမ်းသာစရာစကားသည် မိုးနီလာ၏ ရှေ့ဝက်ဝမ်းသာမှု တစ်ရပ်ကိုပါ ဖုံးကွယ်ထားစရာ မလိုတော့ဘဲ လွတ်လပ်စွာ ဝမ်းသာခွင့် ရသွားခြင်းအတွက် ဖြစ်သည်။

"အကြီးမကို ကြည့်ရတာ အမြဲတမ်းလိုလို တက်ကြွလန်းဆန်းနေတာပဲနော်"

"ဟုတ်တယ် သားယောက်ျား ကလေးလိုလည်း အားကိုးရတယ်၊ သမီးကြီး ပီသစွာလည်း အားကိုးရတယ်"

ဟု မိခင်၏ စကားကိုသာကြားရလျှင် မိုးနီလာ ပို၍ ဝမ်းမြောက်ပျော်ရွှင်မည်မှာ မလွဲပေ။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၅)

"ဒီဆေးတွေက ဒီမှာမရနိုင်ဘူး၊ ရန်ကုန်မှာမှ ရနိုင်မယ်၊ ကိစ္စမရှိဘူး၊ ငါဝယ်ပြီး ဒရိုင်ဘာနဲ့ ချက်ချင်းထည့်ပေးလိုက်မယ်၊ ဖုန်းဆက်လို့ရရင် သားကို ဝယ်ခိုင်းထားလိုက်မယ်"

ဦးဂုဏ်ရှိန်က ဒေါ်မိုးနွယ်ဦးအတွက် ဆေးစာကိုကြည့်ပြီး ပြောလိုက်သည်။

မနက်ဖြန်မနက် ဦးဂုဏ်ရှိန်နှင့် ဒေါ်အနီ ပြန်ကြတော့မည် ဖြစ်သည်။





"ညီညာလေ ပုဇွန်ထုပ်ကြီးတွေရလို့ အခွံမချွတ်ဘဲနဲ့ကော အခွံချွတ်ကော ကြော်ထည့်ပေးလိုက်တယ်၊ ရေခဲဗူးနဲ့လည်း ရေခဲရိုက်ထည့်ပေးလိုက်မယ်၊ ကိုကိုလည်း ကြိုက်တယ် မဟုတ်လား"

"ဘာအခုမှ ကိုကို့အကြိုက် ဖြစ်နေရတာလဲ"

မိုးညီညာက မျက်နှာငယ်လေး ဖြစ်သွားပြီး. .

"မေမေရယ် ကိုကို့ကို အစ်ကိုတစ်ယောက်လိုပဲ မီးက အမြဲ ချစ်ခင်လေးစားသွားမှာပါ၊ ညီညာ မပြတ်သားမှုကြောင့် ကိုကိုအရှက်ရသွားတာ ညီညာ တောင်းပန်စာလည်း ရေးပေးလိုက်ပါတယ်"

"ကဲပါလေ အားလုံးက မောင်နှမတွေပဲပေါ့ မိနွယ်ရယ်၊ ဒီလာလည်း သားအလုပ်ကိစ္စ လာတဲ့အခါ နေရေးထိုင်ရေး စားသောက်ရေးတော့ နည်းနည်းအကူအညီ ပေးလိုက်ပါ၊ ဒီကောင်က တစ်ဦးတည်းသောသားဖြစ်နေတော့. . ကလေးဆိုးကြီးလို နည်းနည်းတော့ ဇီဇာကြောင်တယ်"

ဦးဂုဏ်ရှိန်က ဝင်ကာ. .

"ဘယ်ကလာ နည်းနည်းကမှာလဲ၊ များများဇီဇာကြောင်တာ၊ အဲဒါ မင်း လုပ်ထားတာလေ၊ ကလေးကို ထမင်းခွံ့မကျွေးရုံတမယ်ပဲ"

"ဟောဟော. . အရှိန်ကလည်း ဘာထူးလို့လည်း ဒီအနွယ်ကြီးကိုများ ကလေးတဲ့၊ သူလည်း ပါတယ်မဟုတ်လား အနီ"

ဒေါ်မိုးနွယ်ဦးကပါ လင်မယားနှစ်ယောက်ကြား ဝင်ပြီး [illegible]မသားချင်း ယိုင်းပင်းလိုက်သောအခါ ဒေါ်အနီက



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်ပ ဟုတ်ပ သူလည်း သားကို သည်းသည်းလှုပ်ပဲ"

ဦးဂုဏ်ရှိန်က ရှက်ရယ်ရယ်လိုက်ပြီး. . .

"ဟား. . ဟား. . ဒါကတော့ မိဘတွေကိုးကွ၊ သားသ မီး ဘယ်အရွယ် ဘယ်အသက်ပဲရောက်ရောက် မိဘတွေ အမြ မတော့ ကလေးလေးလိုပါပဲ၊ ဖြစ်နိုင်ရင် ရင်ခွင်မှာပဲ ထားချင်ကြ တာပေါ့ကွာ၊ ဒါပေမယ့်. . သဘာဝဆိုတာ လွန်ဆန်လို့ ရတာ မဟုတ်ပဲ၊ သီးချိန်တန်သီး ပွင့်ချိန်တန်ပွင့် သဘာဝကိုလည်း ငါ နားလည်ပါတယ်"

မိုးနီလာကတော့ ဘာမှမပြောဘဲ ဒူးရင်းသီး အလုံး ကောင်းများကို ရွေးချယ်ကာ ခြင်းတောင်းထဲ ထည့်ပေးနေ သည်။ ကျွဲကောသီးကသပ်သပ် တစ်ခြင်းထည့်ကာ စီစဉ်ပေး သည်။

"နီလာ သမီးအလုပ်ကိစ္စနဲ့ ရန်ကုန်လာရင် အိမ်မှာ တည်းရမှာနော်"

"ရန်ကုန်ကိုတော့ လာခဲပါတယ်၊ ကိစ္စကလည်း ဒီ တင် ပြီးတာကိုး အန်တီရယ်"

"ဘာပဲဖြစ်ဖြစ် အလည်အပတ်တော့ လာခဲ့ကြဦးနော်"

"မေမေသွားချင်ရင်တော့ ညီညာနဲ့ စီစဉ်ပေးလိုက် မယ်၊ သမီးမရှိရင် ဒီမှာကလည်း"

"နေရာတကာ မီးမရှိရင်ဆိုတဲ့စကားနဲ့ ကိုယ့်ကိုယ်ကို မချည်နှောင်ထားနဲ့တော့ အကြီးမ၊ လုပ်ငန်းတွေ တတ်နိုင်သ ချုံ့လုပ်ပြီး လူယုံတွေနဲ့သာ လွှဲကျင့်ပေးထားလိုက်၊ ညီညာ လည်း အလုပ်သင်ပေးတော့"





မိုးနီလာ မိခင်၏ ဆိုလိုရင်းကို နားလည်သဘောပေါက် လိုက်သည်။ မိုးညီညာချစ်သူသည် သည်မြို့ကပင် ဖြစ်သည်။ သဘောလိုက်သည်ဆိုတော့ မိုးညီညာအတွက်က မိခင်နှင့်သာ ကျန်ခဲ့ အနေများတော့မည်။

မိုးညီညာက မျက်နှာငယ်ကလေးနှင့် မိခင်ကို လှမ်း ကြည့်သည်။

အပြစ်ရှိထားသူဖြစ်၍ ပေးအပ်သမျှတာဝန်ကို ထမ်း ဆောင်ရတော့မည့် သဘောပင်. . .

"ဆိုင်ကိစ္စတော့ ညီညာကို သင်ပေးလိုက်ပါ့မယ်၊ ရာဘာ ခြံနဲ့ ဥယျာဉ်ကတော့ မီးပဲ လုပ်ပါ့မယ်လေ"

မိုးနီလာက ထိန်းထိန်းသိမ်းသိမ်း ဝင်ပြောလိုက်လေ သည်။ မိုးနီလာက မိခင်ဘာကြောင့် ခုလိုပြောရသည်ကို မိခင်နှင့် ဒေါ်အနီတို့၏ လျှို့ဝှက်ချက်ကို ကြားထားပြီးဖြစ်နေသောကြောင့် ဖြစ်သည်။

"ဪ သမီးကြီး အန်ကယ်ကို ရန်ကုန် ဖုန်းခေါ်ပေး ပါဦးကွယ်"

မိုးနီလာက 'ဟုတ်ကဲ့'ဟုဆိုကာ ဖုန်းနံပါတ်ကို နှိပ်လိုက် သည်။ ဘုရားရေ လူကြီးတွေရှေ့မှာတောင် ဟန်ဆောင်ဖို့ မေ့ သွားပြီ။ သူ့ ဖုန်းနံပါတ် အလွတ်ရနေပါလား။

"ဟဲလို"

ဂုဏ်ရောင်အသံ. . .

"ခဏနော်၊ သထုံက စကားပြောမလို့"

အယောင်ယောင် အမှားမှားဖြင့် ဖုန်းအား ဦးဂုဏ်ရှိန်



www.burmeseclassic.com

www.burmeseclassic.com



လက်ထဲ ထည့်ပေးလိုက်သည်။

"သမီးပဲ ပြောလိုက်တာ မဟုတ်ဘူး"

ဟု ဦးဂုဏ်ရှိန်ကပြောပြီး ဖုန်းခွက်ကို လှမ်းယူလိုက်သည်။

"သားလား ဖေဖေပါ"

". . . . . ."

"မနက်ဖြန် ပြန်လာမယ် . . အေး"

မိုးနီလာ ဧည့်ခန်းထဲ မနေတော့ မယောင်မလည်နှင့် မီးဖိုချောင်ဘက် ဝင်ခဲ့သည်။ ဂုဏ်ရောင်အသံ ကြားလိုက်ရသည်နှင့် ဂုဏ်ရောင်၏ ကမူးရှူးထိုးဟန်ပန်ကို မြင်ယောင်ကာ သတိရလိုက်မိသည်။

သူ ရှက်သွားတာလား၊ နာကျည်းသွားတာလား။

သူ ညီညာကိုချစ်၍ လက်ထပ်ခြင်းကို သဘောတူခဲ့တာလား၊ ချစ်၍ သဘောတူ လက်ခံခဲ့ကာမှ ညီညာက တုန့်ပြန်ရ ကြောင့် သူ ရှုံးရှုံးရှားရှား ဖြစ်သွားတာဖြစ်မည်။

အမှန်ဆို သူ ခုလောက် ဒေါသတကြီး ဖြစ်သွားစရာ ထွက်သွားစရာမလို။ သူ ညီညာကိုချစ်နေ၍ ခံစားသွားရတာ ဖြစ်မည်။

နောက် မိမိအတွက်တောင် ရည်ရွယ်ပြီး အစ်ကို ဝင် ကွဲကော သူငယ်ချင်းလူပျိုကော ခေါ်လာခဲ့ပြီး နီးစပ်စေရန် တီးခဲ့သေးတာပဲ။

မိုးနီလာအတွက် တစ်ဖက်သတ် မေတ္တာထားနေလည်း အပိုပါပဲ၊ ဒင်းကို မေ့ပြစ်အောင်ကို ကြိုးစားရမည်။





"ဘာဟင်းလဲ ဒေါ်စိန်"

"ကကတစ်ကြော်နှပ်၊ အကြိုက်မ စားတော့မလား၊ ဟင်းချို နွှေးလိုက်မယ်"

"အင်း . ."

ကကတစ်ကြော်နှပ်ဆိုမှ သူနဲ့ လက်ဆုံစားခဲ့သည်ကို သတိရမိသည်။

တော်ပါ လွမ်းလောက်စရာ သိပ်မရှိပါဘူး၊ ရှင့်ကို ကျွန်မ အကယ်မေ့ပစ်လိုက်ပြီ ဦးဂုဏ်ရောင်၊ ညီမ မရ၊ အစ်မဆိုပြီး နွားဦးလှည့်မယ် မကြံနဲ့၊ နီလာတို့က ဒါမျိုးမရဘူး . . ။

စိတ်တွင် ကြုံးဝါးနေမိလေသည်။

"မမ ပစ္စည်းကား ဘယ်နေ့ လွှတ်လိုက်ရမလဲတဲ့"

"လာမယ့် ဆယ်ငါးရက်နေ့အရောက်လို့ ပြောလိုက်"

ညီညာက ထမင်းစားခန်းအဝမှ လှမ်းအော်မေးသည်ကို လှမ်းဖြေလိုက်ပြီး ထမင်းစားပွဲထိုင်လိုက်ရင်း ညည်းတွားလိုက်မိသည်။

"ငါ့နှယ်နော် မပတ်သက်ချင်ပါဘူးဆိုမှ တချုပ်တန်းတန်းနဲ့ ဒီအလုပ်ကြီးက အမျှင်တန်းနေသေးတယ်"

"ဟင် ဘာပြောတာလဲ နီလာ"

ဒေါ်စိန်က နားစွန်နာဖျားကြားပြီး လှမ်းမေးလိုက်သည်။

မိုးနီလာ ရယ်ချင်သွားသည်။

"ဟင် . . ဘာမှမပြောပါဘူး"

"ပြောလိုက်ပါတယ်၊ အမျှင်တန်းဆိုလား ဘာဆိုလား"

"အ . . ဟင်း . . ဟင်း၊ ဒေါ်စိန် နားကြားလွဲတာ ဖြစ်မှာ"



www.burmeseclassic.com

www.burmeseclassic.com



ပါ"

မိုးနီလာရယ်ရင်း ဖြေလိုက်လေသည်။ စိတ်ထဲမှာ လွတ်လပ်ပေါ့ပါးသွားသည်မှာတော့ သေချာသည်။







# အခန်း(၁၆)

"ညီညာ နင့်ကိုငါ တစ်ခု ပြောစရာ ရှိတယ်"

မိုးညီညာက မိမိက ငယ်ကြောက်ဖြစ်သဖြင့် စကားစ ိုက်ရုံရှိသေးသည်။ မျက်နှာကို စိုးရိမ်ကြောင့်ကြသော မျက်နှာ းလေးဖြင့် သေးငယ်သွားသည်။

"ဘာ. . ဘာပြောစရာ ရှိလို့လဲ မမ"

"ရှိတာပေါ့။ အစစအရာရာ မပွင့်လင်းလို့ လူကြီးတွေ ယ်လောက် ဒုက္ခရောက်သွားသလဲ၊ နင် မေမေကို ကြောက်လို့



www.burmeseclassic.com

www.burmeseclassic.com


မပြောရဲရင် ငါ့ကိုဖွင့်ပြောသင့်တယ်၊ ခုကိစ္စက ဦးဂုဏ်ရှိန်တို့ဘက်က သဘောထားပြည့်ဝလို့ မေမေဆက်လက် အသက်ရှင်ခွင့်ရတယ်မှတ်ပါ၊ သူတို့ပါ ဂုဏ်ရောင်လို ဝုန်းဒိုင်းနဲ့ ပြန်သွားကြည့်စမ်း၊ ပြန်ရှင်လာဖို့ မလွယ်ဘူး"

မိုးညီညာက ခေါင်းငုံ့ကာ မျက်ရည်လေး စမ်းစမ်းဖြစ်သွားသည်။ မိုးနီလာ ညီမကို သနားကာ စကားကို လျှော့လိုက်ရသည်။

"နောက်ဆိုရင် ဘာမှ ခိုးကြောင်ခိုးဝှက်မလုပ်နဲ့တော့၊ ဒီကိစ္စကို နင့်ကောင်လေးကိုလည်း သေသေချာချာ ပြောပြထား"

"သူ ဒီမှာမရှိဘူး"

"သဘောလိုက်နေတယ် မဟုတ်လား၊ အဖြစ်အပျက်အဲသေးစိတ်ကို ခုရုပ်မှ နောင်ရှင်းသဘောမျိုး ရှင်းပြထား၊ ကြာနပ်တယ်ဆိုရင် အခုအခေါက် ပြန်လာတာနဲ့ သူ့မိဘတွေကို နားဖောက်ခိုင်းပေတော့၊ မိသားဖသားပီပီ နားဖောက်ပြီးပြီ ဆိုရင်တော့ နင့်ကောင်လေးကို အသိအမှတ်ပြုနိုင်မယ်"

"မေမေ သဘောကကော"

"မေမေဆန္ဒကို ငါ မေးမြန်းပြီးမှ နင့်ကို ပြောပြတာဘယ့်နှယ်လဲ ဆိုင်ထွက်ရတာ အဆင်ပြေရဲ့လား"

ဥယျာဉ်ခြံထွက်များကို လက်လီလက်ကားဖြန့်ဖြူးသောဆိုင်ကို မိုးညီညာကို သင်ပြပေးပြီး မိုးနီလာ လက်လွှဲလိုက်သေးသည်။ မိုးနီလာ ခေါင်းအတန်ငယ် ပေါ့သွားသည်။

"ပြေပါတယ် မမ"

"ဒီလိုဆို ငါ အိမ်တစ်ခေါက် ပြန်လိုက်ဦးမယ်"



"ဟုတ်ကဲ့. ."

"ငါပြောတာ သဘောပေါက်တယ်နော်၊ သူများပြောလို့သိသွားရတဲ့အဖြစ်ထက်. . ကိုယ်ကပြောပြီး အသိပေးတာ ပိုကောင်းတယ်၊ နောက်မကျစေနဲ့ စာမြန်မြန်ရေးလိုက်"

"ဟုတ်ကဲ့"

မိုးညီညာကတော့ ထင်ပေလိမ့်မည်။ 'ငါ့အစ်မ အပျိုကြီးက အချစ်ရေးနဲ့ ပတ်သက်ပြီး ရည်းစားလည်း မထားဖူးဘဲနဲ့ သိနေလိုက်တာ'ဟု တွေးကောင်းတွေးနေပေလိမ့်မည်။

သို့သော် ငါတွေ့ထက် စာတွေ့တွေကများသော မိုးနီလာသည် လူ့လောကကြီးဝယ် မျက်စိပိတ်နားပိတ်နေသူ တစ်ယောက်မှ မဟုတ်ပေပဲ။ လူမှုပတ်ဝန်းကျင် အသိုင်းအဝိုင်းကို မျက်ခြေပြတ်မခံ ကြည့်နေသူဖြစ်၍ လူ့သဘာဝ လူ့မနောကို နားလည်အကဲခတ်မိနေလေပြီ။

အိမ်ပြန်ရောက်တော့. . .

"မေမေ ထမင်းစားပြီးပြီလား"

"မေမေ ဓမ္မဒူတမှာ ဝါတွင်းသုံးလပတ် ဥပုသ်သွားဆောင့်ချင်တယ်၊ သမီးကြီး"

မိုးနီလာရင်ထဲ 'ဟင်'ခနဲ ဖြစ်သွားသည်။ နှုတ်ကတော့

"သုံးလတောင်"

"ဘာဖြစ်သလဲ သမီးရယ်၊ တရားအမြိုက်ဆေးက နှလုံးတော်ဝမ်းကို အေးချမ်းစေတယ်၊ နီးနီးနားနားပဲ သမီးတို့လည်းလာကြည့်လို့ရတာပဲ၊ ကိုယ့်ဆရာတော်နဲ့ ကိုယ့်ကျောင်းပဲလေ၊ ကျန်းမာရေးအတွက် ပူစရာ မလိုပါဘူး"



www.burmeseclassic.com

www.burmeseclassic.com

"အိမ်မှာလည်း မေမေ တရားထိုင်နေတာပဲ"

"အိမ်မှာနေ အိမ်စိတ်၊ ကျောင်းမှာနေ ကျောင်းစိတ်တဲ့၊ မတူတာ အမှန်ပဲ၊ မေမေ ဘာအပူကိုမှ မလိုချင်ဘူး"

"မီး မေမေ့ပါရမီကို ဖြည့်ဆည်းချင်ပါတယ်၊ ကျန်းမာရေးအတွက် စိုးရိမ်လို့ပါ"

"မစိုးရိမ်နဲ့. . မေမေ့ရောဂါက စိတ်မထိန်းနိုင်လို့ ဖြစ်သွားတာ၊ စိတ်ထဲ အေးချမ်းနေရင် ဘာမှမဖြစ်ဘူး၊ ကိုင်း. . . သန်ဘက်ခါ ဝါဝင်မှာဆိုတော့ မနက်ဖြန်ညနေ သွားချင်တယ်၊ ဆရာတော်ကို သမီး သွားလျှောက်ထားပေတော့"

မိုးနီလာ သက်ပြင်းချပြီး အိမ်ထဲမှ ထွက်ခဲ့လေသည်။ ဆရာတော်အား ကျမ်းမာရေး အခြေအနေမှန်ကိုလည်း တင်ပြလျှောက်ထားပြီး အပ်နှံရမည်။ သီလရှင် ဆရာကြီးများကိုလည်း အပ်နှံရလေသည်။ စောင့်ရှောက်ပေးဖို့ ဖြစ်နိုင်လျှင် ဥပုသ်ရက်တွေ၌ မိခင်နှင့်လာရောက်ကာ တစ်ညအိပ်ပေးပြီး ဥပုသ်စောင့်လိုက်ရန်လည်း ဆုံးဖြတ်လိုက်သည်။

မိခင်အတွက် လိုအပ်သည်ထင်တာများကို ဝယ်ခြမ်းပြီး ပြန်လာစဉ် ဒေါ်စိန်က ခရီးရောက်မဆိုက်ပင်. . .

"ရာဘာခြံက ဖုန်းလာတယ် နီလာ"

"ဟုတ်လား ဘာကိစ္စတဲ့လဲ၊ တစ်ရက်မရောက်တာနဲ့ တစ်ရက် ပြဿနာဖြစ်ပြီ ထင်တယ်"

"ပြဿနာ မဟုတ်ပါဘူး၊ ဦးဂုဏ်ရောင် ရောက်နေလို့တဲ့ ရာဘာခြံထဲက အိမ်သော့တောင်းတယ်၊ အဲဒီမှာပဲ တည်းမယ်ဆိုတဲ့အကြောင်း နီလာကို အစီရင်ခံတာတဲ့၊ မန်နေဂျာက လှမ်းဆက်တာ"

မိုးနီလာရင်ထဲ ဒိတ်ခနဲ ဖြစ်သွားလေသည်။ မျှော်လင့်တုန်း ကြွေဆုံးလာချေပြီလား။

"မေမေကော သိလား"

"မသိဘူး၊ ရွှေစာနဲ့ အပေါ်ထပ်မှာ ပစ္စည်းသိမ်းနေတယ်၊ အသိပေးသင့်မသင့် ကျုပ်လည်း မသိတာနဲ့"

ဒေါ်စိန်က ပါးရည်နပ်ရည်ရှိသည်။

"မပေးတာပဲ ကောင်းမယ်ထင်တယ်၊ သူ့ရွှေသားမက် စိတ်ဆိုးမပြေသေးတာသိရင် မေမေစိတ်ထိခိုက်နေဦးမယ်"

"ကျုပ်လည်း အဲဒါကို တွေးမိပါတယ်"

"ဒီလိုလုပ် ဒေါ်စိန်၊ ဂျိုင့်နဲ့ ထမင်းဟင်းထည့်ပြီး ကားထဲ ထည့်ပေးထားလိုက်၊ မေမေ့ကို လိုအပ်တာတွေပြောပြီး ကျွန်မ သွားလိုက်မယ်"

"အေး. . အေး"

မိုးနီလာ လှုပ်ရှားနေသောစိတ်ကို ငြိမ်သက်သွားစေရန် အလို့ငှာ မိခင်အား လိုအပ်သော ဆေးဝါးများ ထည့်ပေးပြီး. . ရွှေစာ ညထည့်ပေးသောပစ္စည်းများ ပြည့်စုံမှုရှိမရှိ ပြန်စစ်ဆေးသည်။

မိခင်ကတော့ အေးဆေးစွာပင် ပုတီးစိပ်နေရာမှ ရပ်နားလိုက်ပြီး. . .

"အကြီးမ အရှိန်နဲ့ အနီဆီလည်း မကြာခဏ ဖုန်းဆက်ပြီး မာကြောင်းသာကြောင်းမေးနော်၊ မနေ့ကတောင် သူတို့ လင်မယားဖုန်းဆက်ကြသေးတယ်"




www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်ကဲ့. ."

မိုးနီလာ မလုံမလဲ ဖြစ်သွားသည်။ ဖွင့်ပြောလိုက်တာပဲ ကောင်းမည်ဟု တွေးလိုက်ပြီးမှ မိခင် အေးချမ်းရာသို့ ရှာဖွေပြီး သွားနေမည့်ကိစ္စတွင် မိမိကြောင့် စိတ်ထဲပူပန်မှုတွေ ဖြစ်သွားမှာ မလိုလားသဖြင့် ငြိမ်သက်နေလိုက်သည်။

"မေမေ ညီညာပြန်လာရင် ထမင်းစားနှင့်နော်. .၊ မီးရာဘာခြံဘက် သွားလိုက်ဦးမယ်၊ မနက်ဖြန် ကိုဂုဏ်ရောင်တို့ဆီကို ကုန်ကြမ်းပို့ရမယ့်နေ့ပဲ၊ အားလုံး အဆင်သင့်ရှိမရှိ သွားစစ်ဆေးလိုက်ဦးမယ်"

"အေး. . သွား. . . သွား. .၊ ညဉ့်နက်ရင် ပြန်မလာနဲ့ အဲဒီမှာပဲ အဖော်ခေါ် အိပ်လိုက်"

မိုးနီလာ စိတ်ထဲ ရယ်ချင်သွားသည်။ မိခင်က ဘာမှ မသိရှာ၍ ပြောခြင်းဖြစ်သည်။ အိပ်၍ ရမလား၊ သကောင့်သား ဂုဏ်ရောင်က အဆင်သင့် စောင့်ဆိုင်းနေသည့်အဖြစ်။

မိုးနီလာ မိခင်ကို ကျောခိုင်းလိုက်သည်နှင့် နှစ်ခြိုက်စွာ ပြုံးမိလျက်သား ဖြစ်သွားလေသည်။

"ဦးဂုဏ်ရောင် ရှင်က မိန်းကလေးကျနေတာပဲ၊ ညီညာကို ခုထက်ထိ စိတ်ဆိုးမပြေသေးဘူးလား"

ဟု စိတ်ထဲမှလည်း မေးလိုက်မိသည်။

မိုးနီလာစိတ်ထဲ တက်ကြွပျော်ရွှင်နေမိသည်။

☺ အောင်မြင်စာပေ ☺





# အခန်း(၁၇)

ရောက်ရောက်ခြင်း ဆောက်နဲ့ထွင်းဆိုသလို. . .

"ဟင်. . ခင်ဗျားကို ဘယ်သူမှာလို့ လာရတာလဲ"

ဂုဏ်ရောင်က မိုးနီလာကို မြင်မြင်ချင်း ဆီးမေးလိုက်လေသည်။ မိုးနီလာ ဒေါသထွက်သွားသည်။ မိန်းမကြိုက်၍ ဆိုက်ဆိုက်လာသည်များ ထင်နေသလား။

"ဩော် ကျွန်မဆီ ခွင့်မတောင်းဘဲ ကျွန်မအိမ်မှာလည်း ...ကျူးကျော်ကျော်နေသေးတယ်၊ ရှင်ကပဲ သူခိုးက လူပြန်ဖမ်း...

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



ရတယ်လို့"

ဂုဏ်ရောင်က နှုတ်ခမ်းကို တွန့်ရုံ ပြုံးလိုက်မိသည်။ မကြားရတာ ကြာပြီဖြစ်သော အငေါ်အတူးလေးကို ကြားရလေပြီ။ နှစ်ပတ်ဆိုသော အချိန်အတွင်း မိုးနီလာသည် ဘာမှ ပြောင်းလွဲမှု မရှိချေ။

"ရော့. . ရှင် ပွဲတော်တည်ဖို့ ထမင်းချိုင့်၊ ကျွန်မ ဂိုဒေါင်ဘက် သွားလိုက်ဦးမယ်"

"နေပါဦး ဘာသွားလုပ်မလို့လဲ"

ဂုဏ်ရောင်က ကမန်းကတန်း တားဆီးလိုက်သည်။

"ပစ္စည်းတွေ အဆင်သင့် ရှိမရှိပေါ့"

"ရှိတယ် အားလုံးအဆင်သင့်ပဲ၊ ကျုပ် စစ်ဆေးပြီးလို့ ကားပေါ်တောင် တင်ပြီးပြီ"

"ဟင်. . "

"ခင်ဗျားမန်နေဂျာနဲ့ အားလုံး လုပ်ပြီးပြီ၊ ကားက ညဘက်ထွက်မှ သွားလာရ အဆင်ပြေတယ်၊ ကား သိပ်မရှောင်ရဘူး၊ ရော့. . ဒီမှာ ခင်ဗျားလက်မှတ်နဲ့ ကျွန်တော့်လက်မှတ်ပဲ ကျန်တယ်"

"ရှင်ကော ဒီည ပြန်မှာလား"

မိုးနီလာရင်ထဲ နွမ်းလျသွားသည်။

"ခင်ဗျားက မနေစေချင်ရင် ပြန်ရတာပေါ့ဗျာ၊ တစ်ယောက်တည်းလည်း ပျင်းတယ်၊ ခင်ဗျားအဖော်လုပ်ပေးရင်တော့. . . "

"ဘာရှင့်. . ရှင်. . ရှင်"





မိုးနီလာ ဒေါသဖြင့် ညာလက်မြှောက်လိုက်ပြီးမှ သတိရကာ ပြန်ရုပ်သိမ်းလိုက်သည်။

ဂုဏ်ရောင်က. . .

"ဟောဗျာ ကျွန်တော်က သဘောရိုးနဲ့ပြောတာကို ခင်ဗျားက အထင်လွဲသွားတာကိုး"

မိုးနီလာက မျက်နှာရဲရဲဖြင့်. .

"ရှင့်စကားက အနှောင့်မလွတ်၊ အသွားမလွတ်ကိုး. . စဉ်းစားကြည့်ဦး"

ဂုဏ်ရောင်က ပြုံးကာ ခေါင်းရမ်းလိုက်ပြီး. .

"မစဉ်းစားချင်ဘူး၊ စဉ်းစားရင် ရင်ခုန်စရာပဲ၊ ကဲပါ. . ကျွန်တော့်စကား မှားသွားရင် တောင်းပန်ပါတယ်၊ ရော့ စာရင်းတွေအားလုံး စစ်ဆေးပြီးပြီ၊ ခင်ဗျား ထပ်စစ်ပြီး လက်မှတ်ထိုးပေတော့၊ ခင်ဗျားတာဝန်ခံတွေကလည်း စေ့စပ်ပါတယ်၊ ထိုင်ဦးဗျာ. . . "

မိုးနီလာက စာရင်းကိုကြည့်ပြီး လက်မှတ်ထိုးပေးလိုက်သည်။

"ဒီကိုလာမယ်လို့ မေမေတို့ကိုတောင် မပြောခဲ့ဘူး"

"ဟင်. . ဘာဖြစ်လို့ မပြောခဲ့တာလဲ"

"အိမ်မှာ သွားတည်းခိုင်းမှာစိုးတယ်လေ၊ မျက်နှာပြောင်တိုက်တယ်လို့ ပတ်ဝန်းကျင်က ထင်မှာစိုးတယ်၊ လက်ဆောင်တွေတော့ ဝယ်လာပါတယ်၊ ဘုန်းကြီးကျောင်းလည်း ကပ်ရအောင်ပေါ့ဗျာ"

ကိတ်မုန့်များနှင့် ပန်းသီးခြင်းကို တွေ့လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



မိုးနီလာပဲ. . .။

"မေမေသိရင် စိတ်မကောင်း ဖြစ်မှာစိုးလို့ ကျွန်မလည်း ရှင်ရောက်နေကြောင်း မပြောခဲ့ဘူး"

မိုးနီလာက မိခင် ရိပ်သာဝင်မည့်အကြောင်း ပြောပြလိုက်သည်။

"ဒီပစ္စည်းတွေကို ရှင်က လူကြုံနဲ့ပေးလိုက်တယ်ပြောပြီး မနက်ဖြန် ဘုန်းကြီးကျောင်းလည်း သွားကပ်ပေးပါမယ်"

ဂုဏ်ရောင်ကမိုးနီလာကို တစိမ့်စိမ့် ကြည့်မိသည်။ မိုးနီလာအလှက အကြည့်ခံသည်။

"ရှင် ဒီမှာ အိပ်မှာလား"

"အိပ်မယ် မနက်စောစောမှ ထပြန်မယ်၊ ကိုယ်က ညဘက်ကားမောင်းရင် အိပ်ငိုက်တတ်လို့ ဖက်တီးလည်း မပါဘူးလေ၊ ဖြစ်ပါတယ်နော်"

"ဖြစ်ပါတယ်၊ ရှင် အစားအသောက် ခက်မှာစိုးလို့ ညနေစာတောင် ထည့်ယူလာခဲ့တာ၊ ပြင်လိုက်ရတော့မလား"

"အင်း. . ရေချိုးလိုက်ဦးမယ်၊ ပြီးရင် စားမယ်လေ၊ ခင်ဗျားပါစားမှ စားမှာနော်၊ ကျွန်တော်တစ်ယောက်တည်းဆိုမစားဘူး"

"ဒေါ်စိန်ကလည်း နှစ်ယောက်စာမက ထည့်ပေးလိုက်ပါတယ်ရှင်၊ အလဟဿ ဖြစ်မှာစိုးလို့ ဝိုင်းစားပေးပါ့မယ်၊ ရှင့်ဆန္ဒကို လိုက်လျောပေးတယ် မထင်နဲ့"

မိုးနီလာက အမြင်ကတ်ကတ်နှင့် အငေါ်တူးလိုက်သည်။





ထို အငေါ်တူးမှုကိုပင် ဂုဏ်ရောင်က သဘောကျစွာ ပြုံးလိုက်ပြီး ရေချိုးခန်းဘက် ဝင်သွားလေသည်။

မိုးနီလာက နံရံကပ် ဘီဒိုထဲ သိမ်းထားသော ထမင်းပန်းကန်၊ ဇွန်း ခက်ရင်းများကို ထုတ်ကာ ဆေးကြောပြီး ရေစစ်လိုက်သည်။ တစ်ခါတစ်ရံမှ လာနေသောအိမ် ဖြစ်သဖြင့် ဖုံကတော့ အနည်းငယ်ရှိသည်။

မိုးနီလာ အိပ်ခန်းထဲဝင်ကာ လှဲကျင်းပြီး ဖုံသုတ်ပေးစဉ်မှာပင် ဂုဏ်ရောင်က ရေချိုးပြီး ထွက်လာသည်။

"ဒေါ်မိုးနီလာ မျက်နှာသုတ်ပုဝါ မေ့လာခဲ့တယ်"

အထက်ပိုင်း အဝတ်ဗလာနှင့် လူသားကို မိုးနီလာ မျက်နှာရဲရဲနှင့် ကြည့်လိုက်ပြီး

"နေ. . နေ. . ကျွန်မမှာ ရှိတယ်"

နံရံကပ် ဘီဒိုကြီးကို ဖွင့်ရသည်။ အရေးထဲ လက်ကတုန်နေသေးသည်။ ကတုန်ကရီနှင့် ဘာကြောင့် တုန်လှုပ်ရသနည်း။

"ပေးစမ်းပါ ကျွန်တော် ဖွင့်ပေးမယ်၊ တုန်တုန်ချိချိနဲ့ အဘွားကြီး ကျနေတာပဲ"

ဂုဏ်ရောင်က အနားသို့ ဆတ်ခနဲ ကပ်လာသဖြင့်. . မိုးနီလာ တွန့်ခနဲ ဖြစ်သွားသည်။

ဂုဏ်ရောင် ရယ်ချင်သွားသည်။ အပျိုစင်မကလေး၏ ကြောက်အားပိုမှုကို ဂုဏ်ရောင် သဘောကျသွားသည်။

အေးစက်နေသော မိုးနီလာ လက်ထဲမှ သော့ကိုယူပြီး ဘီဒိုကို လျောလျောလျူလျူပင် ဖွင့်ပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်အထည်ထုပ်ရမှာလဲ၊ သုံးပြီးသား မလိုချင်ဘူး ဘုန်းနိမ့်မယ်"

"အသစ်ပေးမှာပါ"

မိုးနီလာက အသစ်တစ်ထည် ထုတ်ပေးလိုက်သည်။ သူက မျက်နှာနှင့်ခေါင်းကို ဦးစွာသုတ်လိုက်ပြီး. . .

"အား ပရုပ်နံ့ကလေးက သင်းနေတာပဲ၊ ဒါကြောင့် ဖေဖေက ပြောတာ၊ သိလား. . ဒေါ်မိုးနီလာ"

မိုးနီလာ မကြားဟန်ပြုပြီး ကုတင်တိုင်မှ ဖုံများကို လိုက်သုတ်နေလိုက်သည်။

"ငါ့သား စိတ်ကူးမလွဲနဲ့၊ မိန်းမယူရင် မွန်ပြည်နယ်ဘက်ကယူ အိမ်တွင်းမှု အရမ်းနိုင်နင်းတာတဲ့လေ၊ ဟုတ်လား"

မိုးနီလာ ဆတ်ကနဲ လှည့်ကြည့်ကာ. . .

"ဒီမှာ ဦးဂုဏ်ရောင် ဧည့်သည်တစ်ယောက်အနေနဲ့ရော ကျွန်မတို့ဘက်က အပြစ်ရှိထားသူ အနေနဲ့ပါ၊ ကျွန်မ ရှင့်အပေါ် ဒီလောက်သည်းခံလိုက်လျှောပြီး ဆက်ဆံနေတယ်မှတ်ပါ၊ ရှင့်စကားတွေဟာ သိပ်ရင့်သီးတယ်၊ ကျွန်မ သည်းမခံနိုင်တော့ဘူး"

အဝတ်ထုတ်ကို ဆတ်ခနဲ လွှင့်ပစ်ပြီး အိပ်ခန်းအပြင်သို့ ထွက်ခဲ့လေသည်။ ဂုဏ်ရောင်က. . .

"ဟောဗျာ၊ ကျွန်တော် ဘာစော်ကားမိလို့လဲ၊ ချီးမွမ်းတာကို"

"ရှင် အချီးမွမ်းခံဖို့ ယောက်ျားတွေ သဘောကျဖို့ လု[illegible] ပေးနေတာ မဟုတ်ဘူး၊ တော်ပြီ ကျွန်မ ပြန်တော့မယ်၊ ရှ[illegible]





ဘာသာရှင် စားချင်သလိုစား၊ အိပ်ချင်သလို အိပ်နေခဲ့တော့"

မိုးနီလာက အိမ်ထဲမှ တောက်လျှောက် ထွက်ဟန် ပြင်လိုက်သည်။

ထပ်ချပ်မကွာ၊ လိုက်လာသော ဂုဏ်ရောင်က မိုးနီလာ လက်မောင်းတစ်ဖက်ကို လှမ်းဆွဲကာ

"နေပါဦး ကျွန်တော် တောင်းပန်ပါတယ်၊ ထားမသွားပါနဲ့၊ ခင်ဗျားမကျေနပ်ရင် ကျွန်တော့်ကို အပြစ်ပေးပါ၊ ကျွန်တော် စကားမပြောတတ်လို့ပါ"

မိုးနီလာ တုန်လှုပ်သွားသည်။ သူစိမ်းယောက်ျားတစ်ဦး၏ ထိတွေ့ကိုင်တွယ်မှုကို ပထမဦးဆုံး ခံစားလိုက်ရသဖြင့် တုန်လှုပ်တာလား၊ မဟုတ်. .၊ ဒေါက်တာကြိုင်စောလည်း မိမိကို စမ်းသပ်ပြီး ဆေးကုသပေးခဲ့ဖူးသည်ပဲ၊ ဂုဏ်ရောင်နှင့်အတူ ဆိုင်ကယ်စီးခဲ့ဖူးသည်။

ယခုမှ သူနှင့် ထိတွေ့သည်မဟုတ်၊ သို့သော်. . သူနှင့် ပတ်သက်လာလျှင် မိမိအတွက် အမြဲတမ်း ရင်ခုန်လှိုက်မောနေရသည်ကို မိုးနီလာ ကောင်းစွာသိနေရသည်ပဲ။

ထိုစဉ် သထုံမြို့၏ မိုးကတော့ စံချိန်ချိုးသည်ဖြစ်ရာ သဲသဲမဲမဲပင် ရွာသွန်းလေပြီ။

မိုးနီလာ ဂုဏ်ရောင်ကို ကြည့်လိုက်သည်။ တည်ငြိမ်သော မျက်နှာဖြင့် တောင်းပန်တိုးလျှိုးလိုက်သည်။

"ကျွန်တော် ဒေါ်မိုးနီလာကို စော်ကားလိုတဲ့စိတ် လုံးဝမရှိပါဘူးဆိုတာ ယုံကြည်ပါ၊ တောင်းပန်ပါတယ်. . မိုးတွေ ဒီလောက် သဲသဲမဲမဲ ရွာသွန်းနေတာ မပြန်ပါနဲ့"



www.burmeseclassic.com

www.burmeseclassic.com

"မပြန်လို့ ဖြစ်မလား"

"မိုးတိတ်တော့ ပြန်ပေါ့"

"တိတ်ပါလိမ့်မယ် ဒီမိုးမျိုးက"

"အဲဒီတော့လည်း တစ်မျိုးပေါ့လေ၊ ဒေါ်မိုးနီလာ ပန်းသီးစားပါလား၊ ကျွန်တော် ခွာပေးမယ်၊ ဒီပန်းသီးက အမေရိကားက လေယာဉ်ဆိုက်ဆိုက်ခြင်း ယူလာတာ ကျွန်တော် ခွာပေးမယ်နော်"

ယောက်ျားတွေကလည်း မူယာမာယာ တတ်ကျွမ်းတတ်သည်လားဟု မိုးနီလာ တွေးမိသည်။ စိတ်ဆိုးပြေကာ မျက်စောင်းထိုးလိုက်မိပြီး. . .

"အကြို အရင် ဝတ်လိုက်ပါဦး၊ မိုးအေးလာပြီ၊ အအေးမိပြီး ဖျားနေဦးမယ်"

"စိုးရိမ်တယ်လား"

"ရှင်နော်"

"စေတနာကို လေးစားပါတယ်၊ ခုပဲ ဝတ်လိုက်ပါ့မယ်"

မိမိစကား နားထောင်သည်ဆိုတော့ မိုးနီလာ ကျေနပ်ရသည်။ လက်ဆေးကာ ထမင်းပွဲ ပြင်လိုက်သည်။ ဟင်းချိုနွေးနွေးတည်၊ ကြက်မောက်သီး အခွံခွာနှင့် အလုပ်ရှုပ်နေစဉ်. .

"ဟောဗျာ. . လက်ထိပြီ ထင်တယ်"

မိုးနီလာက ပြူတင်းပေါက်မှာရပ်၍ ပန်းသီး အခွံခွာနေသော ဂုဏ်ရောင်အနီး ရောက်သွားသည်။

"ပြစမ်း. . ဟင်"

ပန်းသီးအခွံ နီရဲခြင်းက တစ်ဝက်၊ သွေးနီရဲခြင်းက





တစ်ဝက်ဖြစ်နေရာ ဂုဏ်ရောင် လက်ကို ယူကြည့်လိုက်သည်။ အသွားထက်သော ဂျပန်ဓားသွားက ဂုဏ်ရောင်၏ဘယ်ဘက်လက်ညှိုးကို တိကနဲ ထိသွားသည်။

"ရပါတယ်၊ ဆေးပလတ်စတာရှိရင် ရတယ်"

မိုးနီလာစိတ်ထဲ နာကျင်သွားသည်။ မိမိလက် နာကျင်သကဲ့သို့ပင် ခံစားလိုက်ရပြီး ဆေးပစ္စည်းများထားသော အံဆွဲကိုဖွင့်ကာ ဂွမ်းစယူကာ သွေးများကို သုတ်သင်ပေးလိုက်သည်။

"စပရစ်နဲ့ အရင်ပွတ်လိုက်ရင် ကောင်းမယ်"

ဂုဏ်ရောင်က ပြောလိုက်သည်။

"စပ်မှာစိုးလို့"

"စပ်ပါစေ"

မိုးနီလာ စပရစ်ဆွတ်ပြီး ဂွမ်းစနှင့်အတို့ သူ ဆတ်ခနဲတွန့်သွားသည်မှအပ ဘာမှမဖြစ်၊ သူက အရက်ပုံပုလင်းယူကာ အနာပေါ် အနည်းငယ် လောင်းချလိုက်သည်။

မိုးနီလာ မျက်စိမှိတ်လိုက်သည်။

ဂုဏ်ရောင်က ပြုံးပြီး ဒါမှ အနာကျက်မှာဟု ပြောပြီး ဆေးပလပ်စတာကို ကပ်လိုက်သည်။

"မေးခိုင်ကာကွယ်ဆေးတော့ ထိုးဖို့လိုမယ်ထင်တယ်"

"ထိုးပြီးသွားတာ မကြာသေးဘူး၊ အဆစ်နားထိသွားတော့ ကိုက်မှာပဲ စိုးရတယ်၊ ဆေးသောက် အိပ်လိုက်မယ်"

မိုးနီလာက သွေးစွန်းနေသော ပန်းသီးကို ဆေးကြောပြီး အခွံဆက်ခွာလိုက်သည်။

"မခွာတတ်ပဲ ခွာတာလား"



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်တယ် တစ်ခါမှ မခွာဖူးဘူး၊ စားစေချင်လို့ ကိုယ်တိုင် ခွာပေးတာ"

မိုးနီလာရင်ထဲ လှိုက်ဖိုသွားသည်။

"အဲဒါ ဘုရားရိုက်တာ၊ ဘုရားတင်ဖို့ ဘုန်းကြီးကပ်ဖို့ မဖယ်ရသေးဘဲ ကျွေးလို့"

"မဟုတ်ဘူး၊ ဒီမှာ စားဖို့ သပ်သပ်ထည့်လာတာ"

ဘီဒိုပေါ် တင်ထားသော ကျွတ်ကျွတ်အိတ်ထဲမှ ပန်းသီးများကို ယူပေးရင်း မိုးနီလာကို ပြောလိုက်သည်။ မိုးနီလာ နောက်တစ်လုံးယူကာ ထပ်ခွာပေးလိုက်သည်။

ဦးဂုဏ်ရောင်က ပန်းသီးကြိုက်တယ်ထင်တယ်"

"ဟုတ်တယ် ငယ်ငယ်ကတည်းက မေမေ အကျင့်လုပ် ထားတာလည်း ပါမှာပါ။ ဟိုတစ်ခါလာတော့ ပန်းသီးငတ်တယ် ဒါကြောင့် ဒီတစ်ခါ ဝယ်ထည့်လာရတာ"

"ဦးဂုဏ်ရောင် အစားအသောက် တော်တော်ဇီဇာ ကြောင်တာပဲ"

"ပြောတော့ဗျာ အကျင့်ဆိုတာ ခက်သားပဲ၊ ဒါပေမယ့် ကြိုးစားပြီး ဖျောက်နေပါတယ်"

မိုးနီလာ ထမင်းပွဲ အဆင်သင့် ဖြစ်သွားမှ. . .

"ထမင်းစားရအောင်"

"ပုဇွန်ထုပ်ပါလား၊ ဒီမှာက အမြဲလိုလို ရတယ်နော်"

"ဟုတ်တယ် မြစ်ချောင်းတွေက ပေါတာကိုး၊ ပင်လယ် ကမ်းစပ်နဲ့လည်း နီးတယ်လေ"

"ခက်ရင်းကိုင်ရ ခက်နေသလား၊ အရိုးထွင်ပေးမယ်





မိုးနီလာ၏ ဂရုစိုက်မှုကို ဂုဏ်ရောင် ကျေနပ်နေသည်။ အမှန်တော့ ညာဘက်တစ်ဘက်တည်းနှင့် စားနိုင်သော်လည်း မိုးနီလာ ငါးအရိုးထွင်ပေးမှု ပုဇွန်များကို ခက်ရင်းဖြင့် ဖြတ်တောက်ပေးခြင်းတို့ကို ကျေနပ်စွာ ခံယူလိုက်သည်။

မိုးနီလာကို သဘောကျနေပြီ။

မိုးနီလာကို နှစ်သက်ကြောင်း ကိုမောင်နှင့် ထိန်ဝင်းတို့က ဖွင့်ဟပြီး အောင်သွယ်ပေးရန် ပြောဆိုသောအခါ သူ့စိတ်ထဲမှ လက်မခံနိုင်အောင် ဖြစ်မိသည်။ အချစ်အညှောက်ကလေးသည် ဝန်တိုမှုကြောင့် ရှင်သန်နိုးထလာသည်။

ခုကိစ္စက သူမလာလျှင်လည်း ရသည်။ မန်နေဂျာတစ်ဦးနှင့် လွှတ်လိုက်လို့ ရသည့်ကိစ္စကို သူ တမင်ပင် လာခဲ့သည်မှာ မိုးနီလာကို တွေ့ချင်သည့် စိတ်ဆန္ဒ တစ်ခုတည်းကြောင့်ပင်။

စားသောက်ပြီး ပန်းကန်သိမ်းတာကအစ သူ တတ်နိုင်သမျှ ဝိုင်းကူသော်လည်း. . .

"နေပါဦး ဦးဂုဏ်ရောင်၊ အေးအေးဆေးဆေး နားနေပါ။ ဆေးသောက်လိုက်ဦးလေ"

"အစာနဲ့ နည်းနည်းခြားမှ သောက်မယ်၊ မိုးပက်တယ် ပြတင်းပေါက် ပိတ်လိုက်ရမလား"

နေဝင်ရီတရော အချိန်ဖြစ်သော်လည်း မိုးသည်းသည်း ည်းမည်း ရွာသွန်းနေမှုကြောင့် အမှောင်ထုက လုနေပြီ ဖြစ်သည်။

"ပိတ်လိုက်လေ"

သူစိမ်းယောကျ်ားတစ်ဦးနှင့် နှစ်ယောက်တည်းပါလား



www.burmeseclassic.com

www.burmeseclassic.com



ဟု သတိထားလိုက်မိသော်လည်း ဦးဂုဏ်ရောင်၏ ဂုဏ်သိက္ခာကို သူ ယုံကြည်သည်။ လျှပ်စစ်မီးကို ဖွင့်လိုက်သည်။

"မွန်ပြည်နယ်က မိုးကောင်းတယ်နော်. . ၊ ရန်ကုန်မှာလည်း ကောင်းတာပါပဲ"

"ခဏထိုင်နေဦးနော်၊ ကျွန်မ ရှင့်အတွက် အိပ်ယာပြင်ပေးခဲ့မယ်"

အိပ်ခန်းထဲသို့ သူ ဝင်လာမှာကို စိုးရိမ်သဖြင့် မိုးနီလာက ကြိုတင်ပြောလိုက်ခြင်း ဖြစ်သည်။ ဂုဏ်ရောင်က. . .

"ရတယ် ကျွန်တော့်ဘာသာ ခင်းပါ့မယ်"

"ရှင်က ဘာလုပ်တတ်မှာလည်း ဧည့်သည်ပီပီ နေပါ ကျွန်မတို့မှာ ဝတ္တရားရှိပါတယ်"

မိုးနီလာက မွေ့ယာထုတ်၊ အိပ်ယာခင်း ခင်းပြီး ခေါင်းအုံးစွပ်ပေး၊ စောင်ထုတ်ပေး၊ ခြင်ထောင်ထောင်ပေးခြင်းတို့ကို လျင်မြန်သွက်လက်စွာ လုပ်ဆောင်ပေးလိုက်သည်။

ဂုဏ်ရောင်က လှမ်းမြင်တွေ့နေရသည်။ မိုးနီလာကို လက်ထပ်ချင်ပါတယ်လို့ သူ ဘာဖြစ်လို့များ မတောင်းဆိုခဲ့ရနည်း။ မိုးနီလာမှာများ ရည်းစားရှိနေခဲ့သလား။

မေးမည်။ ဘယ်လိုမေးရမလဲ။ အကယ်၍များ ရှိသည်ဆိုပါက သူ ဘယ်လိုလုပ်မလဲ။ တစ်ဘက်လှည့်နှင့် မေးမှ ဖြစ်မည်။ ဂုဏ်ရောင် ပန်းသီးစားရင်း အကြံထုတ်နေသည်။







# အခန်း(၁၈)

မိုးနီလာ အိပ်ယာပြင်ဆင်ပြီး ဧည့်ခန်းသို့ ထွက်ခဲ့သည်။

"မိုးက တိတ်မယ့်ပုံ မပေါ်ဘူး၊ ကျွန်မ ပြန်တော့မယ်"

"ဟင်. ."

ဂုဏ်ရောင်က နာရီကြည့်လိုက်သည်။

"ခြောက်နာရီခွဲပဲ ရှိပါသေးတယ်"

"သင့်တော်ပါ့မလား ဦးဂုဏ်ရောင်ရယ်၊ ကျွန်မနဲ့ရှင်



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်တည်း၊ ရှင့်အတွက် ဧည့်ဝတ်မကျေသလို ဖြစ်မှာစိုး လို့ ခုလိုလာရောက်ဧည့်ခံပေးရတာပဲ တော်သင့်ပါပြီ"

"ခဏလေးပါ၊ ကျွန်တော် မေးစရာရှိလို့ ထိုင်ပါဦးဗျာ၊ ပန်းသီးစား"

"ကျွန်မက ကိုယ့်တိုင်းပြည်ထွက် အသီးအနှံတွေကို ပိုကြိုက်တယ်"

"လုပ်ပြီကွာ"

ဂုဏ်ရောင်က မကျေမနပ် ရေရွတ်လိုက်သည်။

မိုးနီလာ ဂုဏ်ရောင် မျက်နှာအညိုမခံပါ။ လက်အနာခံပြီး ခွာပေးထားသည်ကို သတိရ၍. . .

"ရှင်ကိုယ်တိုင် အခွံခွာပေးတာကို စာနာထောက်ထားပြီး သွေးစွန်းခဲ့တဲ့ ပန်းသီးမို့ စားတာနော်"

ပန်းသီးတစ်စိတ်ကို ယူပြီးစားလိုက်သည်။ ဂုဏ်ရောင် ကျေနပ်သွားသည်။

"ကျွန်တော်က မုဒ့်ဘက် ဆက်သွားဦးမှာ"

"ဟုတ်လား၊ အဲဒီဘက်ကကော ရာဘာအတွက်ပဲလား"

"ဟုတ်တယ်၊ အပြန် ဒီမှာပဲ တစ်ခေါက်နားမယ် ဖြစ်လား"

"ဖြစ်ပါတယ်၊ ပြန်လာမယ့်ရက်ပြောလေ၊ အဆင်သင့် လာပြင်ပေးထားမယ်၊

"ရောက်မှ ဖုန်းဆက်မယ်၊ သော့တစ်ချောင်း ပေးထားလား၊ မိုးချုပ်နေရင် ခက်မယ်"

"ယူထားလေ"





မိုးနီလာကလည်း နှလုံးသားက ပျော့ညံ့လွန်းတာပါ၊ ဂုဏ်ရောင်နှင့် ပတ်သက်လာလျှင် သူ့ဆန္ဒမှန်သမျှ ငြင်းဆန်နိုင်သော အင်အားမရှိလောက်အောင် ပျော့ညံ့လွန်းလှသည်။

"ကျွန်တော့်ကို ကိုမောင်တို့ ထိန်ဝင်းတို့က မေးခိုင်းတာရှိလို့ မေးရမှာလည်း အားနာတယ်၊ ခင်ဗျားအပေါ် စော်ကားသလို ဖြစ်မှာလည်း စိုးတယ်"

မိုးနီလာက လှပသောမျက်ဝန်းဖြင့် သူ့အား တအံ့တဩ ကြည့်လိုက်သည်။

ဂုဏ်ရောင်က စိတ်ထဲမှနေ၍ ကိုမောင်နှင့် ထိန်ဝင်းကို သိမ်းတောင်းပန်လိုက်သည်။

"ခင်ဗျားတို့ကို ခုတုံးလုပ်လိုက်တာကို ခွင့်လွှတ်ဗျာ၊ အချစ်ရေးမှာ တရားတယ် မတရားတယ် မရှိဘူး မဟုတ်လား"

"ဘာမေးကြလို့လဲ"

"သူတို့က ခင်ဗျားကို စိတ်ဝင်စားနေကြတယ်ထင်တယ်၊ ခင်ဗျားမှာ ရည်မှန်းထားသူများ ရှိသလားလို့ မေးခိုင်းကြတယ်"

မိုးနီလာ ရင်ထဲ နင့်ခနဲ ဖြစ်သွားသည်။ မေးရက်လိုက်တာ. . သူတို့က စိတ်ဝင်စားနေကြတယ်တဲ့လား၊ ရှင်ကကော အဲဒီအထဲ မပါဘူးလားဟု မေးလိုက်ချင်သည်။ ရင်ဝယ်ထိရှမှုကြောင့် မျက်နှာပင် ညိုးသွားသည်။

မိုးနီလာ ထိုင်ရာမှ ထလိုက်သည်။

"ရှိပါတယ်၊ ကျွန်မ နှလုံးသားထဲကကို ရည်ရွယ်ထားသူတစ်ယောက် ရှိပါတယ်၊ အဲဒီလူကလွဲရင် ကျွန်မ ဘယ်သူ့ကိုမှ မယူနိုင်ဘူး၊ သူတို့ကိုလည်း မကြိုးစားဖို့ ရှင်လည်း အောင်သွယ်



www.burmeseclassic.com

www.burmeseclassic.com



ပေးဖို့ လုံးဝမစဉ်းစားပါနဲ့၊ ဒါပဲလား. . ကျွန်မ ပြန်တော့မယ်"

ဂုဏ်ရောင် နေပါဦးဟု မတားချင်တော့၊ သူ့ရင်ထဲ နာကျင်သွားလေပြီ။

ထင်ထားသည့်အတိုင်းပင် မိုးနီလာ၌ ရည်ရွယ်ထားသူရှိ၍ သူ့အပေါ် ခပ်စိမ်းစိမ်း ဆက်ဆံခဲ့ခြင်း ဖြစ်သည်။

ယခု သူ့ညီမဘက်မှ အမှားကြောင့်သာ မိမိအပေါ် တတ်နိုင်သမျှ ဖော်ရွေကာ လိုက်လျောပေးခြင်းဖြစ်သည်။ ဖြစ်ရလေ မိမိက ဒီအတွက် သာယာရတယ်လို့။

မိုးနီလာ ကားပေါ်သို့ ပန်းသီးခြင်းနှင့် ကိတ်မုန့်ဗူးများ ဝိုင်းတင်ပေးလိုက်သည်။

"လူကြုံနဲ့ ပေးလိုက်တယ်ပဲ ပြောလိုက်ပါဗျာ၊ ကျွန်တော် ညီညာကိုလည်း မတွေ့ချင်သေးဘူး၊ အန်တီကိုလည်း နောက်မှပဲ တွေ့တော့မယ်"

"ကောင်းပါပြီ၊ ဆေးသောက်လိုက်ဦးနော်၊ ကိစ္စရှိရင် ဖုန်းဆက်နော်"

"စိတ်ချလက်ချသွားပါ၊ ညေ့ဝတ်ကျေပြွန်တဲ့အတွက် ကျေးဇူးတင်ပါတယ်"

"ခါတ်ဗူးထဲမှာ ရေနွေးရှိတယ်နော်၊ ကော်ဖီတွေဘာတွေ ဖျော်သောက်ရင်လည်း အားလုံးရှိတယ်၊ လက်ဆောင်တွေအတွက်လည်း ကျေးဇူးတင်ပါတယ်"

မိုးနီလာ သူ့အား တစ်ယောက်တည်း ထားရသည့်အရေးအတွက် စိတ်မချနိုင်အောင် ဖြစ်မိလေသည်။ မသင့်တော်၍သာ မတတ်သာ၍သာ ထားရခြင်း ဖြစ်သည်။





ဂုဏ်ရောင်အပေါ် ချစ်သည့်အချစ်က ဘာမှ မျှော်လင့်ချက်မရှိ။ ကားပေါ်တက်ပြီးမှ ဂုဏ်ရောင်အား

"ဆေးသောက်လိုက်နော်၊ စောစောအိပ်တော့"

ဂုဏ်ရောင်က. . အင်းမလုပ် အဲမလုပ် ကျန်ရစ်ခဲ့လေသည်။ ဂုဏ်ရောင်စိတ်ကို နားမလည်နိုင်။

ဂုဏ်ရောင် ညီညာကိုပဲ ချစ်တာထင်သည်။ ဒါကြောင့် ညီညာအပေါ် အချစ်ကြီး၍ အမျက်ကြီးခြင်းက သေချာနေသည်။

ညီညာက တောင်းပန်စာ ရေးပေးလိုက်ပါလျက် သူ့ဘက်က မကျေအေးခြင်းမှာ အချစ်ကြီး၍ အမျက်ကြီးခြင်းက သေချာနေသည်။

မိုးနီလာ မျက်ရည်စက်တို့သည် သထုံမြို့၏ မိုးရေချိန်နှင့်အပြိုင် ရွာသွန်းလျက် ရှိချေပြီ။

ဂုဏ်ရောင်က မိုးနီလာ ကားမီးရောင်လေး ပျောက်ကွယ်သွားသည်အထိ ငေးကြည့်နေမိသည်။

မိုးဖြိုင်ဖြိုင် ရွာသွန်းနေသည့်ကြားက ထွက်သွားသောမိုးနီလာကို စိုးရိမ်မိသည်။ မိုးနီလာကတော့ သူ့ဒေသနှင့်သူ တစ်ယောက်တည်း သွားရတာကို မကြောက်သော်လည်း သူ့စိတ်ထဲက စိုးရိမ်သည်။

အချိန်ကို ခန့်မှန်းပြီးမှ ဖုန်းဆက်ရန် ဆုံးဖြတ်လိုက်သည်။

ဂုဏ်ရောင်ရင်ထဲ၌ မိုးနီလာထံ၌ ရည်မှန်းထားသူ ရှိပါသည်ဟူသော အဖြေကြောင့် ရင်ထဲဆွေးသွားရသည်။ မျှော်လင့်ချက်ကုန်ဆုံးသွားသော်လည်း မိုးနီလာအနီး နေချင်စိတ် မိုးနီ



www.burmeseclassic.com

www.burmeseclassic.com



လာအပေါ် စိုးရိမ်စိတ်တို့က လွင့်ပြယ်မသွားချေ။

ခက်နေပြီ။

ညီမကိုမရ၍ အစ်မဘက်သို့ လှည့်သည်ဟူသော အပြောကို ဥပေက္ခာပြုပြီး ချဉ်းကပ်လာပြန်တော့လည်း မိုးနီလာမှာ ချစ်သူနှင့်ပါလား။

ဂုဏ်ရောင် စိတ်ပျက်လက်ပျက်နှင့် ကုတင်ထက် လှဲချလိုက်သည်။ ပရုပ်နံ့ နေနံ့လေးများသင်းနေသော အိပ်ယာက မိုးနီလာ၏ မိန်းမပီသမှုကို ဖော်ပြနေသည်။

ယောကျ်ားတစ်ယောက်လိုလည်း စီးပွားရှာနိုင်သည်။ မိန်းကလေးတစ်ယောက်လိုလည်း အိမ်ထောင်မှု နိုင်နင်းသည်။ မိန်းမတစ်ယောက်၌ ရှိသင့်ရှိထိုက်သော ရုပ်အဆင်းအင်္ဂါနှင့်လည်း ပြည့်စုံသည်။ အနှီ မိန်းမသားကို စိတ်ဝင်စားစွာ လက်ထပ်လိုခြင်းသည် မိမိအမှား မဟုတ်ဘူးဟု ထင်သည်။

နာရီဝက်ကျော်ကျော်အကြာ၌ သူ သထုံအိမ်သို့ ဖုန်းဆက်လိုက်သည်။

"ဟဲလို. ."

"ဒေါ်မိုးနီလာနဲ့ တွေ့ချင်ပါတယ်"

ဘယ်သူမှန်းမသိ။

"ဘယ်သူလို့ ပြောပေးရပါ့မလဲရှင်"

"သူ့မိတ်ဆွေပါ"

"ဟုတ်ကဲ့ရှင့် ခဏကိုင်ထားပါနော်၊ မမီးခေါ်ပေးပါ့မယ်"

ထိုစဉ်. .





"ညီညာ ဖုန်းချလိုက် ငါ ကိုင်လိုက်ပြီ"

"ဟုတ်ကဲ့. ."

ဖုန်းချသံ ကြားလိုက်ရပြီးနောက်. . .

"ပြောပါ ဦးဂုဏ်ရောင် ဘာကိစ္စရှိလို့လဲ"

"ခင်ဗျား ပြန်ရောက်မရောက် သိချင်လို့ပါ"

"အခုပဲ ရောက်တယ်၊ ရှင် ဆေးကော သောက်ပြီးပြီလား"

"ဩော်. . ဟုတ်ပါရဲ့ သောက်မယ်"

"သောက်မယ် မလုပ်နဲ့လေ. . အခုသောက်လိုက်ပါ၊ ကျွန်မ ဖုန်းကိုင်ထားမယ်၊ ဆေးသောက်ပြီးမှ ပြန်ဆက်"

မိုးနီလာက သူ့ကို စိုးမိုးနေသည်။ ဒါကို သူက ကျေနပ်စွာပင် ဆေးကို သောက်လိုက်ပြီးမှ ဖုန်းပြန်ကိုင်သည်။

"သောက်ပြီးပြီ"

"ဦးဂုဏ်ရောင်ရယ်၊ မုဒုံကအပြန် ဒီမှာပဲ လာတည်းပါလားရှင်၊ အနေအထိုင် ဆင်းရဲမှာပေါ့"

"ဒီအိမ်လေးမှာတည်းရတာ သဘောကျတယ် လွတ်လပ်တယ်၊ အပြန်လည်း ဒီမှာပဲတည်းမယ်"

"ဩော်. . ဦးဂုဏ်ရောင် မျက်နှာသုတ်ပုဝါ မပါဘူးမှတ်လား ယူသွားနော်၊ နောက်ပြီး. . အဖော်ခေါ်ချင်ရင် ရာဘာခြံအလုပ်သမားတန်းလျားမှာ မောင်တိုးဆိုတဲ့ ချာတိတ်ကို ခေါ်သွားပါလား"

"နေပါစေ ရတယ် သွားနေကြပဲ၊ ဒေါ်မိုးနီလာ စိတ်မချရင် ခင်ဗျားပဲ လိုက်ခဲ့"



www.burmeseclassic.com

www.burmeseclassic.com

"အဲဒီ အပြောတွေကြောင့် ရှင့်ကို ကျွန်မ ကြည့်မရတာ ဦးဂုဏ်ရောင်၊ ရှင့်စကားတွေဟာ မိန်းကလေးတစ်ယောက်ရဲ့ ဂုဏ်သိက္ခာကို ထိခိုက်စေသလား၊ မထိခိုက်စေဘူးလားဆိုတာ ရှင် ထည့်မတွေးတတ်ဘူးလား"

"ဆောရီးဗျာ ကျွန်တော် အပြောမတတ်လို့ပါ၊ ဒေါ်မိုးနီလာရဲ့ ဂုဏ်သိက္ခာကို ကျွန်တော် လေးစားပါတယ်၊ ထိခိုက်ဖို့ လုံးဝ မရည်ရွယ်ပါဘူး၊ ခွင့်လွှတ်ပါ"

"ထားပါတော့ ရှင် ဘယ်နေ့ ပြန်ရောက်မလဲ"

"မနက်ဖြန်သွားမယ်၊ တစ်ညအိပ်မယ်၊ သဘက်ခါည လောက် ပြန်ရောက်မယ် ထင်တယ်"

"ကောင်းပြီလေ၊ သဘက်ခါညနေ ကျွန်မ အဲဒီမှာ ညနေစာ ပြင်ဆင်ထားပြီး အန်တီတို့အတွက် ပေးဖို့ပါ ပြင်ဆင်ထားမယ်"

"ရပါတယ်၊ ခင်ဗျား တည်းခွင့်ပြုထားတာကိုပဲ ကျေနပ်လှပါပြီ"

"မေမေ့အချစ်ဆုံး သူငယ်ချင်းတွေရဲ့ သားပဲ၊ နောက်ပြီး ကျွန်မနဲ့ စီးပွားဘက်လေ၊ ဒီလောက်တော့ ကူညီရမှာပေါ့၊ ဒါပဲနော် ရှင်လည်းနားတော့ ကျွန်မလည်း အိပ်တော့မယ်"

မိုးနီလာ စကားစ ဖြတ်လိုက်သည်။ သို့တိုင်အောင်. .

"နေပါဦးဗျာ၊ ကျွန်တော် ခင်ဗျားနဲ့ စကားပြောချင်သေးတယ်"

"ဟော့တော် ဘာပြောစရာ ရှိလို့လဲ"

မိုးနီလာ ဂုဏ်ရောင်ကို နားမလည်နိုင်တော့။





ဂုဏ်ရောင်က ကလေးဆိုးကြီး သဖွယ်ပင်။

"ပြောစရာရှိရှိ မရှိရှိဗျာ. . ကျွန်တော့်နားမှ ခင်ဗျားရှိနေရင်ရှိ၊ မရှိရင် ခင်ဗျားနဲ့ စကားပြောနေချင်တယ်၊ ဒါ ကျွန်ဘော့်ဆန္ဒပဲ"

မိုးနီလာ စိတ်ထဲ လှုပ်ခတ်သွားရသည်။

"တော်ပြီရှင် ကျွန်မ အိပ်တော့မယ်"

ပြောပြောဆိုဆို တယ်လီဖုန်းကို ချလိုက်သည်။

မိုးနီလာသည်လည်း သာမန်မိန်းမသားပင်၊ ချစ်သူနှင့် ဘ်သက်လာလျှင် ပျော့ညံ့သောစိတ်က ရှိနေသည်။ နှလုံးသား ကြ မဆွတ်ခင်က ညှတ်နေပြီဖြစ်ရာ သူအချော့ဝယ် ပျော့ပါ ားပြီအရာရာကို ထိန်းချုပ်နိုင်စွမ်း ရှိတော့မည်မဟုတ်။

ထို့ကြောင့် တတ်နိုင်သမျှ ဂုဏ်ရောင်နှင့် ကင်းကင်းနေ က်တာ အကောင်းဆုံး ဖြစ်မည်ဟု ဆုံးဖြတ်လိုက်သော်လည်း ဘက်မိဘများ၏ သဘောထားကို သိနေပြန်တော့လည်း ်လာ ဂုဏ်ရောင်နှင့်ပတ်သက်၍ ရဲရင့်နေတတ်ပြန်သည်။

မိုးနီလာ တယ်လီဖုန်းပလပ်ကိုဖြုတ်ရန် ရည်ရွယ်ပြီးမှ ကမှာ အခက်အခဲရှိလျှင်ဟူသော အတွေးဖြစ်ပေါ်ကာ ပလပ် တ်ရန် ရည်ရွယ်လိုက်သောလက်ကို ရုပ်သိမ်းလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၁၉)

မိုးနီလာစိတ်ထဲ၌ ကျေနပ်ပျော်ရွှင်နေမိသည်။ မိခင်က ရိပ်သာမဝင်ခင် ထပ်မှာလိုက်သော စကားက မိုးနီလာအတွက် လမ်းစဖွင့်ပေးသကဲ့သို့ ဖြစ်နေသည်။

"အကြီးမ အနီသားနဲ့ သမီးက အလုပ်ဆက်စပ်လုပ် နေတာ မှတ်လား၊ သူ လာတဲ့အခါ ခါတိုင်းထက်ပိုပြီး ဝတ္တရား ကျေပေးပါ၊ သူတို့ဘက်က သဘောထားကြီးပြီး အငယ်မ အမှား





ကိုတောင် ခွင့်လွှတ်ပေးထားတာဆိုတော့ ကိုယ့်ဘက်က ကျေးဇူး တင်စရာကြီးပဲ၊ ဒီတော့ သူတို့ကို မေမေတို့ဘက်က ကျေးဇူးပြန် ပြုရမယ်၊ မေမေမရှိခင် ဆက်သွယ်လည်း သမီး လုံးဝ ဝတ္တရား မပျက်ကွက်ပါစေနဲ့ ကြားလား"

မိုးနီလာ "ဟုတ်ကဲ့ စိတ်ချပါ"ဟု ပြောရင်း. . ရင်ထဲ၌ ဂုဏ်ရောင်ပြန်လာမည့်အချိန်ကို မှန်းဆပျော်ရွှင်နေမိသည်။

တကယ်ဆို ဂုဏ်ရောင်ဘက်ကသာ အစကတည်းက ပြတ်သားခဲ့ပါလျှင်. . .

အင်းလေ သူကိုယ်တိုင် ညီညာကို ကြိုက်နေ၍ ဖြစ်မှာ ပါဟုသော အတွေးဝင်လိုက်သည်နှင့် မိုးနီလာရင်ထဲ နွမ်းလျ သွားသည်။

"ဒေါ်စိန် အားလုံး အဆင်သင့်ပဲလား"

"အဆင်သင့်ပဲ အကြီးမရေ မိုးတွေညို့လာပြီ၊ မိုးလွှတ် အောင် သွားတော့"

"ဝါဆို ဝါခေါင် သထုံမိုးကို ရှောင်လို့ လွတ်ရိုးလား ဒေါ် စိန်ရယ်၊ မိုးရာသီ မိုးရွာတာ ဘာဆန်းသလဲ၊ ရွာပလေ့စေပေါ့"

"ညီညာပြန်လာရင် ဘာပြောလိုက်ရမလဲ"

"ဘာမှမပြောနဲ့၊ ထမင်းစားလိုက်တော့လို့ မီး ရာဘာ ခြံမှာပဲ စားတော့မယ်လို့"

မိုးနီလာ တက်ကြွလန်းဆန်းနေသည်။

"သစ်သီးခြင်းတွေကော. ကားပေါ် တင်ပြီးပြီလား"

"တင်ပြီးပြီ၊ အားလုံး အဆင်သင့်ပဲဆို"

"ဒါဖြင့် မီးသွားမယ်"



www.burmeseclassic.com

www.burmeseclassic.com

"သွား. . သွား၊ ဒီအိမ်အတွက်က ဒေါ်စိန်ရှိနေသ၍ အကြီးမတို့ ဘာပူစရာ လိုသလဲ"

မိုးနီလာ ကားမောင်းထွက်ခဲ့သည်။ နာရီကြည့်လိုက်တော့ ငါးနာရီသာသာပင် ရှိသေးသည်။

မိုးကတော့ ညို့နေသည်။ ရှစ်ခွင်တစ်ခုလုံး မဲမှောင်လျက်ရှိသည်။ မိမိ မိုးမိမှာထက် ဂုဏ်ရောင် မိုးမိမှာကို စိုးရိမ်သည်။ မိုးမိပြီး လမ်းပေါ် ရေကျော်မိလျှင် အခက်. . .။

မိုးနီလာ ခြံထဲအိမ်ရောက်တော့ မိုးစတင် ရွာလေပြီ။ အိမ်ရှေ့ပေါ်တီကိုအောက်၌ ကားမတွေ့ရသေး။ မိုးနီလာက မိမိကားကို အိမ်ဘေး ကားဂရက်ချ်၌ ထိုးကပ်ရပ်ထားလိုက်သည်။

သော့တစ်ချောင်းဖြင့် အိမ်ထဲဖွင့်ကာ ဝင်လိုက်သည်။ ထမင်းဂျိုင့်နှင့် အစားအသောက်ပါသော ခြင်းကို အိမ်ထဲယူလိုက်သည်။

မိန်းမသားပီပီ အိမ်ကို ကြက်မွေးတစ်ချောင်းနှင့် လှဲကျင်းပြီး အိပ်ယာကိုခါကာ သေသေသပ်သပ် ထပ်ပြင်ဆင်လိုက်သည်။ သန့်ရှင်းရေးပြီးမှ ထမင်းဟင်းများကို နွေးစရာရှိနွေးပြီး ပြင်ဆင်လိုက်သည်။ မိုးကလည်း သည်းသည်းမည်းမည်း ရွာချကာ မိုးထစ်ချုန်းသံများ မိုးကြိုးပစ်သံကိုပါ ကြားရပြီး လျှပ်စစ်မီးလိုင်း ပြတ်တောက်သွားသည်။

ထိုအခါကျမှ အမှောင်ထု၏ ကြီးစိုးခြင်းကို ခံလိုက်ရသဖြင့်. . မိုးနီလာ အရေးပေါ် ဘက်ထရီမီးချောင်းကို ထွန်းပြီး နာရီကြည့်လိုက်တော့ ည ခုနစ်နာရီ ထိုးလုနေပြီ။





"ဟင်. . ခုနစ်နာရီတောင် ထိုးတော့မှာပါလား၊ သူ လာသေးပါလား"

နှုတ်မှ ရေရွတ်လိုက်သည်အထိ ဖြစ်သွားပြီး အိမ်ရှေ့ ခါးလိုက်ကာကို အသာလှပ်ကာ မှန်ကွက်များမှတစ်ဆင့် ပြင်ပကို ကြည့်လိုက်သည်။

လျှပ်ပန်းလျှပ်နွယ်တို့၏ တစ်ချည်တစ်ချည် လျှပ်တက် လင်းလက်မှုအောက်ဝယ် ရာဘာတောကြား မြေနီလမ်းပေါ်မှာ မည်သည့်ကားအရိပ်အယောင်ကိုမှ မတွေ့ရ။ ကွေ့ကွေ့ကောက်ကောက်နှင့် ငြိမ်သက်စွာ လှဲလျောင်းလျက် ရှိသည်။

လိုက်ကာကို ပြန်ချလိုက်သည်။ ပြင်ဆင်ထားပြီး ဟင်းခွက်ကန်များကို အုပ်ဆောင်းနှင့် ပြန်အုပ်လိုက်သည်။ နောက် ဘာခြိ လုပ်ငန်းဝင်ငွေထွက်ငွေ သာရင်းစာအုပ်များကို လှန်လှောကြည့်ပြီး စစ်ဆေးနေလိုက်သည်။

စိတ်တို့က ဂဏှာမငြိမ်။

မိနစ်လက်တံ ရွေ့လျားမှုက မြန်ဆန်လွန်းလှသည်။

တယ်လီဖုန်းဆက်ပြီး ဒေါ်စိန်ကို မှာထားလျှင် ကောင်းမည်ဆိုကာ တယ်လီဖုန်းကောက်ကိုင်လိုက်သည်။ မီးပျက်ရုံတင်မက ဖုန်းလိုင်းပါမမိ ဖြစ်သွားသည်။ မိုးတွေ ဒီလောက်သည်းနေမှတော့ ဖြစ်တော့မည်ပေါ့။

စိတ်ပျက်လက်ပျက် တယ်လီဖုန်းကိုချပြီး ကုတင်ပေါ်တွင် ခြေဆန့်လက်ဆန့် အညောင်းပြေ ခေတ္တဆိုကာ လှဲလျောင်းလိုက်သည်။ သို့သော် စာရင်းစာအုပ်ကိုကြည့်ရင်း မေ့ခနဲသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



နောက် အိပ်မက်ဆိုးတစ်ခု မက်သည်။

ထမင်းလုံး တစ္ဆေခြောက်သည်လား၊ ဘာလားမသိ စိတ်နှင့်လူနှင့်မကပ် အရာရာသည် တိမ်တိုက်ထဲ၌ လွင့်မျောသွာ သကဲ့သို့ လှိုင်းလုံးကြီးများကြား မျောပါသွားသကဲ့သို့ ခံစာ လိုက်ရသည်။ ရင်ထဲ တသိမ့်သိမ့်. . . ။

နိုးလာတော့ မီးအလင်းရောင်ကြောင့် စူးစူးဝါးဝါး ဖြ သွားကာ မျက်လုံးကို ပြန်မှိတ်လိုက်ရသည်။

ညီးညူသံ ကြားလိုက်ရသည်။

ဘုရား ထမင်းလုံးတစ္ဆေ ခြောက်နေတုန်းပဲလား။

ဘေးဘီကို ကြည့်လိုက်သည်။

ခေါင်းနပန်းကြီးသွားသည်။ လူတစ်ယောက်နှင့် အသာ ချင်း ထိမိသည်။ ပူနွေးနေသော အသားတစ်ခု။

ဘုရားရေ. .

မိုးနီလာ မျက်လုံးအစုံသည် ပုဇွန်ထုပ်နှင့်အပြိုင် ကျယ်သွားသည်။

မိမိဘေးနားမှာ လူတစ်ယောက်. . . ဂုဏ်ရောင်

ထိတ်ခနဲ ရင်ခုန်သွားသည်။ နောက် စဉ်းစားရင်း ခေါင်း မိုးကြိုးပစ်ခံလိုက်ရလေပြီထင့်။ ခေါင်းထုပူကာ ဦးနှော စားလေပြီ။

ညအိပ် ကုတင်တစ်လုံးပေါ်မှာ မိမိသည် ယောကျ် တစ်ယောက်နှင့်အတူ ယှဉ်အိပ်နေပါလား။

ဘာမှန်းမသိရအောင် ဖြစ်ရသလား။

နာရီကြည့်လိုက်တော့ ည တစ်နာရီခွဲ။





မိုးနီလာ ကုတင်ပေါ်မှ အသာအယာ ဆင်းလိုက်သည်။

ဟင်း. . ဟင်း. . ဟင်း. . ဟင်း. . .

အိမ်သို့ ပြန်ပြေးရန် ရည်ရွယ်ပြီးမှ. . ဂုဏ်ရောင်ထံမှ ညီးညူသံကြောင့် မိုးနီလာ အိပ်ခန်းဝမှ ပြန်လှည့်ခဲ့လေသည်။

ဂုဏ်ရောင် နဖူးကို အသာစမ်းလိုက်သည်။ ခြစ်ခြစ် တောက် ပူနေသော အထိအတွေ့ကြောင့် စိတ်ပူသွားသည်။

မိုးနီလာ ကြံရာမရတော့၊ ရေဝတ်ကလေးဖြင့် မျက်နှာ နှင့် လည်ပင်းတို့ကို တိုက်ပေးလိုက်သည်။

ဘယ်အချိန်ရောက်ပြီး မိမိဘေးမှာ ဘာကြောင့် အိပ်နေ သနည်း။

"အဟင်း. . ဟင်း"

"ဒုက္ခပါပဲရှင်. . ၊ ရှင် ဆေးသောက်ရအောင် ခဏနော်၊ ကထပါလား"

ကွမ်းရွက်ပြုတ်ရည်နှင့် ငန်းနီကျော် အအေးမိ အဖျား ဆေး တစ်ခွက်တို့ တွဲထူပြီး တိုက်လိုက်သည်။

မိုးနီလာ တွဲထူကာ လုပ်ပေးသမျှ၌ အလိုက်သင့်ပါလာ နာခံသော ကလေးတစ်ဦးသဖွယ် ဖြစ်နေသည်။

မိုးနီလာ ဆေးတိုက်ပြီးနောက် ညီးညူသံပျောက်ကာ ပျော်သွားလေသည်။

မိုးနီလာ ဂုဏ်ရောင် နဖူးပေါ်မှ ဆံစများကို အသာပင့် ကာ တစိမ့်စိမ့် ခိုးကြည့်မိသည်။ ချစ်ခြင်းမေတ္တာ၏ ဆန်း ယ်ပုံများ မိုးနီလာ မိမိကိုယ်ကို မယုံနိုင်အောင် ဖြစ်မိသည်။

ဂုဏ်ရောင်နှင့်ပတ်သက်လာလျှင် အပြစ်မမြင်၊ အချစ်



www.burmeseclassic.com

www.burmeseclassic.com



တွေသာ ဝင်လျက်ရှိပြီး မည်သည့်အမှားမဆို ခွင့်လွှတ်နိုင်စွမ်း ရှိနေသည်။

ဆေးကြောင့် ချွေးထွက်လာသောအခါ ချွေးသုတ်ပေး ခြင်း အကျီလဲခြင်းတို့ကို ပြုလုပ်ပေးပြီး နံနက် လေးနာရီခွဲခန့်တွင် ဆေးတစ်ခွက် ထပ်တိုက်ပေးပြီးနောက် မိုးနီလာ ဂုဏ်ရောင်အ နေအထားကို အနည်းငယ် စောင့်ကြည့်လိုက်သည်။ အဖျား လည်းကျသွားပြီ ဖြစ်သဖြင့် စိတ်ချရသော အနေအထားသို့ ရောက်နေပြီ။

မိုးနီလာ အသာပင် အိမ်ထဲမှ ထွက်ခဲ့သည်။ ကား မောင်းပြီး နံနက် အရုဏ်ဦးအလင်းရောင်မလာခင် အိမ်သို့အ ရောက် ပြန်ခဲ့သည်။

ထင်သည့်အတိုင်း ဒေါ်စိန်က အရုဏ်ဆွမ်း ထချက်နေ ပြီ ဖြစ်သဖြင့် နောက်ဖေးဘက်မှ လှည့်ဝင်ကာ

“ဒေါ်စိန် ဘုမကိုနှိုးပြီး ဆက်လုပ်ခိုင်းလိုက်”

“ဟင် ဘာဖြစ်လို့လဲ”

“ညည့်သည်က မိုးလင်းခါနီးမှ ဖျားရက်ကြီး ပြန်ရောက် လာလို့ မီးဆေးတိုက်ခဲ့တယ်၊ ခု အိပ်နေတယ်၊ မီးဆက်နေရ ပတ်ဝန်းကျင်က တစ်မျိုးထင်မှာစိုးလို့ ပြန်ခဲ့တာ၊ ဒေါ်စိန်သွား ကြည့်ပြီး လိုအပ်တာ လုပ်ပေးလိုက်နော်၊ ဒရိုင်ဘာကို နှိုးသွား လိုက်၊ မိုးလင်းမှ မီးလိုက်ခဲ့မယ်”

မိုးနီလာ စကားကို အမျှင်မပြတ် ပြောပြီးနောက် အ ပေါ်ထပ်သို့ တက်ခဲ့သည်။ အိပ်ခန်းထဲရောက်တော့ တံခါး ဂျက်ချလိုက်သည်။





အားလုံးနှင့် အဆက်အသွယ် ဖြတ်ထားလိုက်သည်။

ညက ဘာတွေဖြစ်ပျက်ခဲ့သနည်း။ မိမိဘေးနား လူတစ်ယောက် လာအိပ်သည်ကို မသိရအောင် အအိပ်မက်ရသလား။

အိပ်မက်ဆိုးကကော. . .

ဘုရားဘုရား အိပ်မက်ဆိုးသာ ဖြစ်ပါစေတော့. . ၊ အဘယ်မျှ ရဲတင်းပြီး သတ္တိရှိသော ကိုယ့်ကိုယ်ကို ယုံကြည်မှု အပြည့်အဝရှိသော မိန်းမဖြစ်ပါစေ အသွားမတော် တစ်လှမ်းဆိုသည့် စကားက ရှေးလူကြီးတွေ အလကားထားခဲ့တာမှ မဟုတ်ပေပဲ။

မိုးနီလာ စိတ်ငြိမ်ဆေး တစ်ပြားသောက်ကာ အိပ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၂၀)

"ဒေါ်စိန်နဲ့တူမက လာမယ်ဆိုပြီး မလာသေးပါလား . . ရှစ်နာရီတောင်ရှိပြီ ပြန်မှဖြစ်မယ်"

"နေကောင်းသွားလို့လား"

"ကောင်းသွားပါပြီ ပြောလိုက်ပါ၊ ကျွန်တော့်ကို ဂရုတစိုက် ဆေးတိုက်တဲ့အတွက် ကျေးဇူးတင်ကြောင်း ပြောပေးပါ"

"အေး . . အေး"





ဂုဏ်ရောင် ဒေါ်စိန်ကို ဟန်မပျက် စကားပြောနေရသော်လည်း စိတ်တို့ကမငြိမ်။

ပြင်ဆင်ထားသော ထမင်းပွဲက ဒီအတိုင်း၊ စာရင်းစာအုပ်များက ကုတင်အောက်မှာ ဖရိုဖရဲ။ မိုးနီလာ ကုတ်အင်္ကျီလေးက အိပ်ယာထဲမှာ ရှိနေသည်။ ဒါတွေ ဒေါ်စိန် မလာခင်တွေ့၍ သူသိမ်းဆည်းထားပြီး ဖြစ်သည်။

"ကားပေါ်မှာ သစ်သီးခြင်းတွေ တင်ထားပေးတယ် ဆရာ"

ဒေါ်စိန်က သူ့အား ဆရာဟုခေါ်နေခြင်းကိုပင် ဟန့်တားဖို့ သတိမရတော့။

ညက အဖြစ်အပျက်ကို သူ တစ်ချို့တစ်ဝက် မှတ်မိနေသည်။

သူ လမ်းမှာ မိုးသည်းထန်မှုကြောင့် ကားကို ဂရုတစိုက် မောင်းနှင်ရသည်။ လမ်းရေကျော်သည့်နေရာများတွင် ကားကို ဖြည်းညှင်းစွာ မောင်းခဲ့ရသည်။ တံခါးအလုံပိတ်ပြီး လေအေးစက်ဖွင့်မောင်းခဲ့သဖြင့် ချမ်းစိမ့်လာသည်။ အိပ်ငိုက်လာသဖြင့် ဝီစကီ အနည်းငယ်လည်း သောက်ခဲ့သည်။ ခေါင်းကိုက်လာသဖြင့် ဖျားမှာစိုးသဖြင့် သူ ဝီစကီကို ထပ်သောက်ခဲ့သည်။ နည်းနည်းများသွားသည် ထင်သည်။

"ဆရာ ဆီလည်း ဖြည့်ထားပေးတယ်"

"အေး . . အေး"

မိုးနီလာဒရိုင်ဘာနှင့် ဒေါ်စိန်က သူ့အတွက် လိုအပ်သည်တို့ကို ပြင်ဆင်ပေးလိုက်သည်။

www.burmeseclassic.com



"ဒေါ်မိုးနီလာ လာမယ်ပြောတယ်မှတ်လား ဒေါ်စိန်"

"ဟုတ်တယ် ဘာဖြစ်လို့ပါလိမ့်"

"ကျွန်တော် မစောင့်တော့ဘူး၊ ဒီနေ့ အစည်းအဝေးတစ်ခုကို မဖြစ်မနေ တက်ရမှာဖြစ်လို့ ပြန်သွားပြီလို့သာ ပြောလိုက်ပါ၊ ည ဖုန်းဆက်မယ်ဆိုတာလည်း ပြောပေးပါ ဒေါ်စိန်"

"စိတ်ချပါ ဆရာ"

ဂုဏ်ရောင် မပြန်ချင်ပြန်ချင်နှင့် ပြန်လာရသည်။ ကားမောင်းရင်း မတွေးချင်ပါဘူးဆိုသော်လည်း . . အတွေးစတို့က တစစ ပီပြင်လာသည်။ ညက. .

မိုးသည်းထန်နေသည့်ကြားက သူ ရာဘာခြံက မိုးနီလာ့အိမ်ကို ရောက်လာခဲ့သည်။ အဆင်သင့်ယူဆောင်ထားသော့သော့နှင့် ဖွင့်ဝင်ခဲ့သည်။ မှောင်မည်းနေသဖြင့် သူ၏ ဓာတ်မီးခလုတ်ကို ခြစ်လိုက်တော့ ဘက်ထရီမီးချောင်းလည်း ဓာတ်အားကုန်ကာ ငြိမ်းနေပုံရသည်။ စားပွဲပေါ်၌ ထမင်းပွဲ ပြင်ဆင်ထားပြီး ဟင်းပန်းကန်များကို အုပ်ဆောင်းဖြင့် အုပ်ထားသည်။

ဝီစကီ အရှိန်ကြောင့်လား၊ ဖျားချင်ချင် ဖြစ်နေသောအရှိန်ကြောင့်လား မသိ။ လူက ခြေလက်တို့ကို အနိုင်နိုင် သယ်ရသည်။ ဖယောင်းတိုင်ကို အသင့်ပင် တွေ့ရသဖြင့် မီးထွန်းညှိပြီး ရေချိုးခန်းဝင် ကိုယ်လက်သန့်စင်ပြီးအထွက် ဖယောင်းတိုင်မှုတ်ကျကာ ငြိမ်းသွားသည်။

လူကလည်း မဟန်ချင်တော့ အနိုင်နိုင်၊ ဒယိမ်းဒယိုင်ဖြင့် အိပ်ခန်းထဲလာပြီး ကုတင်ပေါ် ပြန်အလှဲ၌ နူးညံ့သော အထိအတွေ့ တစ်ခုကို ခံစားလိုက်ရသည်ထင့်။ နောက်ပိုင်း သူ ဘာ





မသိတော့၊ သိလာသည်က သူ့ကို ပွေ့ထူကာ မိုးနီလာ ဆေးတိုက်ခဲ့သည်ကိုလည်းကောင်း၊ သူ့အား မိုးနီလာ ချွေးသုတ်ပေးပြီး အင်္ကျီလဲပေးသည်ကိုတော့ တရေးရေး မှတ်မိလာသည်။

ဖြစ်ရလေ. .

ဒီကိစ္စနှင့်ပတ်သက်ပြီး မိုးနီလာနှင့် တွေ့ဆုံပြီး ရှင်းရှင်းလင်းလင်း မေးမှဖြစ်မည်။

မရေရာသော ကိစ္စတစ်ခုကို မိုးနီလာအပေါ် စော်ကားသလိုမျိုး မေးမိမှာလည်း စိုးရိမ်သည်။

မိုးနီလာကို သတိရမိသည်။ ရင်ထဲ၌ လစ်ဟာကာ လွမ်းဆွတ်သလို ခံစားရသည်။ ဒါဟာ အချစ်လား မိုးနီလာ။

ဒါဟာ အချစ်ဆိုရင် မိုးနီလာကို ကိုယ်ချစ်နေပြီဆိုတာ သေချာပြီ။

ဘာပဲပြောပြော ပွင့်ပွင့်လင်းလင်းပဲ ရင်ဆိုင်တော့မည်။ စိတ်ထဲ၌ ပြောစရာရှိသည်တို့ကို ချန်မထားနိုင်တော့။

ဂုဏ်ရောင် ကားကို ဂရုတစိုက် မောင်းလိုက်သည်။

ခုနေ အတိမ်းအစောင်း ခံ၍မဖြစ်၊ သူကရင်ထဲက မိုးကလေးနှင့် မဆုံဆည်းရသေး၊ တွေ့ဆုံဆည်းပြီး တူနှစ်ကိုယ် ဘိုင်းပြည် တည်ဆောက်နိုင်ဖို့ လိုသေးသည်။

ဂုဏ်ရောင် ကိစ္စရှိ၍သာ ပြန်လာရသည်။ သူ့စိတ်အစဉ်သည် မိုးနီလာထံ၌ ကျန်ရစ်ခဲ့လေပြီ။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၂၁)

မိုးနီလာ နေမကောင်းဘူး အကြောင်းပြကာ အလုပ်ကိစ္စများကို တယ်လီဖုန်းနှင့်သာ ညွှန်ကြားလိုက်သည်။ တာဝန်ခံများက ငွေများများ လက်ထဲမထားချင်သည့်အခါ သူ့အား လာရောက်အပ်နှံသည်ကိုတောင် ဒေါ်စိန်ကို မိုးညိုညာထံ စာရင်းစာအုပ်များပေးပြီး လက်ခံယူထားခိုင်းလိုက်သည်။

"အငယ်မက မေးနေတယ်"





ဒေါ်စိန်က မိုးညိုညာထံမှပြန်လာပြီး. . သူ့အား လာရောက်တွေ့ကာ ပြောလိုက်သည်။

"ဘာမေးတာလဲ"

"ဒရိုင်ဘာပြောလို့ ဖြစ်မှာပေါ့၊ ဟိုဆရာလေး ရာဘာခြံကို ရောက်လာကြောင်း သိသွားလို့ မေးတာ"

မိုးနီလာရင်ထဲ ထိတ်ခနဲ ဖြစ်သွားသည်။

"ဘယ်လိုမေးတာလဲ"

"ကိုကိုဂုဏ်ရောင် ရာဘာခြံကအိမ်မှာ တည်းသွားတယ်ဆိုတဲ့. . ကျုပ် ညာလို့ ဖြစ်မလား၊

ဟုတ်တယ် အကြီးမ၊ သစ်သီးခြင်းတွေ လက်ဆောင်ပို့ခိုင်းလို့ သွားပို့ပေးလိုက်တာလို့ပဲ ပြောလိုက်တယ်၊ သိချင်ရင် ကိုယ့်အစ်မကို သွားမေးလို့ပဲ ပြောလိုက်တယ်"

မိုးနီလာ သက်ပြင်းချပြီး နှုတ်ဆိတ်နေသည့်တိုင်အောင် ဒေါ်စိန်က ပါးစပ်မပိတ်သေး။

"ဒါတောင် အငယ်မက ကိုကို ဘယ်အချိန်က ရောက်နေသလဲ မသိဘူးနော်၊ မမကလည်း မပြောဘူး၊ ကိုကို ညိုညာကို စိတ်ဆိုးမပြေသေးလို့ ဒီမှာ လာမတည်းတာပေါ့နော်၊ ဘာညာ လုပ်နေသေးတယ်၊ ညိုညာဟာ ရည်းစားအထား စောသွားပေလို့ပဲ၊ မစောရင် ဆရာလေးဂုဏ်ရောင်နဲ့ ခုလောက်ဆို လက်ထပ်ပြီး တ'ကို'ထဲကို 'ကို'နေလောက်ပြီ"

မိုးနီလာရင်ထဲ လှုံသွားနှင့် အထိုးခံလိုက်ရသည့်နှယ် နှင့်နှင့်သီးသီးကို နာကျင်သွားလေသည်။

မိုးညိုညာ ချစ်သူအပေါ် သစ္စာမဖောက်ရက်၊ တစ်



www.burmeseclassic.com

www.burmeseclassic.com

ဘက်ကလည်း ဂုဏ်ရောင်အပေါ် ယိမ်းယိုင်ချင်စိတ်များ ရှိနေမလား။

ဂုဏ်ရောင်အပေါ် ယိမ်းယိုင်တာကို 'အမေကိုကြောက်လို့ အစ်မကိုကြောက်လို့'ဟူသော မိုးကြိုးပစ်မှာကို စိုးကြောက်ပြီး ထန်းလက်နှင့် အကာအကွယ်ပြုသလိုလုပ်ခြင်း ဖြစ်နိုင်သည်။

"ထမင်းစားပြီးပြီလား"

"ပြီးပြီ၊ မီး ရာဘာခြံဘက် ခဏသွားလိုက်ဦးမယ်"

"ဘာသွားလုပ်မလို့လဲ"

"ဒေါ်စိန် သိမ်းခဲ့ပြီးပြီလေ"

"ယူစရာစာအုပ် ကျန်နေတာလည်း ပါတယ်၊ သော့က ပြန်ယူထားလိုက်ပြီဆိုတော့ မစောကိုလည်း ယူခိုင်းလို့မရဘူး"

မိုးနီလာ ဗီဇကိုက အငြိမ်မနေနိုင်တာလည်း ပါသည်။ တွေဝေငြိမ်သက်ပြီး စဉ်းစားခန်း ဝင်နေရတာကိုက စိတ်ပင်ပန်းကြီးစွာ ဖြစ်မိလေ့သည်။

ဂုဏ်ရောင် အငွေ့အသက်ကလေးများနှင့် အရိပ်ကလေးများ ထင်ဟပ်ရာ ရာဘာခြံမှ မိမိအပန်းဖြေ အိမ်ကလေး၌ အလွမ်းဖြေရတာ ပို၍ကောင်းမည်ထင်ကာ ကားမောင်းထွက်ခဲ့လေသည်။

ဒေါ်စိန်က ခေါင်းတရမ်းရမ်းနှင့် ကျန်ရစ်ခဲ့သည်။ 'အပူ တကာ့အပူထဲမှာ အုံ့ပုန်းပူက အဆိုးဆုံးပဲ ထင်တယ်. . 'ဟူသော စကားကို မိုးနီလာ မကြားလိုက်ချေ။

မိုးနီလာ ရာဘာခြံ အလုပ်သမားတန်းလျားနှင့် ရာဘာလှန်းရာ အလုပ်ရုံဘက်သို့ ခြေဦးမျှပင် မသီခဲ့ပေ။ မိမိအိမ်က





လေးကို သော့ဖွင့်လိုက်စဉ် ဂုဏ်ရောင် သော့ပြန်မပေးသွားသည်ကို သတိရလိုက်သည်။

အိမ်ထဲသို့ ဝင်လာပြီး တံခါးကို ပြန်ပိတ်လိုက်သည်။ ရှိုကေ့စ်ကလေးပေါ်ရှိ ဖယောင်းတိုင်ထုပ်နား၌ ဖစ်ပို မီးခြစ်ကလေးတစ်လုံး တွေ့လိုက်ရသည်။ အသာယူကာ ခြစ်ကြည့်လိုက်သည်။

မီးတောက်က ပြာလဲ့ကာ. . မီးတောက်အားကောင်းသည်။ ထို့အတူ မိမိရင်ထဲမှာလည်း အချစ်မီးတောက် မီးလျှံကအားကောင်းနေလေပြီ။

မီးခြစ်ကို မိမိပိုက်ဆံအိတ်ထဲ ထည့်လိုက်ပြီး အောက်ကျနေသော ဂက်စ်မီးခြစ်ကို ပြန်ကောက်တင်လိုက်သည်။

ဒေါ်စိန်သိမ်းသွားသည်ဆိုသည်မှာ အိုးခွက်ပန်းကန်နှင့် ချိုင့်မျှလောက်သာ ဖြစ်သည်။

အိပ်ယာက ဒီအတိုင်းပင်။

မိုးနီလာ တွေးကြည့်သည်။ ညက အိပ်မက်. .

ဗုဒ္ဓေါ အိပ်မက်မှ ဟုတ်ပါလေစ။ ဟင်း. . ညက မိုးအေးသဖြင့် ဝတ်ခဲ့သော ကုတ်အင်္ကျီ အသားရောင်လေး ဘယ်ရောက်နေသနည်း။ အိပ်ယာကို သိမ်းလိုက်စဉ်. . .

"ထောက်. . "

ကြမ်းပြင်ထဲသို့ တစ်စုံတစ်ခု ကျသွားသည်။ မိုးနီလာ ကြည့်လိုက်သည်။ ဟင်းန်ချိန်း. . ။ မိမိ ဟင်းချိန်းမျှင်မျှင်လေးက ပျောက်သား။

ဘုရားတလိုက်သည်။


www.burmeseclassic.com

www.burmeseclassic.com



သို့သော် ကျသံက ဒီဟင်းချိန်းကျသံမဟုတ်၊ ကုတင် လိုက်သည်။

အောက် ငုံ့ကြည့်လိုက်သည်။

ကုတင်အောက် ချောင်ဘက်၌ ပတ်ကား ဖစ်ဖတီဝမ်း ဘောလ်ပင်နက်ကလေး။

မိုးနီလာ ရင်ခုန်လာသည်။

သိပ်မှတ်မိနေသည်။ ဆိုင်းထိုးသည့်အခါတိုင်း ထို ဘောလ်ပင်ကလေးနှင့် လက်မှတ်ထိုးတတ်သည့် ဂုဏ်ရောင်ကို ပြေးမြင်မိသည်။ တယုတယ ကတုန်ကယင်နှင့် ဘောလ်ပင်ကို ကောက်ယူပြီး သိမ်းဆည်းလိုက်သည်။

ထို့နောက် မိုးနီလာ စိတ်ကို ငြိမ်သက်စေရန် ထားပြီး အိပ်ယာခင်း ခေါင်းအုံးစပ်တို့ကို ချွတ်ကာ လျှော်ဖွပ်ရန် ယူလိုက် ပြီး မွေ့ယာ၊ ခေါင်းအုံး၊ ခြင်ထောင်တို့ကို သူ့နေရာနှင့်သူ ပြန် ထားလိုက်သည်။ နေသာမှ ပြန်ထုတ်လှမ်းရမည်။

ကုတင်ဘောင်၌ လွှားတင်ထားသော မျက်နှာသုတ်ပု ကိုလည်း လျှော်ဖွပ်ရန် ယူလိုက်သည်။

ဂုဏ်ရောင်၏ ကိုယ်ငွေ့ကလေးတွေ ကပ်ငြိနေသည် ခံစားလိုက်ရပြီး ရင်မှာ ပွေ့ပိုက်ထားမိသည်။

"မမ. . မမ အိမ်ထဲမှာ ရှိသလား"

လန့်ဖျပ်သွားသည်။ ရာဘာခြံကိစ္စ၌ စိတ်အချရဆုံး မန်နေဂျာအဖြစ် လက်လွှဲထားရသော မစောအသံပင်။

"ရှိတယ် မစော ဝင်ခဲ့လေ"

"မမ နေကောင်းသွားပြီလား"

မစော ဝင်လာသည်။ ဟန်မပျက်စေရန် သတိ





"ကောင်းသွားပြီ နည်းနည်းပန်းဖျားပါ"

"သူဌေးက သော့ပြန်အပ်မသွားဘူး မမ"

"ဟုတ်တယ် ဒေါ်စိန်ကို ပေးသွားတယ်၊ အိမ်မှာပဲ ထား လိုက်တယ် ထင်တယ်၊ အခု လျှော်စရာတွေ လာယူတာ"

"ကျွန်မပဲ လုပ်ပေးပါ့မယ် မမရယ်၊ ပြောရောပေါ့"

"ရတယ် မစော ရာဘာတွေသာ ရသံလောက် ဝယ်စု ဆောင်းပေးရမှာ မစောတာဝန်ပဲ၊ ဒီသာမန်တာဟီရကိစ္စလောက် ဘာ အိမ်ကအလုပ်သမားတွေပဲ လုပ်ခိုင်းတော့မယ်၊ ရတယ်. . မစော ကားပေါ်သာ တင်ထားလိုက်"

မစောက မနေတတ်သဖြင့် လျှော်ဖွပ်ရန် အဝတ်တို့ကို ယူပြီး. . .

"ဒီမှာပဲ လျှော်မယ်"

ရေချိုးခန်းထဲ၌ ဂုဏ်ရောင်၏ ချွေးအကျီတို့ ကျန်ရစ်ခဲ့ သည်။

"ဟော သူဌေးအကျီထင်တယ်၊ ဒီမှာပဲ လျှော်လိုက်မယ်"

"မလုပ်ပါနဲ့ မစောရယ် ကောင်မလေးတွေ ခေါ်ခိုင်း ယ်"

"အို. . ရှုပ်ရှုပ်ရှက်ရှက် ဒီကို တော်ရုံလူ အဝင်အထွက် ပ်စေနဲ့မမ၊ ကျွန်မလျှော်ရတာ ဘာအပန်းကြီးလဲ၊ ဒီမှာပဲ ားမယ်၊ နေသာရင် လာထုတ်လှန်းပြီး မီးပူတိုက်ပြီး သိမ်း ရှုံပဲ"

မိုးနီလာ ပြော၍မရမှန်း သိနေသဖြင့် လက်လျှော့လိုက်



www.burmeseclassic.com

www.burmeseclassic.com

သည်။ အမှန်တော့ ဂုဏ်ရောင်အကျီကို မိမိကိုယ်တိုင် လျှော် လိုက်ချင်သည်။

ပြောမရသော မစောကြောင့် မိုးနီလာက ဝိုင်းကူကာ အိမ်ထဲ၌ လှမ်းပေးလိုက်သည်။

"သူ့ဌေးက သဘောကောင်းတယ်၊ အလုပ်သမားတွေ အတွက် ကိတ်မုန့်တွေ အများကြီးဝယ်လာပြီး ပေးသွားတယ် သိလားမမ၊ သူနဲ့ အလုပ်လုပ်ရတာ အဆင်ပြေတယ်၊ သူ့ လုပ်ငန်း အောင်မြင်ပါစေလို့ပဲ ဆုတောင်းနေကြတယ်"

"သူ့လုပ်ငန်းက အောင်မြင်တယ်၊ သူက Export ပါ လုပ်တာဆိုတော့ မအောင်မြင်မှာမပူနဲ့၊ ကိုယ့်ကုန်ကြမ်းက အရည်အသွေး ကောင်းမွန်ဖို့ပဲ အရေးကြီးတာ"

"စိတ်ချပါ အလေအလွင့် မရှိရအောင် ကျွန်မလည်း ဂရုစိုက်ပါတယ်"

"ကျေးဇူးပဲ မစော၊ ကျွန်မလည်း ဒီဇင်ဘာလလောက် ဆို ပျော်ပွဲရွှင်ပွဲလုပ်ပြီး ဂုဏ်ပြုလက်ဆောင်ပေးဖို့ အစီအစဉ်ရှိပါ တယ်၊ မစောကိုတော့ တိုက်အိမ်ဆောက်ပေးဖို့ အစီအစဉ်ရှိ တယ်"

မိုးနီလာ စကားကြောင့် မစောမျက်နှာ ဝင်းပသွားသည်။

"တကယ်လား မမ"

"တကယ်ပေါ့၊ မစောတို့ကို လစာမတိုးဘဲ ထားတာက စုမိဆောင်းမိအောင်ရယ်၊ ရေရှည်အတွက်ရယ်ပါ၊ မီးမှာ လွှာ ထားချက်တွေ အများကြီးပါ၊ အလုပ်သမားနဲ့ အလုပ်ရှင်ဆိုတာ အကျိုးတူ ပူးပေါင်းဆောင်ရွက်ကြတာပဲ၊ အကျိုးအမြတ်တွေကို





အလုပ်ရှင်ချည်းပဲ စားမယ်ဆိုရင် မတရားဘူးလေ၊ အလုပ်သမား မရှိရင် ငွေဘယ်လောက်ရှိရှိ ဉာဏ်ဘယ်လောက်ရှိရှိ အလုပ် တစ်ခု ဖြစ်လာမှာ မဟုတ်ဘူး၊ ဒါကြောင့် မီးခေါင်းထဲမှာ သေ သေချာချာ တွက်ချက်ပြီး ထားသလို ရင်ထဲမှာလည်း အလုပ် သမားတွေအပေါ် စေတနာရှိပြီးသားပါ"

မစောက မိုးညီညာခေါ်သလို မမဟုသာ လေးစားသ ဖြင့် ခေါ်နေသော်လည်း မိမိထက် လေးငါးဆယ်နှစ်မျှငယ်သော မိုးနီလာကို လေးစားရသည်ကတော့ အမှန်ပင်။ လုပ်ရည်ကိုင် ရည်ကြောင့် လေးစားခဲ့သည်။ ယခုတော့ ဖြူစင်သော နှလုံးလှ သော စေတနာကို လေးစားရပြန်သည်။

မိုးနီလာ အတွက်ဆိုလျှင် အရိုးကြေကြေ အရည်ခမ်း ခမ်း လုပ်ပေးဖို့ ဝန်မလေးတော့။

"သော့. . မစော ယူထားရမလား"

"ယူထားလေ နေပူရင် ထုတ်လှမ်းစရာရှိ ထုတ်လှမ်းရ ဦးမှာပဲ၊ လိုတော့ မီး လာယူပါ့မယ်၊ သုံးချောင်းတောင် ရှိသေး တာပဲ၊ ဝန်းထဲ လိုက်ခဲ့ဦးမယ်"

မိုးနီလာ လွှမ်းစိတ်နှင့် ဆွေးမနေချင်သဖြင့် အလုပ်သ မားဝန်းနှင့် ရာဘာအခြောက်ခံ ရာဘာချပ်လုပ်ရာ အလုပ်ရုံ သို့လျှောင်ရုံများဘက်သို့ ကားနှင့်မောင်းထွက်ခဲ့လေသည်။

မစောကတော့ စက်ဘီးနှင့် လိုက်ခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၂၂)

ညစဉ် တယ်လီဖုန်းမျှော်သော အလုပ်တစ်ခု မိုးနီလာ၌ ပိုခဲ့လေသည်။ ဖုန်းဆက်မယ်ဟူသော ရန်ကုန်သားက ရန်ကုန်ပြန်ရောက်ပြီး မေ့သွားပြီ ထင်သည်။

မိုးနီလာ ဇော်ပိုမီးခြစ်နှင့် ဘောလ်ပင်ကလေးကို ထုတ်ကြည့်ပြီး လွမ်းစိတ်ဖြေနေစဉ် တယ်လီဖုန်း မြည်လာသည်။

"ဟဲလို"

"ဒေါ်မိုးနီလာ ဂုဏ်ရောင်ပါ"





မိုးနီလာ မျက်ရည်များပင် ရစ်ဝဲလာသည်။ အချစ်နှင့် ပတ်သက်လာလျှင် မိမိနှလုံးသားသည် တကယ့်ကို မွေးကင်းစသာ ရှိသေးသည်။ အထိအရှ လုံးဝ မခံနိုင်။ နှုတ်ကတော့. . .

"ပြောပါ"

"ဖုန်းက ညတိုင်းခေါ်တယ် ဒီနေ့မှ ရတာ"

"ကိစ္စ ရှိလို့လား"

သက်ပြင်းချသလား၊ ပင့်သက်ရှိုက်သံလား၊ မပီသသော ဝိုးတဝါး အသံတစ်ခုကို မိုးနီလာ ကြားလိုက်ရသည်။

"ကစ္စရှိမှ ဆက်ရမှာလား၊ ဒေါ်မိုးနီလာ၊ အင်း. . ဒေါ်မိုးနီလာလို့ မခေါ်ချင်တော့ဘူး၊ မိုးနီလာလို့ပဲ ခေါ်ချင်တယ်၊ ခေါ်ရမလား"

"ရှင့်သဘောပေါ့"

မိုးနီလာရင်ထဲ မေးစရာတွေ သိချင်တာတွေ ရှိနေသော်လည်း ဖွင့်ဟ မမေးရဲ၊ မေးရဲတာက

"ရှင် နေကောင်းသွားပြီနော်"

"မိုးနီလာရဲ့ ကုသမှု ပြုစုမှုကောင်းလို့ နေကောင်းပြီး လျှောလျှောလျူလျူနဲ့ အိမ်ပြန်ရောက်ခဲ့တာ၊ ကျွန်တော် မိုးနီလာကို မေးစရာစကားတွေ ရှိနေတယ်၊ ကျွန်တော် သဘက်ခါ ဆုဘာခြံကို တနစ်ညအိပ် လာတည်းမယ်၊ မိုးနီလာ ခွင့်ပြုမလား"

မိုးနီလာ ရင်ခုန်သံနှုန်း မြန်ဆန်လာသည်။ တမ်းတရသူ လွမ်းရသူနှင့် တွေ့ဆုံခွင့် ရတော့မည်။

"အလုပ်ကိစ္စက နောက်လဆန်းမှ မှတ်လား"

"အလုပ်ကိစ္စမဟုတ်ဘူး၊ ကိုယ်ရေးကိုယ်တာကိစ္စ၊ ရှင်



www.burmeseclassic.com

www.burmeseclassic.com



ထဲက မရှင်းလင်းတဲ့ ပဟေဠိတစ်ပုဒ်ကို အဖြေညှိမလို့"

"ဘာ. . မရှင်းလင်းတာလဲ"

"ဖုန်းနဲ့ပြောလို့ မကောင်းဘူးထင်တယ်၊ မိုးနီလာ ကိုယ်လာခဲ့မယ်၊ စောစောပဲ ထွက်ခဲ့မယ်၊ စောင့်နေနော်၊ ဘာမှာ ဦးမလဲ၊ မေမေတို့ကို အသိပေးပြီး လာခဲ့မှာ သူတို့ပေးတဲ့ လက်ဆောင်တွေက သပ်သပ်၊ ကိုယ် မိုးနီလာအတွက် သီးသန့်ဝယ်ခဲ့ချင်တယ်"

"မလိုချင်ဘူး၊ ဘာမှ မလိုချင်ဘူး၊ ရှင့်ဆီမှာ သော့ပါသွားတယ်မှတ်လား"

"အင်း တမင်ကို မပေးလိုက်တာ၊ အမြဲလာမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့လေ၊ မကျေနပ်ဖူးလား"

မိုးနီလာ ဘာပြန်ပြောရမှန်းမသိ၊ သူ့အသံ ပျောက်ကွယ်သွားမှာ စိုးရိမ်သည်။ လူကို မြင်တွေ့ခွင့်မရလျှင်တောင် အသံလေးကြားနေချင်သည်။ အသံကြားရရုံနှင့် ရင်မှာ တသိမ့်သိမ့် ကြည်နူးနေတတ်သည်။ အချစ်၏ စွမ်းအားကို မိုးနီလာ ခံစားတတ်နေပြီ။

"ပြောလေ"

"ဘာပြောရမှာလဲ"

"သော့ယူထားတာ ကျေနပ်ရင် ကျေနပ်တယ်၊ မကျေနပ်ရင် မကျေနပ်ဘူးပေါ့၊ ဒေါ်မိုးနီလာရယ်"

"မကျေနပ်ဘူး"

"မကျေနပ်ရင် ဒီတစ်ခါလာရင် ပြန်ပေးခဲ့မယ်၊ ကိုယ့်အလွမ်းဖြေစရာဆိုလို့ အဲဒီသော့လေးရယ်၊ နောက်တစ်ခုရယ်





ရှိတာ"

"ဟင် ဘာတစ်ခုလည်း"

"လာမှပြောပြမယ်၊ မိုးနီလာ ဘာလုပ်နေသလဲ"

"ဘာမှ မလုပ်ဘူး၊ အိပ်တော့မလို့"

"မအိပ်နဲ့ဦးကွာ၊ စကားပြောချင်တယ်"

"ဘာကိစ္စမှလည်း မရှိဘဲနဲ့"

"ရှိတယ်၊ ကိုမောင်က ဘဘနဲ့ ကြီးကြီးကို ပူဆာနေတယ်၊ ဝါကျွတ်တာနဲ့ ခင်ဗျားကို တောင်းပေးဖို့တဲ့"

"ဟင်. . "

မိုးနီလာ တုန်လှုပ်သွားသည်။

"ရင်ခုန်သွားသလား"

ကြည်နူးရိပ်တို့ လွှင့်ပြယ်ကုန်သည်။

"ဘာဆိုင်လို့လဲ"

"ကိုယ့်မိဘတွေ လာပူဆာနေလို့ ပြဿနာ"

"ဟာ မဖြစ်ဘူးနော်၊ ကျွန်မမှာ ချစ်သူရှိတယ်၊ ကျွန်မ ချစ်သူကလွဲပြီး ဘယ်သူမှ မယူနိုင်ဘူး၊ ရှင့်မိဘတွေကို ပြောလိုက်"

မိုးနီလာ အကြောက်အကန် ငြင်းဆန်လိုက်သည်။ မိမိရင်ထဲမှာ ချစ်သူဟာ 'ဂုဏ်ရောင်'တစ်ယောက်တည်းပါ။ ဂုဏ်ရောင်နဲ့သာ လွဲခဲ့ပါရင် မိုးနီလာဘဝ တစ်ကိုယ်တည်းသာ နေထိုင်သွားတော့မည်ဟု ဆုံးဖြတ်ချက် ချပြီးသား ဖြစ်သည်။

အချစ်မှာ အစားထိုးလို့ ရနိုင်ပါသလား။

မိမိလည်း အစားထိုး မချစ်နိုင်သကဲ့သို့။



www.burmeseclassic.com

www.burmeseclassic.com

မိမိသည်လည်း အစားထိုးခံ အချစ်မျိုးကို လက်မခံနိုင်။

အချစ်နှင့် အိမ်ထောင်ရေးကို တသားတည်း တသမတ်တည်း တည်ဆောက်လိုသူအတွက်တော့ အချစ်မပါဘဲနဲ့တော့ အိမ်ထောင်ပြုလိမ့်မည် မဟုတ်ပေ။

"မိုးနီလာ ဘာဖြစ်သွားတာလဲ"

"ကျွန်မကို ဒီကိစ္စနဲ့ဆိုရင် စကားမပြောနဲ့တော့၊ ဦးဂုဏ်ရောင်၊ အောင်သွယ်ဖို့ လာမှာဆိုလည်း မလာနဲ့တော့ ဒါပဲနော်"

"မိုး. ."

မိုးနီလာ တယ်လီဖုန်းချလိုက်သည်။ ဖုန်းပလပ် ဖြုတ်လိုက်ရန် ရည်ရွယ်လိုက်သော်လည်း မိခင်ထံမှ အကြောင်းကိစ္စကြီးငယ်အတွက် ဖုန်းဆက်လျှင်ဟူသော အတွေးကြောင့် မဖြုတ်လိုက်၊ ဖုန်းခေါ်သံ ထပ်ထွက်လာသည်။

"ဟဲလို"

"ဖုန်းမချလိုက်ပါနဲ့ မိုးနီလာ၊ ကျွန်တော် တောင်းပန်ပါတယ်၊ မိုးနီလာ မကြိုက်တဲ့စကား မပြောတော့ဘူး၊ ကျွန်တော့်ကို လာခွင့်ပေးမယ် မှတ်လား"

"ရပါတယ်၊ ဒီအိမ်ကို လာလည်း ရတာပဲ၊ ရှင် ညီညာကို ခွင့်မလွှတ်နိုင်သေးဘူးလား"

"ခွင့်လွှတ်နိုင်ပါတယ်၊ ဒါပေမယ့် ကျွန်တော် တွေ့ချင်တာ မိုးနီလာပဲ၊ ဒီတော့ ရာဘာခြံမှာ အနေများတဲ့ မိုးနီလာဆီကို လာချင်တယ်၊ နောက် အဲဒီအိမ်လေးကို ကျွန်တော် သဘောကျလို့ပါ"





"ဖြစ်နိုင်ရင်တော့ ရှင့်ကို သထုံကို မလာစေချင်သေးတာ"

"ဘာဖြစ်လို့လဲ"

"ဩော်. . ပတ်ဝန်းကျင်က ညီမ မရ အစ်မဆိုပြီး အမျိုးမျိုး ပြောဆိုမှာ စိုးတာကြောင့်ပါ၊ ဒါကြောင့် အိမ်လာဖို့ကိုလည်း ကမန်းမ သိပ်မတိုက်တွန်းမိတာ၊ အရေးတကြီး ကိစ္စ မရှိရင်"

"ရှိတာပေါ့၊ ဘဝတစ်သက်တာနဲ့ကို ရင်ရတဲ့ ကိစ္စမျိုး ရှိတယ်၊ လာခဲ့မယ်၊ မနက်စောစော ထွက်ခဲ့မယ်၊ အဲဒီကို ဆယ်နာရီ ဆယ့်တစ်နာရီလောက် ရောက်မယ်ထင်တယ်၊ စောင့်နေနော်၊ ဒါပဲ နိုင်ငံခြား ဖုန်းခေါ်စရာရှိလို့ ချလိုက်တော့မယ်၊ ဂွတ်နိုက်"

သူက ဦးအောင် ဖုန်းချသွားလေသည်။

မိုးနီလာ ရင်ထဲ လွမ်းသလို ဆွေးသလို ခံစားလိုက်ရသည်။ မဖြစ်ဘူး၊ သူ့ဘက်က စလာလျှင်တော့ မိမိဘက်က ပွင့်ပွင့်လင်းလင်း ဖွင့်ပြောလိုက်တော့မည်။ ထပ်မံ လွဲရဦးမည်ဆိုပါက ချစ်တတ်သော အသဲနှလုံးက သိပ်ခံစားနိုင်မည်မဟုတ်။

မိုးနီလာ ဂုဏ်ရောင်ကို နှစ်နှစ်ကာကာ ချစ်မိနေသည်။ မိမိဘဝထက်ပို၍ ချစ်နေခြင်းကြောင့် ဘာကိုမှ မငဲ့ကွက်ချင်တော့ ဂုဏ်ရောင်အတွက်ဆိုလျှင် ပေးဆပ်ရန်သာ အသင့်ရှိနေဘတ်ကြောင်း. . .





www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၂၃)

"မပြောချင်ဘူး အကြီးမရေ"

"ဘာဖြစ်လို့လဲ ဒေါ်စိန်"

"ညီညာကိုက ကံဆိုးတာပါ"

"ဘာဖြစ်လို့လဲ"

"သူ့ကောင်လေး သင်္ဘောပေါ်က ပျောက်သွားလို့တဲ့ ရေထဲပဲ ကျသွားသလား၊ ဘာလား မသိဘူး၊ အလောင်းတော့ ရှာမတွေ့သေးဘူးတဲ့"





"ဘုရား . . ဘုရား"

မိုးနီလာ စိတ်ထိခိုက်သွားရသည်။

ညီမချစ်သူကို မမြင်ဖူးသော်လည်း . . ဖွက်ထားသော ဓာတ်ပုံကိုတော့ မြင်ဖူးခဲ့သည်။

"အဲဒါ ရက်လည်ဆွမ်းတောင် ကပ်ရမလို ဖြစ်နေတယ်"

"ညီညာကော"

"ရိပ်သာပို့ပေးပါဆိုလို့ အစ်မဆီ ပို့ပေးလိုက်ရတယ်၊ အလုပ်တွေတော့ အကြီးမပဲ လုပ်ပေတော့"

မိုးနီလာက စိတ်မကောင်း ဖြစ်ရသည်။ မိုးညီညာ၏ အိမ်ထောင်ရေး ကံခေမှုကို သနားဂရုဏာ သက်မိသည်။

ရိပ်သာတွင် တရားထိုင်နေသူများ အနှောက်အယှက် ဖြစ်မှာ စိုးသဖြင့် ကားကို ဓမ္မာရုံရှေ့၌ ရပ်ထားခဲ့ပြီး မိမိတည်းခို သည့် ဇရပ်ဘက်သို့ ထွက်ခဲ့လေသည်။

တိတ်ဆိတ်နေသော ရိပ်သာအတွင်း၌ မိခင်ဇရပ်အရှေ့ ရောက်သည်နှင့် တီးတိုးစကား ဖြစ်သော်လည်း ကပြင်ပေါ်အ ရောက်တွင် အားလုံး ပီသစွာ ကြားရသည်။

"မောင်ဂုဏ်ရောင်တို့ မိသားစုကို အရှက်ရစေခဲ့တဲ့ အ ကုသိုလ်က ချက်ချင်းလက်ငင်း အကျိုးပေးတာပဲ သမီး"

"ကိုကို့ကို မုန်းလို့ မဟုတ်ပါဘူး မေမေ၊ ချစ်သူအပေါ် သစ္စာမဖောက်ချင်လို့ပါ၊ မေမေတို့အပေါ်လည်း အရှက်ရစေ ခဲ့တဲ့အတွက် ညီညာအပြစ်ပါ"

"အားလုံးက ခွင့်လွှတ်ကြပြီပဲ"

"ကိုကိုက ခွင့်မလွှတ်သေးဘူး မေမေ"


www.burmeseclassic.com

www.burmeseclassic.com



မိုးနီလာ အသံမပြုပဲ ရပ်နေမိသည်။ ရင်ထဲ၌ ကြေကွဲလာသည်။ မိုးညီညာ၏ မသိစိတ်၌ ဂုဏ်ရောင်ရှိနေပါလား။

သစ္စာနှင့်မေတ္တာ လွန်ဆွဲခဲ့သည်။ ယခု သစ္စာတရားက သူ့အလိုလို ပျောက်ကွယ်သွားစေပြီဆိုတော့ မေတ္တာသာ ပြိုင်ဘက်မရှိ ကျန်ရစ်ပြီ။

"ဪ . . နောက်တော့ ခွင့်လွှတ်မှာပေါ့၊ သူ ခွင့်မလွှတ်ကြောင်း သမီးက ဘယ်လိုလုပ် သိသလဲ"

"ကိုကို အလုပ်ကိစ္စနဲ့ လာသွားတာလေ၊ ရာဘာခြံမှာပဲ တည်းပြီး ပြန်သွားတယ်၊ အိမ်ကို မလာဘူးတဲ့"

"အငယ်မကို ဘယ်သူ ပြောသလဲ"

"ဒေါ်စိန်နဲ့ ကိုရာပြည့် ပြောတယ်"

"မမကို မေးမကြည့်ဘူးလား"

"မမက အလုပ်ကိစ္စ လာတာပဲ၊ လာလည်တာမှ မဟုတ်တာ၊ အိမ် ဘာလာလုပ်မှာလဲလို့ ပြောလို့ ညီညာလည်း မမေးရဲဘူး၊ ကိုကို့ကိုတွေ့ပြီး တောင်းပန်ချင်တယ်"

"ကဲပါလေ၊ ခု အငယ်မ ဘာလာလုပ်တာလဲ"

"ညီညာရင်ထဲ ပူလောင်နေလို့ တစ်ပတ်ဆယ်ရက်လောက် တရားလာထိုင်တာပါ"

"အင်း . . အကြီးမတစ်ယောက်တော့ တာဝန်တွေနဲ့ပိဦးတော့မှာပဲ၊ ကဲ . . ကဲ . . တရားအလုပ်ဆိုတော့လည်း မေမေ ဘာမှမပြောချင်ဘူး၊ အငယ်မ သဘောပဲ"

မိုးနီလာ ဇရပ်ထဲမဝင်တော့ဘူးဟု ဆုံးဖြတ်ပြီး တိတ်တိတ်ကလေးပင် ပြန်ဆင်းခဲ့လေသည်။





မနက်ဖြန်ရောက်လာမည့် ဂုဏ်ရောင်နှင့် ပြောရမည့် စကားတွေကို မိုးနီလာ ရလိုက်လေပြီ။

ရင်ထဲမှာတော့ စူးစူးရှရှကို နာကျင်လျက် . . .

++++++++++++



www.burmeseclassic.com

www.burmeseclassic.com








# အခန်း(၂၄)

မိုးနှင့်အတူ ရောက်လာတတ်သော ဂုဏ်ရောင်ကို ဆီးကြိုပြီး မိုးနိုလာက ကားပေါ်မှ ချဟန်ပြင်လိုက်သော ဂုဏ်ရောင်ကို တားဆီးလိုက်သည်။

"ဘာတွေလဲ"

"မေမေ ထည့်ပေးလိုက်တာတွေလေ"

"ဒီမှာမချနဲ့တော့ ဦးဂုဏ်ရောင်၊ အိမ်ကိုပဲ တန်းသွားရအောင်"



www.burmeseclassic.com

www.burmeseclassic.com



ဂုဏ်ရောင်က မျက်မှောင်ချီကာ. . .

"ဟာ မသွားချင်ဘူး၊ ဒီမှာပဲ တည်းမယ်၊ တည်းခွင့် ပေးရင် အလုပ်သမားတန်းလျားမှာ သွားနေမယ်"

ကလေးဆိုးကြီးလို ပြောလိုက်သော ဂုဏ်ရောင်ကိုကြည့်ပြီး မိုးနီလာ ပြုံးလိုက်သော်လည်း ရင်ထဲမှာ နင့်ခနဲ ခံစားနေရဆဲ။

"ဒုက္ခပါပဲ၊ ဟိုမှာ ထမင်းတောင် ပြင်ထားခိုင်းပြီး ညီညာကော မေမေကော ရိပ်သာဝင်နေတာ"

"ဝင်တော့ ဘာဖြစ်လဲ၊ ကိုယ်က သူတို့နဲ့တွေ့ရအောင် လာတာမှ မဟုတ်ဘဲ၊ ခင်ပျားနဲ့ တွေ့ရအောင် လာတာပဲ၊ ခင်ပျား ထမင်းမကျွေးလည်း ရတယ်၊ အလုပ်သမား တန်းလျားမှာပဲ သွားစားလိုက်မယ်"

"ပြောမရလည်း သဘောပဲ. . ဝင်. . ဝင်"

မိုးနီလာ ဘာမှကူမသယ်ပေးဘဲ အိမ်ထဲဝင်လိုက်ပြီး အိမ်သို့ တယ်လီဖုန်းဆက်ကာ ဒေါ်စိန်ကို ထမင်းယူလာပေးဖို့ မှာရသည်။

ချစ်မိနေမှတော့ ချစ်သူ၏အလိုကို လိုက်ချင်သည်။ မျက်နှာအညို မခံချင်၊ ရင်ထဲ တသိမ့်သိမ့် ချစ်နေရသူလေးနှင့် အတူနေခွင့်ရှိတုန်း တစိမ့်စိမ့်ကြည့်ကာ နေလိုက်ချင်သည်။

နှလုံးသားအလိုကို နောက်ဆုံးလိုက်လျောခွင့်ကို မိုး စိတ်ကြိုက်ပင် ဖန်တီးလိုက်သည်။

"ရော့ ခင်ပျားအကျီတိုင်းနဲ့ ချုပ်ထားတဲ့ ကုတ်အကျီ ရောင်စုံ. . "





ထိုင်နေသော မိုးနီလာရင်ခွင်ထဲ လက်ဆွဲအိတ်တစ်လုံး ပစ်ချပေးပြီး ပြောလိုက်သည်။ မိုးနီလာ မျက်လုံးပြူးသွားသည်။ ဂုဏ်ရောင်ကို အလန့်တကြားကြည့်လိုက်သည်။ ဂုဏ်ရောင်က ကုလားထိုင် လက်တန်းပေါ်၌ လက်တင်ကာ မေးထောက်ပြီး မိုးနီလာကို စူးစမ်းသောအကြည့်ဖြင့် ကြည့်နေသည်။

"ဟင်. . ကျွန်မ အကျီတိုင်း"

"ဟုတ်တယ် မီးခိုးရောင်လေး၊ ကိုယ် မုံရွာကပြန်လာပြီး သွားတဲ့နေ့က ကျန်ခဲ့တဲ့အကျီ"

"ဪ. . ဒါလား"

မိုးနီလာ. . ဟန်မပျက်နေလိုက်သည်။ အကောင်းဆုံး ဆင်ခြေတစ်ခုကိုလည်း ရွေးချယ်ရှာဖွေလိုက်သည်။

"ဪ. . ဒါလားဆိုတော့. .၊ ဒါတင်မဟုတ်သေးဘူး အဲဒီအကျီလေးက ကိုယ့်ရဲ့ လူမှန်းသူမှန်းမသိတဲ့အချိန်ကာလကို ခန့်မှန်းခိုင်းနေတယ်၊ အဲဒီအကျီလေးတော့ ကိုယ်ပဲ သိမ်းထား လိုက်တယ်"

"ဘာတွေလဲ ဘာလို့သိမ်းထားရတာလဲ၊ ရှင့်ကို ပြုစုရင်း အပုရှိန်တွေဟပ်ပြီး အိုက်လာလို့ ချွတ်ထားလိုက်တာ၊ ယူဖို့မေ့ သွားတာ"

မိုးနီလာ အတတ်နိုင်ဆုံးသော ဆင်ခြေတစ်ခုကို ရှာဖွေကာ ပြောလိုက်သည်။ ဂုဏ်ရောင်က ရေသန့်ဗူးကို ဖောက် သောက်လိုက်ပြီး. . .

"မိုးနီလာ ကိုယ် အမှန်တရားတစ်ခုကို သိချင်တယ်၊ အဲဒီနေ့က ခင်ပျားနဲ့ ကျွန်တော်. . "



www.burmeseclassic.com

www.burmeseclassic.com

"အို. . ဘာတွေပြောနေတာလဲ၊ ရှင့်ကိုစောင့်ရင်း. . ကျွန်မ မှေးခနဲ အိပ်ပျော်သွားတုန်း ရှင်ရောက်လာတယ်၊ ဖျားပြီး လဲနေလို့ ကျွန်မ ရှင့်ကိုပြုစုပေးတယ်၊ မိုးလင်းတော့ ပြန်သွားပြီး ဒေါ်စိန်ကို ဆက်ပြုစုခိုင်းတယ်. . ဒါပဲပေါ့၊ ရှင် ဘာတွေလျှောက် တွေးနေတာလဲ"

မိုးနီလာ ဟန်မပျက် ပြောလိုက်သည်။

ဂုဏ်ရောင်က မိမိကို မျက်တောင်မခတ်ဘဲ ငေးကြည့် နေသည်။ အသက်မှ ရှုပါလေစဟု. . .

"နောက် တစ်ခုရှိသေးတယ်"

မိုးနီလာ မျက်လုံးအဝိုင်းသားဖြင့် ကြည့်လိုက်သည်။

"ကိုယ့်ရင်ထဲမှာ ခင်ဗျားကို သိပ်သတိရနေတယ်၊ အ ချိန်ပြည့်လိုလို ခင်ဗျားကိုပဲ တွေ့ချင်နေတယ်"

မိုးနီလာ ထိုင်ရာမှ ထလိုက်သည်။ သူ့ကို ပြန်ပေးရန် ရည်ရွယ်ထားသော ပတ်ကားဘောလ်ပင်နှင့် ဇစ်ပိုမီးခြစ်လေးတို့ အိပ်ထဲမှထုတ်ကာ-စားပွဲပေါ် တင်ပေးလိုက်သည်။

"ဒီမှာ ကျန်ခဲ့တာလေးတွေ. .၊ အင်္ကျီတစ်ထည်လည်း လျှော်ပြီး သိမ်းထားတယ်၊ ရှင် ချွေးထွက်များတော့ ကျွန်မ ထဲ ပေးထားတာ၊ အန်ကယ်လ်နဲ့အန်တီ သားကို ပြုစုစောင့်ရှောက် ပေးရမယ့် တာဝန်ဝတ္တရား ကျွန်မမှာ ရှိပါတယ်၊ ကျွန်မ တစ်မှေး မအိပ်ခဲ့တဲ့အတွက် ပြန်အိပ်ရင်း အိပ်ပျော်သွားခဲ့တယ်၊ နိုးလာ တော့ ရှင်ပြန်သွားပြီ သိရတဲ့အတွက် ကျွန်မ စိတ်မကောင်းပါ ဘူး"

မိုးနီလာ ဂုဏ်ရောင် ယုံကြည်စေရန် ရှင်းပြလိုက်သည်။





ဂုဏ်ရောင်က ဇစ်ပိုမီးခြစ်ကို ခြစ်လိုက်ငြိမ်းလိုက်လုပ် ရင်း. . .

"ကျေးဇူးတင်ပါတယ်. . ခင်ဗျား တာဝန်ကျေပါတယ်၊ တာဝန်ဝတ္တရားအရပဲ ပြုစုပြုရ ကိုယ့်ရင်ထဲမှာတော့ လုံးဝ မေ့ ပျောက်လို့ မရတာတော့ အမှန်ပဲ၊ အိပ်မက်လိုလို ကိစ္စတစ်ခုကို စိတ်ထဲမှာ မတင်မကျဖြစ်လို့"

မိုးနီလာရင်ထဲ ထိတ်ခနဲ ဖြစ်သွားသည်။ အိပ်မက်တဲ့ သား. .။ မိမိကိုယ်တိုင်ကကော အိပ်မက်ထဲ ထမင်းလုံးတစ္ဆေ ခြောက်သလို ခံစားခဲ့ရသည့်အဖြစ်ကို မေ့ပျောက်ထားခဲ့သည်ပဲ၊ ရှိပါစေတော့။

ဂုဏ်ရောင်မျက်နှာ ညှိုးကျသွားခဲ့သည်။

"ကိုယ့်ကြောင့် မိုးနီလာမှာ နစ်နာမှုတွေ ရှိခဲ့ရင်. ."

"ဟာ. . . ဘာတွေပြောနေတာလဲ ဘာနစ်နာရမှာလဲ၊ ဘာမှမရှိပါဘူး၊ ကျွန်မ စိတ်မကောင်းဖြစ်နေတာ ဆရာဝန် ခေါ် ပေးနိုင်ဘဲ တိုင်းရင်းဆေးနဲ့ပဲ ကုပေးလိုက်ရလို့၊ ရှင် ပြန်ဦးမယ် ထင်ဘူးလေ"

မိုးနီလာ ဂုဏ်ရောင်ကို ရှောင်လွှဲချင်သည်။ ထိုစဉ်. . တာက ရောက်လာပြီး. .

"သူဌေး၊ ကားတွေ့လိုက်လို့ ထမင်းစားဖို့ ကျွန်မ. . ."

"အတော်ပဲ မစောရေ၊ ဒေါ်စိန်လာပို့လိမ့်မယ် ဝိုင်းပြင် ပေးပါဦး၊ ဦးဂုဏ်ရောင် ရေချိုးပြီး နားလိုက်ပါလား၊ ကျွန်မ စက် ခဏသွားလိုက်ဦးမယ်"

ဂုဏ်ရောင်က မကြည့်မသာ ခေါင်းညိတ်လိုက်ပြီး ကျွန်



www.burmeseclassic.com

www.burmeseclassic.com



ရှစ်ခဲ့သည်။ မိုးနီလာ ရာဘာစက်ဘက်သို့ထွက်သွားစဉ် ဂုဏ်ရောင်က ရေချိုးလိုက်သည်။ ရေချိုးပြီး ထွက်လာစဉ်မှာပင် ဒေါ်စိန်ရောက်လာသည်။ ထမင်းပွဲဝိုင်း ပြင်ပေးပြီး ဒေါ်စိန်ပြန်သွားဟန်ပြင်ရန်. . .

"အဲဒီပစ္စည်းတွေ သယ်သွားဦး ဒေါ်စိန်၊ မေမေတို့ ထည့်ပေးလိုက်တာ"

"အများကြီးပဲ. . အိမ်မှာပဲ လာအိပ်ပါလား"

"ညနေပြန်တော့မယ်"

"ဟင်. . ချက်ချင်းကြီး"

"ရာဘာသူဌေးနဲ့ ကိစ္စရှိလို့ လာတွေ့တာလေ၊ ကိစ္စပြီးတော့ ပြန်ရုံပေါ့ဗျာ၊ ဇည့်သည်ဆိုတာ ခဏခဏလာတော့ ငွေဧည့်သည် မဟုတ်တော့တာ ဒေါ်စိန်သိသားပဲ၊ ခုတောင် အိမ်ရှင်က ငြိုငြင်လို့ ရှောင်သွားပြီ"

မိုးနီလာ ဝင်လာသည်ကို မြင်လိုက်သဖြင့် ဂုဏ်ရောင်က တမင်ပြောလိုက်ခြင်း ဖြစ်သည်။

"မဟုတ်တာ၊ ကျွန်မတို့မှာ အဲဒီစိတ်ထားမျိုး မရှိဘူး"

"ကဲပါ. . ထမင်းစားရင်း စကားဆက်များကြပေတော့ အိမ်ကိုထားခဲ့ရတာ စိတ်မချဘူး"

ဒေါ်စိန်က ဒရိုင်ဘာ ရာပြည့်နှင့် ပြန်သွားလေသည်။ မစောကလည်း. . .

"ဘာမှမဆေးနဲ့နော်၊ စားပြီး ဒီအတိုင်းသာထား၊ မစောနောက်မှလာဆေးခိုင်းမယ်"

မိုးနီလာက ဘာမှမပြောဘဲ ထမင်းစားပွဲ၌ ထိုင်လိုက်





သည်။ မစောထွက်သွားသည်နှင့် ဂုဏ်ရောင်က. . .

"ကိုယ် ထမင်းစားဖို့ လာတာမဟုတ်ဘူး မိုးနီလာ၊ ရင်ထဲမရှင်းလင်းတဲ့ကိစ္စကို ဖုန်းနဲ့မေးလို့မကောင်းလို့ လာခဲ့တာ၊ အချို့မိန်းမတွေက ထင်ကြတယ်၊ အချစ်နဲ့ပတ်သက်ရင် မိန်းမသားတွေကပဲ အစွဲအလန်းကြီးတယ်၊ အချစ်ကို တန်ဖိုးထားတတ်ကြတယ်၊ ယောကျ်ားတွေကတော့ အဲဒီလိုမဟုတ်ဘူးလို့ ယူဆကြတယ်၊ ကိုယ်တော့ ကိုယ့်စိတ်နဲ့နှိုင်းပြီးပြောရရင် ကိုယ့်အချစ်ကိုတန်ဖိုးထားတယ်၊ ဒါကြောင့် ညီညာကို ကိုယ်မသက်သာလို့ ညီညာနဲ့ကိစ္စ ပျက်သွားရတယ်"

"ရှင် ဘာတွေလာပြောနေတာလဲ ဦးဂုဏ်ရောင်၊ ညီညာနဲ့ ပျက်သွားတဲ့အတွက် ရှင် ဝမ်းနည်းနေသလား"

ဂုဏ်ရောင်က စိတ်ပျက်စွာ ခေါင်းခါရမ်းလိုက်သည်။ ပြီးတော့ မိုးနီလာနှင့် မျက်နှာချင်းဆိုင် ဝင်ထိုင်သည်။ ခူးခပ်ပြင်ဆင်ထားသော ထမင်းပွဲကို ယောင်၍မျှမကြည့်။ မိုးနီလာကိုသာစေ့စေ့ကြည့်ပြီး. . .

"အဲဒီလိုထင်ရင် ခင်ဗျားမှားသွားမှာပေါ့၊ ကျွန်တော်ကနှစ်ကိုယ်တူ အချစ်ကိုပဲ လိုချင်တာ၊ ရှင်းရှင်းပြောရရင် ညီညာကိုလက်မှတ်ထိုးခါနီးအချိန်အထိ ညီမလေး တစ်ယောက်လိုထက်ချစ်လို့ မရသေးတာ အမှန်ပဲ"

မိုးနီလာရင်ထဲ "ဟင်ခနဲ" ဖြစ်သွားရသည်။ "ဒီလိုဆိုဂုဏ်ရောင်အချစ်က. . "ဟု တွေးကာ တုန်လှုပ်ချင်လာသည်။

အချစ်ကို ရယူဖို့တွင် ဘယ်အရာနှင့်မှ မသိမ်းသွင်းချင်၊ နှလုံးသားမှ အလိုအလျောက် ပေါက်ဖွားလာသော မေတ္တာ



www.burmeseclassic.com

www.burmeseclassic.com



တရားကိုသာ မိုးနီလာ အလိုရှိသည်။

"မိုးနီလာ ကိုယ် မျက်နှာပူပူနဲ့ ထပ်မေးပါရစေ၊ မိုးနီလာ ကိုယ့်ကို အမှန်အတိုင်းဖြေပါ"

မိုးနီလာ ခေါင်းငြိမ့်လိုက်သည်။

"ကိုယ်. . ကိုယ်. . မုဒ့်က ပြန်လာတဲ့ညက ခင်ဗျား ဟို. . ဟိုကွာ၊ အဲ. . ဘာမှ မဖြစ်ခဲ့ဘူးလား"

မိုးနီလာ ခြောက်ကပ်စွာ ရယ်လိုက်သည်။ သို့သော်. . ဇွန်းခက်ရင်းများကို ဟိုရွှေ့ဒီရွှေ့ လုပ်နေသောလက်မှာ အတ ငယ် တုန်နေသည်။

"ဟင်း. . ဟင်း. . ရှင်က ဒါပဲမေးနေ၊ ဘာမှမဖြစ်ပါဘူး ဆို၊ ဖြစ်မှတော့ ကျွန်မက ငြိမ်ခံနေမှာလား"

မိုးနီလာ၏အနီး ကုလားထိုင်သို့ ဂုဏ်ရောင် ရွှေ့ပြော ထိုင်လိုက်သည်။ ပြီးတော့ မိုးနီလာ၏ ဇွန်းခက်ရင်း ဆော့ကစာ နေသောလက်ကို အုပ်မိုးကာ ဆုပ်ကိုင်လိုက်သည်။

"မိုးနီလာ"

တုန်လှုပ်မှုကို ထိန်းချုပ်ပြီး မိုးနီလာ ဂုဏ်ရောင်ကို တ ပြန်ကြည့်လိုက်သည်။ ဂုဏ်ရောင် မျက်လုံးများတွင် တောက် သောအရောင်များ တွေ့ရသည်။ ထိုတောက်ပသောအရော တွင် ကြီးမားသော ညှို့ငင်အားတစ်ခု ပါဝင်လေသည်ထင့်. . မိုးနီလာ မှင်သက်မိနေမိသည့် တဒင်္ဂ၊ မျှော်လင့်မထားသော အနမ်းများကို ရုတ်တရက် ရလိုက်သည်။

ရုန်းဖယ်ရန် သတိရလိုက်ချိန်၌ သူက လွှတ်ကာ ထို ရာမှထပြီး ဖြစ်နေသည်။





မိုးနီလာ အသံတဆတ်ဆတ်တုန်ပြီး တုန်လှုပ်ခြောက် ခြားစွာဖြင့်. . .

"ရှင်. . ရှင်. . စော်ကား"

ဂုဏ်ရောင်က. . .

"စော်ကားတယ်ထင်ရင်လည်း ရတယ် မိုးနီလာ၊ ထင် ချင်သလို ထင်နိုင်တယ်၊ ဒါပေမယ့် ကိုယ် မိုးနီလာကို ချစ်တယ်၊ မိုးနီလာနဲ့ပဲ လက်ထပ်ချင်တယ်၊ မိုးနီလာ ချစ်သူအပေါ် သစ္စာ ဖောက်ဖို့ကို ကိုယ် မတိုက်တွန်းပါဘူး၊ ဒါကြောင့် ချစ်သူ အပေါ် သစ္စာမမဲ့ရအောင် မိုးနီလာကို ကိုယ် တစ်ဖက်သတ်ပဲ ဇွတ်ချစ် လိုက်တာ၊ မကျေနပ်ရင် ကိုယ့်ကို အပြစ်ပေးလေ"

မိုးနီလာ ခေါင်းရမ်းလိုက်သည်။

ချစ်သူအနမ်းကို ခံယူရခြင်းအတွက် ဘာအပြစ်ပေးစ ရာလိုသလဲ၊ မိမိချစ်နေတဲ့ ချစ်သူဆိုတာ သူ့ကိုယ်သူမှန်း ဂုဏ် ရောင် သိသွားပါက. . .

မိုးနီလာ ထိုင်ရာမှ ထလိုက်သည်။

"ရှင် ထမင်းမစားဘူးဆို ကျွန်မ ပြန်တော့မယ်"

"နေပါဦး"

လက်မြန်ခြေမြန်ကလည်း ရှိလိုက်တာ၊ မိုးနီလာ လက် ကို ဖျတ်ခနဲ လှမ်းဆွဲလိုက်သည်။

"ကိုယ့်ကို နောက်ဆုံး အခွင့်အရေးပေးပါ။ ကိုယ်နောက် လတ်ထဲ ပြည်ပခရီးသွားရမယ်၊ ဘယ်လောက်ကြာမယ် မပြော နိုင်ဘူး၊ အဲဒီကာလ မိုးနီလာနဲ့ ဘယ်လိုမှ တွေ့ရမှာမဟုတ်ဘူး၊ ဒါကြောင့် ဒီနေ့တစ်နေ့လုံး ကိုယ့်နားမှာ နေပေးပါ။ မင်းမျက်



www.burmeseclassic.com

www.burmeseclassic.com



လေးကို တစိမ့်စိမ့် ကြည့်နေရရင် တော်ပါပြီ၊ ဒါ မင်းချစ်သ အပေါ် သစ္စာဖောက်တာ မဟုတ်ပါဘူး၊ မိတ်ဆွေတစ်ယော ဧည့်သည်တစ်ယောက်ကို ဧည့်ခံတယ်လို့ပဲ မှတ်ယူထားပေးပ

"ဒါဖြင့်လည်း ပြီးရော၊ ဧည့်သည်က အိမ်ရှင်လက် လည်း လွှတ်ဦးမှပေါ့"

မိုးနီလာ ရင်ထဲက ဆန္ဒကလည်း သူနဲ့ထပ်တူပင် ချ သူကို တစိမ့်စိမ့် ကြည့်နေရရင်ကို ကျေနပ်လှပြီ။ ချစ်ခြင်းမေ ပေးဆပ်ခြင်းတွေ ပျော်ဝင်နေသည်။

ဂုဏ်ရောင်က လက်ကို လွှတ်လိုက်သော်လည်း လ နှစ်ဖက်က မိုးနီလာ ပုခုံးကို ဆွဲနှိပ်ကာ ကုလားထိုင်၌ ထိုင်စေ သည်။ ပြီးတော့ မိုးနီလာပန်းကန်ထဲ ထမင်းကို ကိုယ်တိုင်ခူးခ ထည့်ပေးသည်။

မိုးနီလာက အံ့သြသော မျက်ဝန်းဝိုင်းကြီးဖြင့် မော့ကြ သောအခါ နှဖူးကို မနာကျင်စေရန် ဖွဖွလေး လက်ညှိုးန တောက်လိုက်ပြီး. . .

"မခွဲခင်အချိန်လေးမှာ ကြည်ကြည်နူးနူးပဲ နေချင်တ ကွာ၊ ကိုယ် မင်းကို သိပ်ချစ်တယ် မိုးနီလာ၊ မင်းမျက်နှာညှိုး ကိုယ်မကြည့်ချင်ဘူး၊ ချစ်သူရှိတဲ့ မိန်းမတစ်ယောက်ကို ကို ဘက်ပါအောင် သွေးဆောင်ဖို့ကလည်း မတရားမှန်းတော့ တယ်၊ ဒါပေမယ့် ကိုယ့်ကို ချစ်နိုင်မယ်ဆိုရင်. . ၊ အဟုတ် မဖြစ်နိုင်တာကို ပြောမိပြန်ပြီ၊ ကဲ. . စား. . စား"

ဂုဏ်ရောင် အပြုအမူတွေကိုကြည့်ပြီး မိုးနီလာရင် မနည်းထိန်းချုပ်နေရသည်။ မနေ့ကသာ မိုးညီညာ၏ စကား





မကြားခဲ့ပါလျှင် ဒီနေ့ ဂုဏ်ရောင်နှင့်မိမိသည် တရားဝင် ချစ်သူ များအဖြစ် မိုးမဆုံး လေမဆုံး ချစ်ပွဲဝင်နေမိမည်မှာ အမှန်ပင်။ ယခုတော့. .

"ဦးဂုဏ်ရောင်. . စားလေ"

"ဦးဂုဏ်ရောင်တဲ့လား"

"အဲဒီလိုပဲ ခေါ်သင့်တယ်လေ၊ မိတ်ဆွေတွေပဲမှတ် လား၊ လက်က အနာကော"

"ပျောက်သွားပါပြီ"ဟု ဆိုကာ လက်ညှိုးလေး ထောင်ပြ သည်။ အနာရွတ်ကတော့ ရေးရေးထင်နေဆဲ. .

"အသားတက်ရင် ပျောက်သွားမယ်ဆိုတာ သိနေပေ မယ့် မပျောက်ချင်ဘူး မိုးနီလာ"

"ဘာဖြစ်လို့လဲ"

"ချစ်သူအပေါ်ထားတဲ့ ယုယမှုလေးရဲ့ အမှတ်တရအ ဖြစ် ကိုယ်က ထာဝရ သိမ်းထားချင်တာ"

မိုးနီလာ ပင့်သက်ရှိုက်လိုက်မိသည်။

"နောက် မိုးနီလာ ကိုယ်ငွေ့လေးတွေပါတဲ့ ကုတ်အင်္ကျီ ကို ကိုယ်သိမ်းထားတယ်၊ အမှတ်တရအဖြစ် ကိုယ်ဖွတ်ယူထား တယ်၊ ခွင့်ပြုပါလို့ မတောင်းဆိုဘူးနော်"

"ဦးဂုဏ်ရောင် ညီညာကို တကယ်မချစ်ဘူးလားဟင်"

"ဘယ်လိုအချစ်လဲ ညီမတစ်ယောက်လိုတော့ ချစ်နိုင်ပါ ဘယ်၊ ကိုယ်က တစ်ဦးတည်းသော သားဆိုတော့ အစ်မ ညီမ တ်နေသူ၊ အစ်ကို ညီ တ်နေသူဆိုတော့. . အဲဒီလိုတွေ ချစ် တတ်တယ်၊ အိမ်ထောင်ဘက်အနေနဲ့တော့ မိုးနီလာကိုပဲ ယက်



www.burmeseclassic.com

www.burmeseclassic.com



တွဲချင်တယ်”

မိုးနီလာ ရင်ဝယ် တသိမ့်သိမ့် ကြည်နူးမိသည်။ သို့သော် ညီမက မရတော့ အစ်မက ချိုင်ပြန်ပြီဟူသော ပတ်ဝန်းကျင်အပြော ညီညာ၏ ဂုဏ်ရောင်အပေါ် ထားသော မေတ္တာ၊ ဒါတွေကို တစ်ကိုယ်ကောင်းဆန်စွာ ဥပေက္ခာ ပြုလိုက်ရမှာလား။

“ဒီနေ့ ကိုယ့်ကို သထုံအနှံ့ လိုက်ပို့ပေးပါလား”

“ရောက်ဖူးသားနဲ့”

“ဒါဖြင့် ကျိုက်ထီးရိုးကွာ၊ ကားနဲ့ပဲ ဖြစ်မလား”

“ဖြစ်ပါတယ် လိုက်ပို့ပေးမယ်”

သထုံမြို့ မျက်နှာသိမ်းများကြားထက်စာလျှင် မျက်ကွယ်က ပိုကောင်းသည်ဟု စဉ်းစားပြီး မိုးနီလာ ခေါင်းငြိမ့်လိုက်သည်။

ချစ်သူနှင့် အတူစား၊ အတူသွားနေရမည့် ကိစ္စမျိုးကို ဘယ်သူက ငြင်းပယ်နိုင်သောအင်အား ရှိနိုင်ပါအံ့နည်း။

မိုးနီလာ့အချစ်က ပေးဆပ်ခြင်းတွေဖြင့် အင်အားကကြီးမားနေလေပြီ။

ထို့ကြောင့် စားသောက်ပြီးသည်နှင့် တယ်လီဖုန်းတစ်လုံးဖြင့် တာဝန်ခံများကို ဖုန်းဆက်ကာ ညွှန်ကြားချက်များ ပေးပြီးနောက်. . .

အပြင်ထွက်ရန် အသင့်အနေအထားတွင် မိုးနီလာပုခုံးပေါ်သို့ ကုတ်အင်္ကျီတစ်ထည် တင်ပေးလိုက်သော ဂုဏ်ရောင် အပြုအမူကြောင့် ရင်ဝယ် သိမ့်ခနဲ ကြည်နူးရိုက်ခတ်သွားသည်။ မိမိဝတ်ဆင်ထားသော အရောင်နှင့် လိုက်ဖက်ညီသည့် ကုတ်အင်္ကျီသစ်ကလေးကို သူ လွှမ်းခြုံပေးသည်။





ယောကျ်ားတစ်ယောက်၌ မိန်းမတွေ ကျေနပ်လောက်သော ယုယမှုမျိုး ရှိနေတတ်လား၊ ဒါဟာ ချစ်ခြင်း၏ စေစားမှုကြောင့်သာ ဖြစ်မည်။

မိုးနီလာက လိုလားစွာပင် အင်္ကျီကို ဝတ်လိုက်သည်။

ရင်ထိုးကလေးပါ တပ်ဆင်ထားသည်။

ဂုဏ်ရောင်က ကျေနပ်စွာ ပြုံးကြည့်လိုက်သည်။ နောက်ယှဉ်တွဲကာ ကားနားအရောက်တွင် ဂုဏ်ရောင်က ရှေ့ခန်းတံခါးကို ဖွင့်ပေးလိုက်သည်။

မိုးနီလာ ပြုံးပြုံးလေး ဝင်ထိုင်လိုက်သည်။ ချစ်ခြင်း၌ ချစ်သူအလို လိုက်လျောခြင်းတွေ ပါဝင်နေတတ်သည်။ ဂုဏ်ရောင်က တံခါးပိတ်ပေးပြီး. . .

“ကိုယ့်အပေါ် အစစအရာရာ နားလည်လိုက်လျောပေးတဲ့အတွက် ကျေးဇူးတင်ပါတယ် မိုးနီလာ၊ မင်းကိုရတဲ့ယောကျ်ားလောက် ကမ္ဘာမှာ ကံကောင်းတဲ့ယောကျ်ား ရှိမှာမဟုတ်ဘူး၊ ဒါပေမယ့် တစ်ခု ဝမ်းနည်းဖို့ကောင်းတာက အဲဒီယောကျ်ားဟာ ခုချိန်ထိတော့ ကိုယ် မဖြစ်နိုင်သေးတာကိုပဲ. . ”

စကားဆုံးအောင်ပြောပြီးမှ. . ကားကိုမောင်းထွက်ခဲ့သည်။ အိမ်ထဲမှာ ပစ္စည်းသိမ်းရင်း ကျန်ရစ်ခဲ့သော မစောမှာ ပစ္စည်းများကို မသိမ်းနိုင်သေးဘဲ မိုးနီလာတို့နှစ်ယောက် ကားပျောက်ကွယ်သွားသည်အထိ အားကျစွာ မျက်စိတဆုံး ငေးမောကျန်ရစ်ခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၂၅)

ကျိုက်ထီးရိုး ရင်ပြင်တော် ခြေချမိသည်နှင့် အောင်မြေနင်းမိခြင်းဟု မှတ်ယူထားသော မိုးနီလာအတွက် အတိုင်းမသိသော ကြည်နူးမှုက ဖြစ်ပေါ်နေသည်။

အထူးသဖြင့် တစ်သက်မှာတစ်ခါသာ ချစ်ဖူးသော အချစ်နှင့် အရူးအမူးကို ချစ်မိသူနှင့်အတူ ယှဉ်တွဲကာ ခြေချခွင့်ရရှိခြင်းလောက် ပျော်ရွှင်ကြည်နူးဖွယ်ရာ မရှိနိုင်။





"တပည့်တော်မ ချစ်ခင်စွဲလန်းရသော ချစ်သူနှင့်သာ အနှောက်အယှက် ကင်းစင်စွာဖြင့် ဘဝဆက်တိုင်း ပေါင်းဖော်ရပါလို၏ အရှင်ဘုရား"

ပါရမီကံ ရင့်ကျက်မှုမရှိသေးသော နှလုံးသားနုနုနှင့် မိန်းမသားသဘာဝအတိုင်း ဆုတောင်းလိုက်မိသည်။

ဂုဏ်ရောင် ဘာဆုတွေ တောင်းသနည်းကို မသိနိုင်၊ ရွှေသင်္ကန်းကို ကိုယ်ထိလက်ရောက် ကပ်လှူ၊ ကျောက်တုံးကို ဦးတိုက် ရှိခိုးနေသော ဂုဏ်ရောင်ကို အားကျစွာ ငေးမောနေမိသည်။

ညီအစ်မ နှစ်ယောက်စလုံးက ယောကျာ်းတစ်ယောက်ကို တစ်ပြိုင်နက် ချစ်မိခြင်းတွင် အစ်မကြီးတော့အမိအရာ၊ မိမိကသာလျှင် အလျှော့ပေးရမည်ကိုသိရှိပြီးသား၊ အလိုအလျောက် ခံယူပြီးသား ဖြစ်သည်။

ဘုရားကိုသာရည်စူး ဖူးပြီးနောက် ချက်ချင်းပင် ပြန်ဆင်းလာခဲ့ကြသည်။

"ကိုယ် ဒီနေ့ကို ဘယ်တော့မှ မေ့မှာမဟုတ်ဘူး၊ မိုးနီလာ"

"ကျွန်မလည်း ဒီလိုပါပဲ"ဟူသော စကားကို ရင်ထဲမှာသာ သိမ်းဆည်းလိုက်လေသည်။

"ကိုယ် လူမှုရေးစည်းကမ်းတစ်ခုကို ကျော်ချင်တယ် မိုးနီလာ. . စကားနဲ့ပါ"

မိုးနီလာ မျက်လုံးပြူးသွားသည်။ သို့သော်. .

"မိုးနီလာချစ်သူ ဘယ်သူလဲဆိုတာ သိခွင့်ရှိမလား"



www.burmeseclassic.com

www.burmeseclassic.com



မိုးနီလာ ခေါင်းခါလိုက်သည်။

"ဘယ်သူ့ကိုမှ အသိပေးလို့ မဖြစ်လို့ပါ၊ မေမေသိသွားလို့ မဖြစ်ဘူး"

မိုးနီလာ တစ်ကိုယ်ကောင်းဆန်စွာ ဖွင့်ပြောလိုက်ချင်စိတ်ကို မြိုသိပ်ထားလိုက်သည်။

"အဲဒီလောက် အခြေအနေ ဆိုးရွားတဲ့ သူတစ်ယောက်နဲ့ ရည်းစားဖြစ်ရလောက်အောင် မိုက်မဲရသလား မိုးနီလာ"

"ကျွန်မကို ဒီအကြောင်းတွေ မပြောပါနဲ့ ဦးဂုဏ်ရောင်၊ ပျော်ရွှင်စရာကောင်းတဲ့ အချိန်လေးတွေ ကုန်ဆုံးသွားတော့မယ်၊ ဦးဂုဏ်ရောင် ပြည်ပခရီး ဘယ်လောက်ကြာမှာလဲ"

"ပြောလို့ မရသေးဘူး၊ တစ်လနှစ်လလည်း ဖြစ်ချင်ဖြစ်မယ်၊ သုံးလလည်း ဖြစ်သွားနိုင်တယ်၊ ဒီကြားထဲ ရာဘာကိစ္စကတော့ ပုံမှန်လှုပ်ရှားနေလိမ့်မယ်၊ အဝယ်တော်နဲ့ ဆက်လုပ်ကြပေါ့"

မိုးနီလာရင်ထဲ နွမ်းလျသွားသည်။ ချစ်သူကို လွမ်းရသော အလွမ်းကတော့ နိစ္စဓူဝပင်၊ တိတ်တခိုးချစ်သူကို တိတ်တခိုး လွမ်းနေရတာကိုပင် ရင်တွင်းမချိအောင် ခံစားနေရသည်။

"မိုးနီလာမှာ ပြဿနာတစ်စုံတစ်ခုများ ကြုံခဲ့ရင်. ."

"ဘာပြဿနာလဲ၊ ဘာပြဿနာမှ ကြုံစရာ မရှိပါဘူး"

မိုးနီလာက အလန့်တကြား ငြင်းဆန်လိုက်သည်။

"မဟုတ်ဘူးလေ၊ ချစ်သူနဲ့ အဆင်မပြေတာတို့ အန်တီတို့က သဘောမတူနိုင်တာတို့ ဖြစ်ခဲ့လို့ ထွက်ပေါက်မရှိခဲ့ရင်. . မေမေ့ဆီသာ အားကိုးတကြီး ခိုလှုံနေလိုက်ပါ၊ ကိုယ် မေမေ့ကို





ပြောထားမယ်"

"ဟင်. . အန်တီကို ရှင် ဘာတွေပြောထားသေးသလဲ"

"ကိုယ့်အတွက်က အဖေနဲ့အမေဟာ ကိုယ့်ရဲ့လေးစားကြောက်ရွံ့ရတဲ့ မိဘဖြစ်သလို ချစ်ခင်စွာ ရင်ဖွင့်ရတဲ့ တိုင်ပင်ဖက် သူငယ်ချင်းလိုလည်း ဖြစ်နေတယ်လေ"

"ဟင်. . ဒါဖြင့်. . ရှင်. . ရှင်. . ဟိုကိစ္စ"

မိုးနီလာ မျက်ဝန်း၌ စိုးထိတ်မှု ရှက်ရွံ့မှုတို့ဖြင့် ဝိုင်းဝိုင်းလည်ကာ သူ့အားကြည့်သည်။

ဂုဏ်ရောင် နှလုံးသားတို့က မခိုင်ချင်၊ ချစ်သူကို အနားထားပြီး နှစ်ယောက်ထဲ သွားနေရသည့်အတွက် သမာဓိကို မနည်း ထိန်းချုပ်ထားရသည်။

ကားကို လမ်းဘေး၌ ထိုးရပ်လိုက်ပြီး. . .

"ဘာကိစ္စလဲ မိုးနီလာ၊ ဘာကိစ္စကို စိုးထိတ်တာလဲ"

မိုးနီလာ သတိဝင်သွားသည်။

"ဘာမှမဟုတ်ပါဘူး၊ မောင်းပါ. . မိုးချုပ်နေပြီ၊ မြို့ထဲအိမ်ကိုပဲ တန်းမောင်းပေးနော်"

"မမောင်းဘူး ရာဘာခြံပဲသွားမယ်"

"ဦးဂုဏ်ရောင် ကျွန်မကို ဒီလောက်အထိ နှိပ်စက်ရရင်တော်ပါပြီ၊ ကျွန်မချစ်သူ ကျွန်မကို အထင်သေးပြီး စွန့်လွှတ်ရအောင် ရှင် ကြံရွယ်နေတာလား"

မိုးနီလာ သာသာနှင့်နာနာ နှက်လိုက်သည်။

ဂုဏ်ရောင်က သက်ပြင်းချလိုက်ပြီး ကားကို လမ်းမပေါ်သို့ ပြန်တင်ကာ ဆက်လက်မောင်းရင်း. . .



www.burmeseclassic.com

www.burmeseclassic.com

"ကိုယ့်အပေါ် မင်း အထင်သေးလွန်းပြီ မိုးနီလာ၊ ကိုယ်ဟာ ခုချိန် ခုရွယ်အထိ ဘယ်မိန်းမတစ်ယောက်ကိုမှ မချစ်ခဲ့ဘူးပါဘူး၊ တစ်ယောက်ကိုမှလည်း လွယ်လွယ်နဲ့ ချစ်တယ် ပြောမှာ မဟုတ်ဘူး"

"ဒါပေမယ့် ရှင် ကျွန်မထက်စာရင် ညီညာကို သဘောကျခဲ့တယ်မှတ်လား၊ ဒါကြောင့် ညီညာနဲ့ လက်ထပ်ဖို့ ရှင်လက်ခံခဲ့တာပဲ မှတ်လား"

ဂုဏ်ရောင်က ပြုံးကာ. . .

"အဲဒီအချိန်မှာတောင် မင်းအနားမှာပဲ ကိုယ်ရှိနေတတ်တာ မေ့နေပြီလား မိုးနီလာ၊ မင်းကို သဘောကျလို့ တွေ့ချင်လို့ လိုက်လာတဲ့ ကိုမောင်နဲ့ ထိန်ဝင်းတို့တောင် မင်းအနားကပ်မှာကို ကိုယ်စိုးရိမ်ခဲ့တာ၊ အဲဒီအချိန်ကတည်းက ကိုယ် မင်းကိုစိတ်ဝင်စားခဲ့တာ၊ ညီညာကိစ္စ ကိုယ့်ဘက်ကသာ မထုတ်ဖော်ခဲ့ရင်. ."

"ဒါပေမယ့် ညီညာက ရှင့်ကို မမုန်းဘူးလေ"

"ကိုယ်လည်း မမုန်းပါဘူး၊ မြူစိစိနိုင်လို့. . စိတ်တိုတာ တစ်ခုပဲရှိတယ်၊ ဒါပေမယ့် မင်းကိုချစ်တဲ့ အချစ်မျိုး ညီညာအပေါ် ကိုယ်မထားနိုင်ဘူး"

မိုးနီလာ ခေါင်းနောက်လာသည်။ ထိန်းချုပ်မှုတွေက မိမိကို နှိပ်စက်နေသည်။

"ဦးဂုဏ်ရောင်"

"ပြောပါ မိုးနီလာ"

"ကျွန်မကို အိမ်ပြန်ပို့ပေးတော့၊ ခေါင်းတွေ အုံ့ခဲပြီး နေလို့ မရတော့ဘူး. . နားချင်ပြီ"





ပြောလိုက်မိကာမှ ပိုဆိုးသွားသည်။ ကားကို လမ်းဘေးချလိုက်ပြီး နဖူး လည်ပင်းတို့ကို စမ်းသပ်ပြီး. . .

"ဟုတ်ပါရဲ့ အေးစက်နေတာပဲ၊ အဲကွန်းပိတ်လိုက်မယ်၊ နောက်ကို မှီထားနော်၊ ခုံချပေးမယ်"

ကားကုရှင်ကို နောက်သို့ လှဲချပေးပြီး သူ့ ကုတ်အကျီလေးပါ ခြုံပေးလိုက်သည်။

မိုးနီလာ ချစ်သူ အယုအယ၌ ကျေနပ်စွာဖြင့် ခံယူလိုပါသည်။ ချစ်သူရင်ခွင်ထဲ မှေးစက်ကာ နားလိုပါသော်လည်း ချစ်ခွင့်မသာပြီ။ မျက်လုံးကို မှိတ်ထားလိုက်သည်။ မျက်ရည်စတို့က မျက်ခွံတံခါးကြား တိုးဝှေ့ကာ ခုန်ဆင်းသွားသည်။

ဂုဏ်ရောင်က ပင့်သက်ရှိုက်လိုက်မိသည်။ ချစ်ရသူကို ရင်ခွင်ထဲ ဆွဲယူပွေ့ပိုက်ကာ အနားယူ မှေးစက်စေချင်ပါသော်လည်း သူသည် ရည်းစားရှိသော မိန်းမတစ်ယောက်ပါလား အသိဖြင့် ထိန်းချုပ်ကာ ကားဆက် မောင်းလိုက်ရလေသည်။

တစ်ခါတစ်ရံ စိတ်ရိုင်းတို့ဖြင့် ချစ်သူရှိမရှိ အရေးမစိုက်တော့ဘဲ အကြမ်းဖက်ကာ သိမ်းပိုက်လိုက်ပါက. . .

မဖြစ်။ မိဘဂုဏ်သိက္ခာ၊ မိမိဂုဏ်သိက္ခာတို့သည်. . မြောင်းထဲ ရောက်သွားပေလိမ့်မည်။ ချစ်ခြင်းကိုလည်း တရားသဖြင့်သာ အနိုင်ယူချင်သည်။ ရယူချင်သည်။

"မိုးနီလာကိုပဲ ကိုယ်ချစ်တာပါ၊ မင်းနဲ့လွဲရင် ကိုယ်ဒီတစ်သက် အိမ်ထောင်ပြုဖို့ဆိုတာ ခဲယဉ်းသွားပြီ"

"ကျွန်မလည်း ရှင့်လိုပါပဲ"ဟူသောစကားကို မိုးနီလာ ရင်ထဲမှာသာ ပြောချလိုက်သည်။ ချစ်သူကို ရယူရန် အခွင့်သာ



www.burmeseclassic.com

www.burmeseclassic.com

ပါလျက် ငဲ့ကွက်မှုတွေကြောင့် ကွေကွင်းရသည့် အဖြစ်မျိုးကို မိုးနီလာရင်ထဲ တနင့်နင့် ခံစားနေရသည်။

ထိုကြားထဲ ချစ်သူကို ဘေးတိုက်အနေအထား မြင်နေရသည့်အတွက် ချစ်သူမျက်နှာလေးကို တစိမ့်စိမ့် ငေးကြည့်ရင်း ရင်ဝယ်စွဲငြိကာ သိမ်းဆည်းနေမိသည်။

ဘယ်လိုနည်းနဲ့မှ မိမိအချစ်သည် လျော့ပါးပျောက်ကွယ်သွားလိမ့်မည် မဟုတ်ဟုလည်း. . .







# အခန်း(၂၆)

မိုးနီလာ အိမ်ထဲသို့ ဝင်ဝင်ခြင်း ဒေါ်စိန်က လှမ်းခေါ်လိုက်သည်။

"အကြီးမရေ၊ ဆရာလေးဆီက ဖုန်းလာပြီး ဆရာလေး ဆိုင်ထားနော်"

မိုးနီလာ အမောတကော ဝင်လိုက်သည်။ မိုးညီညာ နှင့်သာကအထွက်ကို သွားကြိုပေးခြင်း ဖြစ်သည်။

"ဟဲလို"


www.burmeseclassic.com

www.burmeseclassic.com



"မိုးနီလာ တော်ပါသေးရဲ့၊ ကိုယ် မကြာခင် လေယာဉ်ကွင်း ဆင်းတော့မလို့ မင်းကို တွေ့ခွင့်မရတဲ့တိုင်အောင် အသံလေး ကြားရလို ကြားရငြား ဖုန်းဆက်လိုက်တာ"

"ဘယ်နိုင်ငံသွားမှာလဲ"

"အမေရိကား ဘာမှာဦးမလဲ"

"ကျမ်းမာရေး ဂရုစိုက်နေဉ် အေးတယ်၊ စောစောကကြိုသိခဲ့ရင် သိုးမွေးခေါင်းစွပ်တစ်ထည်ကို သုံးပင်လိမ်လောက်ထိုးပေးပါတယ်"

"ကျေးဇူးတင်လိုက်တာ မိုးနီလာရယ်၊ အပြောနဲ့တင်နွေးထွေးသွားပါပြီ၊ ရင်ထဲမှာ ဒီတစ်ခါ ခရီးထွက်ရတာ မပျော်ဘူးဖြစ်နေတယ်"

"ဘယ်သူပါသေးသလဲ အန်ကယ်လ်လား"

"ကိုယ်တစ်ယောက်တည်းပါ"

မိုးညီညာ အနားရောက်လာပြီး. . .

"ကိုကိုလားဟင် မမ"

မိုးနီလာ ရင်ထဲ နင့်ခနဲ ဖြစ်သွားသည်။ သေဆုံးသွားသော ချစ်သူနေရာ အစားထိုးချင်နေသော ညီမဖြစ်သူအပေါ် သနားကာ. . .

"အင်း. . ဟုတ်တယ်၊ ဦးဂုဏ်ရောင် ညီညာက တောင်းပန်ချင်လို့တဲ့၊ ပြောလိုက်ပါ"

"ဟာ. . ခွင့်လွှတ်တယ်လို့ ပြောလိုက်ပါ၊ အချိန်မရှာဘူးကွာ၊ မင်းနဲ့ပဲ ပြောချင်တာ"

"ပြောလိုက်ပါ ဦးဂုဏ်ရောင်ရယ်၊ သူ ကျေနပ်သွား





အောင်လို့ပါ"

ခါးခါးသီးသီးဖြစ်နေသော ဂုဏ်ရောင်ကို မိုးနီလာက ခပ်ယယလေး တောင်းပန်ကာ မိုးညီညာလက်ထဲသို့ တယ်လီဖုန်း ထည့်ပေးလိုက်သည်။

"ကိုကို"

မိုးညီညာ အသံကလေးက ကန့်ကယ့် နိုင်လိုက်သည်။ ထိုအသံမျိုးကို ယောက်ျားသားတို့ ခံနိုင်စွမ်းရည် ရှိနိုင်ပါ့မလား။

"ညီညာ တောင်းပန်ပါတယ် ကိုကို၊ ညီညာကို ခွင့်မလွှတ်သေးဘူးလား"

". . . . . . ."

"ကျေးဇူးတင်ပါတယ် ကိုကို"

". . . . . . ."

"ဟုတ်ကဲ့ပါ ကိုကို"

မိုးညီညာက မိုးနီလာလက်ထဲ ဖုန်းထည့်ပေးပြီး ငိုရှိုက်ကာ အပေါ်ထပ်သို့ ပြေးတက်သွားလေသည်။

"ဟင်. . ရှင် ဘာပြောလိုက်တာလဲ"

မိုးနီလာက ညီမအတွက် စိုးထိတ်ကာ ဂုဏ်ရောင်ကို ခန့်တွေ့လိုက်လေသည်။

"ဟ. . ဘာပြောလို့လဲ၊ ခွင့်လွှတ်တယ် နောင်ကို မြဲစိစိလေ့ပ်နဲ့၊ ကိုယ် မြဲစိစိနိုင်လို့ တစ်ဘက်သား အရှက်ရတာကို သင်ခန်းစာယူ၊ ညည်းကိုဆုံးမချိန် မရသေးဘူး၊ ညည်းအစ်မကို ဖုန်းပေးလိုက်၊ သူနဲ့ ပြောစရာတွေ ရှိသေးတယ်လို့လေ၊ ဒါပဲ ပြောတာ၊ ဘာဖြစ်လို့ ဒီလောက်တောင် အသေးစိတ် မေးနေရ



www.burmeseclassic.com

www.burmeseclassic.com



တာလဲ"

"ခွင့်လွှတ်ပါ ဦးဂုဏ်ရောင် ညီညာ ငိုသွားလို့ပါ"

ဂုဏ်ရောင်ထံမှ အလိုမကျသံ ထွက်လာသည်။

"ငိုသွားတယ် ဘာကိစ္စငိုရတာလဲ၊ ထားလိုက်ပါ မိုးနီလာ ကိုယ် မင်းနဲ့ပတ်သက်တဲ့သတင်းကို မေမေတို့ကတစ်ဆင့် နားစွင့်နေမယ်၊ အရမ်းတွေ့ချင်တယ်၊ ကိုယ် ခရီးပေါင်းများစွာကို မကြာခဏ သွားခဲ့တဲ့သူပါ၊ ဒီတစ်ခါလောက် နောက်ဆံတင်းတာမျိုး မဖြစ်ဖူးဘူး၊ မိုးနီလာအပေါ် ကိုယ် ဒီလောက်အထိ စွဲစွဲလန်းလန်း ဖြစ်လိမ့်မယ်လို့ ထင်မထားခဲ့တာ"

"ဦးဂုဏ်ရောင် မမောဘူးလား"

"ဘာအတွက် မောရမှာလဲ"

"စကားတွေ ပြောလွန်းလို့"

"ဖြေသိမ့်နိုင်စေတဲ့ သို့မဟုတ် အလွမ်းပြေစေနိုင်တဲ့ စကားတစ်ခွန်း ပြောပေးပါလား"

မိုးနီလာရင့်ထဲ လှိုက်ဖိုလာသည်။ ချစ်သူကို ဖြေသိမ့်စေနိုင်သော စကားပြောချင်သော်လည်း ငိုပြီး ပြေးတက်သွားသော မိုးညီညာအတွက် နှုတ်သည် အလိုလို ဆွံ့အသွားသည်။

"မိုးနီလာ"

"ရှင်. . ဟိုလေ ဖြစ်နိုင်ရင် ကိစ္စပြီးတာနဲ့ ပြန်လာခဲ့ပါလား၊ ကျွန်မ ရှင့်ကို မျှော်နေမိမှာ အမှန်ပါ"

ပြောရင်း မျက်ရည်တွေက ဝိုင်းလာသည်။

"တကယ်. . တကယ်ပြောတာလား"

"တကယ်ပါ၊ ကျွန်မလည်း ရှင့်ကို မေ့ရမှာ မဟုတ်ပါဘူး





ရှင်. . ရှင် ကျွန်မကို လွှမ်းခြုံပေးတဲ့ ရှင့်ကုတ်အင်္ကျီကို ကျွန်မ ရှင့်ကိုယ်စား သိမ်းထားပါ့မယ်"

"ကိုယ်လည်း မင်းအင်္ကျီကို ယူသွားတယ်ဆိုရင် မင်း ယုံပါ့မလား"

"ရှင်. ."

"ကိုယ် မင်းကိုသိပ်ချစ်တယ် မိုးနီလာ၊ မင်းနဲ့ လက်ထပ်ပါရစေ၊ စဉ်းစားပေးပါ၊ မင်းချစ်သူရဲ့ အချစ်နဲ့ နှိုင်းယှဉ်ကြည့်ပါ၊ ကိုယ် စံတင်ရဲပါတယ်၊ ဟော ကားဟွန်းတီးနေပြီ၊ မေမေလည်း လှမ်းအော်နေပြီ၊ ကိုယ်. . သွားမယ်နော် မိုးနီလာ"

မိုးနီလာ ရှိုက်သံကို သူကြားမှာစိုး၍ ဖုန်းကို လွှဲလိုက်သည်။

"မိုးနီလာ မင်းကို ကိုယ်သိပ်ချစ်ပါတယ်၊ သွားမယ်နော်"

ဖုန်းချသွားလေပြီ။

မိုးနီလာ ဖုန်းကိုချပြီး ပြတင်းပေါက်မှာ ရပ်လိုက်သည်။ ပတ်ဝန်းကျင်တစ်ခုလုံး မှုန်ရီဝါးနေသည်။ ရင်မှာ မချိမဆန့် ခံရခက်သော ဝေဒနာရပ်ကို မျက်ရည်များဖြင့်သာ ရှင်းထုတ်ပစ်လိုက်လေသည်။

မိမိရင်ထဲက အချစ်ကို ပွင့်ပွင့်လင်းလင်း ဝန်ခံလိုက်ချင်ပါဘိ။

သို့သော်. . မျက်ရည်များကို ခပ်ကြမ်းကြမ်းသုတ်ပြီး အပေါ် ထပ်တက်ခဲ့သည်။ ညီမဆီ မဝင်ခင် မျက်နှာကို အနည်းငယ် ပြုပြင်လိုက်သေးသည်။ ပြီးမှ မိုးနီလာ ညီညာအိပ်ခန်းကို သောအယာ တွန်းဖွင့်ဝင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကုတင်ပေါ် မှောက်ငိုနေသော ညီညာသည် ဆတ်ခနဲ ခေါင်းထောင်ထလိုက်သည်။

"ဘာဖြစ်လို့လဲ ညီညာ"

"ဝမ်းနည်းလို့ပါ"

"ငိုမှတော့ ဝမ်းနည်းလို့ဆိုတာ ငါ သိတာပေါ့၊ ဘာဝမ်းနည်းစရာ ရှိသလဲ"

မိုးနီလာက ညီညာကုတင်စွန်းမှာ ဝင်ထိုင်လိုက်သည်။ မိုးညီညာက မျက်ရည်သုတ်လိုက်ပြီး

"ကိုကိုက ခွင့်လွှတ်တယ်ပြောပေမယ့် ညီညာနဲ့ စကားပြောချင်ပုံ မရဘူး၊ မြို့စိစိမလုပ်နဲ့ ဘာညာနဲ့ မမနဲ့ပဲ စကားပြောမယ် ပြောတယ်"

"ဒါများ ညီညာရယ်၊ ခွင့်လွှတ်တယ် ပြောတာပဲ ကျေနပ်ရောပေါ့၊ ငါမေးမယ်. . နင့်မှာ ရည်းစားသာ မရှိခဲ့ရင် နင် ဦးဂုဏ်ရောင်ကို လက်ထပ်ဖို့ ခေါင်းညိတ်မှာလား"

"ဟုတ်ကဲ့"

မိုးနီလာ ထင်ထားသည်မှာ သွေးထွက်အောင် မှန်လေပြီ။ အောင့်သက်လာသော ရင်ဘတ်ကို သက်ပြင်းရှိုက်ကာ ရှင်းထုတ်လိုက်ပြီးမှ. . .

"ဒါ. . ဒါဆို. . နင် သူ့ကို. . ချစ်. . ချစ်နေလို့လား"

မိုးညီညာက ခေါင်းငုံ့ကာ. .

"ကိုကို့မှာ ငြင်းစရာ အပြစ်တစ်စုံတစ်ရာမှ မရှိတာ ချစ်နိုင်မယ် ထင်တယ်"

"ဒါဖြင့်. . ခု နင်တို့ကိစ္စ ပြန်စီစဉ်မယ် ဆိုရင်ကော"





မိုးနီလာ စိတ်ကို ဒုံးဒုံးချကာ မေးလိုက်သည်။ မိုးညီညာက အားတက်သရော. .

"ကိုကို့ဘက်က လက်မလျှော့သေးဘူးလားဟင် မမ၊ မမကို ပြောသလား"

ဖြစ်ရလေ ညီညာ၊ ချစ်သူ သေဆုံးတာမှ ဟုတ်ရဲ့လားမသိ၊ ညီညာက ချစ်သူအပေါ် သစ္စာသွေဖည်နေပြီ။

ဩော်. . မိန်းမ. . မိန်းမ၊ ထိုမိန်းမစားထဲ မိမိမပါဝင်နိုင်ပါ၊ အချစ်ကို တန်ဖိုးထားသော တစ်ယောက်ဆို တစ်ယောက်တည်းကိုသာ ချစ်တတ်သော မိမိအတွက်တော့ ဂုဏ်ရောင်မှတပါး ဘယ်သူ့အပေါ်မှ ပြောင်းလွဲချစ်နိုင်တော့မည် မဟုတ်ပါချေ။

"မပြောပါဘူး၊ ဒါပေမယ့် ပြောလာခဲ့ရင် ပြောတာပါ၊ နင် အရင်ကလိုတော့ မလုပ်နဲ့၊ အစစအရာရာ ပွင့်ပွင့်လင်းလင်းပဲ ရှိပါစေ၊ ကဲ. . ကဲ. . အလကား ငိုမနေနဲ့၊ ရေချိုးပြီးရင် ထမင်းစားမယ်"

မိုးနီလာ ပြန်ထွက်ခဲ့လေသည်။ မိုးညီညာကို ကျောခိုင်းလိုက်သည်နှင့် ခံရခက်နေသော ရင်တွင်းဝေဒနာကို မျက်ရည်များအဖြစ် ပြောင်းလွဲကာ လွှင့်ထုတ်ပစ်လိုက်မိလေသည်။

ရင်မှာ နာကျင်နေသည့် ကြားထဲက အသဲနင့်အောင် ချစ်နေရပါလား၊ ချစ်သူရယ်ဟုလည်း ရင်တွင်းတမ်းတလျက်. .



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၂၇)

ဝါကျွတ်ပြီဖြစ်၍ မိခင်ဒေါ်မိုးနွယ်ဦး ဓမ္မဒူတ ရိပ်သာစခန်းမှ ထွက်လာခဲ့သည်။ မိခင်ကို ကန်တော့ပြီး မီးပုံးများကို အိမ်ဝရံတာ၌ ချိတ်ဆွဲလိုက်စဉ်. . .

"အကြီးမရေ တယ်လီဖုန်း"

ဒေါ်စိန်ထံမှ လှမ်းခေါ်သံကြောင့် မိုးနီလာက လက်ထဲမှ မီးပုံးကို မိုးညီညာလက်ထဲ ထည့်ခဲ့ပြီး

"ဘယ်ကတဲ့လဲ"





"ရန်ကုန်ကတဲ့"

မိုးနီလာရင်ထဲ ထိတ်ခနဲ ဖြစ်သွားသည်။ ဂုဏ်ရောင် ပြန်ရောက်ပြီလား။

"ဟဲလို. ."

"မိုးနီလာ ကိုမောင်ပါ၊ မှတ်မိရဲ့လား"

"မှတ်မိပါတယ်ရှင့် ပြောပါ"

"ပြောရမှာတော့ နည်းနည်းလေးနက်တယ် နီလာ၊ ဒါပေမယ့် မပြောလို့ မဖြစ်လို့ပါ၊ နီလာကို ကိုယ့်အနေနဲ့ ကြိုတောင်းပန်ချင်တာက ခွင့်လွှတ်ပေးဖို့ပါ"

မိုးနီလာ ပြုံးလိုက်မိသည်။ ရင်ထဲမှာလည်း တထိတ်ထိတ်နှင့် ကြိုတင်တွက်ဆထားသော စကားများ မဖြစ်စေချင်ပါ၊ ထို့ကြောင့်. . .

"မိုးနီလာကို. . ကိုယ် မိသားဖသားပီပီ လာရောက်တောင်းရမ်း လက်ထပ်ချင်ပါတယ်"

"ရှင်. . ဟင် ဦးဂုဏ်ရောင်က ကိုမောင်ကို ပြောပြမသွားဘူးလား"

သူ့နာမည်လေးကို ထုတ်ဖော်ပြောဆိုလိုက်တိုင်း ရင်မှာတမ်းတရစိတ်တို့က နင့်နင့်သီးသီးပင်။

"ညီလေးလား ဒီနေ့ ပြန်ရောက်မယ်၊ ဘာမှ ပြောမသွားဘူး၊ မတွေ့ဖြစ်တာလည်း ပါတယ်၊ ဘာဖြစ်လို့လဲ"

"ကျွန်မရင်ထဲမှာ ရည်ရွယ်ပြီးသားလူ ရှိနေပါတယ်၊ အဲဒီလူကလွဲရင် ဘယ်သူမှ လက်မထပ်နိုင်ပါဘူးလို့ ပြောခိုင်းသားပါတယ်၊ အားနာလိုက်တာ ကိုမောင်ရယ်"



www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်မှ သက်ပြင်းချသံကို ကြားလိုက်ရသည်။

အတန်ကြာငြိမ်သက်နေပြီးမှ. . .

“ဘယ်တတ်နိုင်မလဲလေ၊ ဒါပေမယ့် မိတ်ဆွေအဖြစ်က တော့. . .”

“စိတ်ချပါ အရင်ကလိုပဲ လာလည်နိုင်ပါတယ်၊ ဘဘနဲ့ ကြီးကြီးကော နေကောင်းကြရဲ့လား”

“ကောင်းပါတယ်၊ အန်တီကော”

“ကောင်းပါတယ်၊ ဒါပဲနော် ကိုမောင်၊ အခြားကိစ္စများ ရှိသေးသလား”

“မရှိပါဘူး ဒါပါပဲ၊ ဂွတ်နိုက် နီလာ”

“ဂွတ်နိုက်ပါ ကိုမောင်”

မိုးနီလာ တယ်လီဖုန်းစကားပြောခွက်ကို ချလိုက်ပြီး နောက် သက်ပြင်းချလိုက်သည်။

“အနီတို့ဆီ ဖုန်းခေါ်ပေးစမ်းပါ သမီးရယ်”

“ဟုတ်ကဲ့ မေမေ”

မိုးနီလာ ဖုန်းခေါ်ပေးလိုက်သည်။ လွယ်လင့်တကူပင် ရပြီး ဦးဂုဏ်ရှိန်နှင့် တိုးသည်။

“အန်ကယ်လား မေမေ ဆက်ခိုင်းလို့ပါ”

“ဟုတ်လား ရိပ်သာက ထွက်လာပြီလား”

“ဟုတ်ကဲ့ ဒီနေ့ပဲ ထွက်လာပါတယ်၊ မေမေနဲ့ပြောပါ အန်ကယ်”

မိုးနီလာ တယ်လီဖုန်းကို မိခင်လက်ထဲသို့ ထည့်ပေး လိုက်သည်။





နောက် မိုးညီညာတို့နှင့်အတူ ခြံစည်းရိုးတလျှောက် မီးပုံးကလေးများ အစီအရီ လိုက်ချိတ်လိုက်လေသည်။

မိုးညီညာကို ဂုဏ်ရောင် ပြန်ရောက်တော့မည့် အ ကြောင်း ပြောပြသင့်သလား။ မပြောတော့ပါဘူး၊ ကံကြမ္မာကို မဖန်တီးဘဲ သူ့ဘာသာသူ ဆိုက်ရောက်ပါစေတော့။

လွမ်းလိုက်သည့် အလွမ်းကတော့ ရင်ထဲ မချိမဆန့်ပင် ခန္ဓာကိုယ်ပင် ခပ်ပါးပါးလှုပ်လှုပ်ဖြစ်သွားရသည်။

“ငါ ရာဘာခြံဘက် ခဏသွားလိုက်ဦးမယ်၊ မိုးမချုပ်ခင် ပြန်လာမယ်”

မိုးနီလာ သူကအရိပ်များ ထင်ကျန်ရစ်သည့် ရာဘာခြံ ထဲရှိ အိမ်ကလေးဆီသို့သာ အလွမ်းပြေ တစ်နေ့တစ်ခေါက် မှန်မှန်ရောက်လေသည်။ ပြက္ခဒိန်၌ သူနှင့် ခွဲခွာခဲ့ရသော လွမ်းရက်များကို မှတ်သားထားသည်မှာ နှစ်လနှင့်သုံးရက် စွန်း ထေးနေလေပြီ။

“ဟော. . မစောပါလား”

“လာမမ ဝါကျွတ်ဆိုတော့ ပိုးမျှင်တွေ ရှိမရှိ လာကြည့် ပြီး ရှင်းလင်းပေးထားတာ၊ သူဌေးလည်း မလာတာကြာပြီနော်၊ ပြည်ပကပဲ ပြန်မရောက်သေးလို့လား မသိဘူး”

“ဟုတ်မှာပေါ့”

“ဒီအပတ် ကုန်ကြမ်းတွေ လာယူဖို့ရှိတယ်၊ သူဌေးပါ လာရင် ကောင်းမယ်”

မိုးနီလာ စကားမပြောချင်တော့သဖြင့် နှုတ်ပိတ်ပြီး မီးပုံး ကလေးများကို ချိတ်ဆွဲလိုက်လေသည်။ မိမိနှင့်သူ့အတွက်



www.burmeseclassic.com

www.burmeseclassic.com



အချစ်အိမ်ကလေးပါ။ မိမိရင်ထဲ၌ သူနှင့်ပတ်သက်လျှင် အမြဲတမ်း အမှတ်တရ ရှိနေတတ်သည်။

"ဖယောင်းတိုင် ထုပ်တွေပါတယ်၊ တန်းလျားအတွက်လည်း ယူသွားဦး၊ ကျွန်မ မလာဖြစ်လည်း ဒီအိမ်လေးမှာ မီးပုံးလေးတွေကို မီးလာထွန်းပေးဖို့ မမေ့နဲ့နော်၊ မစော. ."

"စိတ်ချပါ မမရယ်၊ မမ မပြောလည်း ကျွန်မက ထွန်းပေးမှာပါ"

မစောအလစ်၌ ပြက္ခဒိန်၌ အမှတ်အသားတစ်ခု တိုးသွားလေသည်။ ဂုဏ်ရောင် မနက်ဖြန် ပြန်ရောက်တော့မည် ဟူသော အသိကြောင့် ပို၍ပင် တမ်းတမိသည်။ ချစ်သူမျက်နှာကို မြင်တွေ့လိုစိတ်က လူတိုင်းရင်းမှာ အနည်းအကျဉ်းစီတော့ ရှိကြမည်မှာ မလွဲပင်။

"မမ သူဌေးက သူ့အင်္ကျီ ပြန်မယူသေးဘူးနော်"

"မကြာခင်ကာ လာမှာဆိုတော့ ထားထားတာ ဖြစ်မှာပါ"

မိမိထံ ကုတ်အင်္ကျီတစ်ထည် ရှိနေသေးသည်ကို ဘယ်သူမှ မသိနိုင်၊ ချစ်စိတ္တဇ အဘယ်မျှ ကြီးမားသည်ကို မိမိကိုယ်မိမိ ဆုံးမ၍ မရအောင် ဖြစ်နေသည်။ ည အိပ်ယာဝင်ချိန်၌ အိပ်ခန်းတံခါးဂျက် ချအပြီး၌ သူ့ကုတ်အင်္ကျီကို လွှမ်းခြုံပြီး အိပ်မိသည့် စိတ္တဇဆန်ဆန် အစွဲအလန်းကို ဘယ်သူမှ သိမြင်နိုင်မည် မဟုတ် ဟု မိုးနီလာ ထင်ခဲ့သည်။

သို့သော်. .

"မမ ဆရာရောက်လာရင် သော့ပေးလိုက်ရမလား"

"သူ့ဆီမှာ သော့တစ်ချောင်းရှိနေတယ် မစော၊ ပေး





မလိုပါဘူး"

ဟူသော စကားကို စိတ်တွင်း၌သာ ပြောလိုက်သည်။

နှုတ်ကတော့. . .

"တောင်းရင် ပေးလိုက်ပေါ့ မစောရယ်၊ အဆန်းလုပ်လို့"

သူနှင့် ပတ်သက်လာလျှင် မိမိတစ်ယောက်တည်း သတိရနေတာမှ ဟုတ်ပါလေစ၊ ခင်မင်သူ အပေါင်းကလည်း အမှတ်ရနေကြသည် ထင်ပါသည်။

မိုးနီလာ ဥယျာဉ်ခြံဘက် ထွက်ခဲ့ပြန်သည်။ ဒီအိမ်လေးမှာ သူ့အား ရှောင်ပုန်းခဲ့ဖူးသည်။ ဒါကို သူ ရောက်အောင်လာနိုင်ခဲ့သည်။

ထိုအချိန်ထဲက သူ့စိတ်ထဲ၌ မိမိရှိနေပါလား။

မိုးညိုညာထံမှသာ သူနဲ့ပတ်သက်သော တွယ်တာမှုကို မိမိ မသိရှိခဲ့လျှင် သူနှင့် မိမိသည် နှစ်ကိုယ်တူ အချစ်တိုင်းပြည် တည်ဆောက်ကာ ပျော်မြူးနေလိမ့်မည် ထင်သည်။

နှုတ်ဆက်မိုး ရွာသွန်းနေသည်။ မုတ်သုံမင်းသမီးက နှုတ်ဆက်ထွက်ခွာတော့မည် ထင်ပါသည်။ ထိုအိမ်၌လည်း မီးထွန်းရန် ခြံစောင့်ဥယျာဉ်လုပ်သား မိသားစုအား၊ ဖယောင်းတိုင်နှင့် မီးပုံးများကို ပေးခဲ့ပြီး ပြန်ခဲ့သည်။

အိမ်ရောက်တော့ မိုးချုပ်နေလေပြီ။

"နောက်ကျလိုက်တာ အကြီးမရယ်"

"ထမင်းစား စောင့်နေတာလား မေမေ"

"မေမေ ဥပုသ်မထွက်သေးဘူးလေ၊ လပြည့်နေ့အတွက်



www.burmeseclassic.com

www.burmeseclassic.com



စောင့်မှာ. . စား. . စားပြီးရင် စကားပြောစရာရှိတယ်"

မိုးနီလာ ညနေဘက်ဆိုလျှင် ထမင်းကို တစ်ပန်းကန်သာ စားသည်။ ညဥ့်နက်သွားလျှင် အစာမကြေမှာ စိုးသဖြင့် မစားဖြစ်သည်သာများသည်။

မိုးနီလာ ဧည့်ခန်းသို့ ထွက်ခဲ့သည်။

"အရှိန်တို့ လင်မယား လာလည်ကြဦးမယ်တဲ့၊ သမီး"

"ဟုတ်လား၊ ဘယ်တော့လဲ မေမေ"

"သူ့သားပြန်ရောက်ပြီး လုပ်စရာရှိတာ လုပ်ပြီးတာနဲ့ လာခဲ့မယ်တဲ့၊ ရက်ကိုတော့ အတိအကျမပြောဘူး၊ ပြီးရင် မေမေ့ကို ခေါ်ပြီး သူတို့ လင်မယားက မြန်မာပြည်အနှံ့ ဘုရားဖူးသွားမယ်တဲ့လေ"

"မေမေ လိုက်သွားမှာလား"

"အင်း. . သူငယ်ချင်းတွေနဲ့ သွားရတဲ့ ခရီးဆိုတော့"

"ကောင်းတယ်မေမေ လိုက်သွားပါ။ ညီညာကိုခေါ်ချင်"

"မခေါ်ပါဘူး၊ သက်တူရွယ်တူတွေ သွားတာပဲ ကောင်းတယ် ညီညာနဲ့သမီးလည်း ကိုယ့်ရွယ်တူ သူငယ်ချင်းတွေနဲ့ သွားချင်ရင် သွားကြ၊ မေမေက မစိန်ကိုတော့ ခေါ်သွားမယ်၊ သူလည်း အိမ်စောင့် ကြွက်စောင့် လုပ်ခဲ့ရတာ ကြာလှပါပြီ၊ သူ့ကို လွတ်လပ်ခွင့် ပေးသင့်ပြီ၊ ဘုမကလည်း အသက်အရွယ်က ကြီးလာပြီ၊ သူ ဦးစီးပါစေဦး"

မိုးနီလာ ခေါင်းညိတ်ကာ. . .

"နောက်ဆံမတင်းနဲ့မေမေ မီးရှိတာပဲ၊ ညီညာလည်း ဆိုင်ကိစ္စ လုံးဝတာဝန်ယူသွားနိုင်ပြီ၊ ရာဘာခြံကိစ္စက မစော





လူမျိုး ရှိနေလို့ စိုးရိမ်စရာကို မလိုဘူး"

"ကောင်းပါတယ်. . ၊ ဘယ်အလုပ်မဆို လောဘဇောတိုက်တာ မကောင်းပါဘူး၊ မျှမျှတတနဲ့ သင့်တင့်တဲ့ အမြတ်အစွန်းရရင် ကျေနပ်တော့၊ လှူဖို့တစ်ပုံ၊ စားဖို့တစ်ပုံ၊ အိုနာစာအတွက်တစ်ပုံ စုပြီး သုံးသွားနိုင်ရင်ပဲ၊ တော်လှပါပြီ"

"ဟုတ်ကဲ့. . ၊ မီး သဘောပေါက်ပါတယ် မေမေ"

"သမီးကြည့်ရတာ၊ အရင်ကလို စိတ်မြန်ကိုယ်မြန် ဆတ်ဆတ်ကြဲ မဟုတ်တော့ဘူး၊ အေးဆေးတည်ငြိမ်လာသလိုပဲ"

မိခင်ဟာ မိခင်ပါပဲ။

သားသမီးတွေသည် သူတို့၏ ကြေးမုံမှန်တစ်ချပ်ပင်၊ သားသမီးတွေ၏ အပြောင်းအလဲကို ဘယ်သူမှ မမြင်ချင်သာနေရမည်။ မိဘတွေကတော့ သိမြင်နေတတ်သည်။

"အတွေ့အကြုံနဲ့၊ အရွယ်က စကားပြောလာပြီလေမေမေ"

"အင်းလေ. . အကြီးမအသက်တောင် မငယ်တော့ဘူး၊ အသက် နှစ်ဆယ့်ခုနစ်နှစ်တောင် ရှိပြီပဲ၊ အိမ်ထောင်ပြုဖို့ ရည်ရွယ်ထားသူရှိရင် မေမေ့ကို မရှက်တမ်းသာပြော သမီး"

မိုးနီလာ ရင်ထဲ နာကျင်လာသည်။

အသက်တမျှ ချစ်ရသော ချစ်သူရှိလျက်နှင့် ဖွင့်ဟဖို့အခွင့်မသာပြီ။

"မရှိပါဘူး၊ မေမေ"

"အင်း. . မရှိရင်တော့ မေမေကပဲ မိဘတို့ ဝတ္တရားအရ စီစဥ်ပေးရလိမ့်မယ် ထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com

မိုးနီလာ မျက်လုံးအစုံ ဝိုင်းစက်သွားပြီး ပျာပျာသလဲ

"ဟင့်အင်း. . ဟင့်အင်း. . မီး ယောက်ျားမယူဘူးမေမေ၊ ဘယ်သူနဲ့မှ မစီစဉ်နဲ့ မီး ကြိုငြင်းထားတယ်နော်၊ မီးမချစ်ဘဲ ဘယ်သူမှ မယူနိုင်ဘူး"

မိခင်က ပြုံးကာ ခေါင်းတဆတ်ဆတ်ငြိမ့်ပြီး. . .

"အင်းပါ အကြီးမရယ်၊ မေမေလည်း တစ်ရှက်ကနှစ်ရှက် အဖြစ်မခံနိုင်တော့ပါဘူး၊ ညီညာကတည်းက သင်ခန်းစာပဲ ဒါကြောင့် ဘယ်ကိစ္စမှ ကိုယ့်သဘောနဲ့ကိုယ် မလုပ်တော့ပါဘူး စိတ်ချပါ၊ ကဲ. . ကဲ. . သွားနား၊ မေမေ ပုတီးစိပ်လိုက်ဦးမယ်"

မိုးနီလာ သက်ပြင်းချလိုက်မိလေသည်။ တော်ပါသေးရဲ့၊ ချစ်သူနှင့် ကွေကင်းရသည့် ဒုက္ခဆင်းရဲအပေါ် မချစ်မနှစ်သက်သူနှင့် ပေါင်းဖော်ရသည့် ဒုက္ခဆင်းရဲပါ ထပ်ဆင့်လာမည်ဆိုပါက မိုးနီလာ ခံနိုင်ရည်ရှိတော့မည် မဟုတ်ပါ။

မိုးနီလာရင်ထဲ တိတ်တခိုး ချစ်ရသူကိုသာ ဝေးဝေးနီးနီး တမ်းတနေပါရစေတော့။







# အခန်း(၂၈)

သီတင်းကျွတ် လပြည့်ကျော် တစ်ရက်။

လပြည့်ကျော်လမင်းက စောစီးစွာ ဝင်းပကာ ရောင်စုံ ...က်ဖြာလျက်ရှိသည်။ ရာဘာပင်ရိပ် ကြိုကြားကို ဖောက်ထွင်း ...း ကျလာသော လရိပ်ကို ခံယူရင်း လွမ်းစိတ်ကို ဖြေဖျောက်ရ ...ည်။

ရောင်စုံမီးပုံးကလေးများ၌ ဖယောင်းတိုင် မီးညှိနေစဉ် ...ာက မုန့်ဖက်ထုပ်အပြည့်ပါသော ခြင်းတောင်းကို စက်ဘီး


www.burmeseclassic.com

www.burmeseclassic.com



ကယ်ရီယာပေါ်တင်ပြီး ရာဘာခြံ အလုပ်သမားတန်းလျားဘက်သို့ နင်းထွက်သွားလေသည်။

အဖိတ်နေ့ သီတင်းကျွတ်လပြည့်နှင့် လပြည့်ကျော်တစ်ရက် သုံးရက်တိုင်တိုင် မုန့်ဖက်ထုပ်များထုပ်ကာ . . ဘုန်းကြီးကျောင်းနှင့် မိတ်သင်္ဂဟ၊ မိမိ၏ အလုပ်သမားများအား လှူဒါန်းခြင်းဖြင့် ကုသိုလ်ဒါနကို နှစ်စဉ်လုပ်နေကျအတိုင်း လုပ်ခဲ့ပြီးလေပြီ။

ထိုစဉ် ကားတစ်စီး ဝင်လာသည်။

ထိတ်ခနဲ ရင်ခုန်သံစဉ် ပြောင်းလဲသွားလေသည်။

သံစဉ်နှုန်း ပို၍မြန်ဆန်လာသည်။

မြင်းရိုင်းကောင်များ ရင်တွင်း ကဆုန်ပေါက် ကခုန်နေလေပြီ။

ဂုဏ်ရောင်၏ကားကို တွေ့မြင်လိုက်ရသည်။ ထိုကားထဲမှ တစ်ဦးတည်းသော လူရိပ်သည် ဂုဏ်ရောင်၏ ပုံရိပ်မှန်း မိုးနီလာ ကောင်းစွာသိနေသည်။

ဘုရား . . သူပေးခဲ့သော ကုတ်အင်္ကျီထဲမှ တစ်ထည်ကို ဝတ်ဆင်ထားမိသည်။

မီးပုံးထဲ မီးညှိနေသော လက်ချောင်းကလေးများသည် အနည်းငယ် တုန်ရီလာသည်။ တမ်းတရခြင်း လွမ်းရခြင်းကြောင့် ခံစားရသော ဝေဒနာသည် ကြေကွဲခြင်း အဖြစ်သို့ ပြောင်းလဲချင်လာသည်။

ကားက အနီးကပ် ရပ်လိုက်သည်။

မိုးနီလာ လှမ်းကြည့်လိုက်သည်။ ဂုဏ်ရောင် ပို၍





အသားဖြူလာသည်။

"ကိုယ် ကူထွန်းပေးမယ်လေ"

မိုးနီလာအနား ကပ်ရပ်လာပြီး ဖယောင်းတိုင်ကို လုယူသည်။ လက်ကို အုပ်မိုးကိုင်လိုက်သဖြင့် မိုးနီလာက မသိမသာ ရုန်းထွက်လိုက်သည်။

သူက မလွှတ်။

"နေပါဦး မိုးနီလာ၊ အလွမ်းပြေလေး ၊မင်းမျက်နှာကို ကြည့်ပါရစေ"

မေးကိုပါ ဆွဲကိုင်မော့စေသည်။

မိုးနီလာ ခေါင်းခါကာ ရုန်းထွက်ပြီး. . .

"ရှင်နဲ့ကျွန်မနဲ့ ဘာမှမဆိုင်ဘူး ဦးဂုဏ်ရောင်"

ဂုဏ်ရောင်က သက်ပြင်းချကာ မီးပုံးကလေးများကို လှမ်းချိတ်လိုက်သည်။ စကားမပြောတော့၊ မီးပုံးများအပြီး လိုက်ချိတ်ပေးပြီး ကားတံခါးဖွင့်ကာ ပစ္စည်းများကို တစ်ခုစီချသည်။

မိုးနီလာ ကြောင်ရပ်နေမိသည်။ ကူသယ်ရနိုး၊ မသယ်ရနိုး. . .

ဂုဏ်ရောင် ဘာမှမပြော၊ အိမ်ထဲသို့သွင်းပြီး ဆက်တီ၌ ထိုင်လိုက်သည်။ ထုံးစံအတိုင်း. . ရေသန့်ဘူးကိုဖောက်ပြီး မော့သောက်လိုက်သည်။

မိုးနီလာက မဝံ့မရဲ။

"ထမင်းစားပြီးပြီလား"

"လာပြန်ပြီ ဒီမေးခွန်း၊ မင်းမှာ ဒီမေးခွန်းကလွဲရင် ဘာမှ မမေးတတ်တော့ဘူးလား မိုးနီလာ"



www.burmeseclassic.com

www.burmeseclassic.com

ဂုဏ်ရောင်နေရာမှာ အခြားသူသာဆိုလျှင် မိုးနီလာ ကက်ကက်လန်အောင် ရန်တွေ့မိလိမ့်မည်ဖြစ်သည်။ ယခု ဂုဏ်ရောင် ဖြစ်နေသည်။ သူ့အလိုမလိုက်၍ မကျေမနပ် ဖြစ်နေသောသူမှာ မိမိအသဲနှင့်အောင် ချစ်ရသူဖြစ်သောကြောင့် မိုးနီလာက ခွင့်လွှတ်ပြုံးဖြင့်. . .

"အိမ်ရှင်ရဲ့ ဝတ္တရားလေ၊ ကပါရှင် မနေ့ကမှ ပြန်ရောက်တာ၊ ဘာဖြစ်လို့ ဒီနေ့ ဒီကိုရောက်အောင် လာရတာလဲ"

ဂုဏ်ရောင်က သူနှင့်မလှမ်းမကမ်းတွင် ဝင်ထိုင်လိုက်သော မိုးနီလာကို စူးစူးရဲရဲ ကြည့်လိုက်သည်။

ကိုယ်ရည်စစ်သွားသည်။ နှလုံးသား၏ ဖော်ကောင်ဖြစ်သော မျက်ဝန်းလေးက မိမိကို တရှိုက်မက်မက် ငေးကြည့်နေရှာသည်။ မည့ှင်းရက်တော့။

"ဟုတ်တယ်၊ ရောက်ရောက်ခြင်းတောင် လာခဲ့ချင်တာ၊ အလုပ်ကိစ္စတွေ ပြတ်အောင်လုပ်ပြီးမှ ထွက်လာရလို့ ကိုယ့်စိတ်သဘော အရသာဆို မြန်မာပြည် ခြေချတာနဲ့ မင်းဆီ အရင်ဆုံး ပြေးလာမှာ"

"မေမေတို့ဆီ ဖုန်းဆက်လိုက်ဦးမယ်"

"ရောက်ခဲ့ပြီ၊ ည ရှစ်နာရီလောက် အဲဒီမှာ ထမင်းလာစားမယ်တောင် ပြောခဲ့ပြီ"

"ဟင်. ."

"မေမေ ဖေဖေတို့လည်း ပါလာတယ်၊ ဖက်တီးရောပဲ"

"ဒါတွေက ဟိုမှာမထားခဲ့ဘူးလား"

"ကိုယ်က ဒီမှာပဲတည်းတယ်. . ၊ မင်းအတွက် လက်





ဆောင်တွေကိုလည်း ကိုယ်ကိုယ်တိုင် ပေးချင်လို့ပါ"

"များလှချည်လား"

"အဲဒီ ဆုကေ့စ်ထဲမှာ အပြည့်ပဲ"

"ဒီလိုဆို ကျွန်မပြန်မှဖြစ်မယ် ထင်တယ်၊ မေမေတို့ကို ဝိုင်းလုပ်ပေး"

ဂုဏ်ရောင်က ထပြန်ပြင်လိုက်သော မိုးနီလာလက်ကို ဆွဲကာ ပြန်ထိုင်စေသည်။

"မလိုပါဘူး၊ ရှစ်နာရီမှ ကိုယ်နဲ့အတူ ပြန်မယ်"

နာရီကြည့်လိုက်တော့ ခုနစ်နာရီ ကျော်နေပြီ။

"ကိုယ့်ရင်ထဲကစကားတွေ ပြောပြချင်တယ်. . ၊ နားထောင်မှာလား"

အနားကပ်ပြီး ထိုင်လိုက်သော ဂုဏ်ရောင်ကို နှင်နိုင်သည့် အင်အားတို့ မိုးနီလာထံ၌ ပျောက်ဆုံးနေသည်။

"ကိုယ်လေ အလုပ်လုပ်ချိန်ကလွဲပြီး မင်းကိုပဲ သတိရနေတယ် မိုးနီလာ၊ အိမ်ကို ဖုန်းဆက်တိုင်း မင်းအကြောင်းပဲ မေးမိတယ်"

"ဟင်. ."

"ခုလည်း မင်းကို သတိရလွန်းလို့ ထွက်ခဲ့တာ၊ မေမေတို့ကလည်း အဆင်သင့်ပြင်ပြီး ချက်ချင်းလိုက်ခဲ့တယ်"

"ဘာအတွက်လဲ"

"မင်းကို တောင်းဖို့လေ"

"ဟင်. ."

မိုးနီလာက ထိတ်လန့်တကြား ထလိုက်သော်လည်း



www.burmeseclassic.com

www.burmeseclassic.com



ဂုဏ်ရောင်က ထခွင့်မပေးဘဲ ရင်ခွင်ထဲ ဆွဲသွင်းလိုက်သည်။

"အို. ."

ဝင်းပနေသော လမင်းကြီးက ရာဘာရွက်များအကြားက ချောင်းကြည့်သည်။ မီးပုံးလေးများက လှုးလှုးလွန့်လွန့်နှင့် ကရော်ကရော် လုပ်လေသည်။

မစောက လှေကားထစ်တထစ်တက်ပြီး နောက်ပြန်ဆင်းကာ ပြုံး၍ ထွက်သွားလေသည်။







# အခန်း(၂၉)

ဂုဏ်ရောင် မိုးနီလာထံ၌ ချစ်သူရှိသည်ဆိုသော စကားကို မယုံကြည်။ မိုးနီလာ မျက်လုံးများ၌ ချစ်ရိပ်များကို တွေ့မြင်နေရသည်။

မိမိအပေါ် ဆက်ဆံပုံမှာ အပေါ်ယံမဟုတ်၊ နှလုံးသည်းပွတ်ကြားမှ ပေါက်ဖွားလာသော မေတ္တာစေတနာဟု နားလည်ခံစားနေရသည်။ ထို့ကြောင့် မစောထံ၌ မိုးနီလာအကြောင်း စုံစမ်းတော့လည်း. . .



www.burmeseclassic.com

www.burmeseclassic.com



"ကြဲကြဲဖန်ဖန် သူဌေးရယ်၊ မမ. . အဲ. . ကျွန်မထက်တော့ ငယ်ပါတယ်၊ ဒါပေမယ့် အလုပ်ရှင်ဆိုတော့ လေးစားသမှုနဲ့ အားလုံးက ညီညာခေါ်သလိုပဲ မမလို့ ခေါ်ကြတယ်၊ မမနဲ့ ကျွန်မက ညီအစ်မလို နေကြတာ၊ နောက် ကျွန်မညီမ မိညိုနဲ့က လည်း သူနဲ့သူငယ်ချင်း အရင်းခေါက်ခေါက်လေ၊ မမအကြောင်း ကောင်းကောင်းသိတာပေါ့။ မမမှာ ရည်းစား လုံးဝမရှိပါဘူး သေချာတယ်၊ မိညိုက အစစအရာရာ တိုင်ပင်နေကြပဲ၊ သူဌေးနဲ့ ညီညာ စေ့စပ်မယ်ဆိုတုန်းကတော့ မျက်စိမျက်နှာပျက်ပြီး မိညို အိမ်မှာ ကယောင်ခြောက်ခြားနဲ့ လာထိုင်နေသေးတယ်၊ အဲဒီ တစ်ခါပဲ မမ မူပျက်ဖူးတယ် ပြောတယ်၊ မမမှာ ရည်းစားမရှိတာ ကျိန်းသေပါတယ်၊ မမဘဝမှာ အတွဲဆုံးမမ ဦးစားအပေးဆုံး ယောက်ျားဆိုလို့ သူဌေးတစ်ယောက်တည်းပဲရှိတယ်"

မစောစကားတစ်ခွန်းတည်းနှင့် သူ စိတ်ချလက်ချ လက်ခံ၍ မဖြစ်သေး။ နောက် ဒေါ်စိန်ထံ တီးခေါက်ကြည့်ရသည်။

"အကြီးမက လုပ်ငန်းလည်း ဦးစီးရော၊ ယောက်ျားရှာတစ်ယောက်လို ခပ်ကြမ်းကြမ်း ခပ်ရမ်းရမ်းနဲ့ အုပ်ချုပ်ပြီးနေသွားခဲ့တာ၊ ရည်းစားရှိဖို့ နေနေသာသာ ယောက်ျားတွေ အနားကပ်ရင်တောင် ယောက်ျားစော် နံတယ်ဆိုတဲ့ ဟာမျိုးပါ၊ ခုတလောမှ နူးညံ့လာတာ၊ ညီညာကိစ္စ ဖြစ်သွားပြီးနောက် အရမ်းကို ငြိမ်သက်ပြီး တွေးနေတတ်တာ"

"တစ်ည သူအိပ်သွားချိန် သူ့အခန်းဝင်ကြည့်တော့ လား. . လား. . ဆရာလေးအကျီကို ရင်မှာပိုက်ပြီး မျက်ရည်စတွေ မခြောက်ပဲ အိပ်နေတာ တွေ့ရတယ်"





"ဆရာလေး နိုင်ငံခြား ထွက်ကာနီး ဖုန်းဆက်ပါကောလား၊ ဒေါ်စိန်နဲ့ အရင်စကားပြောပြီး သူနဲ့ညီညာ ပြောကြတယ်လေ၊ ညီညာလည်း ငိုသွားတယ်၊ အကြီးမလည်း ဆရာလေးနဲ့ စကားပြောရင်း မျက်ရည်တွေ အဆက်မပြတ် စီးကျနေရှာတယ်၊ ဆရာလေးကို အကြီးမ ချစ်နေတာ သေချာပါတယ်၊ ညီညာကို ငဲ့ညှာပြီး သူကစိတ်ကို သူ ထိန်းနေရှာတာ"

ဒေါ်စိန်ထံမှ သူ့အတွက် သံသယဖြစ်နေသော အဖြေကို ရပြီးနောက် သူ ရာဘာခြံဘက် ထွက်ခဲ့သည်။

မိဘများကိုတော့ ပြည်ပခရီး မသွားခင်ကတည်းက ပြောပြီးသား၊ သူ မိုးနီလာကိုပဲ ချစ်သွားသည့် အကြောင်းနှင့် သူ ပြန်လာလျှင် စီစဉ်ပေးဖို့ ဖြစ်သည်။

"ဟာကွာ၊ သားဟာက ညီမ မရ အစ်မဆိုသလို ဖြစ်မနေဘူးလား၊ ညီညာမျက်နှာ သား ဘယ်လိုကြည့်မလဲ"

ဖခင်က အစက ကန့်ကွက်ချင်သလို စကားပြောလာသေးသည်။

"ညီညာက အစကတည်းက ညီမလိုပဲ ချစ်တာ၊ ခုလည်း ညီမတစ်ယောက်လိုပဲ ချစ်သွားမှာပေါ့၊ သားစိတ်က ရှင်းသန့်ပါတယ် ဖေဖေ"

"အဖေကြီးကလည်း သားပြောတာ မှန်တယ်၊ အနီတော့ သားဆန္ဒကို ဖြစ်အောင်ဆောင်ရွက်ပေးမယ်"

"ကောင်းပြီလေ ဒါဖြင့် အရင်တစ်ခါကလို အရှက်မျိုး မဖြစ်ရအောင် မင်း သူ့ကို သေသေချာချာမေးနော်၊ သူ လက်ခံပြီဆိုရင်တော့ တစ်ခါတည်း လက်ထပ်ပေးမယ်"



www.burmeseclassic.com

www.burmeseclassic.com



သူ့မိဘများလက်ကလည်း အိုကေပြီး ဖြစ်သည်။

"မိုးနီလာ အမေကကော သဘောတူပါ့မလား"

"လက်ခံပြီးသား. . ငယ်ငယ်ကတည်းက ကတိကဝတ် ပြုပြီးသားလေ၊ သားပေး သမီးယူပေါ့"

နှစ်ဖက်မိဘက ကန့်ကွက်မည့်သူမရှိ၊ မိုးညီညာကို လည်း သူ့မိခင်က ရှင်းပြလိမ့်မည်ဟု သူ ယုံကြည်ပြီးသား ဖြစ် သည်။

ခက်နေသည်က မိုးနီလာပင်။

ထို့ကြောင့် သူထုံရောက်ရောက်ခြင်း ကြိုက်မရှက်ဖြစ် ကာ. . .

"မိုးနီလာကော အန်တီ"

"ရာဘာခြံ အိမ်ကလေးမှာလေ၊ အားရင် အဲဒီကိုပဲ သွားနေတာပဲ"

ဂုဏ်ရောင်စိတ်ထဲ ကြည်ကြည်မွေ့မွေ့ကလေး ခံစား လိုက်ရသည်။ ချစ်သူအရိပ်ရှိရာ၌သာ နားခိုရင်း အလွမ်းဖြေချင် တတ်ကြသည်မှာ ချစ်သူသဘာဝပင်။

"ဒီလိုဆို ကျွန်တော် လိုက်သွားမယ်"

"ထမင်းစားပြီးမှ သွားပါလား"

"မဆာသေးဘူးအန်တီ၊ ကျွန်တော် မိုးနီလာနဲ့ပဲ တွေ့ ချင်တာ"

သူ့မိဘများရှေ့၌ မရှက်မကြောက်ပင် သူ့ဆန္ဒကို ထုတ်ဖော်လိုက်သည်။ မိုးညီညာက. . .

"မမကလည်း ကိုကို့ကိုပဲ တွေ့ချင်နေတာပါ၊ ကိုကို့ကို





လွမ်းလို့ထင်တယ်၊ ပိန်တောင်ပိန်သွားတယ်၊ အပြုံးအရယ်လည်း မတွေ့ရဘူး သိလားကိုကို"

မိုးညီညာဘက်ကလည်း ရှင်းသန့်နေသည်ဆိုတော့ မိုးနီလာ ဘာဆင်ခြေများ ပေးနိုင်ဦးမည်နည်း။

"ဟုတ်လား. . ကိုကိုလည်း ဒီအတိုင်းပဲ၊ ကိုင်း ဒါဖြင့် မြန်မြန်သွားတွေ့မှ"

ပြောပြောဆိုဆို သူ ထွက်ခဲ့ခြင်း ဖြစ်သည်။

ဒီအကြောင်းတွေကို မိုးနီလာအားပြောပြလိုက်လျှင်. .



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၃၀)

မိုးနီလာ တအံ့တသြ ဖြစ်သွားသည်။ အားလုံး အမှန်တွေပဲလား။ မိမိ၏ အချစ်နာကို အားလုံးက ရိပ်မိနေကြပါလား။

"ဟင်. . ဒါဖြင့်"

"ဟုတ်တယ် အခုလာတာ၊ မိုးနီလာနဲ့ ကိုယ့်ကို လက်ထပ်ပေးဖို့ပဲ"

"တကယ်လား ကျွန်မ မယုံဘူး"

"ဟောဗျာ. . ဘာ မယုံနိုင်စရာ ရှိသလဲ၊ မိုးနီလာ အမှန်





အတိုင်းဖြေ"

မိုးနီလာ မဝံ့မရဲ ကြည့်လိုက်သည်။

ဂုဏ်ရောင် မျက်ဝန်းများကို ရင်မဆိုင်ရဲ၊ စူးရှတောက်ပြောင်လွန်းလှသည်။

မိုးနီလာ ခေါင်ငုံ့ကာ. . .

"မေးလေ"

"ကိုယ့်ကို ချစ်သလား၊ မိုးနီလာ ရင်ထဲက ချစ်သူက ဘယ်သူလဲ"

အရာရာကို သိနေသော ကိုဖိုးသိက လူကို သက်သက်မဲ့ ကလူနေပြန်ပြီ။

မိုးနီလာ ရင်ခွင်ထဲသို့ ကုတ်အင်္ကျီလေးတစ်ထည် ကျလာသည်။

မိုးသဲညက အင်္ကျီလေး။

"အဲဒီအင်္ကျီလေးက ပြောတယ်. . ၊ သူ့ကိုတင်ရတာမဟုတ်ပါဘူးတဲ့၊ သူ့သခင်ရဲ့ နှလုံးသားထဲက အချစ်ကိုပါ ကိုယ်ရလိုက်တာပါလို့ ပြောဆိုစွပ်စွဲနေတယ်၊ ဟုတ်လား မိုးနီလာ"

မိုးနီလာ အင်္ကျီလေးကို ကိုင်ကြည့်လိုက်ပြီး

"သိရင်ပြီးရောပေါ့၊ ဘာလို့ မေးနေသေးသလဲ"

"ကြားချင်လို့ပါ၊ ဘယ်သူမဆို ချစ်သူ့နှုတ်ဖျားက ချစ်ပါတယ်ဆိုတဲ့ အဖြေစကားကိုတော့ လူတိုင်း ကြားချင်ကြတာချည်းပဲ"

မိုးနီလာ မယုံသေး။

"ကျွန်မ မေမေတို့ဆီရောက်မှ အဖြေပေးမယ်လေ"



www.burmeseclassic.com

www.burmeseclassic.com

ဂုဏ်ရောင်က ချစ်တတ်သော်လည်း လက်တွေ့ဆန်ချင်နေသေးသော မိုးနီလာကို မချင့်မရဲ ဖြစ်မိသည်။

သို့သော် ခွင့်လွှတ်ပါသည်။ ချစ်သူက မေတ္တာအင်အားကြီးမားသော မိန်းကလေးပေပဲ။ ညီမအပေါ်လည်း အနစ်နာခံချင်သည်။ ချစ်သူအလိုကိုလည်း လိုက်လျောချင်သည်။ သူ့နှလုံးသားကိုတော့ ရှေ့တန်းမတင်ဘဲ ကြိတ်မှိတ်ခံစားရှာသည်။

"သွားကြမယ်လေ ထလေ"

"မသွားပါနဲ့ဦး. . ရော့ ဖုန်းဆက်မေးကြည့်"

ဂုဏ်ရောင်က တယ်လီဖုန်းကို မရှေ့ပေးလိုက်သည်။ မိုးနီလာက ချစ်သူ အပြုအမူလေးများကို ပြုံးကြည့်ပြီး ဖုန်းဆက်လိုက်သည်။

"ဟဲလို အမိန့်ရှိပါ"

"ညီညာလား. . မမပါ"

မိုးညီညာနှင့် တန်းတိုးသည်။ မိုးနီလာရင်ထဲ စိုးထိတ်သွားသည်။ မျှော်လင့်သော စကားကောင်းကိုသာ ကြားလိုပါသည်။

"မမလား. .၊ ကိုကိုရောက်လာပြီ မှတ်လား"

"ဟုတ်တယ် သူပြောတာတွေကို မယုံလို့ မမ ညီညာကို မေးကြည့်တာ၊ လူကြီးတွေ ဘာပြောနေကြသလဲ၊ ဘာရည်ရွယ်ချက်နဲ့ လာကြတာလဲ"

မေးသာမေးရသည်။ ရင်ထဲက တထင့်ထင့်. . .

မိုးညီညာက တိုးတိုးတိတ်တိတ်ကလေး ရယ်လိုက်သည်။





ပြီးမှ. .

"ကိုကို မပြောပြဘူးလား"

"ပြောပါတယ် မယုံလို့"

ဂုဏ်ရောင် မျက်နှာတည်သွားသည်။ မကျေနပ်. .။ ထကာ ပြူတင်းပေါက်၌ သွားရပ်လေသည်။ မိုးနီလာကို ကျောခိုင်းထားလိုက်သည်။

မိုးနီလာက ကလေးဆိုးကြီးလို ဆန္ဒပြနေသော ချစ်သူကို သဘောကျစွာကြည့်ရင်း. . .

"ဘာမယုံတာလဲ"

"ငါ့ကို မမေးနဲ့ညီညာ ငါ မေးတာဖြေ၊ သူ့ကိုနင် ချစ်နေသလား"

"ချစ်တယ်"

"ဟင်. ."

ခစ်. . ခစ်. . ဟူသော ရယ်သံနှင့်အတူ. .

"မျက်လုံးပြူးသွားပြီလား မမ၊ ညီညာက အမေနဲ့အစ်မဆူမှာစိုးလို့ ရည်းစားခိုးထားခဲ့တာ တစ်ခုပဲရှိတယ်၊ မြူစိစိမနိုင်ဘူး၊ လူတစ်ယောက်ကိုလည်း တိတ်တခိုး မချစ်တတ်ဘူး၊ ပြောင်ပဲချစ်တတ်တယ်၊ ကိုကို့ကို အစကတည်းက ကိုယ့်အစ်ကိုရင်း တစ်ယောက်လိုပဲချစ်လို့ ချစ်တယ်ပြောတာ၊ လက်ထပ်ဖို့ ချစ်တာမဟုတ်ဘူး"

မိုးနီလာ ပင့်သက်ရှိုက်လိုက်သည်။ ယခုမှ ရင်ထဲ အစိုင်အခဲလုံးကြီး ကျသွားလေတော့သည်။

"ကိုကိုက မမကို လက်ထပ်ပေးဖို့ နားပူနားဆာလုပ်လို့


www.burmeseclassic.com

www.burmeseclassic.com

အန်ကယ်နဲ့ အန်တီတို့က ချက်ချင်းလိုက်လာပြီး. . မမကို လာတောင်းနေတာ သိပြီလား၊ မေမေနဲ့ ပြောဦးမလား"

"ဟင့်အင်း. . တော်ပြီ မျက်နှာပူတယ်"

"ညီမ မေမေကို ဘာပြောပေးရမလဲ၊ မမလက်ခံပါတယ် နော်"

မိုးနီလာ. . .

"အင်း လက်ခံတယ်ပြောလိုက်"

ဟုဆိုကာ တယ်လီဖုန်းကို ချလိုက်သည်။

ဒုက္ခ. . အခုတော့ လောကကြီးက အဆင်ပြေလွန်းလို့ ဘာလုပ်ရမှန်းမသိအောင် စိတ်လှုပ်ရှားနေမိသည်။

ဂုဏ်ရောင်ကလည်း မကျေမနပ် မူနေသည်။

ချစ်သူကို ချော့ရမည့် အတတ်ကတော့ ရင်ထဲမှာ အလို အလျောက် ရှိပါ့မလား။

မိုးနီလာက မိန်းမသားဘဲ ဥာဏ်များမှ ဖြစ်မည်။

"အား. . ဒုက္ခပါပဲ၊ ကျွတ်ကျွတ် အဆာလွန်ပြီး ဗိုက်နာလာပြီ အိမ်ပြန်မှဖြစ်မယ်"

မိုးနီလာ ဗိုက်အောင့်ချင်ဟန်ဆောင်ပြီး ဥာဏ်များလိုက်သည်။

ဂုဏ်ရောင်က ပြူတင်းပေါက်နားမှ ဆတ်ခနဲခွာလာပြီး ကျွတ်ကျွတ်အိတ်ထဲမှ ပန်းသီးတစ်လုံးထုတ်ကာ အခွံခွာလိုက်သည်။

"ဟင်. . ဒါ ဘာလုပ်တာလဲ"

"အစာမရှိရင် တစ်ခုခုစားလိုက်မှ ဖြစ်မှာပေါ့၊ အခွံခွာ





နေတယ်လေ မမြင်ဘူးလား"

"မြင်သားပဲ. . ပေး၊ ကိုယ့်ဘာသာကိုယ် ခွာမယ်၊ လက်ထိသွားဦးမယ် အိမ်ပြန်မယ်လေ"

"ပြန်လို့ဖြစ်မလား၊ မီးပုံးလေးတွေငြိမ်းမှ ပြန်လို့ ဖြစ်မှာပေါ့"

ဂုဏ်ရောင်က အေးဆေးစွာ ပြောလိုက်သည်။ မိုးနီလာ၏ ရှက်ကိုးရှက်ကန်း အမူအယာကလေးများ၊ ရွံ့တွန့်တွန့် အမူအယာကလေးများက အခြေအနေ ကောင်းမွန်နေခြင်းကို ပြနေသည်။

"အလကားပြောတာပါ၊ သူ ဆက်မခွာနဲ့တော့ ခဲ့ထိသွားမယ်၊ အိမ်မှာ မေမေတို့ စောင့်နေကြတယ်၊ မီးငြိမ်းရင်ပြန်ကြမယ်နော်"

ဂုဏ်ရောင်လက်ထဲမှ ပန်းသီးနှင့် ဓါးကိုယူပြီး စားပွဲပေါ်တင်လိုက်သည်။

"အိမ်ပြန်တော့ မိဘတွေက မေးလိမ့်မယ်၊ အဲဒီမေးခွန်းတွေအတွက် မိုးနီလာမှာ အဖြေအဆင်သင့် ရှိပြီလား"

ဂုဏ်ရောင်က မိုးနီလာ ပုခုံးလေးကို သိုင်းဖက်ကာ မေးလိုက်သည်။

မိုးနီလာ ခေါင်းညိတ်လိုက်သည်။

"ကျွန်မရင်ထဲမှာ မောင့်ကို စတွေ့ကတည်းက အခိုင်အမာ ဖြစ်ထွန်းသွားခဲ့တဲ့ စကားတစ်ခွန်း ရှိနေပါတယ် မောင်"

"ပြောပါဦး"

"ကျွန်မလေ တစ်သက်မှာ တစ်ယောက်တည်းကိုပဲ ချစ်မြဲ


www.burmeseclassic.com

www.burmeseclassic.com



စွာချစ်တဲ့ အချစ်မျိုးနဲ့ကို မောင့်ကို ချစ်မိသွားတာပါ မောင်ရယ်"

ထိုစကားကိုတော့ မိုးနီလာ အကာအကွယ်ကောင်းတစ်ခုကို ယူပြီးမှ ပြောလိုက်ခြင်း ဖြစ်လေသည်။

ထိုအကာအကွယ်သည် မိုးနီလာ အားကိုးတကြီး အမြဲတမ်းတ လွမ်းဆွတ်နေခဲ့သော. . ဂုဏ်ရောင်၏ ရင်ခွင်မှတပါး အခြားမရှိနိုင်ပြီ။

# မြပုလဲခင်

အောင်မြင်စာပေ

www.burmeseclassic.com